# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 18 January 2017 (၈၈၁၀)


**အိုမင်းလာသည်ကိုဆင်ခြင်**

ဤရုပကာယသည် ဆွေးမြည့်အိုမင်းတတ်၏။ အနာရောဂါတို့၏ တည်နေရာလည်းဖြစ်၏။ ယိုယွင်းပျက်စီးတတ်၏။ အသက်ရှင်နေရခြင်းသည် သေခြင်းလျှင် အဆုံးရှိရကား ထိုကိုယ်သည် ပုပ်သည်ဖြစ်၍ ပျက်စီးရလတ္တံ့။ (မိမိ၏ ခန္ဓာကိုယ်သည် အတည်မနေ၊ တစ်စတစ်စ အိုမင်းလာနေသည်ကို ဆင်ခြင်ရာ၏)

ဇရာဝဂ်(ဓမ္မပဒ-၁၄၈)

# မြန်မာ့တိုင်းရင်းဆေးပညာဟာ ကျယ်ဝန်းနက်ရှိုင်းလှတဲ့အတွက် အမျိုးသားတိုင်းရင်းဆေးပညာရပ်အဖြစ် မြှင့်တင်နိုင်ရေးအားထုတ်

**(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

ဒီနေ့ ကျင်းပတဲ့ (၁၇) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို မြန်မာနိုင်ငံတစ်ဝန်းလုံးက တက်ရောက်လာကြတဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများနဲ့ တိုင်းရင်းဆေးပညာရှင်အပေါင်းတို့ကို ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ပါး ကြည်လင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ဂုဏ်ဒြပ်တစ်ရပ်ဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့ရဲ့ ကျင့်ဝတ်သိက္ခာမြင့်မားရေးနဲ့ မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေး စတဲ့ မွန်မြတ်တဲ့ရည်ရွယ်ချက်များနဲ့ နှစ်စဉ်မပျက်ကျင်းပလျက်ရှိတဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်က စတင်ပြီး နှစ်စဉ်မပျက်မကွက် ကျင်းပလာခဲ့တာ အခုဆိုရင် (၁၇) ကြိမ်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

ညီလာခံအဆက်ဆက်မှာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက တိုင်းရင်းဆေးနဲ့သက်ဆိုင်တဲ့ ကိစ္စအဝဝကို ဆောင်ရွက်ပေးရတဲ့ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးကောင်စီဝင် ကိုယ်စားလှယ်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ ကိုယ်စားလှယ်များ၊ အနယ်နယ်အရပ်ရပ်က တိုင်းရင်းဆေးပညာရှင်ကိုယ်စားလှယ်များနှင့် တိုင်းရင်းဆေးနှင့် နီးနွယ်တဲ့ ပညာရှင်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးဖလှယ်ကြပြီး မြန်မာ့တိုင်းရင်းဆေးလောက တိုးတက်ဖွံ့ဖြိုးမှုများကို အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ကြမှာလည်း မလွဲဧကန်ဖြစ်မယ်လို့ ယုံကြည်ပါတယ်။

အခု ညီလာခံကြီးမှာလည်း ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်များနဲ့ နီးနွယ်ပညာရှင်အပေါင်းတို့ဟာ ညီညွတ်ချစ်ခင်စွာ ဆုံဆည်းကြရင်း တိုင်းရင်းဆေးပညာအဆင့်အတန်း မြင့်မားတိုးတက်စေရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးကို ပိုမိုထိရောက်ကျယ်ပြန့်စွာ စောင့်ရှောက်မှုပေးနိုင်ဖို့ ရည်မှန်းပြီး မိမိတို့ရဲ့ အတွေ့အကြုံ၊ အတွေးအခေါ်နဲ့ စေတနာမှန်စွာ အပြုသဘောဆောင်တဲ့အမြင်များကို ဆွေးနွေးတိုင်ပင်ကြရင်း မြန်မာ့တိုင်းရင်းဆေးပညာလောကအတွက်သာမက နိုင်ငံတော်နဲ့ ပြည်သူများအတွက်ပါ ထူးခြားကောင်းမွန်တဲ့ အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာဟာ မြန်မာ့ရေမြေသဘာဝ၊ ရာသီဥတု၊ မြန်မာ့ရိုးရာအတွေးအခေါ် အယူအဆ၊ မြန်မာ့ လူနေမှုစနစ်တို့နဲ့ အပြန်အလှန် အကျိုးပြုယှဉ်တွဲဖြစ်ထွန်းလာခဲ့တဲ့ မြန်မာ့ရိုးရာ အမွေအနှစ်ပညာရပ်စစ်စစ်တစ်ရပ်လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အစိုးရဟာ မြန်မာ့တိုင်းရင်းဆေးပညာကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ်နဲ့သော်လည်းကောင်း၊ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့ ဆေးပညာရပ်တစ်ခုအဖြစ်နဲ့သော်လည်းကောင်း အခွန့်ရှည်တည်တံ့ခိုင်မြဲပြီး နည်းလမ်းတကျ ဆက်လက်တိုးတက်ထွန်းကားစေဖို့ အလေးထားအားပေးစောင့်ရှောက်နေခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**သဘာဝဆေးများနဲ့ ဖော်စပ်ထားတဲ့ တိုင်းရင်းဆေးဝါးများနဲ့တကွ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ တတ်မြောက်ထားတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ အခန်းကဏ္ဍဟာလည်း တစ်စထက်တစ်စ ပိုမိုကြီးမား ကျယ်ပြန့်လာနေ . . .**

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အပြီးသတ်အစီရင်ခံစာအတွက် အသေးစိတ်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး (၂/၂၀၁၇)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေးကျင်းပခဲ့သည်မှာ ယခုအကြိမ်ဆိုလျှင် (၅) ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခုကော်မရှင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဒီဇင်ဘာ ၈ ရက်တွင် ပထမဆုံးအစည်းအဝေးကို ကျင်းပခဲ့ကာ သတင်းထုတ်ပြန်ချက်ထုတ်ပြန်ခဲ့ပါကြောင်း၊ ကော်မရှင်အနေဖြင့် မောင်တောဒေသသို့ ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်ထိ သွားရောက်ပြီး အသေးစိတ်ကြည့်ရှုစုံစမ်းခဲ့ကြောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် မောင်တောဒေသ၌ ကော်မရှင်အစည်းအဝေးကို ဒုတိယအကြိမ် ကျင်းပခဲ့ပြီး ကော်မရှင်ဒုတိယအကြိမ် သတင်းထုတ်ပြန်မှုကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ်တွင် ကျေးရွာ ၁၁ ရွာသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ စုံစမ်းမေးမြန်းခဲ့ပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒



မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အစည်းအဝေး (၂/၂၀၁၇)တွင် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ပညာသည်အဓိက ပညာသည်သာ အခြေခံ

မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် ရဟန်းတော် ခြောက်ကျိပ်တို့ကိုခေါ်တော်မူ၍ သတ္တဝါများ စီးပွားချမ်းသာများစေရန်အလို့ငှာ အစ အလယ်အဆုံး ကောင်းခြင်းသုံးပါးနှင့်ပြည့်စုံသော မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါးကို ဟောကြားတော်မူပြီး ထိုတရားကိုပြသပေးရန် သာသနာပြုစေလွှတ်တော်မူသည်။

ဝေနေယျသတ္တဝါများအား မှန်ကန်သောအသိဉာဏ်အလင်းပေးနိုင်ရန်အတွက် အလယ်အလတ်တရား မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါးကို မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့ရာ၌ ပညာမဂ္ဂင်ဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်ကို ဦးစွာဟောကြားတော်မူခဲ့သည်။ ပညာသည် လောကတွင် အမြတ်ဆုံး၊ အဓိကအကျဆုံးဖြစ်သည်။ ထို့ကြောင့် မှန်ကန်စွာသိမြင်နိုင်သည့် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ဦးစွာဟောကြားရခြင်းဖြစ်သည်။

မှန်ကန်သောအမြင်ရှိမှ မှန်ကန်သောအတွေးရှိမည်။ မှန်ကန်သောအတွေးရှိမှ မှန်ကန်သောအလုပ်လုပ်နိုင်မည်။ မှန်ကန်သောအလုပ်လုပ်မှ မှန်ကန်သောအသက်မွေးဝမ်းကျောင်းဖြစ်မည်။ မှန်ကန်သော အသက်မွေးဝမ်းကျောင်းဖြစ်မှ မှန်ကန်သည့်သမ္မာအာဇီဝဖြစ်မည်။

ပညာမဂ္ဂင် ပညာမျက်စိသည် လောကုတ္တရာဘက်တွင်သာမက လောကီဘက်တွင်ပါ အောင်ပန်းဆင်နိုင်သည်။ လောက၌ လူအများတို့တွင် မောဟတည်းဟူသော အမှောင်ဖုံးတတ်သော်လည်း အသိဉာဏ်အလင်းပေးနိုင်လျှင် မှန်ကန်သောအသိအမြင်ရပြီး လမ်းမှန်သို့ရောက်ရှိနိုင်သည်။

လူသားတို့ ငယ်စဉ်ဘဝ ပညာသင်ကြားကြရခြင်းမှာ ပညာအသိကိုအခြေခံသော ဉာဏ်အမြော်အမြင်ရှိလာကြစေရန်၊ အမှန်/အမှား၊ အကောင်း၊အဆိုး ခွဲခြားသိတတ်ကြစေရန် ဖြစ်သည်။ သို့မှသာ လူ့လောကဘဝခရီးကို မှန်ကန်ချောမွေ့စွာ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ မင်္ဂလာ ဖိုလ်ချမ်းသာရေး၊ လူမှုဆက်ဆံရေး၊ စီးပွားရေး၊ နိုင်ငံရေးစသည့်နယ်ပယ်တို့တွင် အမှန်သိ၊ အမှန်မြင်၊ အမှန်ဆုံးဖြတ်၊ အမှန်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။


လူ့ဘောင်လောကတွင် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားလာစေရန် အလင်းရောင်ထွန်းညှိပေးနိုင်သောအရာမှာ ပညာဖြစ်ရာ ပညာကိုစာပေမှ ပေးဝေနိုင်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်း စာဖတ်ကြရန်၊ စာပေလိုက်စားကြရန် လိုအပ်လာသည်။ ထိုလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် စာပေဖွံ့ဖြိုးရေး၊ စာပေဖတ်ရှုရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လာကြသည်ကိုတွေ့ရသည်။

စာအုပ်စာပေ ထုတ်ဝေရောင်းချရေးကို စဉ်ဆက်မပြတ်လုပ်ကိုင်ဆောင်ရွက်ကြသလို စာကြည့်တိုက်လုပ်ငန်းများနှင့် လူမှုအခြေပြုဗဟိုဌာနများကိုဖွင့်လှစ်၍ ဒေသခံပြည်သူများနှင့် အခြားသောအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်နေကြသည်ကိုတွေ့ရသည်။ စာကြည့်တိုက်ဖောင်ဒေးရှင်းများ၊ စာပေဖိတ်ခေါ်ဆုချီးမြှင့်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေကြသည်ကိုတွေ့ရသည်။

ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ဒေသခံပြည်သူများအနေဖြင့် စာပေဆွေးနွေးခြင်းများမှတစ်ဆင့် အသိအမြင်များရခြင်း၊ စာအုပ်စာပေများကိုလွယ်ကူစွာဖတ်ရှုနိုင်ခြင်းမှတစ်ဆင့် အသိပညာဗဟုသုတများရရှိလာမည့်အပြင် မိမိအကျိုး၊ မိမိမိသားစုအကျိုးသာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယခုအခါ စာဖတ်လိုသူများထံ စာအုပ်စာပေများ အရောက်ပေးသည့် အစီအစဉ်များကို ပြုလုပ်ပေးခြင်းသည် ပညာအသိဉာဏ်အလင်းရောင်ဖွင့်ပေးခြင်းဖြစ်သည်။

လူမှုအခြေပြုဗဟိုဌာနများနှင့် ရွှေ့လျားစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းသည် စာပေလေ့လာနိုင်ရန်အတွက် အခွင့်အလမ်းကောင်းများဖြစ်ပြီး စာဖတ်အားများလာကာ ပြည်သူလူထုနှင့်နိုင်ငံအတွက် ပညာကိုအခြေခံသည့် ထိရောက်သောလုပ်ငန်းများဖြစ်သည်ဟု ဆိုချင်ပါသည်။ ။




## ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း နှစ်ပတ်လည်စည်းဝေး

**ပဲခူး ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးညီညီက ၂၀၁၆ ခုနှစ် နှစ်ချုပ်စာရင်းနှင့် တိုင်းဒေသကြီးအတွင်း အသင်း၏လှုပ်ရှားမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး) က ၂၀၁၇ ခုနှစ် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော မြို့နယ်ဥက္ကဋ္ဌများက ၂၀၁၆ ခုနှစ် လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မြန်မာ့ဆင်များထိန်းသိမ်းရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ






**နေပြည်တော် ဇန်နဝါရီ ၁၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society - WCS)တို့ ပူးပေါင်း၍ မြန်မာ့ဆင်များ ကာကွယ်ထိန်းသိမ်းရေး စီမံချက်(မူကြမ်း)အား ပြန်လည်ဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Myanmar Elephant Conservation Action Plan – MECAP Review Workshop) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် Grand Amara ဟိုတယ် နေပြည်တော်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လက်ရှိအချိန်တွင် တောဆင်ရိုင်းများကို တရားမဝင်သတ်ဖြတ်နေမှု၊ လူနှင့်ဆင်ပဋိပက္ခဖြစ်ပွားမှုကို ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးတွေ့မြင်သိရှိနေရကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရများမှလည်း တောဆင်ရိုင်းများ သတ်ဖြတ်ခံနေရကြောင်း လူနှင့် ဆင်ပဋိပက္ခဖြစ်ပွားမှုများအား ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်းဖြေရှင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့်လည်း ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများနှင့်အတူ ပူးပေါင်း၍ အရေးကြီး ကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်နေသည်မှာ အားလုံးအသိဖြစ်ကြောင်း။

နိုင်ငံလူဦးရေတိုးပွားလာခြင်းနှင့်အတူ အခြားမြေအသုံးချမှုများပြားလာခြင်းကြောင့် တောဆင်ရိုင်းများ၏ နေရင်းဒေသနှင့် ဆင်ကျက်စားနယ်မြေများကျဉ်းမြောင်းပျက်စီးလာခြင်းများမှာ တောဆင်ရိုင်းကောင်ရေ ကျဆင်းလာမှုကို အဓိကဖြစ်ပေါ်စေခဲ့သည့်အပြင် တရားမဝင်သတ်ဖြတ်မှုများနှင့် သစ်ထုတ်လုပ်ငန်းများအတွက် ဆင်ဖမ်းဆီးခဲ့မှုများအပါအဝင် အခြားအကြောင်းရင်းခံ များစွာမှလည်း သဘာဝတောအတွင်း တောဆင်ရိုင်းကောင်ရေ လျော့နည်းကျဆင်းလာခဲ့၍ မြန်မာ့ဆင်မျိုးစိတ်များ ရေရှည်ရှင်သန်ထိန်းသိမ်းရေးအတွက် သိပ္ပံနည်းကျသုတေသန လေ့လာဆန်းစစ်မှုများအခြေခံ၍ မြန်မာနိုင်ငံ၏ ပထမဆုံး ဆင်ထိန်းသိမ်းရေးစီမံချက်ကို ပူးပေါင်းရေးဆွဲခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် တောဆင်ရိုင်းနှင့် အိမ်မွေးဆင်ကောင်ရေအများဆုံးကျန်ရှိသည့် နိုင်ငံဖြစ်ပြီး ဆင်မျိုးစိတ်များနှင့် ၎င်းတို့၏ ဂေဟစနစ်များရေရှည်တည်တံ့စေရေးရည်ရွယ်၍ ဆင်အထူးပြု ထိန်းသိမ်းကာကွယ်ထားသည့် သဘာဝနယ်မြေခြောက်ခုအား တည်ထောင်ထားရှိကြောင်း။

လက်ရှိမြန်မာနိုင်ငံ၏ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် ၃၀၀၀ ခန့်အကြား ကျန်ရှိနိုင်ကြောင်း ခန့်မှန်းတွက်ချက်ထားပြီး ယခုဆင်ထိန်းသိမ်းရေးလုပ်ငန်း စီမံချက်အတည်ပြုပြီး လက်တွေ့အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုနှင့်အတူ သိပ္ပံနည်းကျစာရင်းကောက်ယူမည်ဖြစ်ကြောင်း။

အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ကိုယ်စားလှယ်များမှလည်း မြန်မာ့ဆင်မျိုးစိတ်များဖြစ်သည့် တောဆင်ရိုင်းများ၏စားကျက်မြေများ၊ အိမ်မွေးဆင်များထိန်းသိမ်းရေး လုပ်ငန်းစဉ်များကိုသာမက သတ်ဖြတ်ခံရမှုများမှ ထိရောက်စွာကာကွယ်တားဆီးရေး လုပ်ငန်းများနှင့် အချိန်ကာလအလိုက် ဆောင်ရွက်ရန် လုပ်ငန်းများကို ပြည့်စုံစွာထည့်သွင်းရေးဆွဲမှသာ အနာဂတ်ဆင်မျိုးစိတ်ထိန်းသိမ်းရေးလုပ်ငန်းအတွက် အမှန်တကယ်ထိရောက်ပြီး လက်တွေ့အသုံးချနိုင်မည့်၊ စီမံချက်အဖြစ်အောင်မြင်စွာ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် လုပ်ငန်းစီမံချက်(မူကြမ်း)အား နိုင်ငံတော်အစိုးရအဖွဲ့သို့တင်ပြပြီး အတည်ပြုချက်ရယူ၍ အချိန်ကာလအလိုက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ဆင်ထိန်းသိမ်းရေး စီမံချက်များအကြောင်းကို WCS မှ Asian Elephant Coordinator Mr. Simon Hedges မှ ရှင်းလင်းတင်ပြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်

စာတည်းများ - ဦးစန်းအောင်၊ ခင်ခင်သက်၊ ဦးအေးသန်း၊ မေလှသင်း၊ စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

### မြန်မာ့တိုင်းရင်းဆေးပညာမှ

"အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်တာနဲ့အညီ ကျန်းမာကြံ့ခိုင်တဲ့ ပြည်သူတို့ကသာလျှင် နိုင်ငံအကျိုးစီးပွားကို ထိရောက်စွာ ဖော်ဆောင်မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာလည်း တိုင်းရင်းဆေးပညာ အဆင့်အတန်းမြှင့်တင်ရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ပြည်သူတို့ကို ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးတို့ကို အမျိုးသားကျန်းမာရေးဆိုင်ရာ မူဝါဒတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းဆေးသမားတော်ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား**

မြန်မာ့တိုင်းရင်းဆေးပညာဟာ အခြေခံဆေးပညာရပ် အမျိုးမျိုး၊ ဆေးကျမ်းအဖုံဖုံ၊ ကုထုံးကုနည်း အသွယ်သွယ်၊ အာနိသင်ထက်မြက်တဲ့ ဆေးဝါးအရပ်ရပ်တို့နဲ့ ပြည့်စုံကုံလုံပြီး ကျယ်ဝန်းနက်ရှိုင်းသိမ်မွေ့နက်နဲလှတဲ့ ပညာရပ်တစ်ခုဖြစ်တဲ့အတွက် စနစ်တကျထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မှသာ မတိမ်းပါး မပျက်ယွင်းဘဲ အရှည်တည်တံ့ထွန်းကားပြန့်ပွားနိုင်မှာဖြစ်ပါတယ်။ ဒီလို ပြည့်စုံကြွယ်ဝလှတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များနဲ့ အနှစ်သာရအထွေထွေကို စုစည်းပေါင်းစပ်ပြီး ခေတ်မီနည်းပညာရပ်များနဲ့ စံချိန်စံညွှန်းများဖော်ထုတ်ကာ ပြီးပြည့်စုံတဲ့ အမျိုးသားတိုင်းရင်းဆေးပညာရပ်တစ်ခုအဖြစ် မြှင့်တင်ပေးနိုင်ရေးကို ဝိုင်းဝန်းအားထုတ်ကြရန် လိုအပ်ပါတယ်။

မြန်မာတို့ရဲ့ ရိုးရာအမွေအနှစ်စစ်စစ်ဖြစ်ပြီး မူပိုင်ခွင့်ရရှိသင့်တဲ့ တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးများ၊ တိုင်းရင်းဆေးကုထုံးများ၊ ဆေးဖက်ဝင်အပင်များနဲ့ပတ်သက်ပြီး Intellectual Property Rights Law ရေးဆွဲနိုင်ရေးအတွက် တိုင်းရင်းဆေးပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ ဥပဒေပညာရှင်များ ပူးပေါင်းရေးဆွဲဆောင်ရွက်နိုင်ဖို့ အခြားနိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ဥပဒေနဲ့ Intellectual Property Rights ဆက်နွှယ်ပုံတွေကိုလေ့လာပြီး မြန်မာနိုင်ငံနဲ့ သင့်လျော်မယ့်ဥပဒေနဲ့ Intellectual Property Rights Law ရေးဆွဲရာမှာ မြန်မာ့တိုင်းရင်းဆေးပညာ၊ ဆေးပင်များ၊ ကုထုံးများနဲ့ပတ်သက်ပြီး ထည့်သွင်းရေးဆွဲနိုင်စေရေးဟာလည်း ခေတ်ကာလအခြေအနေအရ လိုအပ်လာတဲ့အချက်တစ်ခုဖြစ်ပါတယ်။

**တိုင်းရင်းဆေးသမားတော်ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား**

ဒီနေ့ခေတ်မှာ ခေတ်မီဆေးသိပ္ပံ နည်းစနစ်စွမ်းပကားနဲ့ လူသားတို့မှာဖြစ်ပေါ်နိုင်တဲ့ ရောဂါဝေဒနာအမျိုးမျိုးကို ရှာဖွေ၊ သိရှိ၊ ကုစားနိုင်တဲ့ အနောက်တိုင်းဆေးပညာရပ်ကို အားကိုးအားထားပြုကြသလို တခြားတစ်ဖက်မှာလည်း သမုဋ္ဌာန် (၄)ပါးလို့ခေါ်ဆိုတဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ညီညွတ်မျှတအောင် နေထိုင်ကျင့်ကြံစားသောက်ကြရတဲ့သဘော၊ ရာသီဥတုသဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေအောင် နေထိုင်၊ စားသောက်ကြရတဲ့သဘောတို့ကို လမ်းညွှန်ပြဆိုထားတဲ့ မြန်မာ့တိုင်းရင်းဆေးအနှစ်သာရများကလည်း ရောဂါဘယမဖြစ်ပွားစေဘဲ ကျန်းမာသက်ရှည်ရေးအတွက် မဖောက်မပြန် မှန်ကန်ပြီး အားကိုးထိုက်တဲ့ပညာရပ် သဘောတရားများပဲဖြစ်ပါတယ်။ ဒီနေ့ခေတ်ကာလမှာ မြန်မာတို့သာမက ကမ္ဘာ့လူမျိုးအသီးသီးတို့မှာလည်း သဘာဝဆေးပညာနဲ့ သဘာဝအစားအစာ ဆေးဝါးတွေကို ပိုမိုအားကိုးလာကြတာကို သတိပြုတွေ့မြင်ရပါတယ်။ ဒါကြောင့်မို့ သဘာဝဆေးများနဲ့ဖော်စပ်ထားတဲ့ တိုင်းရင်းဆေးဝါးများနဲ့တကွ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ တတ်မြောက်ထားတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ အခန်းကဏ္ဍဟာလည်း တစ်စထက်တစ်စ ပိုမိုကြီးမားကျယ်ပြန့်လာနေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

ဒီလိုအခြေအနေ အချိန်အခါကောင်းကို ကောင်းစွာသိမြင်ပြီး မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း ပိုမိုမြင့်မားလာဖို့၊ တိုင်းရင်းသားပြည်သူတွေက မြန်မာ့တိုင်းရင်းဆေးပညာအပေါ် ပိုမိုယုံကြည်အားထားကိုးစားလာဖို့၊ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ရေရှည်တည်တံ့တိုးတက်ထွန်းကားပြန့်ပွားရန်၊ နိုင်ငံတကာအဆင့်မီ သိပ္ပံနည်းကျဖွံ့ဖြိုးတိုးတက်လာရန်၊ တိကျမှန်ကန်တဲ့ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပေါ်ထွန်းလာရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာအသင်းကြီး ပိုမိုကျစ်လျစ်သိပ်သည်း ခိုင်မာလာရန်၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ ပို၍ ခေတ်မီအောင်မြင်ဖြစ်ထွန်းပြီး အမှန်တကယ် အကျိုးအာနိသင်ထက်မြက်တဲ့ ဆေးဝါးများဖော်ထုတ်နိုင်ရန်၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ပိုမိုအရည်အသွေးပြည့်ဝတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရှင်တွေ မွေးထုတ်နိုင်ရန်တို့ကို အခု မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးကတစ်ဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့်မို့ (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီး ရည်မှန်းချက်များနဲ့အညီ ပြည့်ဝစွာ ပြီးမြောက်အောင်မြင်ပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း ဂုဏ်ရှိန်မြင့်မားစွာ တိုးတက်ဖြစ်ထွန်းပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ပြည်သူတို့ရဲ့ ကျန်းမာရေးကို တိုးမြှင့်စောင့်ရှောက်ပေးနိုင်ပါစေ၊ ပြည်သူလူထုအားလုံးလည်း ကျန်းမာသုခပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါတယ်။



# မစ္စရန်ဟီလီနှင့်အဖွဲ့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၇**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စရန်ဟီလီက မြန်မာသတင်းမီဒီယာကောင်စီ၏ ဆောင်ရွက်နေမှုများနှင့် မြန်မာ့သတင်းမီဒီယာလောက၏ လက်ရှိကြုံတွေ့နေရသော အခက်အခဲများ၊ စိန်ခေါ်မှုများအပေါ် သိရှိလိုသည်များကိုမေးမြန်းရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် အဖွဲ့ဝင်များက ရှင်းလင်းပြောကြားသည်။

ထို့ပြင် သတင်းအချက်အလက်ရယူရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ မြန်မာ့မီဒီယာလောက၏ အားသာချက်၊ အားနည်းချက်များ၊ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် ဖြစ်ပွားခဲ့သည့် အရေးကိစ္စနှင့်ပတ်သက်၍ သတင်းရယူရာတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ပါဝင်ဆောင်ရွက်ခဲ့ရသည့် အခန်းကဏ္ဍတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ-ရဲထွဋ်(သတင်းစဉ်)**

### ❒ ရခိုင်ပြည်နယ်မှ

ဒေသခံကျေးရွာသားများနှင့်လည်း တွေ့ဆုံမေးမြန်းစုံစမ်းခဲ့ပါကြောင်း။

ဒီဇင်ဘာ ၂၆ ရက်တွင် ကော်မရှင်အစည်းအဝေး (၃/၂၀၁၆)ကို ကျင်းပခဲ့ပြီး သွားရောက်စစ်ဆေးမေးမြန်းခဲ့သည့် အချက်အလက်များကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ကြားဖြတ်အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၅ ရက်တွင် ကော်မရှင်အစည်းအဝေး (၁/၂၀၁၇)ကို ကျင်းပခဲ့ပြီး ကော်မရှင်အနေဖြင့် မောင်တောဒေသသို့ ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် ထပ်မံသွားရောက်ခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာအတွက် လိုအပ်ချက်များကို အသေးစိတ်ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ဖေက အစီရင်ခံစာရေးသားပြုစုပြီးစီးမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်ရဲချုပ်ဇော်ဝင်းက မောင်တောဒေသ နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များကိုအကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတက လိုအပ်သည်များကိုမှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

# ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ စည်ကားစွာကျင်းပနိုင်ရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ကျပ်သိန်း ၆၀၀ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၇**

နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့နှင့် (၁၀၂)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) က လှူဒါန်းငွေကျပ် သိန်း ၆၀၀ ကို ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်နှင့် ပင်လုံညီလာခံကျင်းပရေး တာဝန်ရှိသူများထံ ဖောင်ဒေးရှင်းတာဝန်ရှိသူများက ဇန်နဝါရီ ၁၆ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။




ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း(BFM) ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ဖောင်ဒေးရှင်းသည် မြန်မာပြည်အနှံ့အပြား၌ ပြည်သူများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေး၊ သဘာဝ ဘေးအန္တရာယ်ကာကွယ်ရေး စသည်ဖြင့် ကဏ္ဍစုံတွင် လူအားငွေအားဖြင့် တက်ကြွစွာ ပံ့ပိုးကူညီ လှူဒါန်းလျက်ရှိသည်။

ရှမ်းပြည်နယ်တစ်ဝန်းလုံး၌ သောက်သုံးရေ ရှားပါးသော နေရာဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်လှူဒါန်းခြင်း၊ ရေတွင်းရေကန်များ ပြန်လည်တူးဖော်တည်ဆောက်ပေးခြင်း၊ ရေသယ်ယာဉ်များ လှူဒါန်းခြင်း၊ ဇီဝိတဒါန သံယာ့ဆေးရုံလှူဒါန်းခြင်းနှင့် အေးသာယာအခမဲ့ဆေးခန်းဖွင့်လှစ်၍ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခဲ့ခြင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလန်မြို့တွင် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံ၊ကျိုင်းခမ်းမြို့နှင့် ဘော်ဆိုင်းမြို့တွင် (၁၆) ခုတင်ဆံ့ ပြည်သူ့ဆေးရုံများ ဆောက်လုပ်လှူဒါန်းခြင်း၊ တောင်ကြီးဗုဒ္ဓတက္ကသိုလ် ဆောက်လုပ်လှူဒါန်းခြင်း၊ အားကစားနှင့် လူမှုရေးအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းပေးခြင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ စစ်ရှောင်စခန်းများမှ စစ်ရှောင်ပြည်သူများနှင့် အအေးလွန်ကဲသောဒေသများမှ ပြည်သူများအတွက် ခေါင်းစွပ်ပါ အနွေးထည်များ၊ စောင်များနှင့် အစားအသောက်များ လှူဒါန်းပေးခြင်း၊ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော မီးဘေးအန္တရာယ် ကျရောက်မှုများတွင် အချိန်နှင့်တစ်ပြေးညီ ကူညီလှူဒါန်းပေးခြင်း၊ ရှမ်းပြည်နယ်တွင်း သဘာဝဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးပေးခြင်းတို့ကို စေတနာသဒ္ဓါတရားထက်သန်စွာ စဉ်ဆက်မပြတ် ကူညီလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# အီရန်နျူကလီးယားသဘောတူညီမှုနှင့်ပတ်သက်၍ ထရန့်ကို အိုဘားမားသတိပေး

ဝါရှင်တန် ဇန်နဝါရီ ၁၇

**အမေရိကန်သမ္မတတာဝန်မှ အနားယူရတော့မည့် အိုဘားမားက အီရန်နျူကလီးယားသဘောတူညီချက် တစ်နှစ်ပြည့်သည့်နှစ်ပတ်လည်အချိန်အခါတွင် အဆိုပါသဘောတူညီချက်ကို ပယ်ဖျက်သွားဖွယ်ရှိနေသည့် ရွေးကောက်ခံ သမ္မတ ဒေါ်နယ်လ်ထရန့်ကို သတိပေးမှုပြုလုပ်ခဲ့သည်။**

လွန်ခဲ့သည့်နှစ် ဇန်နဝါရီ ၁၆ ရက်တွင် အီရန်နိုင်ငံနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်ငါးနိုင်ငံအပေါင်း ဂျာမနီနိုင်ငံတို့သည် အီရန်နျူကလီးယားအရေးနှင့်ပတ်သက်၍ သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ အဆိုပါသဘောတူညီချက်အရ အီရန်နိုင်ငံပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့အရေးယူမှုအချို့ ရုပ်သိမ်းပေးရမည်ဖြစ်ပြီး အပြန်အလှန်အနေဖြင့် အီရန်နိုင်ငံက ယူရေနီယံသန့်စင်မှုကို အကန့်အသတ်ဖြင့် လုပ်ဆောင်ခွင့်ရမည်ဖြစ်သည်။

အီရန်နျူကလီးယားသဘောတူညီချက်၏ ထူးခြားချက်များကို အိုဘားမားက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အမေရိကန်အနေဖြင့် သဘောတူညီချက်ကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများကို ပြန်လည်သတိပြုရမည်ဟု ဆိုသည်။

အီရန်နျူကလီးယားအရေးနှင့်ပတ်သက်၍ အခြားသောနည်းလမ်းများကို ဆန့်ကျင်ရမည်ဖြစ်ကြောင်းနှင့် သံတမန်ရေးနည်းလမ်းဖြင့်သာ အီရန်နိုင်ငံ၏ နျူကလီးယားလက်နက်ရရှိရန် ကြိုးပမ်းမှုကို တားမြစ်နိုင်မည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသတွင် နောက်ထပ်စစ်ပွဲတစ်ပွဲဖြစ်မည့်အရေးကိုလည်းတားမြစ်နိုင်ကြောင်း အိုဘားမားကပြောကြားသည်။

သောကြာနေ့တွင် အမေရိကန်သမ္မတ တာဝန်စတင်ထမ်းဆောင်မည့် ထရန့်က ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခဲ့စဉ်က အီရန်နျူကလီးယားသဘောတူညီချက်ကို ပယ်ဖျက်မည် သို့မဟုတ် ပြန်လည်ညှိနှိုင်းဆွေးနွေးမည်ဟု ပြောကြားခဲ့သည်။

ထရန့်အစိုးရက အီရန်နိုင်ငံကို ဖိအားပေးသွားမည်ဟု ယူဆရသော်လည်း အီရန်နိုင်ငံက ပြန်လည်ညှိနှိုင်းဆွေးနွေးမှုကို လက်ခံမည်မဟုတ်ပေ။

**အင်န်အိတ်ချ်ကေ။**





# လပေါ်လမ်းလျှောက်ခဲ့သူ အာကာသယာဉ်မှူး ယူဂျင်းဆာနန် ကွယ်လွန်

**ဟူစတန် ဇန်နဝါရီ ၁၇**

လပေါ်၌ လမ်းလျှောက်ခဲ့သည့် နောက်ဆုံးအာကာသယာဉ်မှူး ဖြစ်သူ ယူဂျင်းဆာနန်သည် ဇန်နဝါရီ ၁၆ ရက်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ ၎င်းကွယ်လွန်ချိန်တွင် အသက် (၈၂) နှစ်ရှိပြီဖြစ်ကြောင်း အမေရိကန်အာကာသအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ဆာနန်သည် ၁၉၇၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က လမျက်နှာပြင်ပေါ်တွင် လမ်းလျှောက်ခဲ့သူဖြစ်သည်။ ဆာနန်နှင့် အပိုလို(၁၇) အာကာသယာဉ်မှူး ဟဲရစ်ဆန်ရှာမန်တို့သည် ယင်းနေ့တွင် လမျက်နှာပြင်ပေါ် ခြေချနိုင်ခဲ့ကြသည်။ ထိုစဉ်က ဆာနန်သည် အပိုလို (၁၇) အာကာသယာဉ်၏ ယာဉ်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆာနန်နှင့် ရှာမစ်တိုသည် လပေါ်တွင် သုံးရက်ကြာနေထိုင်ခဲ့ချိန်အတွင်း လမျက်နှာပြင်ပေါ် မောင်းနှင်နိုင်သော ရိုဗာယာဉ်နှင့်အတူ ၁၉ မိုင်ကျော် ခရီးနှင်ခဲ့ပြီး လပေါ်မှ ကျောက်သားပေါင် ၂၂၀ ကျော်ကို ကောက်ယူစုဆောင်းခဲ့ကြသည်။

**ရိုက်တာ။**

# ခြောက်လကြာ စစ်ရေးဖြန့်ကြက်မှုအစီအစဉ်အရ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ နော်ဝေသို့ ရောက်ရှိ

**ထရွန်ဟိမ်း ဇန်နဝါရီ ၁၇**

အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၃၀၀ ခန့်သည့် ခြောက်လကြာ စစ်ရေးဖြန့်ကြက်မှုအစီအစဉ်အရ နော်ဝေနိုင်ငံသို့ ဇန်နဝါရီ ၁၆ ရက်က ဆိုက်ရောက်လာခဲ့ကြောင်း၊ နော်ဝေနိုင်ငံသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်တပ်ဖွဲ့ဝင်များ စခန်းချခြင်းကို ခွင့်ပြုပေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၇ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ ဖြန့်ကြက်မှုသည် နော်ဝေနိုင်ငံ၏ အာတိတ်ဒေသ အိမ်နီးချင်းနိုင်ငံဖြစ်သော ရုရှားနိုင်ငံကို ဒေါသအမျက်ထွက်စေကြောင်း သတင်းတွင်ဖော်ပြသည်။ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ နော်ဝေ၌ ဖြန့်ကြက်ခြင်းသည် ရုရှားနိုင်ငံနှင့်ပတ်သက်၍ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ၏ စိုးရိမ်ပူပန်မှုများနှင့် ဆက်နွယ်မှုမရှိဟု နော်ဝေတာဝန်ရှိသူများက ပြောကြားကြသည်။ သို့ရာတွင် နော်ဝေ၌ အမေရိကန်တပ်ဖွဲ့ဝင်များ တပ်စွဲခြင်းဖြစ်စဉ်နှင့် ပိုလန်သို့ အမေရိကန်တပ်ဖွဲ့ဝင်များထောင်နှင့်ချီ၍စေလွှတ်ခြင်းဖြစ်စဉ်တို့သည် တိုက်ဆိုင်မှုရှိကြောင်း သတင်းတွင်ဖော်ပြသည်။

နေတိုးအဖွဲ့သည် စစ်ရေးအရ စိုးရိမ်ပူပန်မှုရှိနေကြသည့် အရှေ့ဥရောပနိုင်ငံများ၏ လုံခြုံရေးကို မြှင့်တင်နိုင်ရန် ပိုလန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်စေခြင်းဖြစ်သည်။ အမေရိကန် မြောက်ကာရိုလိုင်းနားပြည်နယ်ရှိ လီယွန်းစစ်အခြေစိုက်စခန်းမှ မရိန်းတပ်ဖွဲ့ဝင်များသည် နော်ဝေနိုင်ငံ၏ တတိယအကြီးဆုံးမြို့ကြီးဖြစ်သော ထရွန်ဟိမ်းမြို့အနီးရှိ ဗားနက်လေဆိပ်သို့ ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀နာရီတွင် ဆိုက်ရောက်လာခဲ့ကြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် နော်ဝေနိုင်ငံ၌ တစ်နှစ်ကြာမျှ စစ်ရေးလေ့ကျင့်ရန် စီစဉ်ထားသည်။ ယခုစေလွှတ်လိုက်သော မရိန်းတပ်ဖွဲ့ဝင်များသည် ခြောက်လကြာမျှ စစ်ရေးတာဝန်ထမ်းဆောင်ပြီးနောက် ဒုတိယအသုတ်စေလွှတ်မည့် တပ်ဖွဲ့ဝင်များက အစားထိုးမည်ဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆောင်းဥတု စစ်မျက်နှာပြင်ဆိုင်ရာ ခြောက်လကြာ စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်မည်ဖြစ်သည်။ **ရိုက်တာ။**



# ကိုဆိုဗို၏နယ်မြေ တစ်စိတ်တစ်ဒေသကို သိမ်းယူရန် ဆားဘီးယား ကြိုးပမ်းနေဟုဆို

**ပရစ္စတီးနား ဇန်နဝါရီ ၁၇**

ဆားဘီးယားနိုင်ငံသည် ကိုဆိုဗိုမြောက်ပိုင်းဒေသ၏ နယ်မြေအစိတ်အပိုင်းတစ်ခုကို သိမ်းပိုက်ယူရန် စီစဉ်လျက်ရှိသည်ဟု ကိုဆိုဗိုသမ္မတ ဟာရှင်သာစီက ရိုက်တာသတင်းဌာနသို့ ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြားလိုက်သည်။

ကိုဆိုဗိုအထူးရဲတပ်ဖွဲ့သည် ဆားဘီးယား၏ နိုင်ငံတော်အလံအရောင်များကို ခြယ်မှုန်းထားပြီး "ကိုဆိုဗိုသည် ဆားဘီးယားနယ်မြေ" ဟူ၍ ရေးသားထားသော စကားလုံးများကို ရေးခြယ်ထားသည့် ရထားတစ်စင်းအား နယ်စပ်ဒေသ ဖြတ်ကျော်ခြင်းကို တားဆီးခဲ့သည့် ဖြစ်ရပ် ဇန်နဝါရီ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည်။

ထိုစဉ်အတွင်းဘောလ်ကန်ဒေသရှိ အိမ်နီးချင်းနိုင်ငံနှစ်နိုင်ငံဖြစ်ကြသော ဆားဘီးယားနှင့် ကိုဆိုဗိုခေါင်းဆောင်များက ဒေသဆိုင်ရာ စစ်ပွဲဖြစ်ပေါ်လာစေရန် လှုံ့ဆော်သည်ဟု အပြန်အလှန် စွပ်စွဲခဲ့ကြသည်။ ဆားဘီးယားနိုင်ငံသည် ယင်း၏ပြည်နယ်ဟောင်းဖြစ်သော ကိုဆိုဗိုဒေသ၏ လွတ်လပ်ရေးကြေညာမှုကို အသိအမှတ် ပြုခြင်းမရှိပေ။ အဆိုပါရထား နယ်စပ်ဒေသဖြတ်သန်းခွင့်ရရှိရန် ဆားဘီးယားက ကိုဆိုဗိုအစိုးရထံမှ ခွင့်ပြုချက် တောင်းခံခဲ့ ခြင်းမရှိပေ။

ကိုဆိုဗိုအစိုးရ၏ လုပ်ဆောင်ချက်သည် မိမိတို့နိုင်ငံနှင့် စစ်ခင်းလိုသည့်သဘောထားကို ဖော်ပြရာရောက်သည်ဟု ဆားဘီးယား သမ္မတ တိုမီဆလပ်က ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံ၏ မြောက်ပိုင်းဒေသကို ယင်း၏ပိုင်နက်နယ်မြေအတွင်းသို့ ထည့်သွင်းနိုင်ရေးအတွက် ဆားဘီးယားက အကြောင်းပြကာ စစ်ပွဲဖြစ်ပွားစေရန် ရန်စလှုံ့ဆော်နေသည်ဟု ကိုဆိုဗိုသမ္မတဟာရှင်သာစီက လူတွေ့မေးမြန်းခန်းတွင် တုံ့ပြန်ပြောကြားခဲ့သည်။

၂၀၁၄ခုနှစ်က ယူကရိန်းနိုင်ငံ၏ ခရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားက ယင်း၏နယ်မြေအတွင်းသို့သွတ်သွင်းခဲ့သည့် ပုံစံမျိုးဖြင့် ကိုဆိုဗိုမြောက်ပိုင်းဒေသ၏ နယ်မြေအစိတ်အပိုင်းတစ်ခုကို ဆားဘီးယားက သိမ်းပိုက်နိုင်ရန် ကြိုးပမ်းနေသည်ဟု ၎င်းကပြောကြားသည်။ **ရိုက်တာ။**

# တူရကီနိုက်ကလပ်ကို တိုက်ခိုက်ခဲ့သူမှာ ဥဇဘက်ကစ္စတန်နိုင်ငံသားဖြစ်

**အစ္စတန်ဘူလ် ဇန်နဝါရီ ၁၇**

နှစ်သစ်ကူးကာလက အစ္စတန်ဘူလ်မြို့တွင် လူပေါင်း ၃၉ ဦးသေဆုံးခဲ့သည့် နိုက်ကလပ်တိုက်ခိုက်ခံရမှုတွင် သံသယရှိသူဟု ယူဆရသည့် သေနတ်သမားမှာ ဥဇဘက်ကစ္စတန်နိုင်ငံသားဖြစ်ကြောင်း တူရကီအစိုးရက ပြောကြားသည်။

အဆိုပါသံသယရှိသူကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းပြီးနောက် တူရကီအစိုးရက အင်္ဂါနေ့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ သံသယရှိသူ၏အမည်မှာ အဗ္ဗဒူလ်ဂါဒီယာ မာရှီယာပေါ့ဗ် ဖြစ်သည်။

နိုက်ကလပ်တိုက်ခိုက်ခံရမှုတွင် အိုင်အက်စ်အဖွဲ့ ပါဝင်ပတ်သက်ခဲ့ပြီး ဖမ်းဆီးရမိထားသူသည် အာဖဂန်နစ္စတန်တွင် အကြမ်းဖက်တိုက်ခိုက်ရန် လေ့ကျင့်သင်ကြားပေးထားသူဖြစ်ကြောင်း တူရကီအစိုးရက ပြောကြားသည်။ ဖမ်းဆီးရမိထားသူက ၎င်း၏အပြစ်ကို ဝန်ခံခဲ့သည်။

အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်၍ တူရကီအစိုးရက လူ ၅၀ ခန့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ နိုက်ကလပ်တိုက်ခိုက်ခံရမှုသည် ဗဟိုအာရှတစ်လွှားမှ အိုင်အက်စ်စစ်သွေးကြွများက စီစဉ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း တူရကီအာဏာပိုင်များက သံသယရှိခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းအဝေး (၁/၂၀၁၇)ကျင်းပ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ ဖွဲ့စည်းမှုအတွက် ဆွေးနွေးဆုံးဖြတ်နိုင်



**နေပြည်တော် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းအဝေး (၁/၂၀၁၇) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယခင်အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ ဖွဲ့စည်းမှုအတွက် ပြည်ထောင်စုလွှတ်တော်ရုံးကို မိခင်ဌာနအဖြစ်သတ်မှတ်၍ သီးခြားဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ပါကြောင်း၊ ယင်းသို့ ဆွေးနွေးဆုံးဖြတ်ခဲ့ခြင်းနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က ပြုလုပ်သော ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၆)တွင် ဆုံးဖြတ်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအနေဖြင့် မိမိတို့၏ ရုံးဝန်ထမ်းအဖွဲ့အစည်းများကို သီးခြားခန့်ထားနိုင်ခွင့်ရရှိတော့မည်ဖြစ်ပါကြောင်းနှင့် ယင်းသို့ ဖွဲ့စည်းခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်များသည် ဒီမိုကရေစီ၏ အခြေခံပြယုဂ်ဖြစ်ပါကြောင်း၊ လွှတ်တော်လုပ်ငန်းများ အဆင်ပြေချောမွေ့မှုမရှိပါက ဒီမိုကရေစီစနစ် အောင်မြင်သည်ဟု မဆိုနိုင်ပါကြောင်း၊ ဒီမိုကရေစီလမ်းခရီးပေါက်ရန်အတွက် လွှတ်တော်ရုံးဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာကျင့်ကြံနေထိုင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး လွှတ်တော်အကြီးအမှူးနှင့် ဝန်ထမ်းအကြီးအမှူးများကလည်း ကျင့်ဝတ်စည်းကမ်းများကို သိရှိနားလည်ပြီးဖြစ်ကာ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးပိုင်းတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ လွှတ်တော်အနေဖြင့် အခြားသောမဏ္ဍိုင်ကြီးများအပေါ် Check and Balance လုပ်ဆောင်ရာတွင် မိမိတို့၏ စွမ်းရည်နှင့် အရည်အသွေးများ ပိုမိုတိုးတက်တောက်ပြောင်စေရန် ကိုယ်စီစွမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က အစည်းအဝေး (၅/၂၀၁၆) ဆုံးဖြတ်ချက်များနှင့် ယမန်နေ့က ပြုလုပ်ခဲ့သော အကြိုညှိနှိုင်းအစည်းအဝေး ဆွေးနွေးချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အလှည့်ကျဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအပေါ် ဆက်လက်ထောက်ခံသွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဩစတြေးလျနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များ၊ Save the Children Australia မှ ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး Mr. Nicholas Coppel လည်း ပါဝင်တက်ရောက်ခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ဩစတြေးလျနိုင်ငံတို့အပေါ်ထားရှိသည့် ဆက်ဆံရေး၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်မည့်အခြေအနေ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဩစတြေးလျလွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် ဆက်လက်ထောက်ခံသွားမည်ဖြစ်ပြီး ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံအဖြစ် သတ်မှတ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ၂၀၁၆ ခုနှစ်တွင် တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ မြန်မာသင်တန်းသား ၇၅၀ ကျော် မွမ်းမံသင်တန်းပေးခဲ့

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူးရုံး၏ အချက်အလက်များအရ ၂၀၁၆ ခုနှစ်တွင် တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန (MOFCOM)မှ သင်တန်းများ ဖွင့်လှစ်ခဲ့ရာတွင် Seminar တွင် ၆၁၉ ဦး၊ Training Course တွင် ၁၃၂ ဦး၊ ဘွဲ့လွန်သင်တန်းတွင် ရှစ်ဦး စုစုပေါင်း မြန်မာနိုင်ငံမှ ဝန်ထမ်းပေါင်း ၇၅၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူးရုံးမှ မွမ်းမံသင်တန်း တာဝန်ခံအရာရှိ ဒုတိယအတွင်းဝန် Ms. Zhao Jin က သင်တန်းကာလမှာ ရက်ပေါင်း ၂၀ မှ ၉၀ အတွင်းဖြစ်ကြောင်း၊ နောင်တွင်လည်း မွမ်းမံသင်တန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဖွင့်လှစ်ကာ မြန်မာနိုင်ငံ၏ လူမှုစွမ်းအားတည်ဆောက်ရေးလုပ်ငန်း မြှင့်တင်မှုအပေါ် ကူညီပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၁၆ ခုနှစ် တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ သင်တန်းပေးခဲ့သော သင်တန်းသားဦးရေသည် အာရှဒေသတွင် စတုတ္ထအများဆုံးရှိပြီး တစ်ကမ္ဘာလုံး၌ အဋ္ဌမနေရာတွင် ရပ်တည်နေသည်ဟု သိရသည်။

ကာလတို သင်တန်းများအပြင် တရုတ်နိုင်ငံအစိုးရကထောက်ပံ့သော Chinese Government Scholarship၊ တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ထောက်ပံ့သော MOFCOM Scholarship နှင့် အခြားသော ပညာသင်ဆုအမျိုးမျိုးဖြင့် မြန်မာနိုင်ငံမှ သင်တန်းသားများကို တရုတ်နိုင်ငံတွင် ပညာသင်ယူနိုင်ရန်စီစဉ်ပေးခဲ့ရာ ၂၀၁၆ ခုနှစ်တွင် သင်တန်းသားဦးရေ ၁၀၈ ဦးကို B.A, Master, Ph.D ဘွဲ့ဒီဂရီများအတွက် တရုတ်နိုင်ငံရှိ တက္ကသိုလ်များ၌ တက်ရောက်နိုင်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံမှ ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ အုပ်ချုပ်ရေး၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သစ်တော၊ ဆက်သွယ်ရေး၊ လေကြောင်း၊ စွမ်းအင်၊ မီဒီယာ၊ ရဲဘက်ဆိုင်ရာ၊ ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့တော်အုပ်ချုပ်ရေး၊ တရုတ်ဘာသာစကား၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးစသည့် နယ်ပယ်အသီးသီးနှင့်ဆက်နွယ်သော မွမ်းမံသင်တန်းများ စီစဉ်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်းနှင့် နယ်ထိန်း(အခြားအဆင့်) သင်တန်း(မွမ်းမံ)သင်တန်းဆင်း

**မော်လမြိုင် ဇန်နဝါရီ ၁၇**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်းကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အလားတူ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်ခဲ့သည့် နယ်ထိန်း (အခြားအဆင့်) သင်တန်းဆင်းပွဲကို ယင်းနေ့ နံနက် ၁၀ နာရီက ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ (အတ္တရံ) ရဲမွမ်းမံလေ့ကျင့်ရေးကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက အမှာစကား ပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းများသို့ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ရဲတပ်ဖွဲ့ဝင် (အခြားအဆင့်) ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလနှစ်ပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **(ပြည်နယ်ရဲတပ်ဖွဲ့)**

# မြန်မာ ယူ-၁၈ အသင်း မန္တလေးမြို့၌ ခြေစမ်းပွဲကစား

**မန္တလေး ဇန်နဝါရီ ၁၇**

ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများအတွက် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၁၈ အသင်းသည် ရတနာပုံ ယူ-၂၁ အသင်းနှင့် ယနေ့ ညနေပိုင်းက မန္တလေးမြို့ရှိ ဗထူးကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၈ အသင်းသည် MNL-2 ပထမတန်းအမှတ်ပေးပြိုင်ပွဲတွင် Phoenix (က) အသင်းအမည်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခုတစ်ပတ်ကျင်းပနေသော ပွဲစဉ်(၁)တွင် ပွဲပါဝင်ခြင်းမရှိသောကြောင့် မန္တလေးမြို့သို့ သွားရောက်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၁၈ အသင်းအတွက် ဂိုးများကို လွင်မိုးအောင်က ၃၁ မိနစ်၊ ၇၆ မိနစ်၊ ဝင်းနိုင်ထွန်းက ၆၂ မိနစ်၊ ၈၁ မိနစ်တို့တွင် သွင်းယူပေးခဲ့ပြီး လေးဂိုးသွင်းယူပြီးမှ ချေပဂိုးတစ်ဂိုး ပြန်ပေးခဲ့ရခြင်းဖြစ်သည်။ ရတနာပုံလူငယ်အသင်းမှာ MNLလူငယ်လိဂ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့်အသင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ရတနာပုံတက္ကသိုလ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ယခုနှစ်တွင် ယှဉ်ပြိုင်ရမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲတို့အတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ကစားသမား ၅၀ ကို နှစ်သင်းခွဲ၍ ဖွဲ့စည်းထားသည်။ ရွေးချယ်ထားသည့် ကစားသမားများ အတွေ့အကြုံရစေရန်အတွက် Phoenix အသင်းအမည်ဖြင့် ပထမတန်းတွင် (က)အသင်းနှင့် ပထမတန်း ယူ-၂၀ ပြိုင်ပွဲတွင် (ခ)အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲ ရှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ ယူ-၁၈ အသင်း ယှဉ်ပြိုင်မည့် နိုင်ငံတကာပြိုင်ပွဲများအနက် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**



## ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များနှင့် ဒေသခံများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**မောင်တော ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာအုပ်စု၊ ကျီးကန်းပြင်ကျေးရွာအုပ်စု၊ ငါးခူရကျေးရွာအုပ်စုများအတွက် မေတ္တာအာရိယန်ဖောင်ဒေးရှင်းက လှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းက ကြိမ်ချောင်းကျေးရွာအထကခန်းမ၌ ဒေသခံများအား ထောက်ပံ့ပေးခဲ့သည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အမှာစကားပြောကြားကာ မေတ္တာအာရိယန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစံကျော်က ထောက်ပံ့ပစ္စည်း ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက်ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ကျေးရွာအုပ်စုသုံးစုအတွက် ဆန်အိတ် ၃၀၀၊ ဆီ ပိဿာ ၃၀၀ နှင့် ပဲခြမ်းအလေးချိန် ပိဿာ ၃၀ ပါ ၄၅ အိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်နယ် လူမှုရေးဝန်ကြီးနှင့်အဖွဲ့သည် ကျီးကန်းပြင်အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် နေမျိုးခန်းမ၌ ညနေ ၅ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းခြင်းနှင့် မေတ္တာအာရိယန်ဖောင်ဒေးရှင်းတို့က လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ရှေ့တန်းအမှတ်(၁၅) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ အရာရှိစစ်သည်များ၊ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်မှတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် ပြည်နယ်အစိုးရအဖွဲ့က စုစုပေါင်း ဆန်အိတ် ၃၀၀၊ ဆီ တစ်လီတာဘူး ၁၀၀၊ ပဲအိတ် ၁၀၀ နှင့် ကလေးငယ်များအတွက် စားစရာများကိုလည်းကောင်း၊ မေတ္တာအာရိယန်ဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-ဇင်ဦး၊ ကိုမင်း/ဓာတ်ပုံ-သီဟစည်သူ**

## အမျိုးသားမြေအသုံးချမှု မူဝါဒလယ်ယာမြေ ဥပဒေများအပေါ် လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၁၇**

တောင်သူလယ်သမား အများစုဖြစ်သော လုပ်ကွက်ငယ်တောင်သူများအကျိုးကို ဖော်ဆောင်ပေးနိုင်သော ပြည့်စုံကောင်းမွန်သည့် မြေယာမူဝါဒနှင့် ဥပဒေများပေါ်ထွန်းလာရန် ရည်ရွယ်၍ အစိုးရသစ်နှင့် လွှတ်တော်သစ်က မြေယာနှင့်ပတ်သက်သော ဥပဒေများ ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်ရာတွင်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများ၏ ဥပဒေပြင်ဆင်ရေးလုပ်ငန်းများနှင့် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်လည်းကောင်း ရည်ရွယ်၍ သံလွင် (Citizen Empowerment Program)က စီစဉ်သည့် အမျိုးသားမြေအသုံးချမှု မူဝါဒ၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေများအပေါ် လေ့လာဆန်းစစ်ခြင်း သုတေသနအစီရင်ခံစာ မိတ်ဆက်ပွဲအခမ်းနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။

"ဒီစာတမ်းက တအား Academic ဆန်တဲ့ စာတမ်းမဟုတ်ပါဘူး။ တွေ့ရှိချက်တွေကိုပဲ အရပ်ပြော ပြောတဲ့ ရေးတဲ့ စာတမ်းမျိုးလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ စာတမ်းလေးက Social Result အမျိုးအစားလေးမှာ တော့ပါပါလိမ့်မယ်။ ဥပဒေသက်သက်လည်းမဟုတ်သလို စီမံခန့်ခွဲမှုကိုလည်း သက်သက်ရေးထားတာ မဟုတ်ပါဘူး။ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်တွေရဲ့အမြင်တွေ၊ သဘောထားတွေကို ကျွန်တော်တို့က အင်တာဗျူးလုပ်ပါတယ်"ဟု ပါဝင်ဆောင်ရွက်သူ ဦးသီဟသူက ပြောသည်။

အဆိုပါအစီရင်ခံစာတွင် အမျိုးသားမြေအသုံးချမှု မူဝါဒ၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေတို့အား ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲရန်လိုအပ်ကြောင်း (၁၈၉၄ မြေသိမ်း အက်ဥပဒေအပါအဝင်)၊ ထိုသို့ ပြန်လည်ပြင်ဆင်ရေးဆွဲရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ လယ်ယာမြေကိုယ်စားလှယ်များ၊ မြေယာအရေးဆောင်ရွက်နေသော အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများ၊ ဥပဒေပညာရှင်များကို သေချာစွာ ဖိတ်ကြား၍ အကြံပြုချက်များရယူသည့် ဆွေးနွေးပွဲများဖြင့် အားနည်းချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲခြင်းများ ပြုလုပ်ရန်နှင့် ဆွေးနွေးရေးဆွဲထားသော ဥပဒေကြမ်းများကို မပြဋ္ဌာန်းမီ ပြည်သူလူထုသို့ ကျယ်ကျယ်ပြန့်ပြန့် အသိပေး၍ အကြံပြုချက်များ ရယူရန်တို့ ပါဝင်သည်။

အဆိုပါအစီရင်ခံစာကို ပြုစုနိုင်ရန် မြန်မာနိုင်ငံ၏ တောင်သူလယ်သမားများ အများစုနေထိုင်ရာ ဒေသများဖြစ်သော ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း၊ အနောက်ခြမ်း)တို့မှ မြေယာနှင့် တောင်သူလယ်သမားများအရေး ဆောင်ရွက်နေကြသော ဒေသခံ တောင်သူလယ်သမားသမဂ္ဂနှင့် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ စုစုပေါင်း ၁၀၀ ကျော် ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများကို သုံးကြိမ်တိုင် ကျင်းပခဲ့ကြောင်း သိရသည်။ အစီရင်ခံစာ မိတ်ဆက်ပွဲ အခမ်းအနားသို့ ပြည်တွင်းနှင့် နိုင်ငံတကာ NGO များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လယ်ယာမြေအရေး ဆောင်ရွက်နေသူများ တက်ရောက်ကြပြီး အစီရင်ခံစာအပေါ် အမြင်များ၊ အကြံပြုချက်များ ဆွေးနွေးကြသည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



## ပျောက်ဆုံးနေသည့် ရာအိမ်မှူးဟောင်း ပြန်လည်တွေ့ရှိ သတင်းပေးဟု စွပ်စွဲကာ နှိပ်စက်ညှဉ်းပန်းခဲ့ကြောင်း သိရှိရ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မောင်တောမြို့နယ် ရဲအောင်ချောင်းကျေးရွာမှ ဇန်နဝါရီ ၁၄ ရက် ညက လူလေးဦး ဖမ်းဆီးခေါ်ဆောင်သွားသည့် ရာအိမ်မှူးဟောင်း ဖွေယာ(ခ) ဖွေယာဇူဟောက်အား ဇန်နဝါရီ ၁၅ ရက် သန်းခေါင်ယံတွင် ဖာရီကျေးရွာမှ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းသည် ရဲအောင်ချောင်းကျေးရွာတွင် ပုစွန်ကန်လုပ်ငန်း လုပ်ကိုင်နေသူ တစ်ဦးဖြစ်ပြီး ဇန်နဝါရီ ၁၄ ရက် ည ၁၁ နာရီခန့်တွင် လူ လေးဦးက ခေါ်ဆောင်သွားရာမှ ပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၁၅ ရက် ည ၁၁ နာရီခွဲခန့်တွင် ကျေးရွာတာဝန်ခံ ဦးလှသိန်းက ၎င်းသည် ဖာရီကျေးရွာရှိ ဆွေယော့တူဆင်း၏ နေအိမ်သို့ ရောက်ရှိနေသည်ဟု အကြောင်းကြားလာသဖြင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေရုံးသို့ ခေါ်ယူခဲ့ကြောင်း။

ဖွေယာ၏ ပြောကြားချက်အရ ၎င်းအား ရဲအောင်ချောင်းရွာ၏ အရှေ့တောင်ဘက် မဲဒီကျေးရွာအနီးရှိ တောလမ်းအတိုင်း ခေါ်ဆောင်သွားခဲ့ပြီး ကျွန်းပေါက်ပြုစုမြောက်ရွာ အဝင်လမ်းတွင် မျက်နှာအား ပဝါစည်း၍ နေအိမ်တစ်လုံးသို့ ခေါ်ဆောင်သွားကြောင်း၊ ယင်းနောက် လူ ၁၀ ဦးခန့်က ထိုးနှက်ကန်ကျောက်ရိုက်နှက်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့များဖြင့် ပူးပေါင်းကာ တာဝန်ရှိသူများအား သတင်းပေးနေသည့်အတွက် အပြစ်ပေးခြင်းဖြစ်ကြောင်းနှင့် ငွေမည်မျှပေးနိုင်မလဲဟု မေးမြန်းခဲ့ကြောင်း၊ ညပိုင်းတွင် မျက်နှာအား ပဝါစည်း၍ ကျောက်ချောင်းကျေးရွာ လမ်းခွဲအထိ လူလေးဦးက ပြန်ပို့ခဲ့ပြီး လူစုခွဲထွက်ခွာသွားကြောင်း သိရသည်။

၎င်းအား စစ်ဆေးရာ ကျောအလယ်တွင် ဓားဦးချွန်ဖြင့် ထိုးစိုက်ထားသည့် ဒဏ်ရာတစ်ခု တွေ့ရှိရပြီး ဖမ်းဆီးခေါ်ဆောင်သွားသူများအား တရားဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မူဆယ်မြို့အနီး လက်နက်သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ မူဆယ်မြို့အနီးမှ ကာဘိုင်သေနတ်တစ်လက်နှင့် လက်ပစ်ဗုံးတစ်လုံးကို ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူဆယ်မြို့အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီခွဲခန့်က မူဆယ်မြို့၏ တောင်ဘက် တစ်မိုင်ခန့်အကွာရှိ တောင်ယာတဲအနီး ၄ှက်ပျောပင်များကြားမှ ကာဘိုင်သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် လက်ပစ်ဗုံးတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဂျာမာဟူးဆင်း
(ဘ) မာမော့ဟူဆောင်း



ရာဟတ်
(ဘ) အဒူဆူရီ

## မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သူနှစ်ဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့သူနှစ်ဦးအား ယနေ့ နံနက်ပိုင်းတွင် ဘဒကားကျေးရွာလမ်းဆုံ၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီခန့်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့ပြီး တိမ်းရှောင်နေသည့် ကျေးနွတ်သီးရွာနေ အဘ မာမော့ဟူဆောင်း၏ သား ဂျာမာဟူးဆင်းနှင့် အဘ အဒူဆူရီ၏ သား ရာဟတ်တို့ နှစ်ဦးအား ဘဒကားကျေးရွာလမ်းဆုံ၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖမ်းဆီးရမိသူနှစ်ဦးအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး မောင်တောမြို့ရှိ အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲသို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ဟားခါး | ၁ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၂ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၂ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၄ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၄ | ဒီဂရီစင်တီဂရိတ် |
| မချမ်းဘော | ၅ | ဒီဂရီစင်တီဂရိတ် |

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပညာရေးပြုပြင်ပြောင်းလဲရေး(၂)

ဦးသန်းဖေ(လမ်းညွှန်)

**ပညာရေးဌာနရဲ့တာဝန်**

ပညာရေးကို ပြုပြင်တော့မယ်ဆိုရင် ကဏ္ဍအလိုက် ကျွမ်းကျင်သူတွေရှိရပါမယ်။ တိုင်းပြည်ရဲ့ လိုအပ်ချက်ကိုတော့ လူတိုင်း၊ နိုင်ငံသားတိုင်း သဘောပေါက်ဖို့လိုပါတယ်။ မူလတန်းနဲ့ ကျောင်းထွက်တဲ့ကလေးတွေဟာ အလုပ်ခွင်ဝင်သင့်တဲ့အရွယ်မဟုတ်ဆိုတာ သတိပြုရပါမယ်။ နိုင်ငံ့သားကောင်းဖြစ်အောင် လေ့ကျင့်ပေးဖို့ကတော့ မူလတန်းကစပြီး ဘွဲ့ရတဲ့အထိ ပညာရေးဌာနကြီးတစ်ခုလုံးရဲ့တာဝန်ဖြစ်ပါတယ်။ ဘွဲ့လွန်တွေကိုတော့ သက်ဆိုင်ရာနယ်ပယ်မှာ ဦးဆောင်ရမှာ ဖြစ်တဲ့အတွက် ခေါင်းဆောင်နိုင်အောင် လေ့ကျင့်ပေးရပါမယ်။ အဲဒီအတွက် နိုင်ငံတော်အနေနဲ့ တက္ကသိုလ်လေးငါးခုလောက်ကို တာဝန်ပေးရပါမယ်။

**လုပ်ငန်းခွင်လိုအပ်ချက်**

ဆောက်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆန်စက်၊ ဆီစက်၊ ဂျုံကြိတ်စက်၊ ပဲခွဲစက်၊ သကြားစက်၊ သစ်ခွဲစက်၊ ပရိဘောဂထုတ်လုပ်တဲ့စက် စတဲ့ နိုင်ငံတွင်းရှိ စက်တွေနဲ့ ပတ်သက်တဲ့ သုတေသီတွေပညာရှင်တွေ လိုသလိုပဲ၊ စီးပွားရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ ဆေးဝါးလုပ်ငန်းတွေမှာလည်း ပညာရှင်၊ သုတေသီတွေလိုမှာပဲ ဖြစ်ပါတယ်။ ဒါတွေကို သက်ဆိုင်သူ (Stakeholder)တွေက ပြောပြနိုင်ပါလိမ့်မယ်။ တက္ကသိုလ်ကောလိပ်တွေရဲ့ တာဝန်ပါ။

**ဖြစ်ချင်တာ၊ ဖြစ်သင့်တာ၊ ဖြစ်နိုင်တာ**

အဲဒီအဆင့်မြင့် ပညာတွေအတွက် စိတ်ဝင်စားသူ (Stakeholder) တွေ အလုံအလောက်ရှိမှာပါ။ မူလတန်းပညာအတွက်ကတော့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီနေရာမှာ မိဘတွေဖြစ်ချင်တာ၊ နိုင်ငံတော်လိုအပ်ချက်အရ ဖြစ်သင့်တာနဲ့ မျက်မှောက်အခင်းအကျင်းစီးပွားရေးအခြေအနေအရ ဖြစ်နိုင်တာကို ရှာရပါမယ်။ ဒီထာဝရတြိဂံ (Eternal Triangle)ကို ဥပေက္ခာပြုလို့မရပါ။

**အရာရှိလောင်းမူလတန်းဆရာတွေ**

၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့ဘဏ်ခန့်မှန်းချက်အရ ကျေးလက်လူဦးရေရဲ့ ၆၆ ဒသမ ၄၅ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ အဲဒီကျေးလက်မူလတန်းကျောင်းကလေးတွေဆီကို ဘွဲ့ရအများဆုံး ၉၉ ရာခိုင်နှုန်းလောက်က သွားရောက်အမှုထမ်း တာဝန်ယူချင်စိတ်မရှိပါ။ မသွားချင်တဲ့ ဘွဲ့ရတွေကို အပြစ်မတင်ပါနဲ့။ သူတို့ဟာ တကယ်တော့ အစဉ်အလာအရ အရာရှိလောင်းတွေပါ။ သူတို့နဲ့အတူတူ တစ်နှစ်တည်းကျောင်းပြီးသူတွေက မြို့ပေါ်မှ ဌာနတွေမှာ ဦးစီးအရာရှိ နိုင်ငံခြားမှာရှိတဲ့ မြန်မာသံရုံးမှာ တတိယအတွင်းဝန်တွေဖြစ်နေကြပြီလေ။ လူသားရဲ့ ခံစားချက်မေ့ပျောက်ထားလို့ ဘယ်ရမလဲ။

**ပညာရေးအတွက်အားတက်စရာ**

အဲဒီလို ကျေးလက်ကို မသွားချင်ဘဲနဲ့ အလုပ်လက်မဲ့ ဘဝမှာ သိက္ခာကျမခံချင်လို့ ရရာအလုပ်ဆိုပြီးဝင်လာတဲ့ မူလတန်းဆရာ ဆရာမလေးတွေရဲ့ ခံစားချက်ကို ဝေမျှခံစားကြည့်ပါ။ အဲဒီဆရာ ဆရာမလေးတွေ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးတွေဆီမှာ သတင်းပို့တဲ့အခါမှာ အဲဒီမြို့နယ်ပညာရေးမှူးတွေကလည်း (အများအားဖြင့်) ရောက်လာတဲ့ ဆရာ၊ ဆရာမအသစ်ကလေးတွေ ပျော်အောင်၊ အားပေးတဲ့အနေနဲ့ ဆရာမတို့ အဲဒီရွာမှာ နေရေး၊ ထိုင်ရေး အဆင်မပြေရင်၊ နီးတဲ့ မြို့မှာနေပြီး မနက်သွား၊ ညပြန်လုပ်ရင်လည်း ရပါတယ်။ တစ်လမှာ အနည်းဆုံး ၁၅ ရက်လောက်တော့ သင်ပါ။ သင်ရိုးကလည်း မများပါဘူး။ ပြီးတော့ ဘယ်လောက်သင်နေနေ အဲဒီကလေးတွေဆိုတာ တောသဘာဝ မိရိုးဖလာ လယ်ယာ၊ တောလိုက် ငါးဖမ်း၊ သစ်ခုတ်ပဲ လုပ်ကြမှာပါ။ စာကို စိတ်မဝင်စားကြပါဘူးစတဲ့ အလားတူ အားပေးစကားလေးတွေ၊ ဩဝါဒတွေ ပေးတတ်ကြပါတယ်။

**လုပ်ငန်းခွင်မှာမပျော်ပိုက်သူများ**

နဂိုကမှ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာပညာရှင်ဖြစ်ဖို့ စိတ်ကူးယဉ်ပြီး ရုပ်၊ ဓာတု၊ ဇီဝတွေ ကျက်ပြီး ဆယ်တန်းအောင်၊ အမှတ်မမီတော့ စိတ်ပျက်လက်ပျက်နဲ့ အနည်းဆုံးသိပ္ပံပညာရှင်လို့ယူဆလို့ရတဲ့ ဓာတု၊ ရုပ်၊ သင်္ချာ တစ်ခုခုကို အဓိကယူပြီး ဘွဲ့ရခဲ့တဲ့သူတွေက သူတို့မျှော်မှန်းချက်နဲ့ မိုးနဲ့မြေကွာကြတဲ့ ဘဝမှာပျော်ပိုက်ဖို့မလွယ်ပါ။ အဲဒီလိုအလုပ်ခွင်မှ မပျော်ပိုက်သူတွေရဲ့ လုပ်ဆောင်မှု (သင်ပြမှု) အရည်အသွေးကတော့ စဉ်းစားစရာသိပ်မလိုဘဲ ပေါ်လာမှာပါ။

**ရွှေကျောင်းပြောင်ပြောင် မူလတန်းကျောင်းစုတ်ချာချာ**

ဒီအထဲမှာ ကျေးရွာတွေကလည်း အဆင့်အတန်းမျိုးစုံ၊ ချမ်းသာတဲ့ ရွာတွေရှိသလို၊ မချမ်းသာတဲ့ ရွာတွေလည်းရှိပါတယ်။ ချမ်းသာပေမယ့် အတွေးအခေါ် လွဲမှားပြီး ဘုန်းကြီးကျောင်းကိုသာ အဆင့်မြင့်မြင့်ဆောက်တယ်။ တီဗွီနဲ့ အဲကွန်းနဲ့ထားမယ်။ ကျောင်းကျတော့ ထရံကာ၊ ခုံမရှိတဲ့ ရွာတွေလည်း ဒုနဲ့ဒေး။ ကျွန်တော့်ဇာတိရွာက အဲဒီလိုရွာပါ။ တချို့ရွာတွေက ဆရာ ဆရာမတွေကို လေးလေးစားစားနဲ့ ကြိုဆိုကြပေမယ့် တချို့ရွာတွေက အဲဒီလိုနွေးထွေးမှု မရှိကြပါဘူး။

သလဲဆိုတာ တင်ပြခဲ့ပြီးပါပြီ။ အရာရှိလောင်းဘွဲ့ရတစ်ယောက်ဟာ မြို့နဲ့ဝေးတဲ့ ကျေးလက်ဒေသမှာ အောက်တန်းစာရေး အဆင့်လောက်နဲ့လာပြီး လုပ်ရတဲ့ လူတစ်ယောက်ပျော်ဖို့ဆိုတာကတော့ လုံးဝမဖြစ်နိုင်ပါ။ ထွက်ပြေးချင်စိတ်မပေါ်ရုံလောက်လုပ်နေရင် ကျေနပ်စရာရှိပါတယ်။

**ဆယ်တန်းအောင်တွေကလည်း မပျော်ပါ**

ဆယ်တန်းအောင်တွေကလည်း သူတို့စာပေးစာယူ အဝေးသင်စနစ်နဲ့ ဘွဲ့ရတဲ့အထိ ခဏဝင်ပြီး ခိုနားတဲ့သဘောနဲ့ ဝင်လုပ်တာအများစုပါ။ သူတို့ရဲ့ အိပ်မက်ကလည်း တစ်ရက်ဘွဲ့ရ၊ ရာထူးဝန်က ခေါ်တဲ့ရာထူးကြီးတွေ လျှောက်မယ်ဆိုတဲ့ စိတ်ပါပဲ။ သူတို့ရင်ဆိုင်ရတဲ့ အခြေအနေကလည်း ဘွဲ့ရတွေနဲ့ အတူတူပါပဲ။ ခံစားချက်နည်းနည်းပဲလျော့ပါမယ်။ များများမကွာခြားနိုင်ပါ။

**လေ့ကျင့်ထားတဲ့ ကျွမ်းကျင်ဆရာတွေလို**

ဒီလိုတွေ့ကရာ ဘွဲ့ရတွေ၊ ဘွဲ့ကြိုတွေ၊ ဆယ်တန်းအောင်တွေကို မူလတန်း

**ကျေးလက်မူလတန်းကျောင်း ကလေးတွေဆီကို ဘွဲ့ရအများဆုံး ၉၉ ရာခိုင်နှုန်းလောက်က သွားရောက်အမှုထမ်းတာဝန်ယူချင်စိတ်မရှိပါ။ မသွားချင်တဲ့ ဘွဲ့ရတွေကို အပြစ်မတင်ပါနဲ့။ သူတို့ဟာ တကယ်တော့ အစဉ်အလာအရ အရာရှိလောင်းတွေပါ။ သူတို့နဲ့အတူတူ တစ်နှစ်တည်းကျောင်းပြီးသူတွေက မြို့ပေါ်မှဌာနတွေမှာ ဦးစီးအရာရှိ နိုင်ငံခြားမှာရှိတဲ့ မြန်မာသံရုံးမှာ တတိယအတွင်းဝန်တွေဖြစ်နေကြပြီလေ။ လူသားရဲ့ခံစားချက် မေ့ပျောက်ထားလို့ ဘယ်ရမလဲ။**

**ဒေသအခက်အခဲ**

ကျေးရွာတချို့က သွားရေးလာရေး ခက်ခဲပြီး ဝေးလံတယ်။ တောင်ဆင်းတောင်တက်တွေ ပါလာပါတယ်။ ရေရှားတဲ့ရွာဆိုရင် သောက်ရေ၊ မီးဖိုချောင်သုံးရေတောင် စစ်စစ်စီစီသုံးစွဲနေရတာဖြစ်လို့ မြို့ကလာတဲ့ ဆရာမကလေးက တစ်နေ့တစ်ခါ နွေရာသီဆိုရင် တစ်နေ့နှစ်ခါလောက် ရေကို ပိသာဝင် ခွက်ကြီးနဲ့ တဘွမ်းဘွမ်းချိုးနေကျပါရှင် ဆိုရင်တော့ ရွာသားတွေနဲ့ အဆင်ပြေဖို့ မလွယ်ပါ။ အဲဒီရွာသူတွေကိုယ်တိုင်က တစ်နေ့တစ်ခါ ရေဖတ်တိုက်နေရရှာကြတာပါလား။

**ခက်ခဲပင်ပန်းမှုထောက်ပံ့ကြေး (Hardship Allowance)**

ဒီအခက်အခဲတွေ၊ ဒီပြဿနာတွေ ပညာရေးနဲ့ ဘာဆိုင်သလဲလို့ မေးလာရင် မေးလာသူဟာ စီမံကိန်းကို ဆွဲရုံသာဆွဲဖူးပြီး ဆွဲရုံသာ ဆွဲတတ်သူဖြစ်ပါလိမ့်မယ်။ အဲဒီစီမံကိန်းကို လက်တွေ့အကောင်အထည်မဖော်ဖူးသူ၊ သက်ဆိုင်ရာဒေသကို ကိုယ်တိုင်ကိုယ်ကျရောက်ဖူးသူ၊ တစ်ရက်စ နှစ်ရက်စလောက်သာ ရောက်ဖူးပြီး တစ်လကိုးသီတင်း မနေဖူးသူဖြစ်ပါလိမ့်မယ်။ လုပ်ငန်းတစ်ခုလုပ်ပြီဆိုရင် အဲဒီလုပ်ငန်းခွင်မှာ နေရမယ့်လူတွေရဲ့တွေ့ကြုံရမယ့် အခြေအနေကို ထည့်မတွက်လို့မဖြစ်ပါ။ ဖုန်ထူတဲ့နေရာမှာ အလုပ်လုပ်ရသူတွေကို ဖုန်ကာမျက်နှာဖုံး ထုတ်ပေးရသလိုပေါ့။ ကိုလိုနီခေတ်က တောင်တန်း တောင်ပေါ်ဒေသအေးတဲ့ နေရာတွေမှာ ဝန်ထမ်းတွေကို ဆောင်းတွင်းသုံးလအတွက် မီးသွေးဖိုးခြောက်ကျပ် ထုတ်ပေးတာကြောင့် မီးလှုံလို့ရတာပေါ့။

**ဝန်ထမ်းကျေနပ်ပျော်ရွှင်မှ လုပ်ငန်းအောင်မြင်**

လုပ်ငန်းတစ်ခုအောင်မြင်ဖို့ ရည်ရွယ်ချက်ပြီးမြောက်ဖို့ဆိုရင်တော့ သက်ဆိုင်ရာ ဝန်ထမ်းတွေပျော်ပျော်ရွှင်ရွှင်လုပ်ကိုင်နိုင်တဲ့ အခြေအနေမျိုး ဖန်တီးပေးနိုင်ရင်တော့ အတိုင်းထက်အလွန်ပေါ့။ အဲဒီလို ပျော်အောင်ကတော့ မူလတန်းပညာကျေးလက်ဒေသတစ်ခွင်မှာတော့ လုံးဝမဖြစ်နိုင်ပါ။ ဘာကြောင့် မဖြစ်နိုင်

ဆရာ ဆရာမအဖြစ်ခန့်သူတွေရဲ့ အတွေးအခေါ် အခြေခံအသိ၊ ခံယူချက်တွေကလည်း မူလတန်းကလေးတွေသင်တာ ဘယ်သူမဆိုသင်တတ်တယ်။ ဒီလို သင်ဖို့ကိစ္စမှာ သီးခြားကျွမ်းကျင်မှု (Special skill) လိုတယ်လို့ မထင်တာကို ကလည်း အံ့သြမယ်ဆိုရင်တော့ အံ့သြစရာပေါ့။

**သင်ကြားရေးပညာ**

ကျောင်းဆရာဆိုတာ သင်နည်း၊ ကျောင်းသားကိုင်တွယ်နည်း၊ ကလေးသူငယ်စိတ်ပညာ၊ အတန်းစည်းကမ်းထိန်းသိမ်းရေးတို့က သီးခြားသင်ယူရတဲ့ စွမ်းရည် (Skill) တွေဖြစ်ပါတယ်။ ဘာသာရပ်တတ်ကျွမ်းရုံနဲ့ ဆရာ မဖြစ်ပါဘူး။ ဘာသာရပ်တတ်ကျွမ်းမှုက တစ်စိတ်တစ်ဒေသမျှသာ ဖြစ်ပါတယ်။

**မူလတန်းဆရာ မဖြစ်ထိုက်သူတွေကို ဆရာခန့်ကြတယ်**

ဒါပေမယ့် ၁၉၆၄ ခုနှစ်ကစပြီး ဆယ်တန်းရမှတ်နဲ့ လိုင်းခွဲတဲ့စနစ်က ဆရာဝန်ဖြစ်ချင်တဲ့ရောဂါ ထလာတယ်။ တက္ကသိုလ်ကဘွဲ့ရတွေအကြောင်းကိုတော့ နောက်မှအဆင်ပြေရင် ဆက်လက်တင်ပြပါမယ်။ အခုတော့ မူလတန်းပညာရေးကို ထိခိုက်စေတဲ့အပိုင်းကလေးကိုပဲ ကွက်ပြီး တင်ပြပါမယ်။ အမှတ်ကောင်းရနိုင်တဲ့ ဆေးတက္ကသိုလ်ဝင် ရုပ်၊ ဓာတု၊ ဇီဝ ဘာသာတွဲယူတဲ့ လူများလာပြီး တိုင်းပြု ပြည်ပြု သမိုင်းပထဝီနဲ့ အောင်တဲ့ (ဆယ်တန်းအောင်တဲ့) ကျောင်းသားရှားလာပါတယ်။ ဒါကြောင့် ဒီနေ့ ဆယ်တန်းအောင်၊ ဘွဲ့ရတွေအများစုက ပထဝီ၊ သမိုင်းမတတ်ကြပါဘူး။ သမိုင်း၊ ပထဝီမတတ်သူ၊ ဝါသနာမပါသူ၊ စိတ်မဝင်စားသူဟာ မူလတန်းဆရာဖြစ်ခွင့် လုံးဝမရှိသူ ဖြစ်ပါတယ်။ အဲဒီလို ဆယ်တန်းအောင်တွေကို ဆွဲခန့်လုပ်နေတာ မူလတန်းပညာရဲ့ အရေးပါပုံကို နားမလည်ကြောင်း ထင်ထင်ရှားရှား ပြသနေတာဖြစ်ပါတယ်။

*(ဆက်လက်တင်ပြပါမည်)*

# စုံညီခုံရုံးက အယူခံမှုအမှတ် (၂၈)အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း (အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အပေါ် ဦးသိန်းရီ(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) က လျှောက်ထားသည့် ရွေးကောက်ပွဲ ကန့်ကွက်လွှာကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၃)၏ ချမှတ်ခဲ့သည့် စီရင်ချက် (အမိန့်)အား ဦးသိန်းရီက ကျေနပ်မှုမရှိသဖြင့် အယူခံ တင်သွင်းခဲ့သည်။

ယင်းအယူခံမှုအား ဇန်နဝါရီ ၁၇ ရက် တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးမှ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဦးနေမျိုးထွန်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း၊ ဦးသိန်းရီ၏ ကန့်ကွက်လျှောက်ထားလွှာကို တရားစရိတ်နှင့်တကွပယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့(၃)၏ ဆုံးဖြတ်ချက်ကို ဆက်လက်အတည်ပြုလိုက်ပြီး အယူခံလျှောက်ထားသူ၏အယူခံမှုကို စရိတ်နှင့်တကွပယ်ကြောင်းနှင့်တရားစရိတ် ငွေကျပ်တစ်သိန်းကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအားပေးစေသည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံအဖွဲ့များမှ ဆုံးဖြတ်ချက် (အမိန့်)ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုပေါင်းမှာ ၄၄ မှုရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ ယနေ့အထိ ၄၃ မှုရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဥတုရာသီ တောကိုမှီ၏**

# ပြည်တွင်းရေးရာ

❒ကျောဖုံးမှ

ဘတ်စ်ကားစနစ်အတွက် ခြေလှမ်းအစပင်ဖြစ်သည်ဟု အသိပေးပြောကြားထားသည်။

"ဘတ်စ်ကားစနစ် အပြောင်းအလဲက လိုင်းအသစ်၊ လမ်းကြောင်းအသစ်၊ စီမံအုပ်ချုပ်မှုပုံစံအသစ်ကိုဆောင်ရွက်တာပါ။ ကားဟောင်းတွေ အားလုံးရပ်ပြီး ကားသစ်တွေနဲ့ အစားထိုးပြေးဆွဲတာ မဟုတ်ပါဘူး။ ဒါပေမယ့် ကားအသစ်တွေနဲ့ နောက်ပိုင်းမှာလည်း ကတ်စနစ်နဲ့ ငွေပေးတဲ့စနစ်ကို အဆင့်ဆင့်ပြောင်းလဲသွားမှာပါ။ လက်ရှိမှာ ကားဟောင်းပိုင်ရှင်တွေလည်း မနစ်နာရအောင်၊ ကြံ့ခိုင်မှုလည်း ကောင်းသေးတဲ့ ကားတွေကို ဆက်လက်ပြေးဆွဲခွင့်ပြုတာဖြစ်ပါတယ်။ လိုင်းတွေ ထပ်နေတာ၊ တူနေတာတွေကို စနစ်တကျနဲ့ လမ်းကြောင်းသတ်မှတ်ပြီး ပြေးဆွဲစေတာပါ။ စနစ်တစ်ခုအပြောင်းအလဲမှာ အခက်အခဲတွေ အများကြီးကြုံရမှာဖြစ်တဲ့အတွက် ဒါတွေကို အများပြည်သူနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားရမှာပါ။ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ စတင်ဖွဲ့စည်းကတည်းက အဓိကထားလုပ်ဆောင်မှာက ဘတ်စ်ကားစနစ်ပြုပြင်ပြောင်းလဲရေးပါ"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်မြို့တွင် ပြေးဆွဲနေသော ဘတ်စ်ကားအရေအတွက်သည် စာရင်းရှိ ၆၀၀၀ ကျော်ခန့်ဖြစ်သော်လည်း နေ့စဉ် ပုံမှန်ပြေးဆွဲနေသည့် ယာဉ်အစီးရေသည် ပျမ်းမျှအားဖြင့် ၄၀၀၀ ကျော်ခန့်သာရှိသည်ဟု သိရသည်။ နေ့စဉ်နှင့်အမျှ မြို့ပြတွင် လှုပ်ရှားသွားလာနေသည့် လူဦးရေမှာ မြို့နေလူဦးရေ၏ထက်ဝက်ခန့် ၂ ဒသမ ၅ သန်းကျော်ခန့်ဖြစ်ပြီး စာရင်းရှိ ဘတ်စ်ကားစီးရေနှင့်လုံလောက်မျှတစွာ သယ်ယူပို့ဆောင်ပေးနိုင်ခြင်းမှာ ယခင်ကတည်းက မရှိခဲ့ကြောင်း သိရသည်။ မြို့နေလူဦးရေ၏ ၈၅ ရာခိုင်နှုန်းကျော်မှာ ဘတ်စ်ကားများကိုသာ အားထားစီးနင်းနေရပြီး အခြားသော ပို့ဆောင်ရေးများကို စီးနင်းနေသူများ ရာခိုင်နှုန်းအားဖြင့် အင်မတန်နည်းပါးလျက်ရှိသည်။ ယင်းကြောင့် စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် ရွှေ့ပြောင်းအခြေချနေထိုင်သူများ၊ ထပ်မံတိုးပွားလာမည့် လူဦးရေနှင့်အညီ လုံလောက်မျှတသော သယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်ရန် မဖြစ်မနေ လုပ်ဆောင်ရတော့မည်ဖြစ်ပြီး မြို့ပတ်ရထားကဲ့သို့သော အခြားသယ်ယူပို့ဆောင်ရေးစနစ်များကိုလည်း အဆင့်မြှင့်တင်ရန် မဖြစ်မနေ လိုအပ်လာပြီဟု ပညာရှင်များက ဝေဖန်အကြံပြုထားကြသည်။ ယခင်က အဆင်ပြေသလို ဖြေရှင်းကာ ပြေးဆွဲခဲ့သည့် ယာဉ်လမ်းကြောင်းများ၊ တစ်ဦးတစ်ယောက်ချင်းပိုင် ယာဉ်များကို စုစည်းကွပ်ကဲအုပ်ချုပ်နေသည့် စီမံမှုပုံစံများ၊ လမ်းကြောင်းတူ လမ်းကြောင်းထပ်နေသည့် ယာဉ်လိုင်းများ၊ ပြိုင်မောင်းလုမောင်း၊ ဝင်ငွေအပြိုင်အဆိုင် ရှာဖွေနေသော ပုံစံမှ စနစ်တကျ လမ်းကြောင်းများသတ်မှတ်ကာ ပြည်သူကို ဝန်ဆောင်မှုပေးနိုင်မည့် ဘတ်စ်ကားစနစ်သစ်ကို ပြောင်းလဲနိုင်ရန် စတင်ဆောင်ရွက်လိုက်ခြင်းဖြစ်သည်ဟု သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ယင်းသို့ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သော ဘတ်စ်ကားစနစ်ဟောင်း တော်လှန်ရေး၊ စနစ်သစ် စတင်နိုင်ရေးတွင် အများပြည်သူ၏ ပူးပေါင်းပါဝင်မှုသည် အဓိကကျပြီး ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၏ ပါဝင်မှုသည်လည်း အရေးကြီးကြောင်း ကျွမ်းကျင်သူများက ဆိုသည်။

"စနစ်အဟောင်းကနေ စနစ်သစ်ပြောင်းတော့ အခက်အခဲတွေက အများကြီးပါပဲ။ အရင်ကလည်း ဒီလိုပဲ စနစ်တစ်ခုပြောင်းတိုင်း အခက်အခဲတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ရေရှည်ကောင်းအောင် မလုပ်နိုင်ဘဲ အဖျားရှူးသွားပြီး ဒုံရင်းဒုံရင်း ပြန်ဖြစ်သွားတယ်။ ဒီတစ်ကြိမ်ကတော့ ပြည်သူ့ဆန္ဒနဲ့ရွေးထားတဲ့ အစိုးရလည်းဖြစ်တယ်။ အပြောင်းအလဲကိုပြည်သူကလည်း ကြိုဆိုတယ်။ အရင်ဘတ်စ်ကားစနစ်ကို ပြည်သူက လုံးဝကို မလိုချင်တော့ဘူး။ မလိုလားတော့ဘူး။ ဒါကြောင့် မဖြစ်မနေ ပြောင်းကိုပြောင်းရတော့မယ်။ ရေရှည်ကောင်းတဲ့စနစ် ဖြစ်/မဖြစ်ကိုတော့ စောင့်ကြည့်ရမယ်။ အဓိကက ပြည်သူတွေရဲ့ ပါဝင်မှုပဲ။ တကယ် ဘတ်စ်ကားကို စီးနေသူတွေက အဆင်မပြေတာတွေကို ညည်းတွားကြပေမယ့် ဒီအပြောင်းအလဲကို လက်ခံတာ တွေ့ရတယ်။ ဒါအောင်မြင်နိုင်ပါတယ်။ ဘတ်စ်ကားပိုင်ရှင်တွေအနေနဲ့ကလည်း အရင်က ကားကို ဒီအတိုင်း ယာဉ်မောင်း၊ စပယ်ယာကို ပေးထားရတာ။ တစ်နေ့ ဘယ်လောက်နှုန်းအပ်ဆိုပြီး ပေးထားရပေမယ့် ယာဉ်မောင်း၊ စပယ်ယာကလည်း အုံနာကြေးကိုက်အောင်၊ နေ့တွက်ကိုက်အောင် ကားကိုခိုင်းမှာပဲ။ အပြိုင် လုမောင်း၊ ခရီးသည် လုရှာရမှာပဲ။ အခု စနစ်အပြောင်းအလဲမှာ စိတ်အေးချမ်းသာစွာနဲ့ မောင်းရပြီးတော့ ပုံမှန်ဝင်ငွေတစ်ခု ရနိုင်တယ်။ မရှုံးဘူးဆိုရင် ကုသိုလ်လည်းရ ဝမ်းလည်းဝနိုင်တဲ့အလုပ်တစ်ခုပါ"ဟု ရန်ကုန်မြို့ခံ ဦးစိန်လှိုင်က ပြောသည်။

ရန်ကုန်မြို့၏ မြို့ပြသယ်ယူပို့ဆောင်ရေးတွင် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် ဘတ်စ်ကားကို အားထားခဲ့ကြပြီး ခေတ်အဆက်ဆက် ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင် ပြောင်းလဲနိုင်ခဲ့ခြင်းမရှိခဲ့ဟု သိရသည်။ ဗန်ကောက်၊ စင်ကာပူ စသော မြို့ကြီးများတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲသွားခဲ့သော်လည်း ရန်ကုန်မြို့တွင်မူ ယနေ့ထက်တိုင် ပြောင်းလဲနိုင်ခြင်းမရှိသေးဘဲ ဘတ်စ်ကားများကိုသာ အားထားစီးနင်းနေရဆဲပင်ဖြစ်သည်။

"အဘတို့ ငယ်ငယ်တုန်းက ရန်ကုန်မှာ လိုင်းကားတွေက တံဆိပ်တွေနဲ့ပြေးဆွဲကြတာ။ ဥပမာ ရွက်လှေတံဆိပ်နဲ့ ဘတ်စ်ကားဆိုရင် ရန်ကုန်ဆိပ်ကမ်းကို ရောက်တယ်။ လေယာဉ်ပျံတံဆိပ်ဆိုရင် လေယာဉ်ကွင်းပေါ့။ မေးနေစရာမလိုဘူး။ တက်စီးသွားရုံပဲ။ နောက်တော့ နံပါတ်တွေနဲ့ဖြစ်သွားတယ်။ နံပါတ်တွေတိုးလာတာရှိသလို တချို့ပျောက်တဲ့နံပါတ်တွေ ပျောက်သွားတယ်။ နောက်တစ်ခါ ယောက်ျားသက်သက်၊ မိန်းမသက်သက် စီးရတဲ့ကားတွေ၊ နှစ်စီးတွဲ ယာဉ်တွေဆိုတာ ဖြစ်လာပြန်ရော၊ အဲဒါ ဆိုရှယ်လစ်ခေတ်ပေါ့။ နောက်တော့ အဲဒါတွေပျောက်သွားပြီး နဝတခေတ်ဦး ၁၉၉၀ ဝန်းကျင်မှာ ကိုရီးယားက ကားကြီးတွေ ရောက်လာပြီး မြို့ပတ်ယာဉ်ဆိုတာ ပေါ်လာတယ်။ အဲဒါလည်း ပျောက်သွားပြန်ပြီ။ ဒီဘက်ခေတ်ကလေးတွေ တော်တော်များများ မီကြမယ်ထင်တယ်။ အဲကွန်းဘတ်စ်ဆိုတာတွေ၊ အဲဒါလည်း ပိုက်ဆံတောင်းကောင်းအောင် လုပ်တာပဲထင်တယ်။ မအောင်မြင်ပြန်ဘူး။ နောက်တော့ အထူးကားတဲ့။ ဒါလည်း ထူးမခြားနားဘဲဖြစ်သွားတယ်။ ဆိုလိုချင်တာကတော့ လုပ်တော့လုပ်နေတာပဲ။ အနှောင်းမသေချာတော့ ဒုံရင်းက ဒုံရင်းပဲ ဖြစ်ခဲ့တာ"ဟု တရားလွှတ်တော် ရှေ့နေကြီး ဦးအေးချိုက ခေတ်အဆက်ဆက် ရန်ကုန်မြို့ပြ ဘတ်စ်ကား သယ်ယူပို့ဆောင်ရေးစနစ်၏ အဆင့်ဆင့် အပြောင်းအလဲများကို ပြောသည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးစကာလတွင် ရန်ကုန်မြို့နေ လူဦးရေသည် ခြောက်သိန်းခန့် ရှိလာသည်ဟု သိရပြီး နေ့စဉ်နှင့်အမျှ သွားလာမှုများအတွက် စစ်ကျန် ဘတ်စ်ကားများဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သည်ဟု သိရသည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်မြို့ပြလူဦးရေမှာ ၁ ဒသမ ၅ သန်းသို့ ရောက်ရှိလာပြီဟု သိရပြီး သာကေတ၊ သုဝဏ္ဏ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ စသည့် မြို့သစ်များ တိုးချဲ့ခဲ့ခြင်းနှင့်အတူ မြို့ပြသယ်ယူပို့ဆောင်ရေးနှင့် သွားလာရေးတို့တွင် လိုအပ်ချက်များ၊ အခက်အခဲများ ရှိလာခဲ့သည်ဟု သိရသည်။ ထိုကာလများတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ပုဂ္ဂလိက ယာဉ်ပိုင်ရှင်တွေကသာ ဦးစီးလုပ်ကိုင်ခဲ့ကြပြီး ယုန်၊ ကြံ့၊ ပုစွန်၊ ရွက်လှေ၊ လေယာဉ်ပျံ စသည့် အရုပ်တံဆိပ်များဖြင့် ခွဲခြားသတ်မှတ်ပြေးဆွဲခဲ့ရာမှတစ်ဆင့် နံပါတ်များကို ပြောင်းလဲသတ်မှတ်ခဲ့ကြပြန်ရာ ၁၉၆၂ ခုနှစ်တွင် ခရီးသည် သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်လိုင်းအမှတ် ၁ မှ ၁၆ အထိ၊ ယာဉ်အစီးရေ ၁၅၀၀ ခန့်ဖြင့် မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်။ ထိုကာလ သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စစ်ကျန် ဘတ်စ်ကားများဖြစ်သည့် ချက်ပလက်၊ ဖို့ဒ်၊ ဂျီအမ်စီ၊ ဒေါ့ဂ်ျ ယာဉ်များဖြစ်သည်ဟု သိရသည်။

ယင်းသို့ဖြင့် ၁၉၇၄ ခုနှစ်တွင် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ ခရီးသည်တင်ယာဉ်အစီး ၃၆၀၊ မထသ ခရီးသည်တင် ယာဉ်အစီး ၃၇၆ စီးတို့ဖြင့် ရန်ကုန်မြို့ ခရီးသည်ပို့ဆောင်ရေးကိုဆောင်ရွက်ခဲ့သည်။ ထိုကာလအထိ စစ်ကျန်ဘတ်စ်ကားများသာ အားထားနေရဆဲပင်ဖြစ်သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ် မြို့နယ်များ၊ ရွှေပေါက်ကံ၊ ပုလဲမြို့သစ်၊ ပတ္တမြားမြို့သစ်စသည့် မြို့သစ်များကို တိုးချဲ့တည်ဆောက်လာရာတွင် လူဦးရေသည်လည်း ပိုမို ထူထပ်များပြားလာရာ ယခင်က သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် လုံလောက်မှုမရှိတော့ဘဲ ယာဉ်လိုအပ်ချက်များရှိလာခဲ့သည်ဟု သိရပြီး စစ်ကျန်ဘတ်စ်များအပြင် ဘီအမ်ဟီးနိုးများ၊ ကေအမ်ဟီးနိုး (ရိန်းဂျား)များ၊ ကုန်တင်ယာဉ် အငယ်စားများဖြစ်သည့် ဒိုင်နာ၊ ဟိုင်းလပ် ယာဉ်များဖြင့်ပါ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်လာခဲ့ကြရသည်။ အများပြည်သူ ဝန်ဆောင်မှုပေးသည့် သယ်ယူပို့ဆောင်ရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိဘဲ လိုအပ်ချက်အပေါ် လိုအပ်သလို ရေတိုနည်းလမ်းဖြင့်သာ ဖြေရှင်းခဲ့ကြသောကြောင့် မြို့ပြသယ်ယူပို့ဆောင်ရေးသည် ဝန်ဆောင်မှုအသွင်ဖြစ်ပေါ်မလာဘဲ ဝင်ငွေရရှိရန် စီးပွားရှာဖွေသည့် နည်းလမ်းတစ်ခုဖြစ်လာခဲ့သည်ဟု မြို့ပြရေးရာကျွမ်းကျင်သူ သုတေသီများက ဝေဖန်သုံးသပ်ကြသည်။

"တစ်ချိန်က ရန်ကုန်လူဦးရေ နည်းသေးတာရယ်၊ ကားတွေ နည်းသေးတာရယ် အဆင်ပြေပေမယ့် ရန်ကုန်ကို ရွှေ့ပြောင်း အခြေချလာသူတွေ များလာတာရယ်၊ မြို့ပြဖွံ့ဖြိုးမှုနဲ့ မြို့ပြဧရိယာချဲ့ထွင်လာမှုတွေက သယ်ယူပို့ဆောင်ရေးမှာ လိုအပ်ချက်တွေ ရှိလာတယ်။ မြို့ပတ်ရထားဆိုတာကလည်း အင်္ဂလိပ်က စနစ်တကျဖော်ဆောင်ခဲ့ပေမယ့် နောက်ပိုင်း မြို့ပြချဲ့ထွင်လာမှုမှာကြတော့ မြို့ပြဧရိယာအနှံ့ လွှမ်းခြုံမရောက်ရှိဘူး။ မြို့ပတ်ရထားလမ်းကြောင်းတွေဟာ တချို့လူနေရပ်ကွက်တွေ၊ အိမ်တွေရဲ့ နောက်ဖေးလမ်းကြားတွေ၊ အမြင်မတော်တာတွေ ဖြစ်ကုန်ရော။ ဘတ်စ်ကားလိုင်းတွေကိုလည်း သက်ဆိုင်ရာက တာဝန်ယူဆောင်ရွက်ပေးတာမျိုးမဟုတ်ဘဲ တစ်ဦးတစ်ယောက်ချင်းပိုင် ယာဉ်ပိုင်ရှင်တွေကို စုစည်းပြီး ပြေးဆွဲလာတာဆိုတော့ ဝင်ငွေရတဲ့ လမ်းပိုင်းကို ပြေးဆွဲချင်တဲ့သူတွေနဲ့ လိုင်းတွေများ၊ ကားလမ်းကြောင်းတွေထပ်ပြီး လမ်းကြောင်းရှုပ်ထွေးလာတယ်။ အဲလိုကနေ

စာမျက်နှာ ၉ သို့»



ရန်ကုန် ဘတ်စ်ကားလိုင်းသစ်ပြောင်းလဲမှု ဒုတိယနေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ကားမှတ်တိုင်၌ ဘတ်စ်ကားစီးနင်းရန် စောင့်ဆိုင်းနေကြသည့် ခရီးသွားပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ - ခင်မောင်ဝင်း)




ရန်ကုန် ဘတ်စ်ကားလိုင်းသစ်ပြောင်းလဲမှု ဒုတိယနေ့ဖြစ်သည့် ဇန်နဝါရီ ၁၇ ရက်နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ဆိပ်ကမ်းသာကားမှတ်တိုင်၌ ဘတ်စ်ကားတစ်စီးပေါ်သို့ ခရီးသွားပြည်သူများ တိုးဝှေ့ စုပြုံတက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ - ဇော်မင်းလတ်)



ရန်ကုန် ဘတ်စ်ကားလိုင်းသစ်ပြောင်းလဲမှု ဒုတိယနေ့ဖြစ်သည့် ဇန်နဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့တော်ခန်းမအရှေ့ရှိ ဆူးလေကားမှတ်တိုင် လူကူးမျဉ်းကျားတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်မဖြစ်စေရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေကြစဉ်။ (ဓာတ်ပုံ - ဇော်မင်းလတ်)

# အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ပြောင်းလဲလိုက်သည့်အပေါ် ပြည်သူတို့ ကြုံတွေ့နေရသည့် အခက်အခဲများပြေလည်စေရန် လေ့လာဆန်းစစ်မှုများပြုလုပ်၍ အမြန်ဆုံးဆောင်ရွက်သွားမည်



ဘတ်စ်ကားစီးခရီးသည်များ အခက်အခဲမဖြစ်စေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အခမဲ့ကြို/ပို့ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးနေစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၇**
ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်သစ်ကို ပြောင်းလဲလိုက်သည့်အပေါ် ပြည်သူတို့ကြုံတွေ့နေရသည့် အခက်အခဲများ ပြေလည်စေရန် လေ့လာဆန်းစစ်မှုများပြုလုပ်၍ အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

"ဒီနေ့ လေ့လာဆန်းစစ်မှုတစ်ခု လုပ်လိုက်တဲ့အခြေအနေမှာ ကျွန်တော်တို့မှာရှိတဲ့ ကားအရေအတွက်နဲ့ ပြည်သူလူထု မညီမျှဘူးလို့မြင်တယ်။ ရှိတဲ့ကားအရေအတွက် သုံးထောင်ကျော်လုံး အကုန်ထွက်နေပါတယ်။ ဒါပေမယ့် ဒီလိုမျိုးခရီးသည်တွေ အစုလိုက်ဖြစ်နေတာက အရင်တုန်းကလည်း ရုံးတက်၊ ရုံးဆင်းချိန်မှာ ဆူးလေနဲ့ ပန်းဆိုးတန်းတို့မှာဖြစ်တယ်။ ဒါမျိုးဖြစ်လို့မရပါဘူး။ ဒါကို ပြေလည်ဖို့အတွက် ဖေဖော်ဝါရီလမှာ ကားအသစ်တွေ ရောက်လာဖို့ ကျွန်တော်တို့ ကြိုးစားသွားပါမယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို ပြောင်းလဲလိုက်သည့်အပေါ် ယနေ့မွန်းလွဲပိုင်းက ကွင်းဆင်းလေ့လာစဉ် မီဒီယာများအား ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ "အဆင့်ဆင့်စီးရတဲ့ ကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တို့သေသေချာချာ လေ့လာဆန်းစစ်မှုတွေ လုပ်နေပါတယ်။ ဆွေးနွေးပြီးဆုံးဖြတ်ချက်တစ်ခုပေးလိုက်ရင် လမ်းကြောင်းတစ်ခုထည့်လို့ရပါတယ်။ တစ်ချိန်တုန်းက လမ်းကြောင်းတွေထပ်ပြီး လမ်းကြောင်းတူ ယာဉ်လိုင်းတွေ အလုအယက် မောင်းနှင်တာမျိုးတွေဖြစ်ကြတယ်။ အဲဒီအခြေအနေမျိုးမဖြစ်အောင် သေချာလေ့လာဆန်းစစ်မှုတွေလုပ်သွားမယ်။ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုက ဒါပဲလုပ်ရမယ်ဆိုတာမျိုးမဟုတ်ပါဘူး။ ပြင်လွယ် ပြောင်းလွယ်တဲ့ ပြုပြင်ပြောင်းလဲရေးပဲဖြစ်ပါတယ်။ လူထုက ဖြစ်စေချင်တဲ့ အခြေအနေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ စနစ်တစ်ခုကိုပေါ်အောင် ပေါင်းစပ်ပေးမှာဖြစ်ပါတယ်" ဟု ပြောသည်။

ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေး စနစ်သစ်ကိုပြောင်းလဲလိုက်သည့်အပေါ် ပြည်သူတို့ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့၏ အခြေအနေများကို သိရှိနိုင်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး ကားမှတ်တိုင်၌ ခရီးသည်များနှင့်အတူ ဘတ်စ်ကားစီးနင်းပြီး ယာဉ်မောင်း၊ ယာဉ်အကူနှင့် ခရီးသည်တို့၏ လက်တွေ့ကြုံတွေ့နေရသည့် အခြေအနေကိုကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။

ဘတ်စ်ကားလိုင်း စနစ်ပြောင်းလဲပြေးဆွဲလိုက်သည့် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ပြည်သူတို့အနေဖြင့် ဘတ်စ်ကားလိုင်းပြေးဆွဲပေးမှု အစီးရေနှင့် စီးနင်းသူအရေအတွက်မမျှတခြင်း၊ ယာဉ်လိုင်းနံပါတ်များပြောင်းလဲသွားခြင်း၊ စတင်ပြေးဆွဲသည့်နေ့တွင် ယာဉ်အစီးရေနည်းပါးခြင်းတို့ကြောင့် ပြည်သူတချို့ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ယနေ့ကြုံတွေ့ရမှုအပေါ် သခင်မြပန်းခြံ မှတ်တိုင်တွင် ခရီးသွားပြည်သူများကို ကူညီပေးနေသည့် စေတနာ့ဝန်ထမ်း မမြင့်မြင့်ကြည်က "မနေ့က ကားအရေအတွက်ကလည်း နည်းတဲ့အပြင် ခရီးသည်တွေက ဘယ်ကားစီးရမှန်းမသိတဲ့အတွက် အခက်အခဲတွေရှိခဲ့တယ်။ ဒီနေ့ကတော့ ကားအရေအတွက်လည်း များလာတယ်။ ကျွန်မတို့ကိုယ်တိုင်ကလည်း လမ်းညွှန်ပေးတဲ့အခါမှာ ပိုပြီးတော့ ကူညီပေးလာနိုင်တယ်။ ဒီနေ့တော့ မနေ့ကထက်ပိုပြီး အဆင်ပြေလာတာကို တွေ့ရပါတယ်" ဟု ပြောသည်။

ခရီးသွားပြည်သူတို့အနေဖြင့် အခက်အခဲတချို့ ကြုံတွေ့မှုများကို မှတ်တိုင်များတွင် စေတနာ့ဝန်ထမ်းများက လမ်းညွှန်ကူညီမှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် ပရဟိတအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အခမဲ့ကြိုပို့ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ခရီးသည်တင်ယာဉ်များ၊ အခမဲ့ပို့ဆောင်ပေးသည့် ယာဉ်များပိုမိုများပြားလာသည့်အတွက် ခရီးသည်များ ကြုံတွေ့နေရသော အခက်အခဲများ လျော့နည်းလာကြောင်း သိရသည်။

"အခုလောလောဆယ်ကတော့ အပြောင်းအလဲရဲ့ အစပိုင်းဖြစ်နေတဲ့အတွက် ခရီးသည်တွေ အခက်အခဲဖြစ်နေလို့ ကျွန်တော်တို့အနေနဲ့ ကူညီပေးနေတာပါ။ မနေ့ကလည်း တစ်နေကုန် အခမဲ့ပို့ပေးခဲ့ပါတယ်။ မြို့ပြင်ကနေလာတဲ့ သူတွေအတွက် ယာဉ်လမ်းကြောင်းအရောက်နည်းတဲ့ မြို့ထဲကို အဓိကထားပြီးပို့ပေးနေပါတယ်။ မနေ့ကတော့ မှတ်တိုင်မှာ ခရီးသည်တွေစုပုံနေတာပိုများတယ်။ ဒီနေ့ကတော့ ပရဟိတ (အခမဲ့) ယာဉ်တွေလည်းပိုများလာသလို မှတ်တိုင်မှာ ခရီးသည်စုပုံနေတာမျိုးလည်း နည်းသွားပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ပြည်သူတွေ သွားလာမှု အဆင်ပြေတဲ့အထိ ဆွဲပေးသွားဖို့စီစဉ်ထားပါတယ်"ဟု ခရီးသည်များအား အခမဲ့လိုက်လံပို့ဆောင်ပေးနေသူ စေတနာရှင် ကိုသိန်းဇော်ဦးက ပြောသည်။

ယနေ့ ခရီးသွားလာမှု အဆင်ပြေလာမှုအပေါ် ခရီးသွားတစ်ဦးဖြစ်သူ မသူဇာကလည်း "မနေ့ကတော့ အခက်အခဲတွေ အများကြီးရှိခဲ့တယ်။ ဒီနေ့တော့ ကိုယ်စီးရမယ့် ယာဉ်လိုင်းနံပါတ်တွေကိုသိလာတော့ မနေ့ကလောက် အခက်အခဲမဖြစ်ပါဘူး။ ဒါတွေကလည်း နောက်ပိုင်းမှာ အဆင်ပြေသွားမှာပါ။ ကားစီးရတဲ့အခါမှာတော့ အရင်တုန်းကထက် လမ်းကြောပိုမြန်လာပါတယ်" ဟု သူ၏ကြုံတွေ့မှုကို ပြောသည်။



ဘတ်စ်ကားစီးခရီးသည်များ အခက်အခဲမဖြစ်စေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အခမဲ့ကြို/ပို့ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးနေစဉ်။

ဘတ်စ်ကားလိုင်းစနစ် ပြောင်းလဲပြေးဆွဲမှုအပေါ် ပြည်သူတို့ ကြုံတွေ့နေရသည့် အခက်အခဲများပြေလည်စေရန် ပရဟိတအဖွဲ့များ၊ စေတနာရှင်များက အခမဲ့ကြို/ပို့ယာဉ်များဖြင့် ပို့ဆောင်ပေးနေသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့်လည်း ယနေ့ညနေပိုင်းက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးလျက်ရှိရာ ပြည်သူများသွားလာမှု အခက်အခဲတချို့ ပြေလျော့လာကြောင်း သိရသည်။

"ကျွန်တော်တို့ အခုလုပ်ထားတဲ့ အခြေအနေက စနစ်လေးပဲပြောင်းနိုင်ပါသေးတယ်။ အဆင့်မြှင့်တင်ဖို့ လုပ်ပါမယ်။ အချိန်သိပ်မယူပါဘူး။ အမြန်ဆုံးဆောင်ရွက်နိုင်ဖို့အတွက် ဖေဖော်ဝါရီနဲ့ မတ်လလောက်မှာ တစ်ဆင့်တက်မယ်။ အဲဒီကနေ နောက်ထပ်သုံးလမှာ နောက်ထပ်တစ်ဆင့်တက်မယ်။ ဒီလိုမျိုးလုပ်သွားခြင်းအားဖြင့် အားလုံးပါဝင်လာနိုင်တဲ့ အပြောင်းအလဲမျိုးဖြစ်အောင် ကြိုးစားနေပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဆိုသည်။

ပြည်သူတို့ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူတို့ထံမှထွက်ပေါ်လာသည့် အသံများအပေါ် ဆန်းစစ်လေ့လာမှုများပြုလုပ်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားမည့်အပြင် အဆင့်မြှင့်တင်မှုများကိုလည်း အဆင့်အလိုက် ပြုလုပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

○

» စာမျက်နှာ ၈ မှ
ယနေ့ ပြုပြင်ဖို့ တော်တော်ခက်သွားတဲ့ မြို့ပြပို့ဆောင်ရေး အခြေအနေတွေ ဖြစ်လာတာပဲ။ ဒါတွေကို စနစ်တကျနဲ့ ရေရှည်စီမံကိန်းနဲ့ဆောင်ရွက်ဖို့ဆိုတာမှာ အများပြည်သူရဲ့ စည်းကမ်းတကျ ပူးပေါင်းပါဝင်မှုလည်း လိုအပ်တယ်"ဟု ရန်ကုန်မြို့ပြပို့ဆောင်ရေးဆိုင်ရာ သုတေသနစာတမ်းပြုစုခဲ့သူတစ်ဦးက သုံးသပ်သည်။

ရန်ကုန်မြို့ပြပို့ဆောင်ရေးတွင် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှစတင်၍ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတွင် အသုံးပြုပြီးသော တစ်ပတ်ရစ်စီးတီးဘတ်စ်များကို တင်သွင်းလာခဲ့ပြီး အသုံးပြုလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ နစ်ဆန်း၊ ဟီးနိုး၊ ဖူဆို၊ အီဆူဇူ၊ ဟွန်ဒိုင်း၊ ဒေဝူး စသည်ဖြင့် နှစ်အလိုက် ယာဉ်များကို တင်သွင်းခဲ့ကြသလို ဒိုင်နာ၊ ဟိုင်းလပ်၊ စစ်ကျန်ဘတ်စ်များကိုလည်း အားထားနေရဆဲပင်ဖြစ်သည်။ ယင်းနောက် စစ်ကျန်ဘတ်စ်၊ ဒိုင်နာ၊ ဟိုင်းလပ်ယာဉ်များကို မြို့ပြအင်္ဂါရပ်နှင့် မညီညွတ်တော့၊ ပြေးဆွဲရန် မသင့်တော့ဟုဆိုကာ ဂျပန်နိုင်ငံမှ တစ်ပတ်ရစ်ယာဉ်ကြီးများ၊ မီနီဘတ်စ်များနှင့် အစားထိုး ပြေးဆွဲစေခဲ့ပြန်သည်။ အဲကွန်းဘတ်စ်၊ အထူးကားဟူ၍ အမည်အမျိုးမျိုးတပ် ပြေးဆွဲခဲ့ကြသော်လည်း ယနေ့အချိန်အထိ ခရီးသည်လိုအပ်ချက်နှင့်အညီ ပြည့်မီအောင် ပြေးဆွဲပေးနိုင်ခြင်းမရှိသေးသလို၊ အများပြည်သူကို ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဘေးကင်းလုံခြုံမှုရှိသော သွားလာရေးစနစ်များ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးဟု မြို့ပြရေးရာကျွမ်းကျင်သူများက သုံးသပ်သည်။

ယင်းသို့ အဆင့်ဆင့်ကြုံတွေ့ခဲ့ရသည့် မြို့ပြပို့ဆောင်ရေးတွင် ပြုပြင်ရန်ခက်ခဲသော အခြေအနေမှ ယနေ့တွင် မ. ထ. သ အဖွဲ့အစည်းကို ဖျက်သိမ်းကာ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ကြီးကြပ်ကွပ်ကဲ၍ ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်ကို စတင်လိုက်ခြင်းဖြစ်သည်။ နှစ်ပေါင်းများစွာ အရိုးစွဲခဲ့သည့်စနစ်ဟောင်း တော်လှန်ရေးသည် အချိန်ကာလ မည်မျှကြာမြင့်မည်ကို မသိရှိသေးသော်လည်း ရန်ကုန်မြို့နေလူထုအနေဖြင့် ယခင်က ပြည်သူလူထုကို ဗဟိုမပြုသောစနစ်ကို မကြိုက်နှစ်သက်သောကြောင့် ယခုအပြောင်းအလဲကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်ဟု ဖြေကြားကြသည်။ ယင်းသို့ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် ကောင်းမွန်သောအပြောင်းအလဲများသို့ ဦးတည်ရာတွင် အဓိကကျသောကြောင့် အစိုးရအနေဖြင့် ယင်းကို အခွင့်ကောင်းယူကာ စနစ်တကျဆောင်ရွက်သွားနိုင်ရန်လိုအပ်ကြောင်း မြို့ပြရေးရာ ကျွမ်းကျင်သူများက ဇန်နဝါရီ ၁၆ ရက်တွင် ကြုံတွေ့ခဲ့ရသည့် ရန်ကုန်မြို့၏ ဘတ်စ်ကားစနစ်သစ် အပြောင်းအလဲနှင့် အတွေ့အကြုံများအပေါ် သုံးသပ်ပြောကြားလျက်ရှိသည်။ **(ဆုနှင်းလှဲ့)**



ဘတ်စ်ကားစီးခရီးသည်များ အခက်အခဲမဖြစ်စေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အခမဲ့ကြို/ပို့ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးနေစဉ်။




## ရန်ကုန်မြို့နေ ခရီးသွားပြည်သူများအတွက် ရှမ်းယူနိုက်တက်အသင်းပိုင်ယာဉ်ဖြင့် အခမဲ့ပြေးဆွဲပေး

**ရန်ကုန် ဇန်နဝါရီ ၁၇**
ရန်ကုန်မြို့နေ ပြည်သူများ သွားလာရလွယ်ကူစေရန်အတွက် မြန်မာနေရှင်နယ်ကလပ် ရှမ်းယူနိုက်တက်အသင်းသည် အသင်းပိုင်ယာဉ်ဖြင့် ယနေ့နံနက်ပိုင်းက အခမဲ့ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။ ရှမ်းယူနိုက်တက် အသင်းသည် လက်ထောက်နည်းပြ ဦးဟန်ဝင်းအောင် လိုက်ပါလျက် စံပြဈေးမှ သမိုင်းလမ်းဆုံ (ယခင်ပါရမီ ၁၇၄ လမ်းကြောင်းအတိုင်း) ယင်းမှတစ်ဆင့် ကမ္ဘာအေးဘုရားလမ်းအတိုင်းသွားကာ ဆူးလေဘုရားအထိ ပြေးဆွဲပေးခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရက်ပိုင်းအတွင်း ခရီးသွားပြည်သူများအတွက် ထပ်မံပြေးဆွဲပေးရန် စီစဉ်လျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ဘောလုံးအသင်း တည်ထောင်ကာ MNL ပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသလို ရန်ကုန်မြို့နေပြည်သူများ သွားလာရေး အဆင်ပြေစေရန် တစ်ဖက်တစ်လမ်းမှ အခမဲ့ပြေးဆွဲကာ ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။

**သတင်း-ဖိုးသော်ဇင် ဓာတ်ပုံ - ရှမ်းယူနိုက်တက်**

## ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများနှင့် တံတားများပေါ်တွင် တန်ပိုတင်ဆောင်ဖြတ်သန်းခွင့်မပြု

**နေပြည်တော် ဇန်နဝါရီ ၁၇**
ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းမများနှင့် တံတားများပေါ်တွင် ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်၍ ဖြတ်သန်းခွင့်မပြုကြောင်းနှင့် လက်ရှိခွင့်ပြုပေးလျက်ရှိသော ယာဉ်အမျိုးအစားအလိုက် (ယာဉ်+ကုန်) တန်ချိန်အတိုင်းသာ ခွင့်ပြုမည်ဖြစ်သည်။

ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်ဖြတ်သန်းမှုအား မတ် ၃၁ ရက်အထိ ပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရန် အသိပေးခြင်း၊ ပညာပေးကာလအဖြစ် သတ်မှတ်ခြင်း ဆောင်ရွက်မည်ဖြစ်ပြီး ဧပြီ ၁ ရက်မှ စတင်ကာ "ခွဲခြား၍သော်လည်းကောင်း၊ ဖြတ်တောက်၍သော်လည်းကောင်း မရသောပစ္စည်းများ (ဥပမာ - စက်ပစ္စည်းများ၊ Transformer ကြီးများ) မှအပ" အခြားကုန်တင်ယာဉ်များ သည် လမ်းဦးစီးဌာနပိုင် လမ်း/တံတားများပေါ်တွင် တန်ပိုတင်ဆောင် ဖြတ်သန်းခွင့်မပြုရေး B.O.T / လေလံလမ်း/တံတားဂိတ်များမှ တန်ပိုယာဉ်တားဆီးရေး ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ တန်ပိုယာဉ်တားဆီးရေး ဆောင်ရွက်ရာတွင် တန်ပိုတင်ဆောင်လာသော ယာဉ်များကို လမ်းမကြီးများဥပဒေ အခန်း (၅) ပြစ်မှုနှင့် ပြစ်ဒဏ် ပုဒ်မ (၈)၊ ပုဒ်မခွဲ (ခ) အရ ထိရောက်စွာအရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ပြည်တွင်းသုံးငွေဖြင့် ဗီဇာခရက်ဒစ်ကတ်သုံး၍ ငွေပေးချေနိုင်




**ရန်ကုန် ဇန်နဝါရီ ၁၇**
မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သုံးစွဲသူများ အဆင်ပြေလုံခြုံစွာ ငွေပေးချေမှုများပြုလုပ်နိုင်ရန်အတွက် ငွေပေးချေမှု နည်းပညာများ တိုးတက်လာရန် မကြာသေးမီက Visa Card ကဲ့သို့သော နိုင်ငံတကာကတ်များကို ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် အသုံးပြုခွင့်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားကြောင်း သိရသည်။

CB Bank သည် Visa နှင့် ပူးပေါင်းကာ Gold Visa Credit Card နှင့် Platinum Visa Credit Card များကို မြန်မာနိုင်ငံသားများအတွက် ပထမဦးဆုံး စတင်ထုတ်ဝေလိုက်သည်။ ၎င်းကတ်များကိုပြည်တွင်းတွင် အသုံးပြုနိုင်သကဲ့သို့ နိုင်ငံရပ်ခြားတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ စာရင်းရှင်းလင်းမှုကိုလည်း မြန်မာကျပ်ငွေဖြင့် ပြုလုပ်သွားနိုင်မည်ဖြစ်သည်။

CB Bank မှ Visa Credit Card ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ ဒုတိယအမှုဆောင်ဥက္ကဋ္ဌနှင့် CEO ဦးကျော်လင်းက "မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Visa Card လို နိုင်ငံတကာကတ်တွေကို မြန်မာကျပ်ငွေနဲ့ အသုံးပြုနိုင်အောင် ထုတ်ဝေခွင့်ပြုလိုက်ခြင်းဟာ ငွေသားမဲ့ အသုံးပြုခြင်းစနစ်ကို ဖော်ဆောင်နိုင်ဖို့အတွက် ကြီးမားတဲ့ အထောက်အပံ့တစ်ခုဖြစ်ပါတယ်။ အခုအချိန်မှာ CB Bank ဟာ Visa Prepaid Card ပေါင်း ၂၅၀၀၀ ခန့်ကို ထုတ်ဝေထားပြီးဖြစ်ပါတယ်။ Visa Prepaid Card နဲ့ ငွေပေးချေမှုများ တစ်စထက်တစ်စ ပမာဏများပြားလာပြီး လစဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာငါးသန်းခန့် တိုးတက်လာတာကို တွေ့ရပါတယ်"ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်မှ ဘဏ်လုပ်ငန်းကဏ္ဍကို တိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည့်အချိန်မှစ၍ CB Bank သည် ငွေပေးချေမှုစနစ်နှင့် ကတ်အသုံးပြုခြင်းစနစ်တို့တွင် ဦးဆောင်ခဲ့သည်။ ATM စက်ဖြင့် ငွေသားထုတ်ပေးခြင်းကို မြန်မာပြည်တွင် ပထမဦးဆုံး ပြုလုပ်ပေးနိုင်ခဲ့သည်။ **(ကြေးမုံ)**



## ကွမ်းလုံမြို့နယ်အတွင်း ကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကွမ်းလုံနှင့် နားတီးကြား၌ လမ်းလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းက ကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ယနေ့မွန်းလွဲပိုင်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကွမ်းလုံနှင့် နားတီးအကြား၌ လမ်းလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းသည် ယနေ့ မွန်းလွဲ ၃ နာရီခွဲခန့်တွင် မသင်္ကာဖွယ် Harrier အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံရှင်းလင်းခဲ့ရာ မိုင်တိုင်အမှတ် (၁၇) နေရာ၌ ယာဉ်မောင်းမှာ မော်တော်ယာဉ်ကိုရပ်တန့်ပြီး ထွက်ပြေးသွားသဖြင့် ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်မှ အိုက်စ် တစ်ထုပ်လျှင် တစ်ကီလိုဂရမ်ပါ ၁၈ ထုပ်နှင့် တစ်ထုပ်လျှင် ဒသမ ၇ ကီလိုဂရမ်ခန့်ပါ တစ်ထုပ် စုစုပေါင်း ၁၉ ထုပ်၊ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း၃၇၀၀ကျော်ကို သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိယာဉ်နှင့် မူးယစ် ဆေးဝါးများကို ကွမ်းလုံမြို့နယ် ရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီး တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်(ရွှေဈေး) ၈၆၈၀၀၀ - ၈၆၈၀၀၀၊ မန္တလေး(ရွှေဈေး) ၈၆၈၀၀၀ - ၈၆၈၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**၉-၁-၂၀၁၇ ရက်နေ့မှ ၁၃-၁-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၈၅ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၇၂ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၃၂. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅. ၆၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၈. ၁၁၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂. ၂၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၂၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၈၃. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃. ၈၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၈. ၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၄. ၃၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## ကျေးရွာချင်းဆက်လမ်း၊ တံတားများ ဆောင်ရွက်

**ဗန်းမော် ဇန်နဝါရီ ၁၇**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးသောင်းညွှန့်နှင့် တာဝန်ရှိဝန်ထမ်းများသည် ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းတွင် ရွှေကူမြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော ရွှေကူ-စီမော်-မိုးကင့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားအမှတ် (၁)၊(၂)၊(၃)၊(၄)၊ ရွှေကူ-ငါးဘတ်ကြီးလမ်းပေါ်ရှိ အုတ်ခုံခံသစ်သားတံတားတစ်စင်း၊ ရွှေကူ-ငါးဘတ်ကြီး ကျေးရွာလမ်းပေါ်ရှိ ကတ္တရာခင်းလုပ်ငန်း လေးမိုင်နှင့် မင်းကျောင်းကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းမြင့်(ဗန်းမော်)**

# (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ အကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးကောင်စီဝင် ဦးသိန်းဝင်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဝင် ဦးကျော်စိန်တို့က ဆောင်ရွက်သည်။

ယင်းနောက် ညီလာခံကိုယ်စားလှယ်များသည် အုပ်စုငါးစုခွဲကာ ညီလာခံတွင်တင်သွင်းမည့် အဆိုပြုချက်များကိုလည်းကောင်း၊ အဆိုပြုချက် တစ်ခုချင်းစီအတွက် ရှေ့လုပ်ငန်းစဉ်များ (Action Plans) ပေါ်ထွက်လာစေရန်လည်းကောင်း အုပ်စုများအလိုက် ဆွေးနွေးကြကာ ရှေ့လုပ်ငန်းစဉ်များ (Action Plans) တစ်ခုချင်းစီအတွက် တင်ပြမည့် ပုဂ္ဂိုလ်များရွေးချယ်ခဲ့ကြပြီး ဆွေးနွေးတင်ပြမှုများအပေါ် ညွှန်ကြားရေးမှူးချုပ်က လိုအပ်ချက်များကို ဖြည့်စွက်ပြောကြားခဲ့သည်။

(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဇန်နဝါရီ ၁၈ ရက်တွင် လည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၉ ရက်တွင်လည်းကောင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) တွင် ကျင်းပမည်ဖြစ်သည်။ ညီလာခံတွင် ပြည်သူလူထုအကျိုးပြု အဆိုပြုချက် ငါးခုကို တင်ပြဆွေးနွေးကြမည်ဖြစ်ကာ နှီးနှောဖလှယ်ပွဲတွင် အဆိုပြုချက် ငါးခု၏ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုကြမည်ဖြစ်ပြီး တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းနှင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် စာတမ်း၊ တိုင်းရင်းဆေးဆိုင်ရာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် Nagoya Protocol သဘောတူညီချက် စာတမ်းများကို စာတမ်းရှင်များက တင်ပြဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




❐

# တိုင်းရင်းဆေးလောကသားတွေအားလုံး ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိစေမယ့် ကိစ္စရပ်တွေကို ဝိုင်းဝန်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) တွင် ကျင်းပမည်ဖြစ်ရာ ယနေ့ပြုလုပ်သော အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ အမြင်များကို တင်ပြလိုက်ပါသည်။



ဒေါက်တာ ရီရီမြင့်

ရှေးဦးစွာ အကြိုညှိနှိုင်းဆွေးနွေးပွဲ သဘာပတိတိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က "တိုင်းရင်းဆေးညီလာခံကြီးဟာ နိုင်ငံတော်အဆင့် ညီလာခံကြီးဖြစ်သလို ဒီညီလာခံမှာတင်သွင်းတဲ့ အဆိုပြုချက်တွေ၊ ထောက်ခံချက်တွေဟာ တိုင်းရင်းဆေးလောကသားတွေ သာမက ပြည်သူတစ်ရပ်လုံးအတွက် အကျိုးရှိတဲ့ အဆိုပြုချက်တွေ၊ ထောက်ခံချက်တွေဖြစ်သင့်ပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးလောကသားတွေအားလုံး ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိစေမယ့် ကိစ္စရပ်တွေကို နိုင်ငံကြီးသားပီသစွာနဲ့ သိက္ခာရှိရှိ စည်းကမ်းတကျ ဝိုင်းဝန်းဆွေးနွေးဖော်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်"ဟု အမှာစကားတွင် ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါက်တာ ဦးဖြေက "သမားစဉ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်ခဲ့တဲ့ မြန်မာ့တိုင်းရင်းဆေးပညာကို အတွေ့အကြုံအခြေပြုဆေးပညာလို့ သုံးနှုန်းခဲ့ကြပါတယ်။ ဒီဆေးပညာကို သိပ္ပံနည်းကျ သုတေသနပြုမှတ်တမ်းတင်ပြီး ပိုမိုစနစ်ကျကောင်းမွန်တဲ့ဆေးပညာရပ်ဖြစ်ဖို့ ခုလိုညီလာခံတွေ ကျင်းပပြီး ညှိနှိုင်းဆွေးနွေးကြတာ ဖြစ်ပါတယ်။ တိုင်းရင်းဆေးတွေဟာ ပင်ကိုယ်သဘာဝ အစွမ်းအာနိသင်ရှိပြီး ဘေးထွက်ဆိုးကျိုးနည်းပါးမှုကြောင့် ကမ္ဘာ့နိုင်ငံအများစုဟာ တိုင်းရင်းဆေးဝါးတွေကို ပိုမိုသုတေသနပြုထုတ်လုပ်လာနေတာကို တွေ့ရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဖွဲ့ရတနာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဒေါ်ရင်ရင်တင့်က "ကမ္ဘာ့လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းကျော်ဟာ ပရဆေးပင်တွေက ထုတ်လုပ်တဲ့ ဆေးဝါးတွေကို ပိုမိုသုံးစွဲလာကြပါတယ်။ မြန်မာ့တိုင်းရင်းဆေးကိုလည်း ဘေးအန္တရာယ်ကင်းရှင်းမှု၊ အစွမ်းအာနိသင်ထက်မြက်မှု၊ အရည်အသွေး စစ်မှန်မှုစတဲ့ အာမခံချက်တွေနဲ့အညီ စံချိန်စံညွှန်းမီဆေးဝါးများ ထုတ်လုပ်နိုင်အောင် ဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်တွေအားလုံး ကြိုးပမ်းဆောင်ရွက်စေချင်ပါတယ်"ဟု ပြောသည်။

ကံသာဆေးတိုက်မှ ဒေါ်ဖြူဖြူအောင်ကလည်း "နှစ်စဉ်ညီလာခံတွေကို တက်ရောက်ရတဲ့အတွက် ကျွန်မတို့ရဲ့ ဆေးဝါးထုတ်လုပ်မှုအပိုင်းမှာ အများကြီးအထောက်အကူဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာရှင်တွေ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေ၊ ကောင်းမွန်တဲ့ ဆေးဝါးထုတ်လုပ်မှုကျင့်စဉ် (GMP) စနစ်နဲ့အညီထုတ်လုပ်ပြီး အာဆီယံဈေးကွက်မှာ ယှဉ်ပြိုင်ရောင်းချနိုင်အောင်ထိ ကြိုးစားနေပါတယ်"ဟု ပြောကြားသည်။

အဘထ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဒေါ်မေဖြူနိုင်အောင်ဟိန်းက "ကျွန်မတို့ တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေအနေနဲ့ အာဆီယံနိုင်ငံတွေနဲ့ တန်းတူယှဉ်ပြိုင်နိုင်အောင် GMP Guide Line နဲ့အညီ ထုတ်လုပ်နိုင်ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။ နှစ်စဉ် ညီလာခံတွေမှာတင်သွင်းတဲ့ အဆို၊ အထောက်တွေဟာ တိုင်းရင်းဆေးဆရာတွေရော ကျွန်မတို့ထုတ်လုပ်သူတွေအတွက်ပါ အကျိုးရှိပါတယ်"ဟု ပြောကြားသည်။

စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်လင်းက "တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်မပျက် တက်ရောက်ခဲ့ပါတယ်။ အစုအဖွဲ့ ဆွေးနွေးပွဲတွေမှာလည်း ပါဝင်ဆွေးနွေးပါတယ်။ မြန်မာ့တိုင်းရင်းဆေးကို စစ်မှန်တဲ့ ပရဆေးကုန်ကြမ်းပစ္စည်းတွေနဲ့ ကောင်းမွန်တဲ့ ဆေးဝါးထုတ်လုပ်မှုကျင့်စဉ်တွေအတိုင်း ထုတ်လုပ်မယ်ဆိုရင် ဆေးဝါးတွေဟာ အစွမ်းထက်ဆေးတွေဖြစ်နေမှာပါ"ဟု ပြောသည်။

တောင်ကြီး(အေးသာယာ)ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ် ဦးဘိုမြင့်က "တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာအုပ်၊ စာပေတွေ၊ ကြော်ငြာတွေကို ကျင့်ဝတ်နဲ့အညီ ရေးသားကြော်ငြာဖို့ လိုအပ်ပါတယ်။ တချို့ကြော်ငြာတွေဆို ဒိဋ္ဌပျောက်မယ်၊ သုံးနာရီအတွင်း ပျောက်မယ်၊ တစ်ရက်အတွင်း ပျောက်မယ်၊ ဘာစွမ်းတယ်စတဲ့ ကြော်ငြာတွေကို စိစစ်ကြပ်မတ်ပေးဖို့ လိုပါတယ်။ ဒါကြောင့် မနက်ဖြန်ညီလာခံမှာ တင်သွင်းမယ့် 'ကျင့်ဝတ်နှင့်ညီ၍ တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာအရ မှန်ကန်မှုရှိသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာအုပ်၊ စာပေများ၊ ကြော်ငြာများ ထွက်ပေါ်လာရေး ဝိုင်းဝန်းဆောင်ရွက်ရန်' ဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။



ဦးဖြေ

ဆန္ဒမွန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်ဝင်းက "ဘိုးဘွားအမွေဖြစ်တဲ့ ရိုးရာတိုင်းရင်းဆေးပညာဟာ အမျိုးသားရေးဂုဏ်ဒြပ်ဖြစ်တဲ့အပြင် နိုင်ငံတကာမှာလည်း ရှေ့တန်းကိုရောက်လာတဲ့ သဘောရှိတယ်။ အခုဆိုရင် အာဆီယံစီးပွားရေးအသိုက်အဝန်းမှာ တိုင်းရင်းဆေးကဏ္ဍဟာ ဈေးကွက်သဘောအရ လွတ်လပ်စွာ စီးဝင်လာမှာဖြစ်တဲ့အတွက် ဆေးဝါးထုတ်လုပ်သူတွေဘက်က သုတေသနလုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်ဖို့နဲ့ GMP နည်းစဉ်အတိုင်း ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်"ဟု ထုတ်လုပ်သူတွေအပိုင်းက ဆောင်ရွက်ရမည့်အခြေအနေကို ပြောပြသည်။

ပဲခူးတိုင်းဒေသကြီးရွှေတောင်မြို့မှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးသီဟမင်းသိန်းက ၎င်းတင်သွင်းမည့် "တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းနယ်ပယ်များ သတ်မှတ်ဆောင်ရွက်ရန်" အဆိုနှင့်ပတ်သက်၍ "ဆေးပညာလောကမှာ သုတေသနလုပ်ငန်းဟာ အသက်ဖြစ်ပါတယ်။ တိုင်းရင်းဆေးမှာဆိုလည်း ဘယ်ဆေးကို ဘယ်လောက်သုံးရင် ဘယ်အတိုင်းအတာထိ သက်သာပျောက်ကင်းလဲဆိုတဲ့ တိကျတဲ့ အထောက်အထားတွေ လိုအပ်နေပါတယ်။ ဒါတွေကိုသုတေသနပြုလုပ်ရမှာဖြစ်ပါတယ်"ဟု ပြောကြားသွားသည်။ **(ကြေးမုံသတင်းအဖွဲ့)**



ဒေါ်ရင်ရင်တင့်



ဒေါ်ဖြူဖြူအောင်



ဒေါ်မေဖြူနိုင်အောင်ဟိန်း



ဦးကြည်လင်း



ဦးကြည်ဝင်း



ဦးသီဟမင်းသိန်း

ရာသီဥတုပြောင်းလဲမှု လျော့ကျရေး၊ အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်ပေး။

## နှစ်သစ်မှာ တေးသီချင်းသစ်တွေကို ဖန်တီးနေတဲ့ လေဒီဂါဂါ



အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ လေဒီဂါဂါဟာ ၂၀၁၇ ခုနှစ်အတွက် တေးအယ်လ်ဘမ်သစ်တစ်ခုကို ထုတ်လုပ်သွားနိုင်ဖို့ လတ်တလောမှာ တေးသီချင်းသစ်တွေကို ဖန်တီးလျက်ရှိကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၄ ရက်က တေးထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ဘရိုင်ယန်ကနေဒီက သူနဲ့လေဒီဂါဂါတို့ပါဝင်တဲ့ အသံသွင်းခန်းမတစ်ခုအတွင်း ရိုက်ကူးထားတဲ့ဓာတ်ပုံကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ပြီး နှစ်သစ်မှာ ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ပထမဆုံးသောအလုပ်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာကြောင့် လေဒီဂါဂါအနေနဲ့ လတ်တလောမှာ တေးသီချင်းသစ်တွေကို အသံသွင်းနေတာဖြစ်နိုင်ကြောင်း သိရပါတယ်။

အခြားသောနာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ရီဟားနား၊ ကယ်လီကလာ့ခ်ဆန်တို့အတွက် တေးသီချင်းတွေကို ဖန်တီးထုတ်လုပ်ပေးခဲ့တဲ့ ဘရိုင်ယန်ကနေဒီဟာ အာရန်ဘီတေးသီချင်းတွေကို ဖန်တီးရတာနှစ်သက်တဲ့အတွက် ယခုတစ်ကြိမ် ထုတ်လုပ်သွားမယ့် လေဒီဂါဂါရဲ့ တေးအယ်လ်ဘမ်ဟာ အာရန်ဘီတေးသီချင်းတွေများ လွှမ်းမိုးလေမလားလို့ ထင်ရပါတယ်။ ဒါပေမယ့် ဘရိုင်ယန်ကနေဒီဖော်ပြခဲ့တဲ့ လေဒီဂါဂါနဲ့ဓာတ်ပုံမှာ အခြားသောနာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဒေးဗစ်စန်းလည်း ပါဝင်နေတာကြောင့် ကန်းထရီးအဆိုတော်တစ်ဦးဖြစ်တဲ့ ဒေးဗစ်စန်းနဲ့ လေဒီဂါဂါတို့ပူးပေါင်းမှုဟာ နောင်ထွက်မယ့် တေးအယ်လ်ဘမ်ကို ကန်းထရီးတေးအယ်လ်ဘမ်တစ်ခုများ ဖြစ်လာစေမလားလို့ အထင်ရောက်စေပါတယ်။ ဒါ့အပြင် လေဒီဂါဂါရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် “Joanne”မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Million Reasons”ဟာလည်း ကန်းထရီးတေးသီချင်းတစ်ပုဒ်ဖြစ်တာကြောင့် လေဒီဂါဂါတစ်ယောက် ကန်းထရီးတေးဂီတဘက်ကိုများ ကူးပြောင်းတော့မှာလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

အေးမြင့်-စုစည်းသည်

## နေအိမ်ကို နယ်မြေအမှတ်အသားတစ်ခုအဖြစ် ကြေညာချင်တဲ့ တေလာဆွစ်



ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်က သူပိုင်ဆိုင်တဲ့ ဗီဗာလီဟေးစ်မှာရှိတဲ့အိမ်ကြီးကို အဆိုပါအရပ်ရဲ့ နယ်မြေအမှတ်အသားတစ်ခုအဖြစ် ကြေညာခွင့် ရလိုကြောင်းနဲ့ လတ်တလောမှာ ယင်းအိမ်ကို အကြီးစားပြင်ဆင်မှုတွေလုပ်နေကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သူ့ရဲ့နေအိမ်ကို ယခုလိုနယ်မြေအမှတ်အသားတစ်ခုအဖြစ် ကြေညာခြင်းခံရဖို့ လတ်တလောမှာ တေလာဆွစ်ဟာ ဗီဗာလီဟေးစ် ယဉ်ကျေးမှုအမွေအနှစ်ကော်မရှင်ရဲ့ အတည်ပြုချက်တစ်ခုကိုလည်း ရရှိခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။

ယခင်က ဟောလိဝုဒ်ရဲ့ ထင်ရှားတဲ့ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ဆန်မြူရယ်လ်ဂိုးဒ်ဝင်းနဲ့ သူ့ရဲ့မိသားစုတွေ နေထိုင်ခဲ့တဲ့နေအိမ်ကြီးကို အမေရိကန်ဒေါ်လာ ၂၅ သန်းနဲ့ တေလာဆွစ်က ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ၁၉၃၄ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ အဆိုပါအိမ်ကြီးဟာ အိပ်ခန်း ခြောက်ခန်းနဲ့ ရေချိုးခန်း ငါးခန်းပါဝင်တဲ့ နေအိမ်ကြီးဖြစ်ပြီး ယင်းအိမ်ကြီးရဲ့ ခြံဝန်းဟာလည်း ၁၀၉၈၂ စတုရန်းပေ ကျယ်ဝန်းပါတယ်။ ယင်းအိမ်ကြီးကို တေလာဆွစ်က လတ်တလောမှာ အကြီးစားပြင်ဆင်မှုတွေ ပြုလုပ်လျက်ရှိပြီး အဆိုပါဗီဗာလီဟေးစ်ဒေသရဲ့ အထင်ကရနယ်မြေအမှတ်အသားတစ်ခုအဖြစ် ဖန်တီးလိုတာဖြစ်ပါတယ်။

အဆိုပါအိမ်ကြီးကို နယ်မြေအမှတ်အသားအဖြစ် ကြေညာပေးဖို့ ပြီးခဲ့တဲ့ဇန်နဝါရီ ၁၁ ရက်မှာ ဗီဗာလီဟေးစ် ယဉ်ကျေးမှုအမွေအနှစ်ကော်မရှင်မှ အဖွဲ့ဝင် ငါးဦးက ထောက်ခံမဲပေးခဲ့ကြပြီး အဆိုပါကိစ္စရပ်ကို မြို့တော်ကောင်စီမှာ ဆွေးနွေးကာ အဆုံးအဖြတ်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



## ကိုယ်ပိုင်အတောင်ပံတွေ ရရှိသွားပြီဖြစ်တဲ့ ဘယ်လာဟာဒ်ဒီ

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ကျင်းပခဲ့တဲ့ ဗစ်တိုးရီးယားစီးကရက်ထ်ဖက်ရှင်ပြပွဲမှာ နတ်သမီးတောင်ပံလို့ခေါ်ဆိုကြတဲ့ အတောင်ပံတွေပါဝင်တဲ့ဝတ်စုံကို ဝတ်ဆင်ခွင့်ရခဲ့တဲ့ ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်သူ ဘယ်လာဟာဒ်ဒီဟာ လတ်တလောမှတော့ သူ့ရဲ့ကိုယ်ပိုင်တောင်ပံတွေကို ရလိုက်ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

အသက်(၂၀)အရွယ် မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဘယ်လာဟာဒ်ဒီဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာ နယူးယော့ခ်က တက်တူးပညာရှင် ဂျွန်ဘွိုင်းဆီမှာ အနက်ရောင်တောင်ပံတစ်စုံပုံကို သူ့ရဲ့ခြေကျင်းဝတ်ပေါ်မှာ တက်တူးထိုးခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဗစ်တိုးရီးယားစီးကရက်ထ်ဖက်ရှင်ပြပွဲမှာ အမဖြစ်သူနဲ့အတူ နတ်သမီးဝတ်စုံတွေဝတ်ဆင်ကာ လျှောက်လှမ်းခွင့်ရဖို့က ဘယ်လာရဲ့ ငယ်အိပ်မက်ဖြစ်ခဲ့ပြီး သူ့ရဲ့အိပ်မက်တွေ ပြည့်ဝခဲ့တဲ့အထိမ်းအမှတ်အဖြစ် ယခုလိုအမှတ်တရ တက်တူးထိုးခဲ့ပုံရပါတယ်။ ဒါ့အပြင် အဆိုပါတက်တူးရဲ့ အခြားသော အဓိပ္ပာယ်တစ်ခုက မကြာသေးမီက ချစ်သူသစ်ရသွားခဲ့တဲ့ ချစ်သူဟောင်း သယ်ဝိခ်ကန်းဒ်ကို ရည်ရွယ်ကာထိုးခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။ ချစ်သူဟောင်းက စွန့်ခွာကာ အခြားသူတစ်ဦးဆီကို လျှင်လျှင်မြန်မြန် ပျံသန်းထွက်ခွာသွားတာကို ရည်ရွယ်ရေးထိုးခြင်းဖြစ်တယ်လို့လည်း ဝေဖန်ခဲ့ကြပါတယ်။ ဒါပေမယ့် ဘယ်လာကိုယ်တိုင်ကတော့ သူ့ရဲ့ တက်တူးအသစ်စက်စက်လေးနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ ဖွင့်ဟခဲ့ခြင်းတော့မရှိပါဘူး။

တစ်နှစ်ကျော်ကြာ လက်တွဲလာခဲ့တဲ့ ချစ်သူဟောင်းက လမ်းခွဲပြီး နှစ်လခန့်အကြာမှာ သူငယ်ချင်းတစ်ဦးနဲ့ ချစ်သူတွေဖြစ်သွားခဲ့တဲ့အပေါ် ဘယ်လာအနေနဲ့ ထိခိုက်ခံစားခဲ့ရပါတယ်။ ဘယ်လာရဲ့ချစ်သူဟောင်း သယ်ဝိခ်ကန်းဒ်ဟာ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆယ်လီနာနဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်ပြီးတဲ့နောက်မှာ ဘယ်လာဟာဒ်ဒီက သူ့ရဲ့ခံစားမှုကို ဖော်ပြတဲ့အနေနဲ့ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာရှိတဲ့ ဆယ်လီနာရဲ့ အင်စတာဂရမ်စာမျက်နှာကို ဖျက်သိမ်းပစ်ခဲ့ကြောင်းလည်း သိရပါတယ်။



## ချစ်သူမရှိသေးဘူးလို့ဆိုလာတဲ့ လီဆန်းယွန်း

တောင်ကိုရီးယားမော်ဒယ်လ်တစ်ဦးအဖြစ် ကျော်ကြားရုံသာမက အောင်မြင်တဲ့ မင်းသမီးချောတစ်ဦးဖြစ်တဲ့ လီဆန်းယွန်းဟာ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး ဖွင့်ဟခဲ့ကာ လတ်တလောမှာတော့ လက်တွဲနေတဲ့ ချစ်သူမရှိသေးဘူးလို့ဆိုခဲ့ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါအင်တာဗျူးမှာ လတ်တလောမှာ အသက်(၂၆)နှစ်ရှိနေပြီဖြစ်တဲ့ လီဆန်းယွန်းက သူ့အနေနဲ့ ကိုယ့်ရဲ့ခံစားချက်တွေကို ဝေမျှလိုတဲ့ လက်တွဲဖော်တစ်ဦးကို ယခုအချိန်အထိ တွေ့ဆုံခဲ့ခြင်းမရှိသေးတဲ့အတွက် ချစ်သူမရှိသေးတာဖြစ်ကြောင်း ဆိုခဲ့ပါတယ်။

ဆက်လက်ပြီး လီက သူ့ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာ မေးခွန်းအချို့ကိုလည်း အဆိုပါအင်တာဗျူးမှာ ဖြေကြားပေးခဲ့ပါတယ်။ မင်းသမီးက သူ့ရဲ့အသက်(၂၂)နှစ်အရွယ်မှာ ချစ်သူတစ်ဦးရှိခဲ့ဖူးပြီး အဆိုပါအမျိုးသားဟာ သူ့ဘဝမှာ ပထမဆုံးသော ချစ်သူလည်းဖြစ်ကာ ယခုအချိန်မှာတော့ လမ်းခွဲခဲ့ပြီးဖြစ်ကြောင်း ဆိုပါတယ်။ ငယ်ဘဝမှာ သူဟာ ဆတ်ဆတ်ထိမခံ၊ ရန်စွာတဲ့ မိန်းကလေးတစ်ဦးဖြစ်ခဲ့ပြီး သူ့ကို ကြိုက်နေတယ်လို့ခံစားရစေတဲ့ ယောကျ်ားလေးသူငယ်ချင်းတွေနဲ့ တွေ့ကြုံရတဲ့အချိန်တိုင်း သူတို့ကို လုံးဝစကားပြောခြင်းမရှိတော့ဘဲ အဆက်အဆံဖျက်ခဲ့ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

လတ်တလောမှာလည်း ချစ်သူမရှိသေးတဲ့ မင်းသမီးက သူ့ရဲ့အလုပ်ကိစ္စတွေအရ ရင်းနှီးရတဲ့ ယောကျ်ားလေး မိတ်ဆွေတွေရှိပေမယ့် သူတို့ကို လူသားတွေလို့သာမြင်ပြီး အမျိုးသားတစ်ဦးအဖြစ် ထူးထူးခြားခြားခံစားရတာမရှိကြောင်းလည်း ဆိုပါတယ်။ ဒါ့အပြင် သူဟာ လက်ဖက်ရည်သောက်ရတာကို နှစ်သက်သူတစ်ဦးဖြစ်ပြီး ကြောင်လေးတွေကို ချစ်မြတ်နိုးသူတစ်ဦးဖြစ်ကာ တစ်ကိုယ်တည်းဘဝကို နှစ်ခြိုက်သူတစ်ဦးဖြစ်ကြောင်းလည်း သိရပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်ခန့် ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ “It's Okay, That's Love”ရုပ်ရှင်ဟာ လီရဲ့ ပထမဦးဆုံးသော ရုပ်ရှင်ဖြစ်ခဲ့ပြီး အဆိုပါရုပ်ရှင်မှာ မိန်းကလေးငယ်လေးတစ်ဦးအဖြစ်သာ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တဲ့ လီဟာ လတ်တလောမှာတော့ အောင်မြင်တဲ့မင်းသမီးတစ်ဦးအဖြစ် ရပ်တည်နေပြီး သူနဲ့အင်တာဗျူးခွင့်ရဖို့အတွက် အချိန်ပေးစောင့်ဆိုင်းရကာ အင်တာဗျူးတစ်ခုကိုလည်း မိနစ် ၄၀ ထက်ပိုပြီး အင်တာဗျူးခွင့်မရှိကြောင်းလည်း သိရပါတယ်။

လတ်တလောမှာ ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်တဲ့ လီဆန်းယွန်းရဲ့ရုပ်ရှင် “ Weightlifting Fairy Kim Bok-joo”မှာတော့ လီက အလေးမသမားတစ်ဦးရဲ့နေရာက ပါဝင်သရုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အလေးမသမားတစ်ဦးအဖြစ် အဓိကဇာတ်ဆောင်နေရာက ပါဝင်သရုပ်ဆောင်ပေးဖို့ လာရောက်ကမ်းလှမ်းခံရစဉ်က ဇာတ်ကောင်စရိုက်ကြောင့် စိတ်လှုပ်ရှားခဲ့ရပေမယ့် ဇာတ်လမ်းအကျဉ်းကိုဖတ်ပြီးချိန်မှာ အဆိုပါဇာတ်ကောင်ကို မစွန့်လွှတ်နိုင်တော့ကြောင်းနဲ့ ရိုက်ကူးစဉ်မှာလည်း ကိုယ့်ကိုယ်ကို လီဆန်းယွန်းအဖြစ်မဟုတ်ဘဲ အဆိုပါဇာတ်ကောင်အဖြစ် ခံစားရိုက်ကူးခဲ့ကြောင်းလည်း မင်းသမီးက ဖွင့်ဟခဲ့ပါတယ်။

# နှစ်လအတွင်းလူကျွံအနေအထားမှ သွင်းဂိုးခြောက်ဂိုးအထိ မန်ယူရရှိထားခဲ့

မန်ယူနည်းပြ မော်ရင်ဟိုက မန်ယူအသင်းရဲ့ နစ်နာမှုများထဲတွင် ပြိုင်ဘက်အသင်းများကို ပင်နယ်တီခွင့်ပြုနေရခြင်း၊ မန်ယူရရှိသင့်တဲ့ ပင်နယ်တီပြစ်ဒဏ်များ လျစ်လျူရှုခံရခြင်းတို့ဖြစ်သည်ဟု အကြိမ်ကြိမ် စွပ်စွဲခဲ့သော်လည်း တကယ်တမ်းတွင် မန်ယူအသင်းသည်လည်း နှစ်လအတွင်း လူကျွံအနေအထားမှ သွင်းဂိုးခြောက်ဂိုးအထိ ခွင့်ပြုခံထားရသည်ကို မှတ်တမ်းများအရ သိရသည်။

မန်ယူနည်းပြ မော်ရင်ဟိုက လီဗာပူးအသင်းကို ပင်နယ်တီကန်ခွင့်ပြုခဲ့သည့် ဒိုင်ကို ပြစ်တင်ဝေဖန်ခဲ့ပြီး မန်ယူအသင်းရရှိသင့်သည့်ပင်နယ်တီပြစ်ဒဏ်များကိုမူ လျစ်လျူရှုခံနေရသည်ဟု ဆိုသည်။

မော်ရင်ဟိုက "မန်ယူက ပရီမီယာလိဂ်ပွဲစဉ်တွေရော၊ လိဂ်ဖလားပွဲစဉ်တွေရော၊ အက်ဖ်အေဖလားတစ်ပွဲ စုစုပေါင်း ၂၅ ပွဲမှာမှ ပင်နယ်တီ တစ်ကြိမ်သာ ရရှိခဲ့ပါတယ်။ ကျွန်တော် လီဗာပူးကန်သွင်းတဲ့ပင်နယ်တီကို မကြည့်ခဲ့ပါဘူး။ ဒါက တကယ့်ကို ပင်နယ်တီ ပြစ်ဒဏ်လို့ ယုံကြည်လို့ပါ။ သူ(ဒိုင်)က ကျွန်တော်တို့အသင်းကစားခဲ့တဲ့ သုံးပွဲမှာ သုံးကြိမ်ပင်နယ်တီ ခွင့်ပြုထားတဲ့သူဖြစ်တာကြောင့် ဒါဟာ သေချာပေါက် ပင်နယ်တီပဲဖြစ်ပါလိမ့်မယ်"ဟု လီဗာပူးနှင့်အပြီးတွင် ပြစ်တင်ဝေဖန်ခဲ့သည်။

မန်ယူအသင်းသည် လီဗာပူးအသင်းနှင့် တစ်ဂိုးစီ သရေကျသည့်ပွဲစဉ်တွင် မန်ယူ တိုက်စစ်မှူး အီဗရာဟီမိုဗစ် သွင်းယူခဲ့သော ချေပဂိုးမှာ ဗလင်စီယာ၏ လူကျွံအနေအထားမှ ပေးပို့ခဲ့သည်ဖြစ်ရာ မန်ယူအသင်းကံကောင်း၍ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု ဝေဖန်မှုများလည်း နောက်ဆက်တွဲ ထွက်ပေါ်လာခဲ့သည်။

သို့သော် မန်ယူ ကံကောင်းခဲ့သည်မှာ ယခု တစ်ကြိမ်မှုပင်မဟုတ်ဘဲ နှစ်လအတွင်း လူကျွံအနေအထားမှသွင်းယူခဲ့သည့် သွင်းဂိုးခြောက်ဂိုးအထိပင် ရှိနေခဲ့သည်။ အဆိုပါ သွင်းဂိုးများမှာ ဖီယင်နော့ဒ်အသင်းနှင့် ယူရိုပါလိဂ်ပွဲစဉ်တွင် ဝိန်းရွန်းနီသွင်းယူခဲ့သောဂိုး၊ ဒီဇင်ဘာ ၁၄ ရက် ခရစ္စတယ်ပဲလေ့စ်အသင်းဘက်သို့ အီဗရာဟီမိုဗစ်သွင်းယူခဲ့သည့်ဂိုး၊ ဒီဇင်ဘာ ၂၆ ရက် ဆန်းဒါးလန်းဘက်သို့ အမ်ခီတာယန်သွင်းယူခဲ့သည့်ဂိုး၊ ဇန်နဝါရီ ၂ ရက် ဝက်စ်ဟမ်းဘက်သို့ အီဗရာဟီမိုဗစ် သွင်းယူခဲ့သည့် ဂိုး၊ ဇန်နဝါရီ ၁၀ ရက် ဟားလ်စီးတီးဘက်သို့ သွင်းယူခဲ့သည့် ဂျူအန်မာတာ၏ ဂိုး၊ ဇန်နဝါရီ ၁၅ ရက် လီဗာပူးဘက်သို့ သွင်းယူခဲ့သည့် အီဗရာဟီမိုဗစ် သွင်းဂိုးတို့ဖြစ်ကြသည်။

**(မေလှဲ့သင်း)**






## မန်ယူ၊ ဘာစီလိုနာနှင့် နယ်သာလန်နည်းပြဟောင်း ဗန်ဟားလ် နည်းပြဘဝ ၂၆ နှစ်ကြာဖြတ်သန်းပြီးနောက် အနားယူလိုက်ပြီ

မန်ယူအသင်းနှင့် နယ်သာလန်အသင်းတို့၏ နည်းပြဟောင်းတစ်ဦးဖြစ်သည့် ဗန်ဟားလ်သည် နည်းပြဘဝ ကို ၂၆ နှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် အနားယူလိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၆၅)နှစ်အရွယ်ရှိ ဗန်ဟားလ်သည် ၂၀၁၆ ခုနှစ် မေလအတွင်းက မန်ယူ အသင်းနှင့်အတူ အက်ဖ်အေဖလားကို ဆွတ်ခူးခဲ့ပြီးနောက် မန်ယူအသင်း၏ ထုတ်ပယ်ခြင်း ခံလိုက်ရစဉ်ကတည်းက နည်းပြအလုပ်ကို လုပ်ကိုင်ခဲ့ခြင်းမရှိခဲ့သူဖြစ်သည်။

ဗန်ဟားလ်သည် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းအပြင် နယ်သာလန်ကလပ် အေဂျက်စ်၊ စပိန်လာလီဂါ ကလပ်ဘာစီလိုနာနှင့် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ် အသင်းတို့တွင်လည်း နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဗန်ဟားလ်သည် ဘောလုံးလောကတွင် ၎င်း၏အထောက်အပံ့ပေးခဲ့မှုအတွက် ဂုဏ်ပြုသည့် နယ်သာလန်အစိုးရကပေးအပ်သော တစ်သက်သာအောင်မြင်မှုဆုကို လက်ခံရယူပြီးနောက် ဇန်နဝါရီ ၁၆ ရက်တွင် နည်းပြဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

နည်းပြဘဝတစ်လျှောက် အေဂျက်စ်အသင်းတွင် ၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိလည်းကောင်း၊ ဘာစီလိုနာအသင်းတွင် ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိလည်းကောင်း၊ အယ်လ်ခမာ အသင်းတွင် ၂၀၀၈-၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ ဘိုင်ယန်မြူးနစ်အသင်းတွင် ၂၀၀၉-၂၀၁၀ ခုနှစ်တွင်လည်းကောင်း တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

အောင်မြင်မှုများအဖြစ် အေဂျက်စ်အသင်းနှင့် ၁၉၉၄-၉၅ တွင် ချန်ပီယံလိဂ်ဆုဖလားကို လည်းကောင်း၊ ၁၉၉၁-၉၂ တွင် ယူအီးအက်ဖ်အေဖလားကိုလည်းကောင်း ရယူနိုင်ခဲ့ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင်မူ မန်ယူအသင်းနှင့်အတူ အက်ဖ်အေဖလားကို ဆွတ်ခူး နိုင်ခဲ့ခြင်းတို့ဖြစ်သည်။

**(ငွေကြယ်)**

## နေမာ၏ တန်ဖိုးမှာ မက်ဆီထက်သာလွန်နေကြောင်း လေ့လာချက်တစ်ခုကဆို



ဘာစီလိုနာတိုက်စစ်မှူး နေမာသည် ပေါင် ၂၁၆ သန်းနှင့်အတူ ဥရောပဘောလုံးလောကတွင် တန်ဖိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေကြောင်း ယူရိုသန်း ၁၀၀ ကျော်သည့် ကစားသမား ၁၀ ဦးအား လေ့လာမှုပြုလုပ်ခဲ့သည့် စီအိုင်အီးအက်စ်ဘောလုံးဆိုင်ရာ လေ့လာဆန်းစစ်မှုတစ်ရပ်ကဆိုသည်။

တိုက်စစ်မှူးမက်ဆီသည် ပေါင် ၁၄၉ သန်းတန်ဖိုးရှိကြောင်း ဖော်ပြခဲ့ခြင်းကြောင့် တိုက်စစ်မှူး နေမာသည် ဒုတိယနေရာမှ မက်ဆီထက် သာလွန်နေခဲ့ခြင်းဖြစ်သည်။ လေ့လာမှုပြုလုပ်ခဲ့ရာတွင် ထိပ်ဆုံးမှ တန်ဖိုးမြင့် ကစားသမား ၁၀ ဦးကို ရွေးချယ်ခဲ့ရာ၌ အင်္ဂလန်ကစားသမားနှစ်ဦးသာ ပါဝင်ခဲ့ပြီး စပါးအသင်းမှ ဟယ်ရီကိန်းနှင့် ဒယ်လီ အယ်လီတို့ဖြစ်သည်။

ပြီးခဲ့သည့်နွေရာသီကာလက မန်ယူအသင်းသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သည့် ပေါ့ဘာမှာမူ တန်ဖိုးအားဖြင့် ပေါင် ၁၃၆ ဒသမ ၄ သန်းဖြစ်ကြောင်း ဖော်ပြထားခြင်းကြောင့် ပေါ့ဘာမှာ အဆင့်(၃)နေရာတွင် ရပ်တည်ခဲ့သည်။ ဘလွန်းဒီအောဆုရှင်နှင့် ဖီဖာကမ္ဘာ့အကောင်းဆုံး ကစားသမားဆုရှင်ဖြစ်သူ စီရိုနယ်လ်ဒိုမှာမူ ပေါင် ၁၁၁ သန်းဖြင့် အဆင့်(၇)နေရာတွင်သာ ရပ်တည်နေပြီး ဂါရတ်ဘေးလ်မှာမူ ပေါင် ၇၃ ဒသမ ၈ သန်းဖြင့် အဆင့်(၁၄)နေရာ၌သာ ရပ်တည်ခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်း၏ တိုက်စစ်မှူး ဂရစ်ဇ်မန်းမှာ ပေါင် ၁၃၂ သန်းဖြင့် အဆင့်(၄)နေရာ၌ ရပ်တည်ခဲ့ပြီး ဘာစီလိုနာတိုက်စစ်မှူး ဆွာရတ်ဇ်မှာ ပေါင် ၁၂၇ သန်းဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်ခဲ့သည်။ အဆင့်(၆)နေရာတွင် ဟယ်ရီကိန်းက ပေါင် ၁၂၂ သန်းဖြင့် အဆင့်(၆)နေရာတွင် ရပ်တည်ခဲ့ပြီး ဂျူဗင်တပ်ကစားသမား ဒိုင်ဘာလာမှာ ပေါင် ၉၉ ဒသမ ၉ သန်းဖြင့် အဆင့်(၈)နေရာတွင် ရပ်တည်ခဲ့သည်။

စပါးအသင်း၏ အားထားရသည့် ကစားသမားတစ်ဦးဖြစ်သည့် ဒယ်လီအယ်လီမှာ ပေါင် ၉၆ သန်းဖြင့် အဆင့်(၉)နေရာတွင်လည်းကောင်း၊ ချယ်လ်ဆီးကစားသမား ဟာဇက်မှာ ပေါင် ၈၉ သန်းဖြင့် အဆင့်(၁၀)နေရာတွင်လည်းကောင်း အသီးသီးရပ်တည်ခဲ့ကြသည်။

**(နိုင်လင်းကြည်)**

## တစ်ယောက်တည်း လေ့ကျင့်ရေးဆင်းခဲ့ရသည့် ကော်စတာ

ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာက သူ့မှာ နောက်ကျောဒဏ်ရာပြဿနာ ရှိနေတယ်လို့ အကြောင်းပြခဲ့ပြီးနောက် နည်းပြ ကွန်တီက လက်စတာနဲ့ ပွဲမှာ ချန်လှပ်ခဲ့သလို အခုလည်း တစ်ယောက်တည်း လေ့ကျင့်ခန်းဆင်းခိုင်းခဲ့ပါတယ်။ အသင်းဖော်တွေမရှိတဲ့ လေ့ကျင့်ရေးကွင်းထဲမှာ နည်းပြတစ်ဦးနဲ့အတူ သက်မဲ့အရုပ်တွေကြား ကော်စတာတစ်ယောက်တည်း လေ့ကျင့်ရေးဆင်းခဲ့ရတာ ဖြစ်ပါတယ်။

ကော်စတာကို တရုတ်ကလပ် တီယန်ကျင်းကွမ်ဂျင်းကလပ်က တစ်နှစ်လုပ်ခပေါင်သန်း ၃၀ ပေးချေမယ်လို့ ဆက်သွယ်ခဲ့အပြီး အခုလို နောက်ကျောဒဏ်ရာရှိနေတယ်လို့ အကြောင်းပြခဲ့တာကြောင့် နည်းပြ ကွန်တီ စိတ်ဆိုးဒေါသထွက်ခဲ့တာဖြစ်ပါတယ်။ နည်းပြ ကွန်တီက ကော်စတာကို ဘယ်ပွဲစဉ်မှာ ပြန်လည်အသုံးပြုမယ်ဆိုတာ သူ့အနေနဲ့ အတိအကျပြောနိုင်ဖို့ ခက်တယ်လို့သာ တုံ့ပြန်ထားတာကြောင့် ကော်စတာနဲ့ ချယ်ဆီးအနာဂတ် ကုန်ဆုံးချိန် တဖြည်းဖြည်းနီးကပ်လာပြီလို့တော့ သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် နည်းပြ ကွန်တီက ကစားသမားတစ်ဦးဘဝမှာ အရေးကြီးဆုံးက ငွေကြေးမဟုတ်ဘူးဆိုတဲ့စကားနဲ့ သတိပေးခဲ့ပေမယ့် ကော်စတာကတော့ အနေးနဲ့ အမြန်ဆိုသလို ချယ်လ်ဆီးကထွက်ခွာဖို့ အခြေအနေရှိနေပြီဖြစ်ပါတယ်။

ကော်စတာက ချယ်လ်ဆီးရဲ့ နှစ်နှစ်သက်တမ်းတိုးစာချုပ်ကို လက်မှတ်ရေးထိုးဖို့ ငြင်းပယ်ခဲ့ပေမယ့် ချယ်လ်ဆီးကတော့ သူ့ကို ရာသီကုန်အထိ ဆက်ထိန်းထားဖို့ရှိနေပါတယ်။ ကော်စတာရဲ့ အေးဂျင့်ဖြစ်သူ ဂျော့ဂျ်မန်းဒက်ဇ်က အပြောင်းအရွှေ့ကိစ္စအတွက် တရုတ်နိုင်ငံကို တောင်ရောက်ရှိနေပြီး ကော်စတာ အသင်းပြောင်းရွှေ့ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ချယ်လ်ဆီးကလည်း ကော်စတာနေရာ အစားထိုးဖို့ ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး မိုရာတာ၊ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး မူလာတို့ကို ချိတ်ဆက်နေမှုတွေ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

**(မေလှဲ့သင်း)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## ပင်လယ်ရေကိုအောင်ဆန်းနဲ့သူ့မိတ်ဆွေများ

စိုးနိုင် (မန္တလေးတက္ကသိုလ်) ရေးသားပြုစုသော " ပင်လယ်ရေ ကိုအောင်ဆန်းနဲ့ သူ့မိတ်ဆွေများ" စာအုပ်ထွက်ရှိပြီဖြစ်သည်။

အဆိုပါ စာအုပ်တွင် ဗိုလ်ချုပ်မကျဆုံးမီ ငါးရက်လောက်အလိုမှာ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာမောင်ထင်တို့နှင့် တိုင်းပြုပြည်ပြုလွှတ်တော် ဝရန်တာမှာ အမှတ်မထင်ဆုံမိခဲ့ကြတုန်းက ပြောခဲ့ကြတဲ့စကား၊ အနုပညာစကား စသည့် သမိုင်းမှတ်တိုင်များကို ဖော်ပြထားပါသည်။ ဗိုလ်ချုပ်နှင့် ခေတ်ပြိုင်ဖြစ်သလို ဗိုလ်ချုပ်ကို မီလိုက်သည့် စာပေ၊ ဂီတနှင့် ရုပ်ရှင်၊ သဘင်ဘက်က အနုပညာသည်များကိုလည်း ယင်းစာအုပ်တွင် တင်ဆက်ပေးထားသည်။ နိုင်ငံရေး၊ သာသနာရေး၊ စာပေနှင့် အနုပညာနယ်ပယ်မှ လူပုဂ္ဂိုလ် ၆၀ အကြောင်းကို ရှုထောင့်အသီးသီးမှ ရေးဖွဲ့တင်ပြထားသကဲ့သို့ ဗိုလ်ချုပ် နှစ် ၁၀၀ ရာပြည့် အထိမ်းအမှတ် ကဗျာ ခုနစ်ပုဒ်နှင့် အခြားသော ကဗျာ ၁၃ ပုဒ် ပါဝင်သည်။ ဒေါ်အောင်ဆန်းစုကြည်ကို ရေးဖွဲ့ထားသည့် ကဗျာနှစ်ပုဒ်လည်းပါဝင်သည်။

ထိုစာအုပ်ကို ဂုဏ်ထူးစာပေ အမှတ် ၁၇၀၊ ၃၃ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း- ၀၉၇၉၉၈၈၄၃၅၆ က တန်ဖိုးကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားသည်။



## ထင်ပေါ်ကျော်ကြားစာပေငွေကြယ်ပွင့်များ

ဤ "ထင်ပေါ်ကျော်ကြား စာပေငွေကြယ်ပွင့်များ" စာအုပ်တွင် ခေတ်အဆက်ဆက် တိုင်းကျိုးပြည်ပြု စာပေတာဝန်ကျေခဲ့ကြသော စာပေပညာရှင်ကြီးများ၏ 'ဘဝနှင့်စာပေ' တို့ကို ရုပ်လုံးပေါ်အောင် ဆရာမောင်ခေတ်ထွန်းက တတ်နိုင်သမျှကြိုးစားဖော်ပြထားသည်။

မြန်မာစာပေ ပညာရှင်ကြီးများသည် ခေတ်အဆက်ဆက်တွင် စာပေဖြင့် နိုင်ငံနှင့် ပြည်သူကို အကျိုးပြုခဲ့သူများ၊ ဆက်လက်အကျိုးပြုနေကြသူများဖြစ်ကြသည်။ မြန်မာစာပေသည် အမျိုးသားယဉ်ကျေးမှုအနုပညာကို အခြေခံ၍ ပြည်သူလူထုကြားမှရေးသားဖွဲ့ဆိုသော စာပေဖြစ်ရာ မြန်မာစာပေ ပညာရှင်များသည် မိမိတို့ဖြတ်သန်းလာခဲ့ရသော ခေတ်ကိုထင်ဟပ်သည့် လောကဝန်းကျင်မှ အဖြစ်အပျက်များအား ရှုထောင့်မျိုးစုံ၊ စေတနာမျိုးစုံတို့ဖြင့် ရေးဖွဲ့ကြသူများဖြစ်ကြသည်။ ထိုစာအုပ်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သိပ္ပံမောင်ဝ၊ ဒဂုန်ရွှေမျှား၊ ဇေယျ၊ မဟာဆွေ၊ ဒဂုန်နတ်ရှင်၊ ဆရာပါရဂူ၊ ဗိုလ်ကလေးတင့်အောင်၊ ငွေတာရီ ၊ လူထုဒေါ်အမာ၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဂျာနယ်ကျော်မမလေး စသည့် စာပေပညာရှင်များ၏ ဘဝနှင့်စာပေတို့ကို ရေးသားတင်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ)၊ ၃၉ လမ်း အပေါ်ဘလောက် ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁ ၃၉၂၈၃၅၊ ၀၉၇၇၃၇၇၄၇၃၃ က တန်ဖိုး ကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။



## ပဋိညာဉ်များအားပယ်ဖျက်ခြင်းဥပဒေဆိုင်ရာသိကောင်းစရာများ

ဦးမောင်မောင်အုန်းမြိုင် ဘီအက်(စ်)စီ၊ အာ(ရ်)အယ်(လ်) (ဥပဒေအတိုင်ပင်ခံ၊ အနုညာတခံသမာဓိလူကြီးနှင့်ဘာသာပြန်ဆရာ) ရေးသားပြုစုသည့် "ပျက်ပြယ်သည့် သဘောတူညီချက်များနှင့် ပဋိညာဉ်များအားပယ်ဖျက်ခြင်း ဥပဒေဆိုင်ရာ သိကောင်းစရာများ"စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် ပြည်သူလူထုအား ဥပဒေဆိုင်ရာအကြောင်းအရာများကို လွယ်ကူစွာ နားလည်သဘောပေါက်နိုင်အောင် ရည်ရွယ်၍ ရှင်းလင်းစွာ ရေးသားပြုစုထားသည်။ ပြည်သူလူထုအား တည်ဆဲတရားဥပဒေပြဋ္ဌာန်းချက်များအရ မိမိတို့၏ ခံစားချက်များကို ရယူခံစားနိုင်ကြစေရန် တည်ဆဲဥပဒေနှင့်မညီညွတ်သော သဘောတူညီချက်များနှင့် ပဋိညာဉ်များကို ပယ်ဖျက်ပေးရန်သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားစွဲဆိုခြင်းပြုလုပ်နိုင်စေရန်နှင့်မတရားနစ်နာဆုံးရှုံးမှုများ၏ အန္တရာယ်မှကာကွယ်နိုင်ကြစေရန်ရည်ရွယ်၍ ဥပဒေဆိုင်ရာ သိကောင်းစရာများကို ပြုစုထားခြင်းဖြစ်သည်။ ဥပဒေပညာရှင်များအတွက် ရည်ရွယ်ပြုစုထားခြင်းမဟုတ်ဘဲ ပြည်သူလူထုဥပဒေဗဟုသုတ တိုးပွားစေရန် ရည်ရွယ်ပြုစုထားခြင်းဖြစ်သည်။

ထိုစာအုပ်ကို ဒေါ်တင်အေး(ဘီ. အေ. ၊ အိတ်ချ်ဂျီပီ)ကစီစဉ်ပြီး မျိုးဆက်သစ်စာပေ၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉၄၂၀၂၂၂၉၆၂ က တန်ဖိုးကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိထားသည်။




## စရိတ်နည်းနည်းဖြင့်အကောင်းဆုံးဝန်ဆောင်မှုပေးခြင်း

စရိတ်နည်းနည်းဖြင့် အကောင်းဆုံးဝန်ဆောင်မှုပေးခြင်း စာအုပ်သည် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ ဟောပြောပွဲပြုလုပ်ထားသော အခွေကို စာအုပ်အဖြစ် ပြန်လည်ထုတ်ဝေထားခြင်းဖြစ်သည်။

ဒီမိုကရေစီခေတ် မြန်မာ့စီးပွားရေးစနစ် စတင်ခါစရှိသေးသည့်အချိန်တွင် အချို့သော စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုပေးသည့်နေရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုနည်းပါးပြီး Customerထံမှ အကျိုးအမြတ်ချ ယူနေသည်များရှိနေသည့်အတွက် မြန်မာ့စီးပွားရေးအတွက် ရင်လေးစရာဖြစ်သည်။

ဒီမိုကရေစီခေတ် စီးပွားရေးစနစ်ပြောင်းလဲတိုးတက်လာနေသည့်အချိန်တွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းလက်တွဲ လုပ်ကိုင်နိုင်စေရန် ဆရာကြီးပါမောက္ခဒေါက်တာအောင်ထွန်းသက်က စီးပွားရေးပညာရပ်ဆိုင်ရာ အကြောင်းအရာများကို နိုင်ငံအနှံ့ လိုက်လံဟောပြောပေးခဲ့သည်။ ဆရာကြီး၏ ဟောပြောချက်များ ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန်အတွက် စာအုပ်အဖြစ်ပြန်လည်ပုံနှိပ် ထုတ်ဝေထားခြင်းဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၄၇)၊ ၁ လမ်း၊ ၁၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် မှ တန်ဖိုး ကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။



## ကျောက်တုံးကြီးတွေရဲ့သူ့ရဲကောင်း

စာရေးဆရာ 'နိုက်' (၁၃) အုပ်မြောက်ရေးသားသည့် "ကျောက်တုံးကြီးတွေရဲ့ သူရဲကောင်း"စာအုပ်ထွက်ရှိလာသည်။ စာရေးသူ၏ အတွေးအခေါ်ပိုင်းဆိုင်ရာ လေးအုပ်မြောက်စာအုပ်ဖြစ်သည်။

စာအုပ်တွင် သရုပ်ဆောင်များ၊ ပြောင်းလဲလာမှုများပါဝင်သည်။ များများရှာဖွေ၊ များများစွန့်စားဖို့ ကျောက်တုံးကြီးတွေရဲ့ သူရဲကောင်းစသည့် ဆောင်းပါး ၁၆ ပုဒ် ပါဝင်ပြီး စာအုပ်ခေါင်းစဉ်နှင့်ပင် စာအုပ်၏အတိမ်အနက်ကို ဖော်ညွှန်းထားသည်။ ကိုယ်ရှင်သန်ဖို့ သူတစ်ပါးကိုကန်ချရပ်မလားဟု အပြစ်တင်နေသည်ထက်စာလျှင် ဘင်ဂျမင်လို လူစားမျိုး၊ ကောင်မလေးရဲ့နှလုံးသားမျိုး မွေးမြူရှင်သန်ဖို့၊ အနစ်နာခံခြင်းဖြင့် ကိုယ်နှင့်ဆက်စပ်ပတ်သက်တဲ့ လူတွေရဲ့အပြုံးတွေလှပဖို့လိုအပ်တယ် စသည့် စာရေးသူ၏နှလုံးသားနှင့်စေတနာကို မြင်တွေ့နိုင်သည်။ကျွန်တော်တို့တစ်တွေဟာ ဧည့်သည်တွေ၊ သရုပ်ဆောင်တွေ အလည်အပတ်ရောက်လာတဲ့ လူ့လောကကို ကိုယ့်အင်ကိုယ့်အားနဲ့ အလှပဆုံးဖန်တီးပေးဖို့ စသည်တို့ပါဝင်သည်။ များများရှာပါ၊ သို့သော် သမ္မာအာဇီဝဖြစ်ရမည်၊ ဒုစရိုက်ကင်းရမည်၊ နောက် များများစွန့်နိုင်ဖို့အတွက်ဖြစ်ရမည် စသည့်အတွေးအမြင်စာစုများကို ဖတ်ရှုရမည်ဖြစ်သည်။

အဆိုပါဥပဒေအကြောင်း သိကောင်းစရာစာအုပ်ကို ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။




## ကမောက်ကမစီးပွားရေး၊ စည်းလွတ်ဝါးလွတ် အုပ်ချုပ်ရေး၊ အကွပ်မဲ့ကြမ်း ပရမ်းပတာ နိုင်ငံရေးနှင့် ဒီမိုကရေစီလှုပ်ရှားမှု ၈၈၈၈ လူထုအရေးတော်ပုံ

အဆိုပါစာအုပ်သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီတောင်းဆိုပွဲ ၈၈၈၈ အရေးတော်ပုံ ဖြစ်ပွားပြီးနောက် တိုင်းပြည်၏ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံရေးအခြေအနေများ အမှားအယွင်းများကို မျိုးဆက်သစ်လူငယ်များ သင်ခန်းစာယူ လေ့လာနိုင်ရန် ဆရာပန်းတနော် ခင်မောင်မြင့်က ရေးသားပြုစုထားခြင်းဖြစ်သည်။

စာအုပ်ကို အခန်းလေးခန်းခွဲ ရေးသားပြုစုထားပြီး အခန်း(၁) 'ကမောက်ကမ စီးပွားရေး'တွင် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စီမံကိန်းစီးပွားရေးစနစ်အကြောင်း ဆိုရှယ်လစ်မက ကွန်မြူနစ်မကျသော စီးပွားရေးပုံသဏ္ဍာန်နှင့် မြန်မာနိုင်ငံ၏ ဆိုရှယ်လစ်စီးပွားရေးစနစ် ဘာတွေမှားလို့ ကျရှုံးခဲ့ရသည်ကို လေ့လာနိုင်ရန် ရေးသားဖော်ပြထားသည်။ အခန်း (၂) 'စည်းလွတ်ဝါးလွတ် အုပ်ချုပ်ရေး'တွင် အရေးတော်ပုံကာလအတွင်း ယိုယွင်းနေသော အုပ်ချုပ်ရေးအခြေအနေများ၊ အခန်း(၃) 'အကွပ်မဲ့ကြမ်း ပရမ်းပတာ နိုင်ငံရေး'နှင့် အခန်း (၄) 'ဒီမိုကရေစီလှုပ်ရှားမှုအရေးတော်ပုံ' ဟူ၍ ၈၈၈၈ အရေးအခင်းကာလ အခြေအနေများ၊ ပုံရိပ်များကို ဓာတ်ပုံများဖြင့် ဖော်ပြပေးထားသည်။

အဆိုပါစာအုပ်ကို ဇွန်ပန်းမွှေးမွှေးစာပေ အမှတ် (၅၃) ၊ (၃) ရပ်ကွက်၊ ၄ လမ်း တောင်ဥက္ကလာ ဖုန်း ၀၉ ၄၉၃၄၂၉၄၉၊ ၀၉၅၆၀၁၃၂၁၊ ၀၁ ၅၆၃၂၇၀ မှ တန်ဖိုး ကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။



## ပညာရေးကင်ဆာ

သင်္ချာအောင်သင်း ရေးသားပြုစုသည့် ပညာရေးကင်ဆာ စာအုပ်ထွက်ရှိနေပြီဖြစ်သည်။ အဆိုပါ စာအုပ်တွင် စာရေးသူက ၎င်း၏ နှစ်ပေါင်း ၃၀ ကျော် ကျူရှင်ဆရာဘဝနှင့် စာရေးစာဖတ်ခဲ့သည့် အတွေ့အကြုံများကို ပြန်လည်မျှဝေတင်ပြထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို အုပ်စိုးသူများက ခေတ်အဆက်ဆက် မြေစမ်းခရမ်းပျိုး လုပ်ကိုင်ခဲ့ကြသည့်အတွက် ဆရာများရော ကျောင်းသားများပါ အစမ်းသပ်ခံဘဝရောက်ခဲ့ရပုံများ၊ အရည်အချင်းထက် အရေအတွက်ကိုသာ ဦးစားပေးခဲ့သည့်အတွက် လူသားအရင်းအမြစ်များ ဆုံးရှုံးကာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးရပုံများ၊ ကျူရှင် ဆရာဘဝ တွေ့ရကြုံရသည့် အခက်အခဲများ၊ ကျူရှင်လောကမှ ကမောက်ကမဖြစ်ရပ်များနှင့် ဥပဒေချိုးဖောက်မှုများ၊ ပညာရေးနှင့် ပတ်သက်၍ ကျောင်းသားနှင့် မိဘကြားက ပြဿနာများ၊ မိဘများက သားသမီးများကို ဆုံးမချင်ကြသော ဆန္ဒစကားများ၊ ဆရာများက တပည့်များကို ဆိုဆုံးမချင်ကြသော ဆန္ဒစကားများစသည်များကို ဆောင်းပါး ၂၆ ပုဒ်ဖြင့် ရေးသားတင်ပြထားသည်။

အဆိုပါ စာအုပ်ကို အမှတ် ၂၇၄/B လမ်း ၄၀ အပေါ်လမ်း ကျောက်တံတားမြို့နယ်ရှိ ယဉ်မျိုးစာအုပ်တိုက်က တန်ဖိုး ကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။



## သိထားသင့်သောခွေးရူးရောဂါအကြောင်း

လူမှုဘဝပတ်ဝန်းကျင်တွင် ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် စာရေးဆရာမ ဒေါက်တာခင်စန်းမော်ရေးသားပြုစုသည့် "သိထားသင့်သော ခွေးရူးရောဂါအကြောင်း"စာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်တွင် ခွေးရူးရောဂါ သမိုင်းကြောင်း၊ အိမ်မွေးတိရစ္ဆာန်နှင့်ခွေးရူးရောဂါ၊ အစဉ်အမြဲသတိထားသင့်သော ခွေးရူးရောဂါ၊ ခွေးရူးရောဂါသိကောင်းစရာ၊ ကြောင်မှတစ်ဆင့် ကူးစက်တတ်သောခွေးရူးရောဂါ၊ တိရစ္ဆာန်နှင့်လူများတွင် အသုံးပြုသော ခွေးရူးရောဂါကာကွယ်ဆေးများ၊ ခွေးရူးရောဂါကင်းစင်သော နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းများစသည့် ကျန်းမာရေးမဂ္ဂဇင်း၊ ကျန်းမာရေး ဂျာနယ်၊ ပေါ်ပြူလာသတင်းဂျာနယ်၊ ဒီမိုကရေစီတုဒေးသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ရေးသားဖော်ပြခဲ့သော ခွေးရူးရောဂါနှင့် ပတ်သက်သည့် ဆောင်းပါးများကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။ မိသားစုဘေးကင်းကျန်းမာရေး၊ ပတ်ဝန်းကျင်ဘေးကင်းရေး ကျန်းမာရေးအသိပညာပေးစာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ဖြိုးပြည့်မော်စာပေ၊ ရန်ကုန်မြို့က တန်ဖိုးကျပ် ၃၀၀၀ ဖြင့် ပြည်သူလူထုခွေးရူးအန္တရာယ် ကင်းဝေးစေရေး တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။

## ထန်တလန်မြို့အမှတ်(၂)ရပ်ကွက်နေလူငယ်များ တတိယအကြိမ် စုပေါင်းအမှိုက်ကောက်

**ထန်တလန် ဇန်နဝါရီ ၁၇**

ချင်းပြည်နယ် ထန်တလန်မြို့ အမှတ် (၂) ရပ်ကွက်နေလူငယ်များ ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ရပ်ကွက်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲယာရှိ အမှိုက်များကို စုပေါင်းကောက်ယူခဲ့သည်။

ယင်းသို့ လူငယ်များစုပေါင်း၍ ရပ်ကွက်လမ်းဘေးဝဲယာအတွင်းရှိ အမှိုက်များကောက်ခြင်းသည် တတိယအကြိမ်မြောက်ဖြစ်ပြီး မိမိမြို့၊ မိမိရပ်ကွက် သန့်ရှင်းသာယာလှပလိုသောကြောင့် လူငယ်များပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နောင်တွင်လည်း ယခုကဲ့သို့ အားလပ်သည့်အခါတိုင်း ရပ်ကွက်သန့်ရှင်းသာယာလှပရေးအတွက် တတ်နိုင်သလောက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှိုက်ကောက်အဖွဲ့တွင်ပါဝင်သည့် လူငယ်တစ်ဦးက ပြောသည်။

ထန်တလန်မြို့သည် ချင်းပြည်နယ်အတွင်းရှိမြို့များအနက် သန့်ရှင်းမှုအားအကောင်းဆုံးမြို့အဖြစ် ချီးကျူးအသိအမှတ်ပြုခံရသည့် မြို့တစ်မြို့ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## အာရှအဝေးပြေးလမ်းမကြီးစီမံကိန်းတွင်ပါဝင်သည့် ရန်ကုန်–မြိတ်လမ်းမကြီး ကတ္တရာခင်းခြင်းဆောင်ရွက်

**သံဖြူဇရပ် ဇန်နဝါရီ ၁၇**

အာရှအဝေးပြေးလမ်းမကြီးစီမံကိန်းတွင်ပါဝင်သည့် ရန်ကုန်-မြိတ်ကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအဖြစ် မော်လမြိုင်ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် သံဖြူဇရပ်မြို့တွင်း မိုင်တိုင် ၆၃ ဒသမ ၆ ကီလိုမီတာမှ ၆၈ ဒသမ ၂ ကီလိုမီတာအထိ AC နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီဒုတိယပတ်မှစတင်ကာ လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုဆောင်ရွက်နေသည့်လုပ်ငန်းတွင် သံဖြူဇရပ်မြို့လယ်မှ ရေး-ထားဝယ်လမ်းပိုင်း သုည ဒသမ ၄ ကီလိုမီတာကို လမ်းအကျယ် ၆၆ ပေနှင့် ၄ ဒသမ ၂ ကီလိုမီတာကို ၂၄ ပေအကျယ် စုစုပေါင်း ၄ ဒသမ ၆ ကီလိုမီတာ (သုံးမိုင်ခန့်) ကို AC နိုင်လွန်ကတ္တရာခင်းခြင်းနှင့် လမ်းပခုံးတင်ခြင်းကိုပါ ဆောင်ရွက်မည်ဖြစ်ကြောင်း လမ်းဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

## မွေးမြူရေးဘဏ်စနစ်ဖြင့် ဒေသစပ်မျိုးဘဲများ ပေးအပ်



**ကဝ ဇန်နဝါရီ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အသားကဏ္ဍထုတ်လုပ်မှု တိုးမြှင့်စေရန်အတွက် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့နယ်မွေးမြူရေးဘဏ် ကြီးကြပ်မှုကော်မတီက မုဒုကျေးရွာနှင့် ခမွန်ကျေးရွာတို့သို့ မွေးမြူရေးဘဏ်စနစ်ဖြင့် ဒေသဘဲဖြန့်ဖြူးပေးအပ်ပွဲကို ဇန်နဝါရီ ၁၅ ရက်က မုဒုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၊ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာ ဝင့်သူနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကြိုင်တို့က အမှာစကားပြောကြားကာ မြို့နယ်ဦးစီးမှူး ဒေါက်တာ ဖြူဖြူဝင်းက မွေးမြူရေးဘဏ်စနစ်အကြောင်း ရှင်းလင်းဆွေးနွေးပြီး တာဝန်ရှိသူများက ကျေးရွာမွေးမြူရေးဘဏ် ကြီးကြပ်မှုကော်မတီသို့ ဒေသစပ်မျိုးဘဲအကောင် ၅၀၀၀ အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ppfudkif;wdkif;a'oBuD;av;0rdwfjynf;BuD;udk ppfudkif;wdkif;a'oBuD;av;0rdwfjynf;tax axtkyfcsKyfa&;0efBuD;rSL;u tqdkygrdwfjynf;wnfaqmufa&;taqmufttHkrsm;tcrf;tem;odkY Zefe0g&D 15 &ufu BuD;rSL;usif;yaom ppfudkif;wdkif;a'oBuD;av;0rdwfjynf;wGif eHpy;pdkufysKd;a&;ESifh ydk;xdef;a&; tp&Sd aqmif&GufcsufrsmESifh ppfudkif;wdkif;a'oBuD;aqmif&GufcsufrsmESifh aqmif&GufcsufrsmtNyD;aqmif&Gufaq;

**သတင်းနှင့်ဓာတ်ပုံ– သက်ဟန်(ပြန်/ဆက်)**

## စက်မှုလက်မှုလုပ်ငန်းများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန် 5MVA အစား 10MVA ထရန်စဖော်မာ လဲလှယ်တပ်ဆင်

**မြစ်သား ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲတိုက်နယ်တွင် စက်မှုလက်မှုလုပ်ငန်းများ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရန် 5MVA အစား 10MVA ထရန်စဖော်မာကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီက လဲလှယ်တပ်ဆင်၍ အောင်မြင်စွာ ဓာတ်အားပို့လွှတ်နိုင်ကြောင်း သိရသည်။

ကူမဲတိုက်နယ်သည် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်တွင် တည်ရှိပြီး ရပ်ကွက်ကိုးရပ်ကွက်၊ ကျေးရွာပေါင်း ၆၄ ရွာရှိပြီး အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ တိုးတက်များပြားလာသော စီးပွားရေးအချက်အချာကျသည့်နေရာဖြစ်လာရာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကျောက်ဆည်ခရိုင် လျှပ်စစ်မန်နေဂျာ ဦးမင်းမင်း၊ ကူမဲလျှပ်စစ်မန်နေဂျာ ဦးဥက္ကာမျိုး၊ MESC အင်ဂျင်နီယာဌာန လက်ထောက်မန်နေဂျာ ဦးဝင်းလှိုင်ဦးတို့ဦးစီး၍ ကူမဲလျှပ်စစ်မန်နေဂျာရုံး၏ ၂၀၁၆/၂၀၁၇ ဘဏ္ဍာနှစ်လုပ်ငန်းဖြစ်သော 33၊ 11KV. 5MVA ထရန်စဖော်မာကို 10MVA ဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခဲ့ကြောင်း သိရသည်။ ယင်းသို့လဲလှယ်တပ်ဆင်ပေးနိုင်ခြင်းကြောင့် ကူမဲတိုက်နယ်အတွင်းရှိ ဒေသခံပြည်သူများသည် လျှပ်စစ်ဓာတ်အား ပြည့်ဝလုံလောက်စွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## တောင်သူများအား နည်းပညာပေးဟောပြော

**ရွှေကျင် ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှကြင်းဆင်း၍ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးဟောပြောပွဲကို ဒုံဇရစ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး ရွှေကျင်မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်သက်သက်ခိုင်က ပဲသီးနှံအထွက်တိုးရေး၊ မိုးစပါးမျိုးကောင်းမျိုးသန့်များထုတ်လုပ်နိုင်ရေးနှင့် မြေဆီထိန်းသိမ်းခြင်းဆိုင်ရာနည်းလမ်းများကို ဟောပြောခဲ့သည်။

ယင်းနောက် တက်ရောက်လာသောတောင်သူများ၏ စိုက်ပျိုးရေးနှင့်ပတ်သက်သော သိလိုသည့်မေးမြန်းချက်များကိုလည်း ပြန်လည်ဖြေကြားခဲ့ပြီး အဆိုပါဟောပြောပွဲသို့ ကျေးရွာအတွင်းရှိ တောင်သူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ခွေးလေးယား(အနက်စေ့) ဈေးကောင်းရ၍ အဆင်ပြေ

**ကျွန်းလှ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ဆေးဖက်ဝင်ခွေးလေးယား (အနက်စေ့) ဈေးကောင်းရ၍ စိုက်ပျိုးသူများအဆင်ပြေကြကြောင်း သိရသည်။

"ဒီနှစ် နေအိမ်အတွင်း သရက်ပင်၊ ပိန္နဲပင်တို့အပေါ်တင်၍ စိုက်ပျိုးထားရာ အစေ့ရှစ်ပြည်ကျော်ရရှိပြီး စင်တင်စိုက်ရင် ပိုထွက်နိုင်ပါတယ်။ အခုနို့ဆီဘူးတစ်ဘူးကို ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ အထိ ရောင်းရပါတယ်။ ကုန်ကျစရိတ်သက်သာပြီး ဈေးကောင်းရလို့ စိုက်ပျိုးသင့်တယ်" ဟု ခွေးလေးယားပင်စိုက်သူတစ်ဦးကပြောသည်။

အဆိုပါ ခွေးလေးယား (အနက်စေ့) မှာ အဆိပ်အတောက်ပြေပြီး လေဖြတ်၊ သွေးတိုး၊ ဆီးချို စသည့်ရောဂါများသက်သာစေခြင်းတို့ကြောင့် လှော်၍ တစ်ရက်နှစ်စေ့မှ ငါးစေ့အထိစားကြကြောင်း၊ နွားနို့၊ ကြက်ဥ၊ ပျားရည်၊ ငှက်ပျော်သီးတို့နှင့်ရော၍ နေဖြင့်ချက်ကာ နေ့စဉ်စားသုံးသည့်အပြင် လက်ဆောင်အဖြစ်ပေးကြကြောင်း စားသုံးသူတစ်ဦးကပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## လိပ်သိုမြို့တွင် တောင်သူများအား စိုက်ပျိုးရေးကဏ္ဍ တောင်သူပညာပေးသရုပ်ပြသ

**လိပ်သို ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ ကျမိုင်းကျေးရွာအုပ်စု မြသာကုန်းကျေးရွာတောင်သူများ အဓိကဝင်ငွေရရှိစေသည့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေပြီး ဈေးကွက်ရရှိစေရေးအတွက် ရည်ရွယ်လျက် စိုက်ပျိုးရေးကဏ္ဍ တောင်သူပညာပေးခြင်းကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ကျေးရွာစာကြည့်တိုက်တွင် ဆောင်ရွက်ခဲ့သည်။

ကျေးရွာနေတောင်သူများအား တောင်သူပညာပေးရာတွင် ဆွေးနွေးခြင်းနှင့် လက်တွေ့ကွင်းဆင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍများပိုမိုအောင်မြင်စေရန်နှင့် သီးနှံများဈေးကွက်ဝင်ပြီး ဝင်ငွေတိုးတက်စေရန် လိပ်သိုမြို့ စိုက်ပျိုးရေးတာဝန်ခံ ဦးသိန်းဌေးနှင့် ဝန်ထမ်းများက တောင်သူများအား ဒေသအတွင်း အဓိကစိုက်ပျိုးကြသည့် ဥယျာဉ်ခြံစိုက်အပင်များစိုက်ပျိုးရာတွင် မျိုးအလိုက် ရာသီဥတုဒဏ်ခံနိုင်မှု၊ အပင်ဖျက်ပိုးကျရောက်မှု၊ သုံးစွဲရမည့်သွင်းအားစုများ စနစ်တကျသုံးစွဲပုံ၊ အသီးအထွက်နှုန်းနှင့် ဈေးကွက်ဝင်မှုအခြေအနေများကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဥယျာဉ်စိုက်အပင်များဖြစ်သည့် ကွဲကော၊ ရှောက်၊ သံပရာ၊ လိုက်ချီး၊ ကြက်မောက်ပင်များ ကိုင်းကူးကိုင်းဆက်ခြင်းကို ဆွေးနွေးခဲ့ပြီး ကော်ဖီတာဝန်ခံ ဦးမျိုးလွင်က သက်ရင့်ကော်ဖီပင်များအား ပင်ပျိုသက်နုဖြစ်အောင် ကိုင်းဆက်ခြင်း၊ ရော်ဘာခြံရှင်များအား နည်းစနစ်မှန်ကန်စွာ အစေးပြားထုတ်နည်းများကို ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၆ ရွာမှ တောင်သူ ၃၅ ဦးအား အသိပညာပေး လက်တွေ့သရုပ်ပြသခဲ့ကြောင်းနှင့် တက်ရောက်လာကြသော တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ



သူရဲကောင်းသုံးယောက်တစ်ဖြစ်လဲ MSN ၊ အလွဲလွဲ အချော်ချော်ဖြစ်ခဲ့တဲ့ မူလာရဲ့ မီဒီယာရှောင်နည်း၊ အီမိုဂျီအမှတ်တံဆိပ်ဖြစ်လာတဲ့ ပေါ့ဘာ၊ စီရိုနယ်လ်ဒိုက ထရန့် မက်ဆီက ကလင်တန်ဆိုတဲ့ နှိုင်းယှဥ်ချက်တွေ အပြင် ဒီတစ်ပတ် ထူးခြားအားကစားသတင်းအချို့ကို ပရိသတ်တွေ အတွက် တင်ဆက်ပေးလိုက်ပါတယ်။

## တစ်နှစ်လုပ်ခလစာ ပေါင်သန်း၃၀ကြောင့် အင်္ဂလန်ဘောလုံးလောကကို မုန်းတီးတာလား ကော်စတာ

ချယ်လ်ဆီးတိုက်စစ်မှူးကော်စတာက မီဒီယာတွေရဲ့ မျက်စိဒေါက်ထောက်လိုက်ကြည့်ပြီး ဝေဖန်ခံနေရတဲ့ အင်္ဂလန်ဘောလုံးလောကနဲ့ မျှတမှုမရှိတဲ့ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကိုလည်း မုန်းတီးတယ်လို့ ဆိုခဲ့တာကြောင့် ဒါဟာ တရုတ်စူပါလိဂ်ရဲ့ တစ်နှစ်လုပ်ခလစာ ပေါင်သန်း၃၀တန် ကမ်းလှမ်းမှုကြောင့်သာဖြစ်မယ်လို့ ထင်မြင်ချက်တွေထွက်လာပါတယ်။ တရုတ်စူပါလိဂ် တီယန်ကျင်းတန်ဂျင်းအသင်းက ကော်စတာကို အခွန်ဆောင်ပြီး တစ်နှစ်လုပ်ခ ပေါင်သန်း၃၀ အပြင် အခြားအပိုခံစားခွင့် ပေါင် ငါးသန်းထပ်ပေးမယ်လို့ မက်လုံးပေးခဲ့တာဖြစ်ပါတယ်။ တီယန်ကျင်းတန်ဂျင်းကလပ်က ကော်စတာအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း၈၀ပေးချေမယ်လို့ ဆိုခဲ့တာတောင် ချယ်လ်ဆီးအသင်းက ရောင်းချဖို့ ငြင်းဆိုခဲ့ပေမယ့် ကော်စတာကတော့ တရုတ်စူပါလိဂ်ကို ပြောင်းဖို့ ခြေလှမ်းပြင်နေပါပြီ။

ကော်စတာရဲ့ အေးဂျင့်ဖြစ်သူ ဂျော့ဂ်မန်းဒက်ဇ်က တရုတ်ကို ရောက်နေပြီဖြစ်သလို ကော်စတာဟာ တရုတ်စူပါလိဂ်ရဲ့ နံပါတ်(၁)ဦးစားပေး ပစ်မှတ်ဖြစ်ပြီး ကစားသမားကိုယ်တိုင်ကလည်း တရုတ်ကို လာချင်နေတယ်ဆိုတာ သူတို့ သိထားတယ်လို့ တရုတ်သတင်းရင်းမြစ်တစ်ခုက ဖော်ပြပါတယ်။ ဒီလိုသတင်းတွေ ထွက်လာပြီးနောက်ပိုင်း ကော်စတာက လေ့ကျင့်ရေးအစီအစဉ်အတွင်း သူ့မှာ နောက်ကျောဒဏ်ရာပြဿနာရှိနေတာမို့ ချယ်လ်ဆီးအတွက် ဝင်ရောက်ကစားဖို့ အဆင်မပြေလောက်ဘူးလို့ အကြောင်းပြခဲ့ပါတယ်။ ဒါကြောင့် နည်းပြကွန်တီ စိတ်ဆိုးဒေါသထွက်ပြီး လက်စတာနဲ့ပွဲမှာ ချန်လှပ်ခဲ့တာကြောင့် ကော်စတာအနေနဲ့ အနေးနဲ့ အမြန်ဆိုသလို ချယ်လ်ဆီးကနေ ထွက်ခွာဖို့တော့ရှိနေပါတယ်။

## စီရိုနယ်လ်ဒိုက ထရန့်၊ မက်ဆီက ကလင်တန်



စီရိုနယ်လ်ဒိုအနေနဲ့ မက်ဆီကိုနောက်ကောက်ချပြီး ဖီဖာကမ္ဘာ့အကောင်းဆုံးဆုဆွတ်ခူးခဲ့တာကို အားလုံးလည်း သိပြီးဖြစ်မှာပါ။ စီရိုနယ်လ်ဒိုကမဲအရေအတွက်ရဲ့ ၃၅ဒသမ၅၄ရာခိုင်နှုန်းရရှိပြီး မက်ဆီက ၂၆ဒသမ၄၂ရာခိုင်နှုန်းသာ ရရှိခဲ့လို့ စီရိုနယ်လ်ဒိုက မက်ဆီထက် ၉ရာခိုင်နှုန်း နီးပါး အသာရခဲ့ပြီး ၂၀၁၆ ခုနှစ်ရဲ့ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဖီဖာ အကောင်းဆုံးအသင်းကို ရွေးချယ်ရာမှာတော့ မက်ဆီက စီရိုနယ်လ်ဒိုထက် မဲအသာရရှိခဲ့တာကြောင့် အားလုံးကတော့ ဒီအဖြစ်ဟာ ၂၀၁၆ ခုနှစ် အမေရိကန်ရွေးကောက်ပွဲနဲ့ အလားသဏ္ဍာန်တူတယ်လို့ နှိုင်းယှဥ်နေကြပါတယ်။

ဖီဖာ အကောင်းဆုံး အသင်းမှာပါဝင်တဲ့ ကစားသမား ၁၁ဦးစာရင်းကို ပရော်ဖက်ရှင်နယ် ဘောလုံးသမားတွေကသာ သီးသန့် မဲပေးရွေးချယ်ရတာဖြစ်ပေမယ့် ကျန်ဆုတွေကိုတော့ ပရိသတ်များရဲ့ အွန်လိုင်းမှ တစ်ဆင့် မဲပေးမှု၊ နိုင်ငံလက်ရွေးစင်နည်းပြများ၊ အသင်းခေါင်းဆောင်များ၊ ရွေးချယ်ခံ ဂျာနယ်လစ်များ မဲပေးရွေးချယ်မှုနဲ့ ဆုံးဖြတ်တာဖြစ်ပြီး တစ်အုပ်စုကို ၂၅ရာခိုင်နှုန်းစီ သတ်မှတ်တွက်ချက်တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့အကောင်းဆုံးအသင်းနဲ့ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုနှစ်ခုကြား ရလဒ်ပိုင်းကွဲလွဲနေတာဖြစ်ပါတယ်။ ဒီအချက်ကို ဥပမာအနေနဲ့ပြရရင် အကောင်းဆုံး ၁၁ ဦး စာရင်းမှာ မပါဝင်တဲ့ ဂရစ်ဇ်မန်းက ဆန်ခါတင်သုံးဦးစာရင်းမှာတော့ ပါဝင်နေတာကို ကြည့်ရင် ရှင်းရှင်းလင်းလင်း သိနိုင်မှာဖြစ်ပါတယ်။

ပရော်ဖက်ရှင်နယ် ကစားသမားတွေရဲ့ စိတ်ကြိုက် အကောင်းဆုံး ကစားသမားက မက်ဆီဖြစ်ခဲ့ပေမယ့် အားလုံးရဲ့ စိတ်ကြိုက်ကစားသမားကတော့ စီရိုနယ်လ်ဒိုဖြစ်ခဲ့တာလို့သာ ဆိုရမှာဖြစ်ပါတယ်။

ဒီအဖြစ်က အမေရိကန်သမ္မတရွေးကောက်ပွဲမှာ အမေရိကန် ပြည်သူအများစုက ဟီလာရီကလင်တန်ကို ကြိုက်နှစ်သက်ခဲ့ပေမယ့် ရွေးကောက်ပွဲစနစ်အရ ပြည်နယ်တစ်ခုချင်းစီအလိုက် ရာခိုင်နှုန်းနဲ့ တွက်ချက်ရာမှာ ထရန့်က အသာရခဲ့တာကြောင့် စီရိုနယ်လ်ဒိုက ထရန့်၊ မက်ဆီက ကလင်တန်ရယ်လို့ အားကစားမီဒီယာများက လှောင်ပြောင်နေကြပြီး ဒါဟာ မဲပေးတဲ့စနစ်ရဲ့ ရှုပ်ထွေးမှုရဲ့ အကျိုးဆက်တွေလို့ ဆိုရမှာဖြစ်ပါတယ်။

## အလက်ဇန္ဒြားဒူးမက်စ်ရဲ့သူရဲကောင်းသုံးယောက် ပြန်လည်သက်ဝင်လာခြင်း

ဘာစီလိုနာအသင်းက ဘီဘာအိုအသင်းကို ကိုပါဒယ်ရေးဖလား၁၆သင်း( ဒုတိယအကျော့)ပွဲစဉ်မှာ



သုံးဂိုး-တစ်ဂိုးနဲ့ ပြန်လည် အနိုင်ယူပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။ ဘာစီလိုနာအသင်းက ပထမအကျော့မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ဒုတိယအကျော့မှာတော့ MSN တိုက်စစ်အတွဲလို့တင်စားတဲ့ မက်ဆီ၊ ဆွာရက်ဇ်နဲ့ နေမာတို့က တစ်ဂိုးစီ သွင်းယူပြီး ကွာတားအဆင့်ကို တက်လှမ်းနိုင်တာဖြစ်ပါတယ်။ ဒါကြောင့်ဘာကာရဲ့ MSN တိုက်စစ်အတွဲကို နာမည်ကျော်စာရေးဆရာကြီး အလက်ဇန္ဒြားဒူးမက်စ်ရဲ့ သူရဲကောင်းသုံးယောက်ဝတ္ထုထဲက ဇာတ်ကောင်းများနဲ့ ခိုင်းနှိုင်းကာ ဘာစီလိုနာရဲ့ " Three Musketeers" လို့ စပိန်မီဒီယာများက တင်စားဖော်ပြနေကြပါတယ်။ ဒါပေမယ့် အချို့ကတော့ ဒီတိုက်စစ်မှူးသုံးဦးရဲ့ ယခုနှစ်ဘောလုံးရာသီ စွမ်းဆောင်ရည်ကျဆင်းနေပြီး ရီးယဲလ်တိုက်စစ်အတွဲနဲ့ လီဗာပူးအသင်းရဲ့ တိုက်စစ်တွဲလောက်တောင် အတွဲအဖက်မမိဖူးလို့ ဝေဖန်မှုတွေ ထွက်နေပါတယ်။

## မီဒီယာတွေကိုရှောင်ဖို့ မူလာရဲ့ကြိုးပမ်းချက်


ဂျာမနီအသင်းနဲ့အတူ ကမ္ဘာ့ဖလား ဆွတ်ခူးခဲ့တဲ့ မူလာဟာ မီဒီယာတွေရဲ့ မေးခွန်းတွေကို ရှောင်ရှားဖို့ ကြိုးပမ်းတဲ့နည်းက ဘောလုံးပရိသတ်တွေအတွက်တော့ ပြုံးချင်စရာဖြစ်မှာပါ။ မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဒိုဟာမြို့ လေ့ကျင့်ရေးကွင်းမှာ သွားရောက်လေ့ကျင့်ပြီး ဂျာမနီနိုင်ငံကို ပြန်လည်ရောက်ရှိလာစဉ်အတွင်း သူ့ကို ပစ်မှတ်ထားနေတဲ့ မီဒီယာတွေကြောင့် မေးခွန်းတွေကို ရှောင်လွှဲဖို့ ဖုန်းပြောချင်ယောင်ဆောင်တဲ့ နည်းလမ်းကို အသုံးပြုခဲ့ပေမယ့် ဖုန်းနဲ့ နိုင်ငံကူးလက်မှတ်( ပတ်စ်ပို့) မှားထုတ်မိခဲ့တာဖြစ်ပါတယ်။ နိုင်ငံကူး လက်မှတ်ကြီးကို နားမှာကပ်ပြီး အပြုံးတွေနဲ့ ဖုန်းပြောနေတဲ့ သူ့ရဲ့ပုံစံကို မီဒီယာသမားတွေက အမိအရ ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကာ ကမ္ဘာတစ်ဝန်း ပရိသတ်တွေကို ဖွင့်ချခဲ့တာဖြစ်ပါတယ်။ မူလာက ယခုနှစ်ဘောလုံးရာသီအတွင်း ခြေကျနေပြီး သွင်းဂိုးတစ်ဂိုးသာ သွင်းယူထားနိုင်တာကြောင့် ဘိုင်ယန်နည်းပြ အန်စလော့တီက သူ့ကို အရန်ခုံမှာပဲ ထိုင်ခိုင်းခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းကပဲ မူလာရဲ့ နေရာအတွက် သူ့အာမခံချက်မပေးနိုင်ဘူးလို့ အန်စလော့တီက ဆိုခဲ့သေးတာကြောင့် ဒီနောက်ပိုင်း မူလာနဲ့ ဘိုင်ယန်အနာဂတ်လည်း ပိုမိုလှုပ်ခတ်လာပြီး သူ့ကို အရင်ကတည်းက ခေါ်ယူချင်ခဲ့တဲ့ မန်ယူကလည်း ခြေလှမ်းခပ်ကျဲကျဲ လှမ်းလာသလို ချယ်လ်ဆီး၊ မန်စီးတီးတို့ကလည်း မူလာကိုရဖို့ ပစ်မှတ်ထားလာကြပါပြီ။



## အီမိုဂျီကိုယ်ပိုင်အမှတ်တံဆိပ်ရှိတဲ့ ပရီမီယာလိဂ်ရဲ့ ပထမဆုံးကစားသမား(သို့မဟုတ်) ပေါ့ဘာ

နာမည်ကြီး လူမှုကွန်ရက်တစ်ခုဖြစ်တဲ့ တွစ်တာက လီဗာပူးနဲ့ မန်ယူပွဲမတိုင်မီ ပေါ့ဘာကို အီမိုဂျီ ကိုယ်ပိုင်တံဆိပ်ရှိလာအောင် ဖန်တီးပေးခဲ့ပါတယ်။ အရေအတွက်ကန့်သတ်ထားတဲ့ ပေါ့ဘာရဲ့ အီမိုဂျီပုံရိပ်ကို ဇန်နဝါရီ ၁၃ရက်ညနေ၅နာရီကနေ ဖေဖော်ဝါရီ ၅ရက်အထိပဲ ရယူနိုင်မှာဖြစ်ပြီး အသုံးပြုချင်တယ်ဆိုရင် #Pogba လို့ ရိုက်နှိပ်ရမှာဖြစ်ပါတယ်။ ပေါ့ဘာကတော့ အခုလို အီမိုဂျီအဖြစ် ဖန်တီးခံရတဲ့အတွက် အလွန်ပဲ ကျေနပ်မိသလို ပျော်ရွှင်ရကြောင်း တုံ့ပြန်ပြောကြားခဲ့ပါတယ်။ ဒီကိစ္စရပ်အပေါ် မန်ယူစီမံခန့်ခွဲမှု ဒါရိုက်တာ ရစ်ချက်အာနိုးက မန်ယူအသင်းက ကမ္ဘာပေါ်မှာ ပရိသတ်အင်အား အခိုင်အမာရရှိထားတဲ့ အသင်းဖြစ်တာကြောင့် အခုလို ပေါ့ဘာရဲ့ ပုံရိပ်ကို ပိုမိုထင်ရှားစေတာဖြစ်ပြီး တွစ်တာအသုံးပြုသူသန်းပေါင်းများစွာက မန်ယူအသင်းကို ယခင်ကထက် ပိုပြီး သတိထားမိလာလိမ့်မယ်လို့လည်း အာနိုးက ဟောကိန်း ထုတ်လိုက်ပါတယ်။ ဒါပေမယ့် လီဗာပူးနဲ့ ပွဲမှာ ပေါ့ဘာရဲ့ လက်ထိဘောကြောင့် ပင်နယ်တီခွင့်ပြုခဲ့ရတာကြောင့် ပရီမီယာလိဂ် ကစားသမားတွေထဲ ပထမဆုံး အီမိုဂျီဖြစ်ခွင့်ရတဲ့ ဂုဏ်ယူနေတဲ့ ပေါ့ဘာတစ်ယောက် ဗီလိန်ဖြစ်သွားခဲ့ရတာတော့ အမှန်ပဲဖြစ်ပါတယ်။



ဓေလဲ့သင်း စုစည်း တင်ဆက်သည်။

## နည်းပညာ

# Samsung မှ အရည်အသွေးမြင့် ကင်မရာပါဝင်ပြီးစွမ်းဆောင်ရည်မြင့်မားသော Galaxy A 2017 မျိုးဆက်သစ်စမတ်ဖုန်းများအား မြန်မာနိုင်ငံတွင် မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၁၈**
ရန်ကုန် မြန်မာ-ဇန်နဝါရီ၅ ရက် ၂၀၁၇ တွင် သပ်ရပ်လှပသော ဒီဇိုင်းနှင့် မြင့်မားသောစွမ်းဆောင်ရည်များ ပါဝင်ကာ အကောင်းဆုံးအသုံးပြုရလွယ်ကူစေရန် ပြန်လည်ဆန်းသစ်ဖန်တီးထားသော နောက်ဆုံးပေါ် Galaxy A မျိုးဆက်သစ်စမတ်ဖုန်းများဖြစ်သည့် ၅ ဒသမ ၇ လက်မအရွယ်အစားရှိA7 စမတ်ဖုန်းနှင့် ၅ ဒသမ ၂ လက်မအရွယ်အစားရှိ A5 စမတ်ဖုန်းသစ်များကို မြန်မာနိုင်ငံတွင် စတင်ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း Samsung Myanmar မှ ယနေ့သတင်းထုတ်ပြန်ကြေငြာလိုက်သည်။ Galaxy A တွင် Samsung ၏ အစဉ်အဆက်အသုံးပြုလာသည့် အဆင့်မြင့်ဒီဇိုင်းအားအခြေခံ၍ အရည်အသွေးမြင့် သတ္တုဘောင်နှင့် 3D ဖန်သားပြင်အား ထည့်သွင်းအသုံးပြုထားသည်။ တိကျသေချာသည့် autofocus နှင့်အတူ ပိုမိုကြည်လင်ပြတ်သားတည်ငြိမ်ပြီး အလင်းရောင်အားနည်းသည့် အခြေအနေများတွင်ပင် စိုလွင်တောက်ပကာ ကြည်လင်ပြတ်သားသည့် ဓာတ်ပုံနှင့် Selfie များကို 16-megapixelအရည်အသွေးရှိ အရှေ့နှင့်အနောက်ကင်မရာများနှင့်အတူ Selfie ဓာတ်ပုံများ ရိုက်ကူးခြင်းသည် အလွယ်ကူဆုံးသောအရာ ဖြစ်စေရန် ဖန်တီးထားသည်။ ဖုန်းမျက်နှာပြင်မည့်သည့်နေရာကိုမဆို ထိခြင်းအားဖြင့် အရည်အသွေးမြင့်ကြည်လင်ပြတ်သားသည့် high-resolution selfie ဓာတ်ပုံများအား floating ကင်မရာခလုတ်နှင့်အတူ လွယ်ကူစွာရိုက်ကူးနိုင်မည်ဖြစ်ပြီး ပိုမိုကြည်လင်တောက်ပသောဓာတ်ပုံများ ရရှိနိုင်ရန်အတွက် ဖုန်းမျက်နှာပြင် display အား front flash အဖြစ်အသုံးပြုနိုင်မည်ဖြစ်သည်။ Galaxy A တွင်ပါဝင်သော ကင်မရာတွင် အလွယ်တကူပွတ်ဆွဲလိုက်ရုံဖြင့် ဓာတ်ပုံတွင် effect အများထည့်သွင်းနိုင်ရန် mode များကို လျင်မြန်စွာပြောင်းလဲနိုင်ခြင်း သို့မဟုတ် အဆင်သင့် filter များအား ပြောင်းလဲနိုင်သည့် ရိုးရှင်းသောလုပ်ဆောင်ချက်အား ထည့်သွင်းပေးထားသည်။ သုံးစွဲသူများအနေဖြင့် ဓာတ်ပုံများအား အဆင်ပြေလွယ်ကူစွာပြင်ဆင်ပြောင်းလဲနိုင်ပြီးအရောင်ချိန်ညှိပေးနိုင်သော အစားအသောက်များ ရိုက်ကူးနိုင်သည့် Mode အစရှိသည်ဖြင့် လုပ်ဆောင်ချက်များအား ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့ Samsung အနေနဲ့ မြန်မာနိုင်ငံက သုံးစွဲသူတွေအဆင့်မြင့်ဆုံးဖြစ်တဲ့ ထုတ်ကုန်တွေကို စျေးကွက်အတွင်းမှာ ရရှိသုံးစွဲနိုင်ဖို့အတွက် အစဉ်တစိုက်ကြိုးစားလျက်ရှိပါတယ်"ဟု Samsung Myanmar ၏ Head of IT and Mobile ကိုဇာနည်ဝင်းထက်မှ ပြောကြားခဲ့သည်။ "အခုနောက်ဆုံးထွက်ရှိလာတဲ့ Galaxy A Series မျိုးဆက်သစ်စမတ်ဖုန်းတွေက ကျွန်တော်တို့ ကြိုးစားမှုတွေရဲ့ သက်သေအထောက်အထားတွေပဲဖြစ်ပါတယ်။ ဒီဖုန်းတွေမှာ ဒီဇိုင်းပိုင်းကိုသာမက လုပ်ဆောင်ချက်တွေကိုပါ ကျွန်တော်တို့အနေနဲ့ တမူထူးခြားဆန်းပြားမှုတွေနဲ့ အဆင့်မြင့်တင်ဖန်တီးထားတာဖြစ်တဲ့အတွက် Galaxy ချစ်သူသုံးစွဲသူတွေအနေနဲ့လည်း ထပ်မံထည့်သွင်းထားတဲ့စွမ်းဆောင်ရည်အသစ်တွေကို စတိုင်ကျကျနဲ့လိုက်ဖက်ညီစွာအလွယ်တကူအသုံးပြုနိုင်မှာ ဖြစ်ပါတယ်"ဟု ကိုဇာနည်ဝင်းထက်မှ ဖြည့်စွက်ပြောကြားသည်။

Galaxy A seriesစမတ်ဖုန်းများတွင် ပထမဆုံးအကြိမ်အနေဖြင့် မိုး၊ ချွေး၊ သဲ၊ ဖုန်ဒဏ်များအား ခံနိုင်ရည်ရှိစေရန်နှင့် ရေဒဏ်နှင့် ဖုန်ဒဏ်ခံနိုင်စွမ်းရှိသည့် IP68 အား ထည့်သွင်းပေးထားသည်။ Galaxy A တွင် ထပ်မံတိုးမြှင့်ထားသည့် ပိုမိုကြီးမားသော ဖုန်းတွင်းမှတ်ဉာဏ်နှင့်အတူ 256 GB အထိ ထပ်မံတိုးမြှင့်အသုံးပြုနိုင်ရန် ပံ့ပိုးပေးထားသည့် microSD slot အား ပံ့ပိုးပေးထားသည်။ သုံးစွဲသူများ၏ နေ့စဉ်ဘဝလှုပ်ရှားသွားလာမှုအား အထောက်အကူပြုစေရန် ဘက်ထရီသက်တမ်းအား ပိုမိုကြာရှည်စေရန်တိုးမြှင့်ပေးထားပြီး အချိန်တိုအတွင်းလျင်မြန်စွာအား ပြန်ပြည့်နိုင်သည့် Fast Charge အားသွင်းစနစ်ကိုလည်း ထည့်သွင်းပေးထားသည်။ Galaxy A အား အားသွင်းရာတွင် အခက်အခဲမရှိ အားသွင်းနိုင်သည့် လွယ်ကူသော ချိတ်ဆက်မှုအတွက် နှစ်ဖက်စလုံးအသုံးပြုနိုင်သော USB Type-C port ဖြင့် ထည့်သွင်းပြုလုပ်ထားသည်။ ဖုန်းအားလော့ခ်ဖွင့်စရာမလိုဘဲ အချိန်နှင့်ပြက္ခဒိန်များအား လွယ်ကူလျင်မြန်စွာ ကြည့်ရှုနိုင်သော Always On Display ကိုလည်း ထည့်သွင်းပေးထားသည်။ Galaxy A series စမတ်ဖုန်းများကို သုံးစွဲသူများအနေဖြင့် အချက်အလက်များနှင့် ဓာတ်ပုံများအား Samsung Cloud မှ တစ်ဆင့် လွယ်ကူစွာသိမ်းဆည်းထားနိုင်မည်ဖြစ်သည်။ ကိုယ်ရေးအချက်အလက်များ လုံခြုံစိတ်ချရမှု security သည် အရေးအကြီးဆုံးဖြစ်သည့်အတွက် သုံးစွဲသူများအနေဖြင့် ကိုယ်ပိုင်အချက်အလက်များအား ခွဲခြား၍ biometric authentication လက်ဗွေရာလုံခြုံရေးစနစ်အား ထည့်သွင်းပေးထားပြီး Secure Folder အတွင်းလုံခြုံစိတ်ချစွာ အချက်အလက်များအား သိမ်းဆည်းထားနိုင်မည်ဖြစ်သည်။

Galaxy A Series စမတ်ဖုန်းများအား ဆန်းသစ်လှပသည့် အရောင်ဆန်းများဖြစ်သည့် အနက်ရောင် (Black Sky)၊ ရွှေရောင်(Gold Sand)၊ အပြာရောင် (Blue Mist) နှင့် ပန်းရောင် (Peach Cloud) အစရှိသဖြင့် အရောင်လေးမျိုးရွေးချယ်နိုင်မည်ဖြစ်သည်။ Galaxy A5 အား မြန်မာငွေကျပ် ၅၂၅၀၀၀၊ Galaxy A7 အား ငွေကျပ် ၆၂၅၀၀၀ ဖြင့် နိုင်ငံတဝှမ်းရှိ Samsung အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ အရေအတွက်ကန့်သတ်ထားသော Galaxy A Series စမတ်ဖုန်းများအား ဇန်နဝါရီ ၈ ရက်မှ ၂၂ ရက်နေ့အထိ ကြိုတင်မှာယူစနစ်ဖြင့် မှာယူနိုင်မည်ဖြစ်ပြီး ဝယ်ယူသူများအနေဖြင့် 64GBmicro SD card နှင့် Type Cadapter တို့ပါဝင်သည့် လက်ဆောင်များ ရရှိမည်ဖြစ်သည်။ ထို့အပြင် Galaxy A Series စမတ်ဖုန်းများအား တယ်လီနော ဆင်းမ်ကဒ်ဖြင့်တွဲဖက်အသုံးပြုသူများအနေဖြင့် လစဉ်ငွေကျပ် ၃၀၀၀ ဖုန်းငွေဖြည့်သွင်းခြင်းဖြင့် 1GB အခမဲ့ဒေတာအသုံးပြုမှုအားခြောက်လဆက်တိုက်ရရှိခံစားခွင့်ရှိမည်ဖြစ်သည်။ အသေးစိတ်လေ့လာနိုင်ရန် www.samsungmobilepress.com တွင် သွားရောက်ကြည့်ရှုနိုင်သည်။ **ခင်စုစုလှိုင်**




## ငါးထပ်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**
မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရား၏ (၁၁၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်မှ ၁၈ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

နှစ်စဉ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ပြာသိုလတွင်ကျင်းပခဲ့ရာ ယခု (၁၁၆) ကြိမ်မြောက်တွင် ဇန်နဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ငါးရက်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးကို ကျင်းပခဲ့ပြီး ၁၅ ရက်တွင် ဘုရားအမျိုးပြုသော သံဃာတော် ၁၀၈ ပါးတို့အား စာရေးတံမဲများလောင်းလှူခဲ့ရာ တစ်ပါးလျှင် အနည်းဆုံးဝတ္ထုငွေကျပ် ၃၀၀၀၀ နှင့်သင်္ကန်းတစ်စုံမှ အမြင့်ဆုံးငွေကျပ် ၇၅၀၀၀၀ ထိ လှူဒါန်းခဲ့သည်။ သံဃာတော် ၁၀၈ ပါးအပြင် သီလရှင်အပါး ၉၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ရာ တစ်ပါးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဘုရားကြီးသို့ လှူဒါန်းသည့်အလှူငွေအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ကျော်ဖိုး လှူဒါန်းခဲ့ကြောင်း ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့ဝင် ဦးတင်မြင့်က ရှင်းပြသည်။

ယင်းအပြင် ဖျော်ဖြေပွဲများအနေနှင့် ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တွင် နိုင်ငံကျော်ခြင်းလုံးအဖွဲ့ ၂၀ ၏ ခြင်းအလှခတ်ပြခြင်း၊ ၁၆ ရက်တွင် မြန်မာသံစဉ် ကာရာအိုကေပွဲများဖြင့် ဖျော်ဖြေခြင်း၊ ၁၇ ရက်တွင် မြဝတီဆုရှင် ကြယ်စင်လေးများ အငြိမ့်မှဖျော်ဖြေခြင်း၊ ၁၈ ရက်တွင် မြန်မာပြည်စတားအငြိမ့်အဖွဲ့မှ ဖျော်ဖြေမှုများဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးမိုး**

❐

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ပြည်သာယာလမ်းကွန်ကရစ်ခင်း

**ရန်ကုန် ဇန်နဝါရီ ၁၇**
ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြည်သာယာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီကကျင်းပရာ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လမ်းသူ၊ လမ်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ပြည်သာယာလမ်းသစ်သည် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ပြည်သူထည့်ဝင်မှုတို့ဖြင့် ပူးပေါင်းခင်းသောလမ်းသစ်ဖြစ်ပြီး အလျား ၅၂၅ ပေ၊ အကျယ် ၁၂ ပေရှိသောလမ်းဖြစ်သည်။

လမ်းသစ်ဖွင့်ပွဲနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်မှသာ တိုးတက်အောင်မြင်နိုင်ကြောင်း၊ ပြည်သူသာလျှင် အမိ၊ ပြည်သူသာလျှင်အဖဖြစ်ကြောင်း၊ ပြည်သူကိုညာရင် ပြည်သူကညာမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ **အေးမင်းသူ**

## ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပိုမိုကောင်းမွန်ရေး သတ်မှတ်လမ်းလယ်မျဉ်းပြုလုပ်

**မြင်းမူ ဇန်နဝါရီ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ယာဉ်နှင့်လမ်းအသုံးပြုသူများ စည်းကမ်းလိုက်နာမှုရှိစေရေးနှင့် ယာဉ်တိုက်ခိုက်မှုလျော့ပါးရေးတို့အတွက် သတ်မှတ်လမ်းလယ်မျဉ်း ပြုလုပ်ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခု လမ်းလယ်မျဉ်း ပြုလုပ်ဆောင်ရွက်မှုကို မြင်းမူမြို့ အ-ထ-က(၂) ရှေ့မှ မြို့မဈေးကြီးအထိ အရှည်ပေ ၃၅၀၀ ဆောင်ရွက်မည်ဖြစ်ပြီး Myanmar Traffic Road (Mandalay) မှ တာဝန်ယူ၍ Thermo Plastic Road Machine ဖြင့် အဆင့်မြင့်စွာ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။ ၎င်းလုပ်ငန်းဆောင်ရွက်နေမှုများအား မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့်ကော်မတီဝင်များက ကြီးကြပ်လျက်ရှိကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**



## Aflatoxin B1 ပါဝင်သောငရုတ်သီးမှုန့်များ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဇန်နဝါရီ ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိထားခြင်းမရှိသည့် Aflatoxin B1 ပါဝင်သော ငရုတ်သီးမှုန့်များအား ရောင်းချမှုမရှိစေရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်မြတ်မြတ်နှင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလင်းမင်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးတိုးဇော်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက ပူးပေါင်းကွင်းဆင်းစစ်ဆေးခဲ့သည်။ **သန်းထွန်းအေး(ပြန်/ဆက်)**

## ကြံတစ်တန် ၇၀၀၀၀ နှုန်းဖြင့် တိုးမြှင့်ဝယ်ယူ

**ရေတာရှည် ဇန်နဝါရီ ၁၇**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမှတ်(၆)သကြားစက်ရုံမှ နှစ်ရှည်စီမံချက်ဖြင့် နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Delicious Food Limited က တောင်သူများအကျိုးစီးပွားမြင့်မားစေရန်ရည်ရွယ်၍ ဇန်နဝါရီ ၁၅ ရက်မှစတင်ကာ ကြံတစ်တန်လျှင် ၇၀၀၀၀ ကျပ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနှင့်တရုတ်နိုင်ငံတို့တွင် ကြံထွက်နှုန်းသိသာစွာကျဆင်းခဲ့ပြီး သကြားဝယ်လိုအားကြောင့် ယခုနှစ်ကြံရာသီ၌ ကြံတစ်တန်လျှင် ငွေကျပ် ၅၅၀၀၀ စျေးနှုန်းသတ်မှတ်၍ စတင်စျေးဖွင့်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ကြံစိုက်ပျိုးသည့်တောင်သူများအနေဖြင့် များစွာအဆင်ပြေကြသည်ကို တွေ့ရှိရသည်။

ယင်းအပြင် ကြံစျေးနှုန်းများ ဆက်လက်တိုးမြှင့်ဝယ်ယူမည်ဆိုသည့်သတင်းနှင့်ပတ်သက်၍ အမှတ်(၆)သကြားစက်ရုံမှ တာဝန်ရှိသူများကို ဆက်သွယ်မေးမြန်းခဲ့ရာ "ဟုတ်ပါတယ်။ ဒီနေ့ကစပြီး တစ်တန်ကို ၇၀၀၀၀ နှုန်းနဲ့ဝယ်မှာပါ။ ဒီစျေးနှုန်းကတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ သကြားစက်အားလုံးထဲမှာ ပထမဦးဆုံးစျေးအမြင့်ဆုံးပေးပြီး ဝယ်ယူတာဖြစ်ပါတယ်။ အဓိကအားဖြင့် တောင်သူတွေစပါးစျေး၊ ပဲစျေးမကောင်းလို့ စီးပွားရေးအရ အခက်အခဲတွေဖြစ်ပေါ်နေတာကို စက်ရုံအနေနဲ့ တစ်ဖက်တစ်လမ်းက အထောက်အကူပြုတဲ့သဘောပါ"ဟု လက်ထောက်စက်ရုံမှူး ဦးတင်ဌေးက ရှင်းလင်းပြောကြားခဲ့သည်။

ကြံစျေးနှုန်းတိုးမြှင့်ဝယ်ယူမည့်သတင်းကြောင့် တောင်သူများအကြားတွင်လည်း အံ့သြဝမ်းသာမှုများရှိခဲ့ပြီး လက်ရှိကြံရောင်းချရန်ကျန်နေသော တောင်သူများအတွက် သားရွှေအိုးထမ်းနိုင်ကြပြီဖြစ်ကြောင်း တောင်သူများအကြားတွင် ပြောကြားမှုများလည်း ရှိနေသည်။ **ကိုလွင်(ဆွာ)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၁၇**
လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ပခုက္ကူမြို့ ကားကြီးဝင်းအတွင်းရှိ ခရိုင်ပုဂ္ဂလိက မော်တော်ယာဉ်လိုင်းများ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီရုံး အစည်းဝေးခန်းမ၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိပ် ပခုက္ကူမှ ရဲအုပ်လိုင်မျိုးထွန်းက လူကုန်ကူးမှု၊ လူမှောင်ခိုနှင့် တရားမဝင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာများ ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ပုဂ္ဂလိက မော်တော်ယာဉ်လိုင်းများ စနစ်တကျပြေးဆွဲရေး၊ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းလှိုင်နှင့် ဂိတ်မှူးများ၊ ယာဉ်မောင်းများ၊ ပခုက္ကူကားကြီးဝင်းကို အမှီပြု၍ ဆိုင်ကယ်ကယ်ရီပြေးဆွဲသူများ၊ စိတ်ပါဝင်စားသူများ၊ ပခုက္ကူမြို့ပေါ်ရှိ သတင်းဌာနများမှ သတင်းထောက်များနှင့် မှုခင်းသတင်းထောက်များ၊ အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ ယခုလက်ရှိတွင် ပခုက္ကူမြို့ကို ပြေးဆွဲနေသော ယာဉ်ငယ်လိုင်းပေါင်း ၂၇ လိုင်းရှိသည်။ **တင်အောင်ဝင်း**



## နိုင်ငံတကာအဆင့်မီအရေးပေါ်အသက်ကယ် သင်တန်း လက်တွေ့သရုပ်ပြ

မြင်းမူ ဇန်နဝါရီ ၁၇
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်လုံးဆိုင်ရာ ပရဟိတပေါင်းစုံကွန်ရက်အဖွဲ့ကကြီးမှူး၍ နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်း လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၅ ရက်က မြင်းမူမြို့မဈေးကြီး မုံရွာ-မန္တလေး ကားလမ်း၌ပြုလုပ်ခဲ့သည်။

"ကျွန်တော်တို့ ဒီသင်တန်းကို ဇန်နဝါရီ၁၀ရက်ကစပြီး သင်ကြားပို့ချခဲ့တာပါ။ အခုမြေပြင်မှာတကယ်လက်တွေ့ လူနာသရုပ်ပြတွေနဲ့ လူနာတင်ယာဉ်တွေကို အသုံးပြုဆောက်ရွက်ပြသတာဖြစ်လို့ အတွေ့အကြုံတွေကိုရရှိစေမှာဖြစ်ပါတယ်" ဟု မန္တလေးမြို့ ချမ်းမြသုခ ပရဟိတလူမှုကူညီရေးအသင်းမှ သင်တန်းမှူး ကိုလှိုင်မင်းဦးက ပြောသည်။

ယခုလက်တွေ့ပြသမှုတွင် အရေးပေါ်ပစ္စည်းမဲ့လူနာကယ်တင်နည်း၊ လူနာသယ်ဆောင်နည်း၊ အရေးပေါ်နှလုံးနိုးဆွနည်း၊ ပတ်တီးစည်းနည်းများကို သင်တန်းသူ၊ သင်တန်းသားများအား တစ်ဦးချင်းနှင့်အဖွဲ့လိုက် မြေပြင်တွင် လက်တွေ့ကိုင်တွယ်၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခု ဒုတိယပတ်သင်တန်းသို့ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မြင်းခြံ၊ မုံရွာ၊ ပြည်၊ ပဲခူးနှင့် မြင်းမူမြို့နယ်များအတွင်းရှိ ပရဟိတလူမှုကူညီရေးအသင်းများမှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ တက်ရောက်သင်ကြားကာ သင်တန်းဆရာ ၂၀ က စာတွေ့၊ လက်တွေ့ဖြင့် ခြောက်ရက်ကြာ သင်ကြားပေးခဲ့သည်။ အောင်စိုးဖေ(မြင်းမူ)

## လမ်းများရေရှည်ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများဆောင်ရွက်

**ကမမောင်း ဇန်နဝါရီ ၁၇**
ကရင်ပြည်နယ်၊ ဘားအံ-သထုံလမ်းမကြီးမှတစ်ဆင့် ဝါးဘိုးတော-ကမမောင်း-ဖာပွန်လမ်းပေါ်ရှိ ကမမောင်းမြို့မှ ဖာပွန်မြို့သွားလမ်းအပိုင်းတွင် မိုးတွင်းကာလ ကတ္တရာလမ်းပေါ်တွင် ရေဝပ်ပြီး လမ်းပျက်စီးမှု မရှိစေရေး၊ လမ်းများရေရှည် ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများကို ကမမောင်းမြို့လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမမောင်းမြို့မှ ဖာပွန်မြို့သွားလမ်းအပိုင်း ကတ္တရာလမ်းတစ်ဖက်တစ်ချက်တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ဒီဇင်ဘာလဆန်းက လမ်း၏ဝဲဘက်အခြမ်းအား ပေ ၂၀၀၀ အရှည်ဆောင်ရွက်ပြီးစီးခဲ့သည်။ ယခုအခါ လမ်း၏ ယာဘက်အပိုင်း အား ၅၂၈၂ ဒသမ ၄၁ ပေရှိ အုတ်ရေမြောင်းကို ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ခြင်းကြောင့် ပြီးစီးသွားပါက မိုးတွင်းကာလ ကတ္တရာလမ်းပေါ်တွင်ရေဝပ်ပြီး လမ်းပျက်စီးမှုမရှိစေဘဲ ရေစီးရေလာကောင်းမွန်စေမည့်အပြင် မြို့တွင်းနှင့် လမ်းဘေးတစ်လျှောက် သာယာလှပရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်။

**ကမမောင်း(ပြန်/ဆက်)**

## မိတ္ထီလာတွင် နွေစပါးကေနစ်ထောင်ကျော် လျာထားစိုက်ပျိုးမည်

**မိတ္ထီလာ ဇန်နဝါရီ ၁၇**
မိတ္ထီလာတွင် ၂၀၁၆ ခုနှစ်အတွင်းက စိုက်ပျိုးရေမရရှိသဖြင့် နွေစပါးလုံးဝစိုက်ပျိုးနိုင်ခြင်းမရှိခဲ့သော်လည်း ယခုနှစ်တွင် နွေစပါးဧကနစ်ထောင်ကျော် လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမောင်မောင်ငြိမ်းက ပြောသည်။

"မနှစ်က စိုက်ပျိုးရေ မရရှိလို့ နွေစပါး လုံးဝစိုက်ပျိုးနိုင်ခြင်း မရှိခဲ့ပေမယ့် ဒီနှစ်တော့ နွေစပါးဧက နှစ်ထောင်ကျော် လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လျာထားချက်အတိုင်း စိုက်ပျိုးမယ်လို့တော့မဟုတ်ဘူး။ အဲဒီအောက်ကိုလည်း လျှော့ပြီး စိုက်နိုင်ပါတယ်။ နွေစပါးနဲ့အတူ နွေနှမ်းဧက ၁၀၀ ချည်မျှင်ရှည်ဝါ ၁၁၅ ဧကတို့ကို စိုက်ပျိုးသွားဖို့ရှိပါတယ်" ဟု မြို့နယ်စိုက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ပြောသည်။

မိတ္ထီလာတွင် ပြီးခဲ့သည့်နှစ်က နွေသီးနှံအဖြစ် နွေနှမ်းတစ်မျိုးတည်း ဧက ၉၀ ခန့်သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် မိုးတွင်းကာလအတွင်းက မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် မိတ္ထီလာကန် အပါအဝင် ကန်ရေကူတမံများဖြစ်သည့် မုန်တိုင်ဆည်၊ ရှမ်းငယ်ဆည်၊ ညောင်ကုန်းဆည်စသည့် ဆည်ကန်များတွင် ရေပြည့်မှတ်ရောက်ရှိသဖြင့် ယခုနှစ်နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေးအတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအရင်းအမြစ်စီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



## ဩစတြေးလျနိုင်ငံမှထုတ်လုပ်သော ဆိုင်ကယ်များဖြင့် စတန့်ပြပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၇**
ဩစတြေးလျနိုင်ငံမှထုတ်လုပ်သည့် RACING KTM ဆိုင်ကယ်များ မိတ်ဆက်ပွဲနှင့် ကမ္ဘာ့ဆိုင်ကယ်စတန့်ချန်ပီယံ စလိုဗေးနီးယားနိုင်ငံသား ROK BAGOROS က ဆိုင်ကယ်စီးစွမ်းရည်နှင့် စတန့်ပြသပွဲကို ဇန်နဝါရီ ၁၄ ရက် ညနေ ၃ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၂၆)လမ်း၊ (၅၇)လမ်းနှင့် (၅၈)လမ်းကြားရှိ Best of the Best(BOB) ကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် KMT Myanmar ဈေးကွက်မန်နေဂျာက ဥရောပသမဂ္ဂအဖွဲ့ဝင် ဩစတြေလျနိုင်ငံမှ ထုတ်လုပ်သောအမျိုးသားစီး KMT ဆိုင်ကယ်များနှင့် မိတ်ဆက်ပေးပြီး ဆိုင်ကယ်ချစ်သူများအား BOB ကွင်းတစ်ပတ် စမ်းသပ်မောင်းနှင်ခွင့်ပြုသည်။

ယင်းနောက် KTM DUCK390၊ 690 ဆိုင်ကယ်များဖြင့် ကမ္ဘာ့စတန့်ချန်ပီယံ ဆလိုဗေးနီးယားနိုင်ငံသား ROK BAGOROS ကကွင်းအတွင်းဆိုင်ကယ်စတန့်မျိုးစုံစီးနင်းပြသပြီးဆိုင်ကယ်စတန့်ချစ်သူများ စတန့်စီးနင်းရာတွင် ဘေးကင်းလုံခြုံစေရေးအတွက် ဆိုင်ကယ်စီးဦးထုပ်၊ အကျီပြည့်စုံစွာဝတ်ဆင်၍ တစ်ပါးသူထိခိုက်မှုမရှိစေရေး စီးနင်းမောင်းနှင်သင့်ကြောင်းပညာပေးဟောပြောခဲ့သည်။

**သီဟကိုကို(မန္တလေး)**




## မြောင်မြို့နယ်တွင်လူထုအခြေပြုကျေးလက်ဖွံ့ဖြိုးရေးသင်တန်းဖွင့်

**မြောင် ဇန်နဝါရီ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဘူးကိုင်းကျေးရွာတွင် လူမှုရေးဆိုင်ရာ သုတေသနအဖွဲ့ (SSPRG) က ကြီးမှူး၍ လူထုအခြေပြုကျေးလက်ဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲက ကျေးရွာ ရွာဦးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သန်းက ဒီမိုကရေစီစနစ်သည် ပြည်သူလူထုကို အခြေပြုထားသဖြင့် အုပ်ချုပ်သူအဖွဲ့အစည်းနှင့် ပြည်သူလူထု ညီညွတ်မှုရှိမှသာ မိမိကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ သင်တန်း ဆရာများက ပို့ချသင်ကြားပေးသည့် အကြောင်းအရာများကို အလေးထားမှတ်သားကာ မိမိတို့ကျေးရွာ ပြန်ရောက်သည့်အခါ ကျေးရွာသူ၊ ကျေးရွာသားများအား ပြန်လည်အသိပညာမျှဝေစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လူမှုရေးဆိုင်ရာ သုတေသနအဖွဲ့ (SPPRG) သင်တန်းနည်းပြက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသည် မြောင်မြို့နယ်အတွင်း၌ ဒုတိယအကြိမ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး၊ သင်တန်းသို့ ကျေးရွာအုပ်စု ၁၃ ရွာမှ သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး နှစ်ရက်ကြာ သင်ကြားပို့ချခဲ့သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများသည် သက်ရက်သာ ကျေးရွာ ကျေးလက်ဆေးပေးခန်း တည်ဆောက်နေမှုကိုသွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **တင်ကိုကို**

## ကော့မှူးမြို့နယ်တွင် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြော

**ကော့မှူး ဇန်နဝါရီ ၁၇**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျိုက်ထော်တောင်ကျေးရွာတွင် ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျိုက်ထော်နယ်မြေ ရဲစခန်းမှူး ရဲအုပ်မျိုးဇော်ထွန်းနှင့်တပ်ဖွဲ့ဝင်များက ကျေးရွာရှိ ပြည်သူ့များနှင့် ကျောင်းသား၊ ကျောင်းသူများအား မူခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးကာကွယ်ရေး၊ လူကုန်ကူးမှုတိုက် ဖျက်ရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းများအား ပြောကြားခဲ့သည်။ **ကျော်သူရ (ပြန်/ဆက်)**

ကြေးမုံ

ဇန်နဝါရီ ၁၈၊ ၂၀၁၇

# ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးမည်ဖြစ်

ကြို့ပင်ကောက် ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆင်ခြေထောက်ရောဂါကိုကာကွယ်ရန် ဒီးအီးစီနှင့် အယ်လ်ဘန်းဒါဇို ဆေးနှစ်မျိုးပေါင်းပြီး တစ်ကြိမ်တည်းတိုက်ကျွေးမည်ဖြစ်သည်။ ဆေးသောက်ရခြင်းကြောင့် ဆင်ခြေထောက်ရောဂါပိုးရှိပြီး ရောဂါလက္ခဏာမပြဘဲ ငုပ်နေသူများအတွက် ရောဂါကုသရာရောက်သည့်အပြင် ရောဂါပိုးမရှိဘဲ သောက်သူများအတွက် ဆေးအာနိသင်ကြောင့် ရောဂါကာကွယ်ပြီးသားဖြစ်သည်။ ထို့ပြင် နောင်သားစဉ်မြေးဆက်အတွက် ကူးစက်ခံရမှုမရှိနိုင်တော့ကြောင်း သိရသည်။

ကာကွယ်ဆေးသောက်ခြင်းကြောင့် ရောဂါပိုး အမြောက်အမြားရှိနေသူများအတွက် ဖျားခြင်း၊ ညောင်းညာကိုက်ခဲခြင်းများ အနည်းငယ်ဖြစ်တတ်ရာ ကြောက်စရာမလိုကြောင်း နောင်နှစ်များတွင်ယင်းကဲ့သို့ လက္ခဏာများ မဖြစ်တော့ကြောင်း သိရသည်။

အဆိုပါဆင်ခြေထောက်ရောဂါကာကွယ်ဆေးကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဖွဲ့များခွဲ၍ အသက် (၂)နှစ်ပြည့်ကလေးငယ်မှစ၍ ပြည်သူအားလုံးကိုတိုက်ကျွေးမည်ဖြစ်ရာ ဆေးသောက်ရမည့် ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ လမ်းညွှန်ချက်အတိုင်း ဆေးသောက်ရမည်ဖြစ်သည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

# ကနီမြို့နယ် ပလ္လင်ကျေးရွာတွင်ဝါးခမောက်လုပ်ငန်းဖြင့် စီးပွားဖြစ်



ကနီ ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မြို့နယ်များတွင် နေရာဒေသအလိုက် လူနေမှုဘဝများ၌ ဝါးဖြင့် ရက်လုပ်အသုံးပြုကြသော တောင်သူများလုပ်ငန်းအသုံးအဆောင်နှင့် လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ကာ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်လုပ်ငန်းများအဖြစ် လုပ်ကိုင်မှုများအနက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တပေါင်းကျေးရွာအုပ်စု ပလ္လင်ကျေးရွာတွင် ဝါးနီးများဖြင့် ရက်လုပ်သော ဝါးခမောက်ကို စီးပွားဖြစ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာကတော့ ဝါးခမောက်ရက်လုပ်ခြင်းကို လူကြီးလူငယ်အားလုံး ရက်လုပ်တတ်ပါတယ်။ ဝါးခမောက် ရက်လုပ်ရာမှာ ဝါး၊ ကြိမ်၊ ပေရွက်၊ ပလပ်စတစ်မိုးကာစတွေနဲ့ ချည်ကြိုးတွေကို အသုံးပြု ရက်လုပ်ရတာပါ။ ဝါးတွေကို ရွာကလူတချို့က ချင်းတွင်းမြစ်အထက်ပိုင်းကို သွားရောက်ခုတ်ကြရပါတယ်။ ကြိမ်၊ ချည်ကြိုးနဲ့ ပလတ်စတစ်မိုးကာစတွေကိုတော့ အလုံမြို့နဲ့ မုံရွာမြို့တွေကမှာယူအသုံးပြုရတာပါ။ အသုံးပြုရတဲ့ ပစ္စည်းကများသလို ခမောက်တစ်လုံးရဖို့ကလည်းအဆင့်ဆင့် ဆောင်ရွက်ရတာဖြစ်တဲ့အတွက် တစ်ယောက်ကနီးဖြာရင် တစ်ယောက်ကအကြွမ်းထည် ရက်လုပ်တယ်။ တစ်ယောက်က အချောချုပ်ကြတော့ မိသာစုအားလုံးအိမ်အရိပ်ထဲမှာပဲ အလုပ်ရပါတယ်။ ရွာထဲမှာလည်း တောင်သူ လုပ်တဲ့သူကလည်း လုပ်ငန်းပါးချိန်ဆို ခမောက်လုပ်ငန်းနဲ့ အပိုဝင်ငွေရှာကြတော့ တစ်ရွာလုံးက ခမောက်လုပ်ငန်းကို လုပ်ကိုင်ကြတာပါ။ ကျွန်တော်တို့ကတော့ ဒီခမောက်လုပ်ငန်းကိုပဲ အဓိကထား လုပ်ကိုင်တာပါ။ ဒါကြောင့် ခမောက်လုပ်ငန်းဟာ ကျွန်တော်တို့ရွာရဲ့ထုတ်ကုန်တစ်မျိုးလို့ပြောမယ်ဆိုရင်ရပါတယ်" ဟု ခမောက်လုပ်ငန်းလုပ်ကိုင်သူ ဦးတင်ရှိန်က ပြောသည်။

ယင်းကျေးရွာရှိ ခမောက်များကို (ဒေသအခေါ်) ပလ္လင်ခမောက်အဖြစ်လူသိများပြီး ခမောက်များကို ဦးထုပ်ပုံအကြီး၊ အသေး၊ မစိန်၊ ခေါင်းကြီး၊ အကြမ်းနှင့် ပြန့်ကြီးခမောက်များဟူ၍ ခွဲခြားထားသည်။ ခမောက်များကိုကလေးမြို့က အဓိကအများဆုံး မှာယူပြီး မုံရွာ၊ အလုံ၊ ဘုတလင်နှင့် ကလေးဝမြို့နယ်များသာမက အခြားမြို့များသို့လည်း ဖြန့်ဖြူးရောင်းချရကြောင်း သိရသည်။ သန်းငွေအောင်(ကနီ)

# ပင်းတလဲ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီး၍ ပတ်ဝန်းကျင်ကျေးရွာမှ ဒေသခံများ လျှပ်စစ်မီးရရှိတော့မည်

ဝမ်းတွင်း ဇန်နဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ ပင်းတလဲကျေးရွာ၌ ၃၃ / ၁၁ ကေဗွီ ၊ ၅ အမ်ဗွီအေ ပင်းတလဲဓာတ်အားခွဲရုံအား ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် တည်ဆောက်ပြီးစီး၍ အနီးအနားကျေးရွာများတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် အသင့်ဖြစ်နေကြောင်း မြို့နယ်လျှပ်စစ်ရုံးမှ သိရသည်။



အဆိုပါ ပင်းတလဲ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ၏ ပတ်ဝန်းကျင်အား ဌာနအစီအစဉ်ဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ၁၀ မိုင် ဆွဲပေးထားပြီး ဓာတ်အားလိုင်းတစ်လျှောက်ရှိ ပင်းတလဲ၊ လေးမျက်နှာ၊ တဲစု၊ ကန်အောက်ကျေးရွာများကို ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် ဆောင်ရွက်နေပြီဖြစ်ရာ အိမ်ခြေ ၁၆၀၀ ကျော်အား မီးလင်းရန် ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ပင်းတလဲဓာတ်အားခွဲရုံ အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် ပုလက်ဝါ၊ ဆင်သေကွေ့၊ သဖန်းပင်၊ ကုက္ကိုခါးလှ၊သဲကန်၊ မြင်သာ၊ ညောင်ကုန်း၊ ငွေးကန်၊ ကန်ပတ်လည်၊ မင်းကန်၊ ရုံးစုကျေးရွာများမှာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန် အသင့်ဖြစ်နေပြီး တောင်ပုလု၊ ပန်းကြိုင်၊ ရှားတော၊ ပေါက်တော(ရှေ့၊ နောက်)ကျေးရွာများမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောင်ရွက်နေရာ တောင်ပုလုကျေးရွာမှာ ဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးဖြစ်သည်။

ဆက်လက်၍ အဆိုပါ ပင်းတလဲဓာတ်အားခွဲရုံရှိ ၃၃ / ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ တစ်ဆင့် ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ကျောက်ဆင်ရွှေတိဂုံ စေတီတော်နှင့် ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၁၆၀ ကေဗွီအေ နတ်ရေကန်တောရကျောင်းတို့အား ဓာတ်အားများ လွှတ်ပေးထားပြီးဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်က ပြောသည်။

ငွေးလှိုင်(ဝမ်းတွင်း)

# မြန်မာ့ရိုးရာ စက်ရက်ကန်းလုပ် ပိုးထည် ချည်ထည် ဝတ်ဆင်သူများပြားလာ

ရေး ဇန်နဝါရီ ၁၇

မွန်ပြည်နယ် ရေးမြို့နယ်ရှိ ကချင်၊ မန္တလေးနှင့် အမရပူရ စက်ရက်ကန်းများမှတစ်ဆင့် ထုတ်လုပ်ဖြန့်ချိတင်သွင်းလာသော မြန်မာ့ရိုးရာ ချည်ပိုးဇာအထည်များကို ၂၀၁၆ ခုနှစ်အကုန်တွင် စတင်တွင်ကျယ်စွာ ဖွင့်လှစ်ရောင်းချနေသူ များပြားလာကာ ယနေ့အချိန်တွင် လူကြိုက်များ ဝတ်ဆင်လာနေကြောင်း သိရသည်။

"ဝတ်ဆင်သူများပြားလာတာနဲ့အမျှ အမျိုးသမီး လူလတ်ပိုင်းနဲ့ လူကြီးတွေက ချည်ထည်အမျိုးမျိုးကိုပိုမိုကြိုက်နှစ်သက်ကြတယ်။ ဆယ်ကျော်သက် အမျိုးသမီးတွေက ထိုင်းပိုး၊ ပြည်တွင်းထုတ်ပိုးထည်၊ ချည်ထည်များကို အဓိကပိုမိုလူကြိုက်များပါတယ်။ အရောင်းအဝယ်က ပွဲတော်ကာလဖြစ်လို့ ဝယ်ယူသူ မြင့်တက်လာနေတာကြောင့် ပစ္စည်းပြတ်လပ်မှုနဲ့လည်း တွေ့ကြုံနေရပါတယ်" ဟု ရိုးရာချည်ထည်နှင့် ပိုးထည်များရောင်းချနေသူ ဒေါ်နွယ်နီနှင်းက ပြောသည်။

ရေးမြို့နယ်အတွင်း ပိုးထည်ချည်ထည် လက်လီဈေးနှုန်းများမှာ တစ်သောင်းကျော်ကနေ ခြောက်သောင်းအထိရှိကာ ထိုင်းပိုးပြည်တွင်း ပိုးထည်ချည်ထည်များမှာ တစ်သောင်းကျော်ကနေ ငါးသောင်းကျော်အထိရှိနေကြောင်း ဝယ်ယူသူများလည်းတစ်နေ့တခြား များပြားလာနေကြောင်း သိရသည်။

ထွန်းထွန်း (ရေး)

# ပန်းလှိုင်ဘေလီသံပေါင်တံတားပြီးစီး၍ သွားလာရေးအဆင်ပြေ

ပူတာအို ဇန်နဝါရီ ၁၇

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့အဝင် ပန်းလှိုင်ဘေလီ သံပေါင်တံတားအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၈၃ ဒသမ၃၈၆ သန်းဖြင့် မြို့နယ်လမ်းဦးစီးဌာနက ဆောက်လုပ်ပြီးစီးခဲ့သဖြင့် ဒေသခံပြည်သူများ ဖြတ်သန်းသွားလာရေး ယခင်ကထက် အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပန်းလှိုင်ဘေလီသံပေါင်တံတားသည် နမ်ထွမ်ချောင်းတွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အရှည် ပေပေါင်း ၁၄၀ ရှိကာ ယခုအခါ အလေးချိန် တန် ၃၀ တင်ယာဉ်များ ဖြတ်သန်းသွားလာနေပြီဖြစ်သည်။

ယင်းတံတားအမျိုးအစားမှာ အောက်ခြေသံကူကွန်ကရစ်တိုင်နှင့် အပေါ်ထည်နှစ်လွှာတစ်ထပ် ဘေလီသံပေါင် တံတားအမျိုးအစားဖြစ်ပြီး ၎င်းတံတားဆောက်လုပ်ပေးခြင်းဖြင့် မြို့ပေါ်ရပ်ကွက်နေပြည်သူများသာမက ပူတောင်းအုပ်စု၊ ပမ္မတီးအုပ်စုရှိ ပြည်သူများအတွက်ပါ များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# အသေးစားချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများပေးအပ်

မြစ်ကြီးနား ဇန်နဝါရီ ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ပြည်နယ်သမဝါယမ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၆ရက် နံနက်ပိုင်းက အသေးစားချေးငွေနှင့် လယ်ယာသုံး စက်ကိရိယာများ ပေးအပ်ပွဲ ကျင်းပခဲ့သည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းက ယခုလိုအသေးစား အရင်းအနှီးချေးငွေများနှင့် စက်ကိရိယာအစုံးပစ္စည်းများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးက သမဝါယမအသင်းများအတွက် ပံ့ပိုးငွေများအားပေးအပ်ရာ တာဝန်ရှိသူအသီးသီးမှ လက်ခံရယူပြီး လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား ပြည်နယ်ဦးစီးမှူးမှ ပေးအပ်ရာ ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးဝင်းနိုင်က လက်ခံရယူခဲ့ပြီး သမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေပေးအပ်နိုင်မှုမှာ အသေးစား အရင်းအနှီးချေးငွေလုပ်ငန်းနှင့် လယ်ယာမြေများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ပံ့ပိုးချေးငွေ ကျပ်သိန်း ၂၁၂ ဒသမ ၅၁၁၈ စုစုပေါင်းပံ့ပိုးငွေ ၁၃၃၅၅ ဒသမ ၉၈ သန်းအား ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အသင်းစုချုပ် ဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကချင်ပြည်နယ် ၁၃ မြို့နယ်မှ အသင်းသား ၁၀၀ ကျော် တက်ရောက်ခဲ့သည်။ ခရိုင်ပြန်/ဆက်



# မန္တလေးတောင်ပေါ် စောင်းတန်းကပဲတက်ကြပါ

ဆူးငှက်

**သန်းခေါင်လေ မြူးပါလို့ စမ်းရောင် နှုးကြည်လို့လင်၊ မန်းတောင်ပေါ်ရိုးဆီက၊ ဖိုးခေါင် ကျူးသာလှထင်.. (မြို့မငြိမ်း)**

မန္တလေးနှင့် မန္တလေးတောင်သည် မြတ်စွာဘုရား ဗျာဒိတ်ထားခဲ့သည်ဟု ဆိုသည်နှင့်အညီ တင့်တယ်လိုက်ဖက် လွန်းလှသည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းမှသည် ရိုးမတောင်ခြေအထိ ပြန့်ပြူးညီညာလှသော မြေပြင်ဝယ် မန္တလေးတောင်တော်သည် ထီးတည်းတည်ကာ မြေမှ စုံ့စုံ့တက်၏။ ထိုအခါ လှပကျယ်ပြောလှသော မြေပြင်အား ရှုမြင်ခံစားနိုင်ရန် မျှော်စင်ပမာ တည်ရှိပြန်သည်။

တောင်ထိပ်ဆီမှ အရှေ့ဆီမျှော်ပြန်မူ ပြာရင့်မှိုင်းရိုးမက မြင်ကွင်းကို တားဆီးကန့်သတ်အံ့ဩြား၊ ထူးထူးအံ့ဖွယ် ပုံသဏ္ဍာန်များဖြင့် ဗျိုင်းရယ်တောင်၊ ရေတံခွန်တောင်၊ ကျွဲနဖားတောင်တို့က ရင်သပ်ရှုမောစေ၏။ အနောက်ဆီမျှော်ပြန်မူ မင်းဝံတောင်ရိုးသည် တငြိမ့်ငြိမ့်စီးဆင်းသော ခြေရင်းက ဧရာဝတီကို မမှိတ်မသုန် ရေကသိုဏ်းရှုနေပြန်သည်။ တောင်ဆီမှာမူ ဟိုမှုန်ပျပျအဝေးရေရိပ်က တောင်သမန်ရွှေအင်းဖြစ်၏။ သည်မှာဘက်မူ မုနိဖောင်တော်ဆိုက်ကပ်ရာ တက်သေးအင်းဖြစ်သည်။ မြောက်ဆီမှာမူ သခင်မတောင်တော်သည် တောင်စွယ်တောင်တန်း အစွန်းမှ ပြေလျောနိမ့်ဆင်းလာ၏။ မလှမ်းမကမ်းမှာက မင်းညီနောင်၏ တောင်ပြုန်းစေတီတော်။

ထိုမြင်ကွင်းကား ရတနာပုံမင်းနေပြည် မတည်မီက တောရိပ်တောင်ရိပ်ရေရိပ်ဖြင့် အတိပြီးသော ရှုဖွယ် ရှုခင်းပေတည်း။ ၁၂၂၁ ခု၊ အမရပူရမြောက်အရပ်သို့ ရွှေ့ပြောင်းကာ ရတနာပုံမင်းနေပြည်တည်ထောင်သော အခါတွင် မန္တလေးတောင်ခြေရင်းတွင် တစ်မျက်နှာလျှင် တာပေါင်း ၆၀၀ ဖြင့် လေးထောင့်စပ်စပ် မင်းနေပြည် နန်းမြို့ကြီးကို ကျုံးမြို့ရိုးပြအိုးအစုံအလင်ဖြင့် တင့်တယ်စွာ မြင်ရပြန်၏။ တောင်ခြေပတ်လည် ရှုပါဘိဦး. . .၊ မြို့တည်နန်းတည် ခုနစ်ဌာန အပါအဝင်ဖြစ်သော မဟာအတုလဝေယန်ကျောင်းတော်၊ မဟာလောကမာရဇိန်စေတီတော်၊ သုဓမ္မာဇရပ်တော်၊ သိမ်တော်၊ ပိဋကတ်တိုက်တော်တို့သည်လည်း မြန်မာ့ဗိသုကာ လက်စွမ်းပြလက်ရာများဖြင့် တစ်မျိုးတစ်ဘာသာစီ မူကွဲကာ ထူးခြားစွာ ပေါ်ထွန်းလာတော့၏။ ထို့ပြင် နန်းမြို့ပတ်လည် အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်တို့တွင်လည်း ရွှေမြို့တော်ကြီးကို ဝန်းပတ်တည်ကာ ပြလမ်းအသွယ်သွယ်၊ တည်းခိုဇရပ်၊ ရေတွင်းရေကန်များသာမက ပရိယတ်စာသင်တိုက်ကြီးများ ရာချီကာ ဆောက်လုပ်လှူဒါန်း တည်ထောင်ခဲ့ပြန်၏။ ထိုအခါတွင်မူ နဂိုမူလကပင် လှပတင့်တယ်လှသော မန္တလေးတောင်တော်ဝန်းကျင် မြေပြန့်လွင်ပြင်သည် အလှတွင် အယဉ်ဆင့်ကာ ရှုတင့်မဆုံးရှိခဲ့လေတော့သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၇၇၆ ပေ၊ တောင်ခြေမြေပြင်အထက် ပေ ၅၀၀ မြင့်သော မန္တလေးတောင်ကို တောင်ကိုးလုံးပတ်ဝန်းရံသည်ဟု ရှေးစာဆို၏။ ၎င်းတောင်များမှာ ဆေးဒန်းတောင်၊ ဘီလူးမတောင်၊ ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်၊ ဒုတ္တာတောင်၊ ကြေးနီတောင်၊ ရေလှည့်တောင်၊ မြင်းသီလာတောင်များ ဖြစ်သည်ဟု ဆို၏။ အနောက်ဘက်တောင်စောင်းတန်း ထိပ်တောင်ဘက်အနီး မြနန္ဒာကန်တော်ကြီးတောင်ဘက်ရှိ စေတီတော်နှင့် တောင်ကို ဆေးဒန်းတောင်ဟု ခေါ်သည်။ ယခု အောင်ဇမ္ဗူကျောင်းရှိပါသည်။ အနောက်ဘက်စောင်းတန်းမုခ်အနီး၊ မဟာဓမ္မိကာရာမ၊ သစ်ဆိမ့်တိုက်ဦး တောင်နိမ့်လေးကို ဘီလူးမတောင်ဟုခေါ်ပြီး ယခု မိဂဒါဝုန်ကျောင်းရှိသည်။ ဘီလူးမတောင်၏ အရှေ့မြောက်ယွန်းယွန်း အဘယခေမရွှေတောင်ကြားကျောင်းတိုက်အရှေ့ဘက် ကျောက်ရေကန်ကြီးနှင့် ဓမ္မာရုံစေတီတော်တို့တည်ရာတောင်ကို ငွေတောင်ဟု ခေါ်သည်။

ရွှေတောင်၊ ငွေတောင်တို့၏ မြောက်ဘက်တွင် ယခင်က ဦးရဲကန်ဟုတွင်သော ရေကန်ကြီးတစ်ကန်ရှိပြီး ယခု ရေပေးရေးစီမံကိန်းရေကန်ကြီးဖြစ်နေပါသည်။ ယင်းရေကန်၏မြောက်ဘက်တွင် ပတ္တမြားတောင် ရှိပါသည်။ ပတ္တမြားတောင်မှာ စောင်းတန်း၊ လှေကား၊ မုခ်ဦး၊ တန်စောင်း၊ ကျောင်းတို့ဖြင့် သိုက်မြိုက်စည်ကားလှပေ၏။ မန္တလေးတောင်ဆင်းကားလမ်းအတိုင်း လိုက်သွားလျှင် တောင်၏အရှေ့မြောက်ထောင့်တွင် တိုက်သူကြီးဘုရား ရှိ၏။ ထိုအရပ်ကား ဒုတ္တာတောင်ဖြစ်ပါသည်။ ယခု ဖားအောက်တောရ တည်ရှိပါသည်။ ကားလမ်းအတိုင်း ဆက်လျှောက်လျှင် တပ်ဦးရိပ်သာကျောင်းကို တွေ့ရပါသည်။ တပ်ဦးရိပ်သာကျောင်းအရှေ့ဘက်က စေတီတစ်ဆူတည်ထားသောတောင်ကို ကြေးနီတောင်ဟု ခေါ်ပါသည်။ ယခု မိုးလေဝသ လျှင်တိုင်းတာရေးစခန်း တည်ရှိပါသည်။ ၎င်းမှ တောင်ဘက်ယွန်းယွန်းတွင် မိုးရေများ တောင်ပေါ်မှကျလာသောအခါ လျှိုမြောင်ကြီးများအတွင်း လှည့်ပတ်စီးဆင်းသော နေရာရှိပါသည်။ ထိုနေရာရှိ စေတီတည်ထားသော တောင်ကို ရေလှည့်တောင်ဟု ခေါ်ပါသည်။ တောင်ဘက်သို့ဆက်သွားလျှင် စေတီလေးတစ်ဆူနှင့် တောင်ပူစာလေး ရှိပြန်ပါသေး၏။ ထိုတောင်ကို မြင်းသီလာတောင်ဟုခေါ်ကြသည်။ တချို့က မင်းသီလာတောင်ဟု ဆိုပါသည်။ လောကီထွက်ရပ်ပေါက်လမ်းကို လိုက်စားကြကုန်သော အဂ္ဂိယဝါသနာရှင်များက မြင်းသီလာတောင်က မြေများကိုယူကာ "မမလေး မယုံတယုံ၊ သုံးပုံတစ်ပုံ" ဟူသော လက်သွားအတိုင်း ကျွန်းသားမီးသွေးမှုန့်က တစ်ပုံ၊ မြေမှုန့်ကနှစ်ပုံ ရောစပ်ကာ ရေဖြင့်နှပ်ပြီး သစ်သားများကို လုံပုံစံအမျိုးမျိုးပြုလုပ်သွားပါက နဂါးပြဒါးပြီးဆုံးအောင်မြင်သည်ဟု မှတ်ယူကြသည်။ မြင်းသီလာတောင်၏အနီးတွင် မန္တလေးဘိုးဘိုးကြီးနတ်ကွန်း ရှိပါသည်။

မန္တလေးတောင်သည် မြို့ပြကြီးအတွင်း တည်ရှိနေသော်လည်း သဘာဝပတ်ဝန်းကျင်က ကျုံးရေ၊ စိမ့်စမ်း၊ သစ်ရိပ်၊ ဝါးရိပ်၊ တောတောင်လျှိုမြောင်ဖြင့် လှချင်တိုင်း လှနေပါသည်။ ထို့ပြင် ပန်းရံ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းတမော့ စသော ရိုးရာလက်ရာများကိုလည်း တစ်စုတစ်ဝေး ကြည့်ရှုနိုင်သော နေရာလည်း ဖြစ်နေပါသည်။ ထို့ကြောင့် ရှေးကာလမှသည် ယနေ့ထက်တိုင် မန္တလေးတောင်ကို ခံစားရေးခြယ်ကြသည့် ပန်းချီကားပေါင်းလည်း မနည်းပင် ရှိနေချေ၏။ ထို့ပြင် မန္တလေးတောင်ကိုတက်ရာ၌လည်း တောင်တန်းလေးသွယ်ရှိသောကြောင့် မည်သည့်စောင်းတန်းမှ တက်သည်ဖြစ်စေ၊ သဘာဝရှုခင်းရှုကွက်များက မတူမစပ်စေရဘဲ ခံစားနိုင်သည်လည်းဖြစ်သည်။ မန္တလေးဘက်မှလာလျှင် ပထမဆုံး ဦးတိုက်ရာ တောင်တော်၏ တောင်ဘက်မျက်နှာတွင်ပင် စောင်းတန်းနှစ်သွယ် ရှိပါသည်။ ကြီးမားခံ့ထည်လှသော အုတ်အင်္ဂတေ ခြင်္သေ့ကြီးနှစ်ကောင်တည်ထားသည့် စောင်းတန်းမှတက်လျှင် သံတန်စောင်းပြာသာဒ် အခန်းပေါင်း ၃၅၆ ခန်းရှိပြီး အောက်ခြေတော်ရာ အထက်ခြေတော်ရာနှင့် ပြည်လုံးချမ်းသာ ရုပ်တော်မူဘုရားကြီးများကို စတင်ဖူးရပါသည်။ ရုပ်တော်မူဘုရားကြီးကို ရွှေရုပ်တော်ဟုလည်းခေါ်ကြပြီး ဘုရားကြီး၏ ဂန္ဓကုဋိပတ်လည်တွင် မန္တလေးပန်းချီကျော် ဦးစောမောင်၏ နိပါတ်တော်ပန်းချီကားများ ရှိပါ၏။ ထို့နောက် စိုင်တမော့၊ ဗျာဒိတ်ပေး၊ ဦးခန္တီဇရပ်မှသည် နှစ်ကျိပ်ရှစ်ဆူဘုရား၊ အရှက်ခံဘုရား၊ ခြင်္သေ့မင်း၊ ဆင်မင်း၊ ဆတ်မင်း၊ ကြက်မင်း၊ ငုံးမင်းဘုရားများ။ ထို့နောက် စန္ဒမုခိစေတီမှလည်း ဆုတောင်းပြည့်ဘုရားသို့ ဖူးမြော်နိုင်၏။

မန္တလေးဘိုးဘိုးကြီးနတ်နန်းတည်ရှိသော အရှေ့ဘက်စောင်းတန်းမှတက်လျှင်မူ အတိုဆုံးဖြစ်ပြီး အခန်းပေါင်း ၂၅၀ ရှိပါသည်။ ဘိုးဘိုးကြီးနတ်နန်းမှ ဓာတ်တော်တိုက်၊ ထိုမှ ဆုတောင်းရဘုရား၊ ပြည်တော်အေးဘုရား၊ ဗျာဒိတ်ပေး၊ နဂါးရုံ၊ ဦးခန္တီဇရပ်မှတစ်ဆင့် ဆုတောင်းပြည့်ရင်ပြင်သို့ တက်ရောက်နိုင်၏။ ဤစောင်းတန်းနှစ်သွယ်မှာ ယခင်ကတည်းက လူအတက်များသည့် စောင်းတန်းများ ဖြစ်ပါသည်။

သစ်ဆိမ့်တိုက်ဘက်မှတက်သော အနောက်ဘက်စောင်းတန်းမှာမူ ရှေးလက်ရာ အုတ်ခြင်္သေ့ဟောင်းကြီးနှစ်စီးရှိပြီး ပန်းချီဆရာ၊ ဓာတ်ပုံဆရာများ မျက်စိကျလှသော ခြင်္သေ့ကြီးများ ဖြစ်ကြသည်။ ယခုအခါ ထိုခြင်္သေ့ကြီးများအား အသစ်ပြန်လည်ပြုပြင်ထားသည်ကို မြင်တွေ့ရ၏။ အနောက်ဘက်စောင်းတန်းသည် ဒုတိယအရှည်ဆုံးစောင်းတန်းဖြစ်ပြီး အခန်းပေါင်း ၃၈၀ ခန်း ရှိပါသည်။ အနောက်ဘက်စောင်းတန်းသည် ဆုတောင်းပြည့်စေတီသို့ တောက်လျှောက်တက်ရောက်နိုင်၏။ ကြားတွင် တစ်ဝက်တစ်ဝဂ္ဂဘုရားတစ်ဆူရှိပါသည်။ စောင်းတန်းလေးသွယ်အနက် အရှည်ဆုံးစောင်းတန်းမှာ မြောက်ဘက်စောင်းတန်းဖြစ်ပြီး အခန်းပေါင်း ၉၄၂ ခန်း ရှိပါသည်။ မြောက်ဘက် ရွှေကျင်ဂိုဏ်းဘက် စောင်းတန်းဦးတွင် မရွှေဥနတ်နန်း ရှိပါသည်။

အလေ့ာတော်အမြင့်ရှိသော မန္တလေးတောင်ကို အဆင်သင့်ပြုလုပ်ထားသော အုတ်လှေကားများ အတိုင်း စောင်းတန်းလေးသွယ်မှ တက်နိုင်ရန် စီစဉ်ထားခြင်းသည် ဘုရားဖူးခြင်း၊ သဘာဝရှုမျှော်ခင်းများကြည့်ရှုခြင်းအတွက်သာမက ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သော အစီအစဉ်ဖြစ်ပါသည်။ ယခုအခါ တောင်တက်တောင်ဆင်းကားလမ်းကို ဖောက်လုပ်ထားပြန်သဖြင့် ထိုတောင်တက်ကားလမ်းများအတိုင်း ခြေကျင်တောင်တက်တောင်ဆင်းကို နေ့စဉ်ဝတ်မပျက် ဆောင်ရွက်နေကြသူများကိုလည်း တွေ့ရပါ၏။

တကယ်တော့ မန္တလေးတောင်သည် ဘာသာရေး၊ ယဉ်ကျေးမှုတွင်သာမက လူမှုရေး၊ ကျန်းမာရေးများ အတွက်ပင် အထောက်အကူပေးနေသော အဖိုးတန် နေရာဌာန ဖြစ်ပေသည်။ ဤသို့သော အမွေအနှစ်နေရာတွင် စီးပွားရေးတစ်မျက်နှာဖြင့် သဘာဝပတ်ဝန်းကျင် ပျက်စီးစေသော၊ ယဉ်ကျေးမှုပျက်သုန်းစေသော၊ ဘာသာရေးနှင့် မလျော်ကန်လှသော ပြဖွယ်ကိစ္စအလုံးစုံကို မပြုလုပ်မိကြရန် ရှောင်ရှားကြရန်လည်း လိုအပ်လှပေ၏။ ထို့ပြင်တစ်ဝ မန္တလေးတောင်တော်သို့ ဘုရားဖူးကြမည်ဆိုပါက ကားဖြင့် အလျင်အမြန်တက် မြွေကြီးနှစ်ကောင်ကြည့် ဆုတောင်းပြည့်ဘုရားကို ပုဆိန်ပေါက်ရှိခိုး၊ ရင်ပြင်တော်ပေါ် ဓာတ်ပုံရိုက် အပြေးအလွှားပြန်ဆင်းခြင်းမပြုကြဘဲ ခြင်္သေ့ကြီးနှစ်ကောင်စောင်းတန်းမှ တက်ကာ စောင်းတန်းတစ်လျှောက်ရှိ စေတီပုထိုး ပန်းဆယ်မျိုးအနုပညာ သဘာဝရှုခင်းအဖုံဖုံကို ဖူးမြော်ကြည်ညို ကြည့်ရှုခံစားရင်း ဘုရားဖူးဖော်များနှင့် မေးမေးမြန်းမြန်း ဆွေးဆွေးနွေးနွေး တက်ရောက်သင့်သည်။ မန္တလေးတောင်ကို ရသေ့ကြီးဦးခန္တီက ဗုဒ္ဓဝင်ပြတိုက် ပန်းဆယ်မျိုးပြတိုက်ကြီးအသွင် ဖန်ဆင်းခဲ့သည် မဟုတ်ပါလား. . ။

ထိုသို့သော သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစေခြင်းငှာ တောင်တက်ကားလမ်းကို လုံခြုံရေး၊ အရေးကြီးဆေးသည်ခရီးစဉ်နှင့် သက်ကြီးရွယ်အိုများအတွက်ပဲ သုံးသင့်သည်။ အထူးသဖြင့် ကေဘယ်ကားအစီအစဉ်မျိုး လုံးဝ(လုံးဝ) ခွင့်မပြုသင့်။

မန္တလေးတောင်ပေါ်တက်ရင် စောင်းတန်းကပဲ တက်ကြပါ။ သို့မှသာ လာရကျိုးနပ်ပေမည်။
တောင်တက် ဘုရားဖူး သမိုင်းတူးစွ
သဘာဝဝန်းကျင် ပိုချစ်ခင်။



ဒေါက်တာစောလှဖြူ ဦးစီးသော

EC

Since 1998

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

EC : The Prestigious School of Future Leaders

## တက္ကသိုလ်ဝင်တန်း ပညာသင်ဆု လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာထူးချွန်သော ကျောင်းသားကျောင်းသူများကို ကူညီအားပေးရန် စကောလားရှစ် ပညာသင်ဆုချီးမြှင့်ခြင်းကို ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုနှစ် နဝမတန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူတိုင်း လျှောက်ထားနိုင်ပါသည်။

(က) ရေးဖြေစာမေးပွဲကို နဝမတန်းသင်ရိုးအတိုင်း မြန်မာစာ စာစီစာကုံး၊ အင်္ဂလိပ်စာ (Essay & Letter)၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ ပါဝင်သော သုံးနာရီမေးခွန်းလွှာကို ဖြေဆိုရပါမည်။

(ခ) ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့နှုတ်ဖြေ စစ်မေးပြီး အပြီးသတ်ရွေးချယ်ပါမည်။

(ဂ) နယ်မှကျောင်းသားကျောင်းသူများအတွက် နီးစပ်ရာ ခရိုင် (သို့မဟုတ်) ပြည်နယ်/တိုင်းဒေသကြီး မြို့တော်များတွင် ရွေးချယ်ရေးစာမေးပွဲများကို ကျင်းပပေးပါမည်။

(ဃ) ပထမအဆင့် (First Class) အနေဖြင့် ရွေးချယ်ခံရသူများသည် EC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်နှစ် တစ်နှစ်တာ သင်ကြားရေး၊ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး စရိတ်အားလုံး (လုံးဝ) ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။

(င) ဒုတိယအဆင့် (Second Class) အနေဖြင့် ရွေးချယ်ခံရသူများသည် သင်ကြားရေးစရိတ် ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။

(စ) လျှောက်ထားလိုသူများသည် အမည်၊ အဖအမည်၊ ကျောင်းနှင့် တန်းခွဲ၊ ဆက်သွယ်ရန်လိပ်စာ၊ ရရှိခဲ့ဖူးသော ထူးချွန်ဆုများကို ဖော်ပြလျက် (၂၈-၂-၂၀၁၇) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

- ၆(က) ကန်တော်ကြီးကန်ပတ်လမ်းမကြီး၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၇၊ ၀၉ ၂၆၄ ၂၀၀၀၅၈
- (ကျောင်း) ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၉

# ကြော်ငြာ


## NEW MOTION Travels & Tours

New Motion

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ရွှေလျားသစ်လွင် ခရီးစဉ်

| | | | |
|---|---|---|---|
| ★ ပုဂံ ခရီးစဉ် | Feb 10,Mar 1,10,24 | ★ ကလော-လွိုင်ကော်ခရီးစဉ် | Feb 10,Mar 1,10,24 |
| ★ မန္တလေး ခရီးစဉ် | Feb 10,Mar 1,10,24 | ★ မြဝတီ - မဲဆောက်ခရီးစဉ် | Feb 10,Mar 1,10,24 |
| ★ တောင်ကြီးခရီးစဉ် | Feb 10,Mar 1,10,24 | ★ ထားဝယ် - ကန်ချနာပူရီခရီးစဉ် | Feb 10,Mar 1,10,24 |

★ အလောင်းတော်ကဿပခရီးစဉ် Feb 10,Mar 1,10,24

အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

Since 1985
## ဧဝတနာရှင်
ကျိုက်ထီးရိုး/ ရွှေချောင်းသာ
မြဝတီ-ဘားအံ/ ငွေဆောင်
မန်းရွှေစက်တော် (Jan30,31)
01-392704, 09 73017110
09795066657,09785066657

## ရွှေအိုးကြီး
မြဝတီ၊ မဲဆောက်၊ ဖငေါ၊
ဘားအံဘုရားဖူးနှင့်ချစ်သူမြိုင်
Hotel ... S/P (Visa) ...
(75000)Jan-20,27/Feb-3,10
09421073634, 777636630

## မြတ်ဗောဓိ ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့
'MARCH(Promotion) အထူးခရီးစဉ်'

၈ ရက်ခရီး -၁၀.၇ သိန်း - သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ (၃)ဌာန (အိန္ဒိယ-နီပေါ)

၁၅ ရက်ခရီး - ၁၁ သိန်း - သံဝေဇနီယ (၄)ဌာန၊ အဝိဇဟိတ (၄)ဌာန၊ ဂင်္ဂါမြစ်၊အာဂရာ (တပ်ချပ်မဟာ) နယူးဒေလီနေရာစုံ (အိန္ဒိယ-နီပေါ)

(၁၆)ဦးတစ်ခု (၁)ဦးလက်ဆောင်ပေးသည်၊နယ်မှခရီးသည်များ ကြို/ပို့တည်းခိုရေး စီစဉ်ပေးသည်၊ယာဉ်နှစ်ဆွမ်း၊ ရေချမ်း၊ ပန်း၊ သစ်သီးဆွမ်း၊ India GSM Simcard နှင့် ကားပေါ်တွင် Internet Wifi Free Service၊ ဘုရားဌာန(၄) ဌာနတွင်စုပေါင်းကြာသယ်နှံ(၁၁)ညည်တို့ကိုဓမ္မဒါနပေးသည်၊နယူးဒေလီဟိုတယ်တွင်ညအိပ်၍ နံနက် /နေ့လည်/ ညစာ မြင့်ကျွေးမွေးညှဉ်ခံမည်၊ကားညမောင်းခရီးစဉ်လုံးဝ(လုံးဝ)မပါပါ၊နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများအထက်ပါဈေးနှုန်း ဖြင့် ပို့ဆောင်ပေးပါသည်၊မြတ်ဗောဓိရုံးခန်းတွင်(DVD)အခွေနှင့်ဝန်ဆောင်မှုလက်ကမ်းကြော်ငြာများ အခမဲ့လာရောက်ယူနိုင်ပါသည်၊ခရီးစဉ်အသေးစိတ်ကိုစုံစမ်းမေးမြန်းနိုင်ပါသည်၊ ခရီးစဉ်ရက်စွဲများ အပြောင်းအလဲ မရှိပါ။

၁၅ ရက် - {Mar-4,18 ( promotion အထူးခရီးစဉ်)} {April-8 သင်္ကြန်} ခရီးစဉ်အားလုံးစရိတ်ငြိမ်း { ၈ရက် - April-15 သင်္ကြန်}

ရန်ကုန်ရုံးချုပ်။ ။အမှတ်(၁၃၃၊ ၁၃၅၊ ၁၃၇)၊အခန်း(၃/အေ)၊လမ်း(၄၀)၊ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ ။ 09 49338595, 09 263125261 , 09788304828 , 09 420134528
မန္တလေးရုံးခွဲ။ ။ အခန်း (ဘီ/၅) ရတနာပုံ (စ)ဈေး ဘုရင့်နောင်လမ်း ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့ ၀၉၉၁၀၃၅၇၉

## ပါကေး အစားထိုး ကြမ်းခင်း
Special Promotion

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
Think of House, Think of Home

Buy Flooring → Get Box
၄ ကျပ်ငွေ ဝယ်ရှင် → ၁ ပုံး လက်ဆောင်

Grade A,B,C,D စစ်မှန်မှုကိုစက်ဖြင့် "အခမဲ့" လက်တွေ့ စစ်ဆေးပေးသည်။

★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိ ရှိပါသည်
★ လက္ကား ဝယ်ယူလိုသူများ အတွက် အထူး ဈေးနှုန်း

ပိတ်ရက်မရှိ

(အင်းစိန်) (သင်္ဃန်းကျွန်း) (ပဲခူး) (မန္တလေး) (တောင်ကြီး)
(အောင်ဆန်းကွင်း) (မြောက်ဥက္ကလာ) (မော်လမြိုင်) (မြင်ဦးလွင်) (မုံရွာ) (နေပြည်တော်)

HOTLINE: 09-79 700 70 70
09-79 700 70 80

## စီးပွားရေးအထူးလုပ်ကိုင်ရန်နေရာအလွန်ကောင်း နှစ်(၉၀)ဂရန်ကြီးကျပြီး မြေကွက်ကြီး ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

လုပ်ငန်းရှင်ကြီးများအတွက် စီးပွားရေးအထူးလုပ်ကိုင်ရန်ကောင်းမွန်သော နေပြည်တော်ဥတ္တရသီရိမြို့နယ် (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေး) မင်းကုန်းအုတ်စက်ရုံအနီး (KLO)စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် တည်ရှိသောနေရာအလွန်ကောင်း နှစ်(၉၀)ဂရန်ကြီးကျပြီး မြေဧရိယာအကျယ်(၅)ဧကခန့်အပြင် တစ်ဆက်တည်းပါဝင်သည့် ကျန်မြေ(၄)ဧကခန့်ကိုပါ ထည့်သွင်းပေးမည်ဖြစ်ပြီး စုစုပေါင်းမြေဧရိယာ အကျယ်(၉)ဧကခန့်ရှိသည့် အဖိုးတန်မြေကွက်ကြီးရောင်းမည်။
ဆက်သွယ်ရန်- (၁၆)လမ်းနှင့် ခတ္တာလမ်းထောင့်၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။
ဖုန်း-၀၉-၈၃၀၀၄၄၂၊ ၀၉-၉၆၁၂၈၀၃၉၀၊ ၀၉-၂၆၃၀၄၆၉၅၁၊ ၀၉-၄၄၈၅၄၈၇၇၈၊ ၀၉-၄၅၈၀၂၃၆၁၀

## ဒိုးလေး
အိမ်ပြောင်း/အိမ်ရွှေ့
မြို့တွင်း/နယ်ဝေး
09 425308777,09 960154777

## GLOBAL PHOENIX
အိမ်ခြံမြေ အကျိုးဆောင်

အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။
09-260 2600 29 / 59

## သင့်လုပ်ငန်းများအတွက်
ရေထိုးရေရှည်ပိုမိုထိုးထက်စေမည့်
- ဝက်ဆိုက်
- အွန်လိုင်း Show Room
- မိုဘိုင်း အပလီကေးရှင်း များအပြင်
  - အွန်လိုင်းကြော်ငြာများ
  - ဖေ့စ်ဘွတ်ဝန်ဆောင်မှုများ
  - Google ပေါ်တွင်ထိပ်ဆုံးမှ ပေါ်စေသည့်ဝန်ဆောင်မှု နှင့်အတူ
  - Paid Advertising များကို

ရပ်ဝေး၊ရပ်နီး မရွေး
အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။

iBiz Service Provider Co., Ltd.
09 4200 41884, 09 5408710
www.ibiz-sp.com





သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့




ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကက-၁၇/၀၀/၂၂၁

ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုများ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၀၁၄-၁၅/၂၀၁၅-၁၆) ပညာသင်နှစ်တွင် ၂-နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံး ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကြိုအပ်လက်ခံပါပြီ

၅-တန်း မှ ၁၀-တန်း အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
- ၈/၉/၁၀ တန်းများအတွက်စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ

၈/၉/၁၀ တန်းများ (မတ်)လနောက်ဆုံးပတ်စမည်။

နေ့ကျောင်း၊ ဘော်ဒါ၊ တဝက်ဘော်ဒါ

- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေသန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှု စိတ်ချရပါလိမ့်မည်။

တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။

မိဘများသို့-

စည်းကမ်းစနစ်ကျနမှု၊ သင်ကြားရေးကောင်းမွန်မှု၊ အချိန်ယူသင်ကြားပေးမှု၊ လိုအပ်ပါက အချိန်ပိုများဖြင့်သင်ကြားပေးမှု၊ တက္ကသိုလ်ဝင်တန်းမှလွဲ၍ ကျောင်းစာအပြင် Computer, Language, Speaking, Music ဘာသာရပ်များကိုအမှန်တကယ် တက်မြောက်အောင်သင်ကြားပေးမှု၊ ကျောင်းတစ်ကျောင်း၏ ရှိသင့်ရှိထိုက်သော အင်္ဂါရပ်များဖြင့်ပြည့်စုံပြီး ကျောင်းသားတစ်ယောက်၏ ရသင့်ရထိုက်သော အခွင့်အရေးများအပြည့်အဝရရှိစေမှု ........ စသည်တို့ကို လိုအပ်သောမိဘတိုင်း ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းသို့အပ်နှံကြသည်။

ကျောင်းကြို/ပို့ ဖယ်ရီရှိသည်။

အလုပ်သင်/ကျွမ်းကျင်Guide (ဘွဲ့ရ)အလိုရှိသည်။(ကျား)

အမှတ် ၃၈/၄၀၊ သီရိဂုက်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ 09 259258407, 09 965800961, 09 445340077,09 73004720, 01 8562830

Let's Move Towards Our Hope and Goal
PERFECT
ရာထူးဝင်သင်တန်းများ

အငြိမ်းစားတက္ကသိုလ်ဆရာများဝင်ခွင့် သင်ကြားမှု အတွေ့အကြုံဝါရင့် ဆရာများရဲ့သင်ကြားမှု

L.O
J.O
PPTT
PGDMA

- တနင်္လာ မှ သောကြာ တန်းခွဲများ
- စနေ၊ တနင်္ဂနွေ တန်းခွဲများ

နယ်သင်တန်းသားများအတွက် အဆောင်ရှိသည်။

အမှတ်(၃၀/A)၊ တတိယထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။
Ph - 09-761 691 081, 09- 969 202 558

Dbuzz
အထည်ချုပ်နှင့်အဆင့်မြင့်တံဆိပ်ရိုက်လုပ်ငန်း
၁၃၃၂၊ မြေညီ၊ ဓာတ်ရဂုက်လမ်း၊ ဒဂုံဆိပ်ကမ်း... 
09-254440756
09-73060258
တီရှပ် နိုင်လွန် သန့် > ၆၅၀ ကျပ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၆-ဂျီ၊ မြေကွက်အမှတ်-၉၄ ဘီ/၁. ၁၊ မြေကွက်တည်နေရာအမှတ်- ၁၅ စီ၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးတင်မောင် [၁၂/ဗဟန(နိုင်)၀၅၁၃၈] အမည်ပေါက် မြေပိုင်မြေအား ဒေါ်ဆွေဝင်းမာ [၁၂/ဗဟန(နိုင်)၀၅၃၉၅၀]နှင့် ဒေါ်အေးအေးဆွေ [၁၂/ဗဟန(နိုင်)၀၅၃၈၂၅] တို့က မြေအမည်ပေါက် ဦးတင်မောင်သည် ၁၉-၁၂-၂၀၁၆ ရက်တွင်လည်းကောင်း၊ ဦးတင်မောင်၏ဇနီး ဒေါ်ခင်သင်ဆွေသည် (၁၈-၄-၂၀၁၆)ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ပြီး ၎င်းတို့သည် ဦးတင်မောင်နှင့် ဒေါ်ခင်သင်ဆွေတို့၏သမီးများဖြစ်၍ တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း ၎င်းတို့မှတစ်ပါး အခြားအမွေစား၊ အမွေခံ မကျန်ရှိကြောင်း ကျမ်းကျိန်လွှာနှင့် ထောက်ခံကျမ်းကျိန်လွှာများ၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ၊ ဦးတင်မောင်နှင့် ဒေါ်ခင်သင်ဆွေတို့၏ သေဆုံးမှုလက်မှတ်များ၊ ယင်းမြေအမည်ပေါက်ခဲ့သည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် (၅၅၆၃/၂၀၁၆) မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ဈေးချိုဈေးဖြင့် (အမြန်) ရောင်းမည်" (ပွဲစားမလို)

* စမ်းချောင်း၊ ဗဟိုလမ်းမပေါ် (37'x42')အကျယ်ရှိ မြေကွက်၊အာရှတော်ဝင်အနီး ဈေးနှုန်း- 7100သိန်း
* (၉)မိုင်၊ မစိုးရိမ်လမ်း (72'x72') အကျယ်ရှိ မြေ၊ ထောင့်ကွက်၊ (ဂရန်) ဈေးနှုန်း - 4900သိန်း
* တ/ဥ၊ပါရမီလမ်းမအနီး (40'x60')အကျယ်ရှိ မြေ၊ (ဂရန်)၊ ပါရမီကားဂိတ်အနီး ဈေးနှုန်း - 2950သိန်း
* အလုံ၊ အလုံလမ်းမပေါ် Orchid Condo (2050Sqft) အကျယ်ရှိ MBR3,A/C4,ပြင်ပြီး ဈေးနှုန်း- 3200သိန်း

01- 552742, 09 5060940,09 73500535, 09 5060938

BBA
EMBA. MBA. PhD
- Bachelor of Business Administration(Hons)
- သင်တန်းကာလ(၃နှစ်ခွဲ) ကြာမြင့်ပါမည်။
- တစ်ပတ်နှစ်ရက် တက်ရောက်ရပါမည်။
- ပထမနှစ်အတွက် သင်တန်းကြေး သိန်း(၂၀)
- ဘွဲ့လက်မှတ်ကို AeU. မလေးရှားမှ တိုက်ရိုက်ချီးမြှင့်မည်။
- သင်တန်းကြေးကို CB BANK ဖြင့် Education Loan ဖြင့် လစဉ် အရစ်ကျပေးသွင်းနိုင်ပါသည်။

MYANMAR INSTITUTE OF EDUCATION

ကနဦး သင်တန်းကြေး ကျပ်၁၅၀၀၀၀ စတင် ပေးသွင်းရုံဖြင့် BBA သင်တန်းကိုစတင်တက်ရောက်နိုင်ပါသည်။

09254045682 / 09972656540 / 01667009
ဖေဖော်ဝါရီလ (၄)ရက်နေ့ နောက်ဆုံးထားပြီး ကျောင်းအပ်နိုင်ပါသည်။
Terms and conditions apply.
Official Offshore Campus of Asia e University, Malaysia. www.aeu.edu.my

23
မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဝက်သား၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

GW
0973226006
0973133528
0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

House for Sale
Three Store Building, Insein
210000 (us)- Min Gyi Lane, Insein.
Tel-09 421163498

Queenswood
Beauty Spa
ဆံပင်ညှပ် (ကျား/မ) သင်တန်း
ကောက်၊ ညှပ်၊ ဖြောင့်၊ Colour ဆိုး Digital ကောက်
စတွေ့လက်/တွေ့သင်ကြားပေးသည်။
သင်တန်းကာလ - (၂)လ
သင်တန်းကြေး - (၀)သိန်း
အမှတ် (၁၃၅)၊ ဦးချစ်မောင်လမ်း၊ ဗဟန်း၊ ရန်ကုန်။
Ph: 09 5177025

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ဈေးနှုန်းချိုသာစွာဖြင့် ကားနှင့် လုပ်သားအပါ စီစဉ်ပေးပါသည်။
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်း၊ အမှတ်တရတူညီဝတ်စုံနှင့် ရုံးဝန်ထမ်းများအတွက် Uniform Sport Shirt မျိုးစုံ၊

| | |
|---|---|
| T.Shirt | - 1200 ကျပ်မှစ၍ |
| Shirt | - 3200 ကျပ် |
| Sport Shirt | - 3250 ကျပ် |
| ဦးထုပ် | - 1300 ကျပ် |

- အထည်(၁၀၀)နှင့်အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးပါသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်းအပေါ်၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
- **Ph:01-292129, 01-9000260, 09-250388594**
- **Email:kyonedoe@gmail.com**



## ကြော်ငြာ

Access Cherry Travels & Tours Co.,Ltd. မှစီစဉ်သော

၁၁၁၅/ ၂၀၁၁ - ၂၀၁၁
ပြည်ပထွက်ခွာခွင့် - ၀၁၁၃

**"ဗောဓိသစ္စာ" ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (အိန္ဒိယ - နီပေါ)**

- သံဝေဇနီယလေးဌာန + အဝိဇဟိတသုံးဌာန (၈-ရက်) — ၁၈.၂.၂၀၁၇၊ ၄.၃.၂၀၁၇ — ၉ သိန်း
- သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + တာဂျ်မဟာ + နယူးဒေလီ (၁၅-ရက်) — ၂၈.၂.၂၀၁၇၊ ၂၀.၃.၂၀၁၇ — ၁၁ သိန်း; ၈.၄.၂၀၁၇ (သင်္ကြန်ခရီးစဉ်) — ၁၂ သိန်း
- သီရိလင်္ကာ (၇-ရက်) ခရီးစဉ် — ၂၃.၃.၂၀၁၇ — USD 1150

သံဃာတော် / သီလရှင်များအတွက် တစ်သိန်းကျပ် လျှော့ဈေးဖြင့် ကုသိုလ်ပြုပို့ဆောင်ပေးပါသည်။ နယ်ဝေးမှလိုက်ပါလိုသူများအတွက်အကြိုအပို့နှင့် တည်းခိုနေထိုင်မှုအတွက် အခမဲ့စီစဉ်ပေးပါသည်။ မိသားစု၊ကုမ္ပဏီ၊အဖွဲ့အစည်းများအတွက် သီးသန့်ခရီးစဉ်များစီစဉ်ပေးပါသည်။

အမှတ် (၂၉)၊ ပထမထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
Ph : 01-400547, 09- 43053066, 794843429, 259813831,

---

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ရွှေမော်ဓော(နေ့စဉ်)
ရေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

---

**FORWARD**
(YGN) Travel & Tour Co., Ltd
ကျိုက်ထီးရိုး(နေ့စဉ်)/ ရွှေမော်ဓော(နေ့စဉ်)
09259259180
09259259181
09259259182

---

ဗုဒ္ဓ ဓမ္မ သံဃ

**ရတနာခရီး** ဗုဒ္ဓဂယာနှင့် သီရိလင်္ကာဘုရားဖူးအဖွဲ့

မဇ္ဈိမဒေသဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ

(၁၄)ည (၁၅)ရက်ခရီးစဉ် — သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန၊နယူးဒေလီ၊ အာဂရာ(တာဂျ်မဟာ) + နီပေါလ်

ထွက်ခွာမည့်ရက် 2 Feb/21 Mar/8 Apr နယူးဒေလီနှင့် အာဂရာတွင် ဟိုတယ်(၂)ညတည်းခိုပါမည်။

(၇)ည (၈)ရက်ခရီးစဉ် — သံဝေဇနီယ(၄)ဌာန၊သတ္တဌာန(၇)ဌာန + နီပေါလ်

myanmar MAI

3* & 4* ဟိုတယ်တည်း ထွက်ခွာမည့်ရက် 25 Feb/11 Apr

ရန်ကုန်ရုံးချုပ် -Tel : 09-5069882,73029315, ရန်ကုန်ရုံးခွဲ -Tel : 01-227925, 2300302, 09-5091205
01-246239, 377351, 377352 ပြင်ဦးလွင်ရုံးခွဲ -Tel : 085-28162,09-772337759,442044951
မန္တလေးရုံးခွဲ -Tel : 09-5068857, 2019207, 09-444026228
www.easygotour.com
www.facebook.com/easygotravel.lanmadaw

---

## နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲ (မြန်မာ) ၂၀၁၇

**INTERNATIONAL TOURISM EXPO , MYANMAR**

**ITEM 2017**

Car Rentals · Commercial Airlines · Cruise Lines · Hotels Chains · Bank & Insurance · Telecom · Travel Agencies

အချိန် 9am - 6pm

နေရာ တပ်မတော်ခန်းမ

နေ့ရက် 20, 21, 22 Jan 2017

Main-Sponsor by: AYA Bank (ဧရာဝတီဘဏ်, Your Trusted Partner)
Co-Sponsor by: FMI Air
Official Partner : myanmar tourism federation
Organized by: TRAVEL

ပြည်တွင်းပြည်ပခရီးသွားဝန်ဆောင်မှုအမျိုးမျိုးတို့ ကိုတစ်နေရာထဲတွင်
စုံလင်စွာစုစည်းရောင်းချပေးမည်ဖြစ်ပါသဖြင့်အရောက်ကြွလာခဲ့ပါလို့ ဖိတ်ခေါ်လိုက်ပါသည်

---

Indraprastha Apollo HOSPITALS — TOUCHING LIVES

Organised By WeCare Health Care Services

## အသည်း၊ ကျောက်ကပ်၊ နှလုံး ရောဂါရှင်များအတွက် သတင်းကောင်း

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အပိုလိုဆေးရုံအကြောင်း မိတ်ဆက်ခြင်းနှင့် အသည်း၊ကျောက်ကပ်၊နှလုံး အထူးကုဆရာဝန်ကြီးများမှ ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ ဟောပြောမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။

| ကျောက်ကပ်အထူးကု ခွဲစိတ်ဆရာဝန်ကြီး | အသည်းအထူးကု ခွဲစိတ်ဆရာဝန်ကြီး | နှလုံးအထူးကု ဆရာဝန်ကြီး |
|---|---|---|
| Dr.(Prof.) Sandeep Guleria | Dr. Neerav Goyal | Dr. Amit Mittal |

၂၁.၁.၂၀၁၇ (စနေနေ့)တွင် မန္တလေးမြို့ နှင့် ၂၂.၁.၂၀၁၇ (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့များ၌ ဟောပြောပွဲများ ကျင်းပမည်ဖြစ်ပါသည်။

ဆက်သွယ်စာရင်းပေးရန် →
ရန်ကုန် - စိုင်းဇော်လင်းထွန်း (WeCare Health Care Services) 09 730 43351, 09 5373256
မန္တလေး - ဒေါက်တာ အောင်ကျော်ဝင်း 09-977 339 477, 09 512 0118

---

HI RO YU KI Co., ဟီရိုယူကီ ကုမ္ပဏီ

- STRETCH FILM
- EXP -408 Pallet Machine
- Strapping Machine TP-202
- TP-6000
- PP-Strapping Band
- PE Tying Tape
- Handy Wrap with dispanser
- OPP Tape
- JP-501 Carton Sealing Machine

Address: No 207/209, Kanna Street , Ahlone Township,Yangon Myanmar
Ph : 09 420054279, 09 31056216, 09 43024437. Mandalay Ph:09-36937919

---

**"ညီနိုင်းဈေးဖြင့် အမြန်ရောင်းမည်"** (ပွဲစားလို)

| | | | |
|---|---|---|---|
| ၁။ဗဟန်း၊အင်းယားမြိုင် | (94x55) | မြေ | 15000L |
| ၂။ဗဟန်း၊ကန္တာအေးလမ်းသွယ် | (60x90) | 2½RC | 13500L |
| ၃။တ/ဥ၊ဝေဇယန္တာလမ်းကျောက်ကုန် | (40x60) | မြေ | 4950L |
| ၄။လှိုင်၊ကန်လမ်းသွယ် | (30x90) | မြေ | 4900L |
| ၅။ကုက္ကိုင်းရေကူးကန်လမ်းသွယ် | (35x45) | မြေ,∠ကွက် | 3500L |
| ၆။(၇)မိုင်၊ပြည်လမ်းသွယ် | (30x70) | မြေ | 2300L |
| ၇။တ/ဥ၊မင်းခေါင်လမ်း | (20x60) | မြေ,∠ကွက် | 1750L |

01 510600, 09 5173690, 09 5185534, 09 5040160

---

**စိန်ငါးလုံးဆံပင်ပေါက်ဆေး**

ဆံပင်၊ မုတ်ဆိတ်၊ ပါးသိုင်းမွေး၊ မျက်ခုံးမွေးများ ကျွတ်ခြင်း၊ ပါးခြင်း၊ မသန်ခြင်း၊ မပေါက်ခြင်း၊ ဦးခေါင်းပြောင်ခြင်း၊ ခေါင်းချေးထွက်ခြင်း၊ နာစေးနာပိတ်ခြင်း၊ ဖောက်သန်းယားခြင်းတို့ဖြစ်လျှင် စိန်ငါးလုံးဆံပင်ပေါက်ဆေးကိုလိမ်းပါ။

၀၉-၇၃၁၅၅၄၅၇
၀၉-၅၂၁၀၄၀၀၀၅

အမြို့မြို့ဆေးဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

---

Number One Directory in Myanmar — YELLOW PAGES

## ဘယ်နေရာမဆို ဘာပဲလိုလို ?

# ရန်ကုန်လမ်းညွှန် 2017

ရန်ကုန်လမ်းညွှန် The YANGON DIRECTORY 2017

BOOK A B | WEBSITE | MOBILE

ထွက်ပြီ

Everything U Need   HOTLINE : 01-8619277 | www.yangondirectory.com

---

ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

ကြော်ငြာ


**သမားစဉ်ဆက် ဆေးစွမ်းထက်မြက် စိန်ဘယက် မြန်မာ့ရိုးရာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အစွမ်းထက်တိုင်းရင်းဆေးစွမ်းကောင်းများ**

လေကွဲဆေး
အခိုးပွင့်ငန်းနီကျော်
အပူငြိမ်းသွေးဆေး
အကြောပြေသောက်ဆေး
အကြောပြေရှုလိမ်းဆေးအသီ
ချောင်းဆိုးရင်ကျပ်သောက်ဆေး

**စစ်မှန်သော သဘာဝဆေးဘက်ဝင် ပရဆေးများဖြင့် ဖော်စပ်ထားသောကြောင့် ဘေးထွက်ဆိုးကျိုးမရှိစေဘဲ ဆေးစွမ်းအာနိသင် ထက်မြက်စေပါသည်။**

HYUNDAI NEW THINKING. NEW POSSIBILITIES.

1st ~ 31st January, 2017

# New Year Special Promotion

Save Money or Only Pay 20%



H-100 Saving up to 1,400 $ + FREE GIFT ROOF & SEATS

GRAND i10 Saving up to 2,000 $

LF SONATA Saving up to 3,100 $

Hyundai Showroom ကို လာရောက်လည်ပတ်ရင်း...
Hyundai 2017 Calendar (or) Hyundai Keychain များကို ရယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

INTERNATIONAL KLM Co.,Ltd. Take this chance now ! Visit Hyundai Showroom or call us

3 YEARS WARRANTY 100,000 KM

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom: (01) 522 723, 09 42 100 2051 Service Center : (01) 522 724
Mandalay : No.10, 40th Street, Between 78th & 79th Street, Maha Aung Myay Township, Mandalay, Myanmar.
Showroom : 09 2531 51970, 09 4539 55560 Service Center : 09 4500 60009 (Mandalay Star)
www.hyundaimotor.com.mm
info@hyundaimotor.com.mm
www.facebook.com/hyundaimm

All information and illustrations are based on data avilable at the time of publication and subject to change without notice.



**မဏိစန္ဒာ**
**အမျိုးသမီးအပ်ချုပ်သင်တန်း**
ဘာသာစုံ နေ့စဉ်တကျ တစ်ဦးချင်းစီ အတတ်သင်ပေးသည်။

၁။ (က) ဘလောက်စီနိုင်း ၂၀၀+ကုတ်ပုံဆန်းအမျိုးမျိုး
(ခ) မြန်မာအင်္ကျီအိတ်
(ဂ) ကလေးဝတ်စုံ
(ဃ) ရှပ်+ရှာတင်+ရှိုင်း
(င) ဆောင်အမျိုးမျိုး
(စ) ဘောင်းဘီအမျိုးမျိုး

၂။ အိမ်အရောက်သင်တန်း ၊ ညနေသင်တန်း ၊ တနင်္ဂနွေသင်တန်း
၃။ ဇာကြိုးပန်းထိုး+လက်ရာမွန်ချိုသင်တန်း၊ Handmade၊ စီကွင်း၊ ကျောက်အလှဆင်၊ ကွန်ပျူတာပန်းထိုး၊ သတိုးသမီး ထိုင်မသိမ်း နှင့် မြန်မာ့ရွဲ့ဝတ်စုံ
၄။ အိမ်တွင်း အသင့်ချုပ်နိုင်ရန် ညှပ်ပြီး ပုံဆန်းအမျိုးမျိုး ဝယ်ယူနိုင်ပါသည်။
၅။ ရပ်ဝေးသူများအတွက် နေရေး စားရေး စီစဉ်ပေးသည်။
- ဆိုင်အမှတ် ၁။ အမှတ်(၆၅)၊ အနော်ရထာလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
- ဆိုင်အမှတ် ၂။ အမှတ်(၁၀၄/၁၁၂)၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။
- ဆိုင်အမှတ် ၃။ အမှတ်-၁၈၊ ဂျူဒီးတန်းလမ်း၊ (၉)လွှာ၊ ကမာရွတ်မြို့နယ်။

ဖုန်း-၃၈၈၂၃၃၊ ၅၂၇၉၉၉၊ ၀၉၇၃၂၄၀၀၂၄၊ ၀၉၅၀၀၇၆၅၀၊ ၃၇၅၀၀၄

**မျိုးလွင်** ဘွဲ့ရအမျိုးသမီး (OTS)
ဗိုလ်လောင်းဝင်ခွင့်သင်တန်း
လက်တွေ့/ဉာဏ်စမ်း/
GENERAL KNOWLEDGE

အမှတ်(၆၅)ပိတောက်လမ်း/သပြေလမ်း(ရွှေကောင်းကြယ်နောက်) ခရေပင်လမ်းမကြီး(၂/က) စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်
ဖုန်း - ၀၉ ၇၃၀၉၂၀၄၄ ၊ ၀၉ ၄၂၀၀၄၄၀၃၃၊ ၀၉ ၇၉၆ ၂၀၆၁၉၀

Yaung Chi Thit Lin Moving Service Co.,Ltd
YCTL **ရောင်ခြည်သစ်** (လင်း)
**အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ**
**(မြို့တွင်း / နယ်ဝေး)**
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

**မြန်မာနိုင်ငံသားတိုင်း အကောင်းစား Laptop တစ်လုံးကိုပိုင်ဆိုင်နိုင်ရန်**
Core2Duo, RAM 1GB, HDD 40GB, DVD, WiFi ကို ၈၅၀၀၀ ကျပ် (Latitude)
Core2Duo, RAM 1GB, HDD 40GB, DVD, WiFi ကို ၈၀၀၀၀ ကျပ် (FMV)
သတိုးအောင်ဇေယျ ကွန်ပျူတာအရောင်းဆိုင်မှ
(၃၁. ၁. ၂၀၁၇)အထိ ရောင်းချပေးနေပါပြီ. .
Facebook တွင် TTAZY ဟု ရိုက်လိုက်ပါ. . .
သိချင်တာအားလုံးကို ရှင်းလင်းစွာဖော်ပြထားပါသည်။
**အရစ်ကျ**နေ့စ်ဖြင့်ဝယ်ယူလိုပါက ဆက်သွယ်ရမည့်ဖုန်း ၀၉၄၄၄၄၆၆၆-၈၁/၈၂/၈၃/၈၄/၈၅/၈၆/၈၇/၈၉

**သီဟလင်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620



JEWEL HOTEL Yangon
**ဂျူးဝဲလ်ဟိုတယ်**
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။
No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

BUY MORE SAVE MORE
BUY 2 ITEMS 4% OFF | BUY 3 ITEMS 6% OFF | BUY 4 ITEMS 8% OFF | BUY 5 ITEMS 10% OFF
HAPPY NEW YEAR 2017

hp Panasonic KONICA MINOLTA vivitek Duplo CASIO sbm GBC OLYMPIA



Authorized Distributor Gandamar O.A. & Business Solutions
HOTLINE : 09-253 547 980 | 09-253 547 981

**မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး(၁/၂၀၁၇) ကျင်းပ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ ဖွဲ့စည်းမှုအတွက် ဆွေးနွေးဆုံးဖြတ်နိုင်**

သတင်းစာမျက်နှာ »» ၅

**မြန်မာယူ-၁၈ မန္တလေး၌ ခြေစမ်းပွဲကစား**

စာမျက်နှာ »» ၅

# ခေတ်အဆက်ဆက် ဘတ်စ်ကားပို့ဆောင်ရေးနှင့် စနစ်ဟောင်းတော်လှန်ရေး

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်မြို့တွင် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ပြောင်းလဲပြေးဆွဲလိုက်သည့် ဘတ်စ်ကားစနစ်သစ်ကြောင့် အဆင်ပြေမှုများရှိသလို အဆင်မပြေအခက်ကြုံရသည့် ခရီးသွားပြည်သူများစွာတို့ ရှိခဲ့သည်။ ပထမဦးဆုံးနေ့ စတင်အပြောင်းအလဲတွင် ရန်ကုန်မြို့၌ စာရင်းရှိ ဘတ်စ်ကားစီးရေထက် အတော်လျော့နည်းကာ ပြေးဆွဲခဲ့သည့်အတွက်ကြောင့်လည်း ခရီးသည်နှင့်ယာဉ်အစီးရေ မမျှမတဖြစ်ကာ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်းပိုင် မော်တော်ယာဉ်များ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းပိုင်ယာဉ်များက အခမဲ့လိုက်လံပို့ဆောင်မှုများရှိခဲ့သော်လည်း ညပိုင်းအချိန်အထိ အိမ်ပြန်ချိန်များစွာ ခက်ခဲခဲ့သည်ကို သိရှိရသည်။

ဘတ်စ်ကားစနစ် မပြောင်းလဲမီကပင် မြို့နေလူထု၏ အဓိကအခက်အခဲမှာ နေ့စဉ်ဘတ်စ်ကားစီးရသည့် ဒုက္ခများဖြစ်သည့်အပြင် နံနက်ရုံးတက်ချိန်နှင့် ညနေရုံးဆင်းချိန်များသည် မှတ်တိုင်များ၌ ခရီးသည်များစုပြုံနေတတ်လေ့ရှိပြီး ယာဉ်အစီးရေနှင့်ခရီးသည် မလုံလောက်မှုမှာ ယခင်ကတည်းကပင် ဖြစ်သည်ဟု သိရသည်။ အလားတူ ယာဉ်လုပ်သားများ၏ ပြစ်တင်ဝေဖန်မှု၊ ဆဲဆိုကြိမ်းမောင်းမှုများကြားတွင် လိုရာခရီးကိုရောက်ရှိဖို့ရာ စိတ်ရှည်သည်းခံကာ စီးနင်းလာခဲ့ကြသည်မှာလည်း ကြာပြီပင်ဖြစ်သောကြောင့် ဘတ်စ်ကားစနစ်သစ် အပြောင်းအလဲတွင် ဝေဖန်မှုများရှိသော်လည်း နေ့စဉ်ဘတ်စ်ကားစီးခရီးသည်များကမူ အဆင်မပြေမှုများကို နားလည်မှုပေးကာ ပူးပေါင်းဆောင်ရွက်ပေးကြသည်ဟု သိရသည်။

ဘတ်စ်ကားစနစ်သစ်စတင်မှု၏ ဒုတိယနေ့တွင်မူ ပထမနေ့လောက် အခက်အခဲမကြုံတွေ့ရသော်လည်း လိုအပ်ချက်များက ရှိနေဆဲဖြစ်သည်ဟု သိရသည်။ ဒုတိယနေ့တွင် ကားအရေအတွက် တိုးမြှင့်ပြေးဆွဲလာမှုကြောင့် ယခင်နေ့ကထက် ပိုမိုအဆင်ပြေလာသည်ဟု ခရီးသွားများ၏ ပြောကြားချက်အရ သိရသည်။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများကလည်း စနစ်သစ်ပြောင်းလဲမှုတွင် အချိန်အနည်းငယ်ယူရမည်ဖြစ်ပြီး ယင်းမှာ ရေရှည်ကောင်းမွန်သော

**စာမျက်နှာ ၈ ကော်လံ ၁ သို့**




ရန်ကုန်ဘတ်စ်ကားလိုင်းသစ် ပြောင်းလဲမှုဒုတိယနေ့တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့မှတ်တိုင်၌ စောင့်ဆိုင်းနေသည့် ခရီးသွားပြည်သူများအား တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



# MEGA PROMOTION

## 35% ငွေကျေးချေအခန်းအပ်

AFTER KEY လစဉ် 10 သိန်းခန့်

အတိုးမယူ လ 100 ငွေချေစနစ်

လှိုင်၊ တာမွေ၊
ကမာရွတ်၊ ရန်ကင်း၊
စမ်းချောင်း၊ ငွေဆောင်၊
ကြည့်မြင်တိုင်၊ သဃ်န်းကျွန်း၊
စီမံကိန်း 19 ခုမှအခန်းပေါင်း
500 ကျော်ရောင်းမည်

နေ့ရက် ▪ 21,22-Jan-2017
နေရာ ▪ People Park
Myanmar Culture
ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားအနောက်မုခ်ရှေ့

ဦးဆုံး ( 30 ) ခန်းလက်ဆောင်
ပါကေး & AIR-CON

DEVELOPER
i GREEN

FMI Air
www.fmiair.com

Promotion Period : 20th Jan to 22th Jan 2017

FMI Air (Myanmar's Premium Airline) မှ ပြည်တွင်းခရီးသွားများအတွက် 2017 နှစ်သစ်ကူး အထူးအစီအစဉ်အဖြစ် (20th Jan to 22th Jan 2017) တွင် ကျင်းပပြုလုပ်မည့် "ITEM 2017" ပွဲတွင် FMI Air မှပြေးဆွဲနေသည့် မည်သည့်ခရီးစဉ်ကိုမဆို 45 USD (အထူးဈေးနှုန်းဖြင့်) ရောင်းချပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။



FMI Air Head Office : FMI Centre, Level 9, Room (904,905), 380 Bogyoke Aung San Road, Pebedan Township, Yangon, Myanmar.
Phone : + 95-1 373537, 379085 / Website : www.fmiair.com / Email : sales@fmiair.com



နန်းဦးလှိုင် ရွှေစက်တော်ပွင့်ပွဲ 30-1-2017 ထွက်မည်။
● မြဝတီဘုရားဖူး။ မဲဆောက်နှင့် ဘားအံဂူ(၅)ဂူ (၃)ရက်။ ● ဆံတော်ရှင်ကျိုက်ထီးရိုးနှင့်ဘုရားစုံ(နေ့စဉ်)။
● ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်၊ ကျိုက်ကမီ၊ စက်စဲ (၅)ရက်- ဆက်၍ မြိတ်(ဘိတ်)ပါ (၇)ရက်။
● တောင်ကြီး၊ အင်းလေး၊ ဖောင်တော်ဦး၊ မွေတော်ကက္ကူ၊ ထမ်စမ်းဂူ၊ ပင်းတယ၊ ကိုလုံ၊ ကလော၊ နီးဘုရား။ ပြင်းမထိဂူ (၄)ရက်- ဆက်၍ လှိုင်ကော်တောင်ကွဲစေတီ၊ ထီးမွှင့်ကန်၊ ထီးဆဲခါ၊ ရေတံခွန် (၅)ရက်။
● အလောင်းတော်ကဿပ၊ မန္တလေးဘုရားစုံဖူး။ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ (၅)ရက်။
● အလောင်းတော်ကဿပ၊ မန္တလေးမဟာမြတ်မုနိ၊ စစ်ကိုင်း၊ မုံရွာဘုရားစုံဖူး။ ကျောက်စိမ်းစေတီ (၃)ရက်။
● ပုဂံဘုရားစုံဖူး။ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ၊ သီပိုင်ရှင် (၄)ရက်။
● ရွှေစက်တော်၊ စဏ္ဍိန်ဒေါ၊ နဂါးမွက်၊ ကျောင်းတော်ရာ မကွေး (၃)ရက်။ အလောင်းတော်ကဿပ ပါ (၅)ရက်။
● ရွှေစက်တော်၊ ပုဂံဘုရားစုံဖူး။ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ၊ သီပိုင်ရှင် (၅)ရက်။ (အပတ်စဉ်-သောကြာ)
● ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ မန္တလေးဘုရားစုံ၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ (၈)ရက်။
● ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းဂူ (၈)ရက်။ လှိုင်ကော်ပါ (၉)ရက်။
ဖုန်းဆိုးတန်း 01-391577, သန်လျင် 056-21671, 09-254340569, တာမွေ 09-5122961



COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-100000
No-၁၁/၁၃၁၃ ဈေးငှရွှေလမ်းခရီးလိုင်း
Ph-09 785161773
09 516 1773



ပျောက်ဆုံးကြောင်း
No.533 A/6 လမ်း၊ တောင်ဘက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ မောချယ်ရီဘော်ဒါဆောင်တွင် ပညာသင်ကြားနေ အဖ ဦးအောင်မြင့်၏ သားမောင်မြင့်မြတ်၏ မှတ်ပုံတင် [၁၃/ကတန(နိုင်)၁၈၁၅၄၄] နှင့် Passport No MB 117567 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉ ၅၁၁၈၂၅၄၊ ၀၁-၆၄၆၈၃၀၊ ၀၉-၅၂၅၁၄၀၀



တန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဗဂိုမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၈၊ မြေကွက်အမှတ်-၈၃၀၊ မြေကွက်တည်နေရာအမှတ်-၈၃၀၊ (၃၈)ရပ်ကွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (ဦးခင်မောင်မြ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်မောင်မြထံမှ (၂၇.၈.၉၆)တွင် ဦးကျော်ထွေးမှ လည်းကောင်း ဦးကျော်ထွေးထံမှ (၃၀.၄.၂၀၁၃)ရက်နေ့တွင် ဦးသန်းနိုင်ဦး (၁၂/လမန(နိုင်)၁၄၃၂၂၄၃) မှ အရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်မှ ထောက်ခံချက်၊ ... ဦးသန်းနိုင်ဦး၏ ပါမစ်ပျောက်ဖြင့် ... တာဝန်ခံရန်ရှိပါက ... (၇)ရက်အတွင်း တန့်ကွက်နိုင်ပါကြောင်းနှင့် တန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



HEALTHY LIFE
ကျန်းမာလှပလှမှုဘဝဂျာနယ်
သောကြာနေ့ထုတ် အမှတ်(၆၆) ထွက်ပြီ
☎ ၀၉ ၅၁၃၀၉၆၆၊ ၀၉ ၇၈ ၅၁၈၅၆၇၆၊ ၀၉ ၂၂၂၀၇၉၄
♦ ဖခိုးမြို့သူ/မြို့သားတွေရဲ့ နှလုံးလှုဆေးရာဝန် ဒေါက်တာခွန်ဝင်းလတ် ♦ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေး-ပါမောက္ခဒေါ်တင့်တင့်ကြည် ♦ ကိုယ်ဝန်ရအောင်ကြံဆောင်နည်း-ဒေါက်တာတင့်ဆွေ ♦ အမျိုးသားတို့ အရိုးသန့်စွမ်းဖို့ ♦ ဆွဲဆောင်မှုရှိပြီး ယုံကြည်မှုရှိသူ၏ လျှို့ဝှက်ချက် ♦ အချိန်နှင့် ဆေးလောက-ပါမောက္ခဒေါ်သန့်သန့်အေး ♦ စိတ်ကျစေမည့် အကောင်းဆုံးဖိနှိပ်ရာ နေရာများ ♦ မိဘတို့အသက်ရှည်အောင် ♦ ရေစီးကမ်းပြိုလိုက်ခြင်း-ပါမောက္ခဦးကိုကိုမောင် ♦ နှမ်းမိနစ်အတွင်း မိမိမှတွန်းလှန်နိုင်မည့် နည်း ♦ မိန်းကလေးတိုင်းအားကစားလုပ်သင့် ♦ ပါကင်ဆန်ရောဂါရှင်ကိုစောင့်ရှောက်ခြင်း ♦ ကလေးကိုပြည့်စွက်စာကျွေးလျှင် ♦ ဦးနှောက်အတွက်အစာ ♦ နံနက်ခင်းအပြေအမှုကောင်းများ ♦ ဆီးချိုရှိသူများခြင်း-ပါမောက္ခဦးကိုကို ♦ သည်းခြေကျောက်တည်ခြင်းအား ကုသမှု ♦ သွေးမျက်ရည်ကျခဲ့ရသည့်ကလေး ကုသအောင်မြင် ♦ မိန်းကလေးစိုက်ထဲမှ သန်ကောင်အရှင် ၁၅၀ တွေ့ရှိ ♦ ၉၂နှစ်အရွယ်မိခင်ကို ဝက်ခြံထဲထားသည့် သားကြောင့် လူအများ ဒေါသထွက် ♦ ဆီးချိုရှိသူအစားအသောက်ရွေးခြင်း ♦ ကိုယ်အလေးချိန်ပေါင် ၂၀ပေါင်ကျခဲ့သူ ♦ ပိုသတ်ဆေးမှိုပြီး ဘာစားသင့် ♦ အလှကုန်တို့၏ သဘာဝ ♦ ခင်ဝင့်ဝါ၏ကျန်းမာလှပလှမှုဘဝ ♦ အသားအရေခြောက်လျှင် ♦ ထိပ်တန်းမော်ဒယ်တို့၏ အလှအပရေးရာ စသည့် ဆောင်းပါးကောင်းများ



"အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း"

Myanmar National Tele & Communications Co., Ltd (MNTC) သည်

စတုတ္ထမြောက် နိုင်ငံအဝှမ်း ဆက်သွယ်ရေး အော်ပရေတာ လိုင်စင် ရရှိခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့်

ပြီးပြည့်စုံသောဝန်ဆောင်မှုများ ပေးစွမ်းနိုင်သောအော်ပရေတာ ဖြစ်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

OK$
okdollarapp
INTERNET WALLET


မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ၀ သစ်

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

(ခ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အဆိုပြုထားသော ဒါရိုက်တာအဖြစ် အမည်စာရင်းပါရှိသူအားလုံး သို့မဟုတ် ၎င်းတို့မှစာဖြင့်ရေးသား၍အခွင့်အာဏာအပ်နှင်းခြင်းခံရသည့်၎င်းတို့၏ကိုယ်စားလှယ်များမှလက်မှတ်ရေးထိုးထားသော ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အားလုံး၏မိတ္တူတစ်စောင်ကိုယင်းအားထုတ်ဝေသည့်နေ့ရက်တွင် ဖြစ်စေ၊ ယင်းနေ့မတိုင်မီတွင်ဖြစ်စေ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် မှတ်ပုံတင်အရာရှိထံသို့ တင်ပြဆောင်ရွက်ရမည်။ အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ခြင်းမရှိသေးလျှင် ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေခြင်းမပြုရ။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မပါနည်းလမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်သော ရက်စွဲဖော်ပြခြင်း၊ လက်မှတ်ရေးထိုးခြင်းများ မပါရှိသည့်ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ခုခုကို မှတ်ပုံတင်ပေးခြင်းမပြုရ။

(ဃ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အားလုံး၏ မျက်နှာဖုံးစာမျက်နှာအပေါ်တွင်ဤကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus)၏မိတ္တူတစ်စောင်ကို ဤပုဒ်မတွင် ဖော်ပြပါရှိသည့်လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက်တင်ပြပြီးဖြစ်ကြောင်းဖော်ပြရမည်။

၂၀၄။ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ၏မိတ္တူကို ပုဒ်မ ၂၀၃ ပါအတိုင်း တင်ပြဆောင်ရွက်ခြင်းမပြုဘဲ အဆိုပါ ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) အား ထုတ်ဝေခဲ့လျှင် ကုမ္ပဏီနှင့် ယင်းအား ထုတ်ဝေရာတွင် သိလျက်ဖြင့် ပါဝင်ခဲ့သူများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၂၀၀) ခုထက်မပိုသောဒဏ်ငွေကိုပေးဆောင်စေရမည်။

၂၀၅။ **ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus)တွင် သီးခြားဖော်ပြရန် လိုအပ်သည့်အချက်အလက်များ**

(က) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားကဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းခြင်းနှင့်ပတ်သက်သောသူက ဖြစ်စေ၊ ယင်း၏ကိုယ်စားကဖြစ်စေထုတ်ဝေသည့်ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်တွင် အောက်ပါတို့ကိုဖော်ပြရမည်-

(၁) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အကြောင်းအရာများ၊ မူလအစုရှယ်ယာရှင်များ၏အမည်များ၊ ရှင်းလင်းဖော်ပြချက်များ၊ နိုင်ငံသားနှင့်နေရပ်လိပ်စာများ၊ ၎င်းတို့တစ်ဦးချင်းစီ ထည့်ဝင်ထားသည့် အစုရှယ်ယာအရေအတွက်များ၊ ကုမ္ပဏီအား စတင်တည်ထောင်သူများ ပိုင်ဆိုင်သည့်အစုရှယ်ယာအရေအတွက်၊ ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အရာရှိများပိုင်ဆိုင်သည့်အစုရှယ်ယာ (management shares) အရေအတွက် သို့မဟုတ် ကုမ္ပဏီ၏အခြေပစ္စည်းများကို ရပိုင်ခွင့်ရွှေ့ဆိုင်းထားသော အစုရှယ်ယာ (Deferred shares) ရှိခဲ့လျှင် ယင်း၏အရေအတွက်၊ ကုမ္ပဏီ၏ ပစ္စည်းများနှင့်အကျိုးအမြတ်များတွင်ပိုင်ဆိုင်သူများ၏ အကျိုးခံစားခွင့်အခြေအနေနှင့် အတိုင်းအတာပမာဏ၊ ထုတ်ဝေရန် နေ့ရက်သတ်မှတ်ထားသည့်ပြန်လည်ရွေးနုတ်ယူနိုင်သော ဦးစားပေးအစုရှယ်ယာအရေအတွက်နှင့် ထုတ်ဝေရန် သတ်မှတ်ထားသည့်နေ့ရက် သို့မဟုတ် အဆိုပါ နေ့ရက်သတ်မှတ်ထားခြင်း မရှိပါက အကြောင်းကြားစာ ပေးပို့ရမည့်ကာလနှင့် ပြန်လည်ရွေးနုတ်ယူခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊

(၂) ဒါရိုက်တာတစ်ဦးတွင် ရှိရမည့်သတ်မှတ်ချက်တစ်ရပ်အဖြစ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားရှိခဲ့ပါက အစုရှယ်ယာအရေအတွက်၊ ဒါရိုက်တာများ၏ အခကြေးငွေနှင့် စပ်လျဉ်း၍ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များ၊

(၃) ဒါရိုက်တာများ၊ အဆိုပြုထားသော ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် အဆိုပြုထားသောအရာရှိများ၏ အမည်များ၊ ရှင်းလင်းဖော်ပြချက်များ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများ၊ အရာရှိများအား ခန့်အပ်မှုနှင့် ၎င်းတို့အား ပေးချေရမည့်အခကြေးငွေများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်တွင် ဖော်ပြပါရှိသည့်ပြဋ္ဌာန်းချက်များနှင့် စည်းကမ်းချက်များ၊

(၄) ဒါရိုက်တာများက အစုရှယ်ယာများ ခွဲဝေသတ်မှတ်နိုင်ရန်အတွက် ထည့်ဝင်ရမည့် အနည်းဆုံးအစုရှယ်ယာပမာဏ၊ အစုရှယ်ယာတစ်ခုစီအတွက် လျှောက်ထားမှု၊ ခွဲဝေမှုများနှင့် စပ်လျဉ်း၍ ပေးချေရမည့်ငွေပမာဏ၊ ဒုတိယအကြိမ် သို့မဟုတ် ယင်းနောက်ပိုင်းတွင် အစုရှယ်ယာများ ကမ်းလှမ်းရောင်းချသည့်အခါ လွန်ခဲ့သည့် (၂)နှစ်အတွင်း ပြုလုပ်ခဲ့သော ခွဲဝေသတ်မှတ်မှုနှင့်စပ်လျဉ်း၍ ကမ်းလှမ်းသည့်အစုရှယ်ယာနှင့် ငွေကြေးပမာဏ၊ အမှန်တကယ်ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာပမာဏ၊ ထိုသို့ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာများနှင့် စပ်လျဉ်း၍ ပေးချေထားသည့်ငွေပမာဏ၊

(၅) လွန်ခဲ့သည့် (၂) နှစ်အတွင်း ထုတ်ဝေခဲ့သည့် သို့မဟုတ် ထုတ်ဝေရန် သဘောတူထားသည့်ငွေသားဖြင့် သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပေးချေထားသည့်အစုရှယ်ယာများ၊ ဒီဘင်ချာများနှင့် အခြားငွေချေးသက်သေခံလက်မှတ်များ၏ အရေအတွက်နှင့်တန်ဖိုးပမာဏ၊ တစ်စိတ်တစ်ဒေသသာပေးချေထားသည့် ကိစ္စရပ်တွင် ထိုသို့ပေးချေထားသည့် ပမာဏအပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပေးချေထားသည့်ကိစ္စရပ်တွင် ထုတ်ဝေထားသည့် သို့မဟုတ် ထုတ်ဝေရန်သဘောတူထားသည့်အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအတွက် အဖိုးစားနားသတ်မှတ်ချက်၊

(၆) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေခြင်းသည် အာမခံသူ (underwriter) ဖြင့် ဆောင်ရွက်ခြင်းဖြစ်လျှင် ထိုအာမခံသူများ၏အမည်များ၊ အာမခံသူများသည် အာမခံထားသည့်တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လုံလောက်သည့် အခြေအနေရှိကြောင်း ဒါရိုက်တာများ၏ ထင်မြင်ယူဆချက်၊

(၇) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ဖြင့် ငွေကြေးထည့်ဝင်ရန် ကမ်းလှမ်းမှု အကျိုးအမြတ်မှအပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပေးချေထားသည့် ကုမ္ပဏီက ဝယ်ယူထားသော သို့မဟုတ် ရရှိထားသော၊ သို့မဟုတ် ဝယ်ယူရန် သို့မဟုတ် ရယူရန် အဆိုပြုထားသော ပစ္စည်းတစ်ရပ်ရပ်အား ရောင်းချသူများ၏ အမည်များနှင့် နေရပ်လိပ်စာများ၊ ရောင်းချသူသို့ ထုတ်ပေးသည့်ငွေသားဖြင့် ပေးချေထားသည့်ပမာဏ၊ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ၊ ရောင်းချသူတစ်ဦးထက်ပိုသည့်အခါတွင် ဖြစ်စေ၊ ကုမ္ပဏီသည်တစ်ဆင့်ခံဝယ်ယူသူဖြစ်သည့်အခါတွင်ဖြစ်စေ ရောင်းချသူတစ်ဦးစီသို့ ပေးချေထားသည့်ပမာဏ၊ သို့ရာတွင် ရောင်းချသူများ သို့မဟုတ် ရောင်းချသူတစ်ဦးဦးသည် လုပ်ငန်းစုတစ်ရပ်ဖြစ်ခဲ့လျှင် ထိုလုပ်ငန်းစုတွင် ပါဝင်သူများအား သီးခြားရောင်းချသူများအဖြစ် သတ်မှတ်ခြင်းမပြုရ၊

(၈) အပိုဒ်(၇)တွင် ဖော်ပြပါရှိသည့်ပစ္စည်းတစ်ရပ်ရပ်အား ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေပြီးနောက် (၂) နှစ်အတွင်း ရောင်းချခြင်းဖြင့် လွှဲပြောင်းသည့်အခါတွင် အဆိုပါလွှဲပြောင်းမှုတစ်ရပ်စီ၌ ဝယ်ယူသူကပေးချေသည့်ပမာဏ၊ အဆိုပါပစ္စည်းတစ်ရပ်ရပ်သည် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့်အခါတွင် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေပြီးနောက်တစ်ဆက်တည်း (၃) နှစ်အတွင်း နှစ်အလိုက် အဆိုပါ စီးပွားရေးလုပ်ငန်းမှရရှိသည့်အကျိုးအမြတ်များ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုမှာ (၃)နှစ်အောက်နည်းသည့် ကာလအတွက်သာရှိပါက လက်ရှိကာလ၏ နှစ်အလိုက်ရရှိသည့်အကျိုးအမြတ်များ၊ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus)နှင့်အတူ ပူးတွဲပါရှိရမည့် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း(Prospectus)ကို ထုတ်ဝေသည့်နေ့မှ ရက်ပေါင်း (၉၀) ထက်မများသည့်ကာလအတွင်း ပြုစုထားသော သက်ဆိုင်ရာစီးပွားရေးလုပ်ငန်း၏လက်ကျန်ရှင်းတမ်း (balance sheet) တစ်စောင်၊

(၉) အထက်တွင်ဖော်ပြပါရှိသည့် ပစ္စည်းတစ်ရပ်ရပ်အတွက် ဝယ်ယူပေးချေသည့်ငွေအဖြစ် ပေးချေခဲ့သော သို့မဟုတ် ပေးချေမည်ဖြစ်သောငွေသား၊ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များရှိခဲ့လျှင် ယင်း၏ပမာဏ၊ ကုန်ရောင်းကုန်ဝယ်နာမည်ကောင်း ဂုဏ်သတင်း (Goodwill) အတွက် ပေးချေမည်ဖြစ်သော ပမာဏရှိခဲ့လျှင်ယင်းပမာဏ၊

(၁၀) ကုမ္ပဏီ၏အစုရှယ်ယာ၊ ဒီဘင်ချာ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်တစ်ရပ်ရပ်အတွက် ထည့်ဝင်ကြေးများကို ထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန် သဘောတူညီခြင်းအတွက်ဖြစ်စေ၊ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန် သဘောတူညီခြင်းအတွက်ဖြစ်စေ ပေးချေရသည့် ကော်မရှင်ခအဖြစ်သော်လည်းကောင်း ထုတ်ဝေထားသောအစုရှယ်ယာများနှင့်စပ်လျဉ်းသည့်လျှော့ငွေ (Discount) အဖြစ်သော်လည်းကောင်း လွန်ခဲ့သည့် (၂) နှစ်အတွင်းပေးချေခဲ့လျှင် ယင်းပမာဏ သို့မဟုတ် ပေးချေရမည့်ပမာဏ၊ သို့ရာတွင် တစ်ဆင့်ခံအာမခံသူများထံသို့ ပေးချေရမည့် ကော်မရှင်ခများကို ဖော်ပြရန်မလို၊

(၁၁) ကနဦးကုန်ကျစရိတ်ပမာဏ သို့မဟုတ် ကနဦးခန့်မှန်းကုန်ကျငွေပမာဏ၊

(၁၂) ကမကထပြုသူ (promoter) သို့ လွန်ခဲ့သည့်(၂)နှစ်အတွင်း ပေးချေခဲ့သည့် ပမာဏ သို့မဟုတ် ပေးချေရန် သတ်မှတ်ထားသည့် ပမာဏ၊ ထိုသို့ပေးချေမှုတစ်ရပ်ရပ်အတွက် အဖိုးစားနားသတ်မှတ်ချက်၊

(၁၃) အပိုဒ် (၇) နှင့်သက်ဆိုင်သော ပစ္စည်းများရရှိရေးနှင့်စပ်လျဉ်းသည့် ပဋိညာဉ်စာချုပ်များ အပါအဝင် အရေးကြီးသော ပဋိညာဉ်စာချုပ်အားလုံးကို ချုပ်ဆိုသည့်နေ့ရက်များနှင့် ထို စာချုပ်များတွင် ပါဝင်သူများ၊ အရေးကြီးသော ပဋိညာဉ်စာချုပ်များ သို့မဟုတ် ယင်းတို့၏ မိတ္တူများကို စစ်ဆေးကြည့်ရှုနိုင်မည့်အချိန်နှင့်နေရာ၊ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ကုမ္ပဏီကဆောင်ရွက်ခဲ့သည့် သို့မဟုတ် ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် သာမန်ကိစ္စရပ်များအတွက် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့်နေ့ရက် မတိုင်မီ (၂) နှစ်ထက် ပိုသောကာလအတွင်း ချုပ်ဆိုခဲ့သော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ၊

(၁၄) ကုမ္ပဏီ၏စာရင်းစစ်များရှိခဲ့ပါက ၎င်းတို့၏ အမည်များနှင့် နေရပ်လိပ်စာများ၊

(၁၅) ကုမ္ပဏီကိုမြှင့်တင်ရာတွင်ဖြစ်စေ၊ ကုမ္ပဏီကရယူရန် အဆိုပြုထားသော ပစ္စည်းတစ်ရပ်ရပ်တွင်ဖြစ်စေ ပါဝင်သော ဒါရိုက်တာအားလုံး၏ အကျိုးခံစားခွင့်ရှိခဲ့လျှင် ယင်းအခြေအနေနှင့် အတိုင်းအတာပမာဏတို့၏ ဖော်ပြချက်အပြည့်အစုံ သို့မဟုတ် အဆိုပါ ဒါရိုက်တာ၏အကျိုးခံစားခွင့်သည် လုပ်ငန်းစု တစ်ခု၏ ဖက်စပ်လုပ်ကိုင်သူအဖြစ်ပါရှိခြင်းဖြစ်ခဲ့လျှင် အဆိုပါ လုပ်ငန်းစု၏ အကျိုးခံစားခွင့်အခြေအနေနှင့် အတိုင်းအတာပမာဏ၊ ပုဂ္ဂိုလ်တစ်ဦးဦးက ဒါရိုက်တာဖြစ်မည့်သူ သို့မဟုတ် ဒါရိုက်တာဖြစ်ရန် အရည်အချင်းပြည့်ဝသူသို့ဖြစ်စေ၊ ကုမ္ပဏီကိုမြှင့်တင်ခြင်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းတို့နှင့် စပ်လျဉ်း၍ ယင်းက သို့မဟုတ် လုပ်ငန်းစုက ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများအတွက်ဖြစ်စေ ၎င်းတို့ကိုသော်လည်းကောင်း၊ လုပ်ငန်းစုကိုသော်လည်းကောင်း ငွေသားဖြင့်ဖြစ်စေ၊ အစုရှယ်ယာအားဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပေးချေခဲ့သော သို့မဟုတ် ပေးချေရန် သဘောတူညီခဲ့သော ပမာဏအားလုံးပါရှိသည့် ရှင်းလင်းဖော်ပြချက်၊

(၁၆) ကုမ္ပဏီသည် အစုရှယ်ယာအမျိုးအစား တစ်ရပ်ထက်ပိုမိုပါရှိပါက ကုမ္ပဏီ၏ အစည်းအဝေးများတွင် မဲပေးနိုင်သည့် အခွင့်အရေး၊ အစုရှယ်ယာအမျိုးအစားအသီးသီးတွင် ဆက်စပ်ပါရှိသောမတည်ငွေရင်းနှင့် အမြတ်ဝေစုဆိုင်ရာ အခွင့်အရေးများနှင့်

(၁၇) ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်၊ ဆွေးနွေးပြောဆိုခွင့် သို့မဟုတ် မဲပေးခွင့်များနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ၊ အစုရှယ်ယာလွှဲပြောင်းခွင့်နှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ၊ သို့မဟုတ် ဒါရိုက်တာများ၏စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များအပေါ် ကန့်သတ်ချက်များရှိခဲ့လျှင် ထိုကန့်သတ်ချက်များ၏အခြေအနေနှင့် အတိုင်းအတာပမာဏ။

(ခ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ထုတ်ဝေခြင်း မပြုမီကပင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီကထုတ်ဝေသည့်ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ဖြစ်ခဲ့လျှင် ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ၌ ဤပုဒ်မ၏ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအပြင် အောက်ပါအစီရင်ခံစာများကိုလည်း ထည့်သွင်းဖော်ပြရမည် -

(၁) လက်အောက်ခံကုမ္ပဏီများရှိခဲ့လျှင် ယင်းကုမ္ပဏီများ အပါအဝင်ကုမ္ပဏီ၏ အကျိုးအမြတ်နှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့်နေ့မှ လွန်ခဲ့သောဘဏ္ဍာရေးနှစ် (၃)နှစ်အတွက် နှစ်အလိုက်ကုမ္ပဏီ၏ စာရင်းစစ်များက တင်ပြသည့်အစီရင်ခံစာ၊ ယင်းအစီရင်ခံစာတွင် အဆိုပါ (၃) နှစ်ကာလ၏နှစ်စဉ်ကာလတွင် ကုမ္ပဏီ၏အစုရှယ်ယာ အမျိုးအစားတစ်ရပ်ချင်းအတွက် ကုမ္ပဏီကပေးချေခဲ့သည့် အမြတ်ဝေစုနှုန်းထားများရှိခဲ့လျှင် ယင်းတို့ကို ဖော်ပြရမည့်အပြင် အမြတ်ဝေစုများခွဲဝေပေးခဲ့သည့် အစုရှယ်ယာအမျိုးအစားတစ်ရပ်ချင်း၏ အကြောင်းအရာများ၊ အမြတ်ဝေစုခွဲဝေပေးခဲ့သည့်ငွေကြေးအရင်းအမြစ်များ၊ အဆိုပါ နှစ်များတွင် အစုရှယ်ယာအမျိုးအစား တစ်ရပ်ရပ်အပေါ် အမြတ်ဝေစုခွဲဝေပေးခြင်းမပြုခဲ့လျှင် ထိုကိစ္စရပ်များနှင့် သက်ဆိုင်သောအချက်အလက်၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း **စာမျက်နှာ ၂ သို့**

စာမျက်နှာ ၁ မှ

(Prospectus) ထုတ်ဝေခြင်း မပြုမီ(၃)လအလိုတွင် ကုန်ဆုံးသော (၃)နှစ် ကာလ သက်တမ်းတစ်ရပ်အတွင်း ဘဏ္ဍာရေးစာရင်းပြုလုပ်ဆောင်ရွက်ထားခြင်း မရှိပါက အဆိုပါအချက်အလက် အကြောင်းအရာများနှင့်

(၂) စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဝယ်ယူဆောင်ရွက်ရာတွင် အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းမှရရှိသည့် အကျိုးအမြတ် သို့မဟုတ် ယင်း၏တစ်စိတ်တစ်ဒေသအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေအသုံးပြုခဲ့လျှင် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင်အမည်စာရင်းဖော်ပြပါရှိပြီး ပုဒ်မ ၂၇၉ တွင်သတ်မှတ်ထားသော အထောက်အထားလက်မှတ်ကိုရရှိထားသည့် စာရင်းကိုင်တစ်ဦးဦး သို့မဟုတ် စာရင်းကိုင်များက ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အားထုတ်ဝေပြီးသည့် နေ့မတိုင်မီဘဏ္ဍာရေးနှစ် (၃)နှစ်အတွင်း နှစ်အလိုက် အဆိုပါ စီးပွားရေးလုပ်ငန်းမှရရှိသည့်အကျိုးအမြတ်များ အပေါ် စစ်ဆေးပြုစုထားသည့်အစီရင်ခံစာ၊ သို့ရာတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုမှာ (၃) နှစ်အောက်နည်းသည့်ကာလအတွက်သာရှိသည့် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ စာရင်းကိုင်များသည် (၂)နှစ်သို့မဟုတ် ထိုထက်လျော့နည်းသောကာလအတွက်သာလျှင် အစီရင်ခံစာပြုစုရသည့်အခါ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည် (၂) နှစ် သို့မဟုတ် ထိုထက်လျော့နည်းသော ကာလအတွက် ဖော်ပြထားသော ရည်ညွှန်းချက်များကို (၃)နှစ်ကာလအတွက်ဖော်ပြထားသောရည်ညွှန်းချက်များအတွက် အစားထိုးဆောင်ရွက်သကဲ့သို့ အကျိုးသက်ရောက်စေရမည်။

(ဂ) သက်ဆိုင်ရာဥပဒေအရကုမ္ပဏီတစ်ခု၏ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ရပ်၏ အကျိုးအမြတ်များနှင့်စပ်လျဉ်း၍ဤပုဒ်မ၏ ပုဒ်မခွဲ(က)၊အပိုဒ် (၈)တွင်ပါရှိသည့်ဖော်ပြချက်များနှင့် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) တွင် ပါရှိသည့်အစီရင်ခံစာများတွင် ကုန်သွယ်လုပ်ကိုင်မှုရလဒ်များ၊ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကျသောအခကြေးငွေများနှင့် စရိတ်များအားလုံးတို့ကို ရှင်းလင်းစွာဖော်ပြပါရှိစေရမည်ဖြစ်ပြီး သက်ဆိုင်ရာကာလအတွင်း ကုန်သွယ်လုပ်ကိုင်မှုနှင့်စပ်လျဉ်းခြင်းမရှိသည့်ဝင်ငွေ သို့မဟုတ် အကျိုးအမြတ်များ၊ တစ်ကြိမ်သာရရှိသည့်အကျိုးအမြတ် သို့မဟုတ် ဝင်ငွေအမျိုးအစားများကို ဖော်ပြရန်မလို။ သို့ရာတွင် အခွန်ပေးဆောင်ခြင်း သို့မဟုတ် သီးသန့်ရန်ပုံငွေထားရှိခြင်း ကိစ္စရပ်များအတွက် အကျိုးအမြတ်များမှ သင့်လျော်သည့်ငွေပမာဏကို ထည့်သွင်းဖော်ပြရမည်။

(ဃ) ပုဒ်မ ၂၁၅ပုဒ်မခွဲ (ခ) တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအတွက် လိုအပ်သောငွေပမာဏ၏ တစ်စိတ်တစ်ဒေသကို အစုရှယ်ယာမတည်ငွေရင်းမှအပ အခြားငွေကြေးအရင်းအမြစ်တစ်ရပ်မှ ပေးအပ်ရလျှင် ထိုသို့ပေးအပ်ရသည့်ငွေပမာဏနှင့် ငွေကြေးအရင်းအမြစ်တို့နှင့်စပ်လျဉ်းသည့်ဖော်ပြချက်များပါရှိရမည်။

(င) ဤပုဒ်မတွင်ဖော်ပြပါရှိသည့်ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကိုသတင်းစာတွင်ထည့်သွင်းကြေညာခဲ့လျှင် ထိုကြေညာချက်၌ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ အကြောင်းအရာများ၊ မူလအစုရှယ်ယာရှင်များ၊ ၎င်းတို့ထည့်ဝင်ထားသည့်အစုရှယ်ယာအရေအတွက်များကို ထည့်သွင်းဖော်ပြရန် လိုအပ်ခြင်းမရှိစေရ။

(စ) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင် လက်ရှိပါဝင်နေသူများ သို့မဟုတ် ကုမ္ပဏီ၏ ဒီဘင်ချာများကို ပိုင်ဆိုင်ထားသူများသို့ အခြားသူတစ်ဦးဦး၏အကျိုးငှာ စွန့်လွှတ်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ်၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်ရန် ဖိတ်ခေါ်သည့် ဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာများနှင့်သက်ဆိုင်ခြင်းမရှိစေရ။

(ဆ) ဤပုဒ်မတွင်ဖော်ပြပါရှိသည့် ကနဦး ကုန်ကျစရိတ်ပမာဏ သို့မဟုတ် ခန့်မှန်းကုန်ကျစရိတ်ပမာဏနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခွင့်ရှိသည့် နေ့ရက်မှ တစ်နှစ်ထက် ပိုမိုသောကာလတွင် ထုတ်ဝေသောကုမ္ပဏီ၏အလားအလာညွှန်းတမ်းနှင့်သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် ယင်းပြဋ္ဌာန်းချက်များသည် ကနဦး ကုန်ကျစရိတ်ပမာဏ သို့မဟုတ် ခန့်မှန်းကုန်ကျစရိတ်ပမာဏနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များမှအပ အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီမှ ပြောင်းလဲလာသောကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) နှင့်သက်ဆိုင်စေရမည်။

(ဇ) ဤပုဒ်မတွင်ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ယေဘုယျဥပဒေ သို့မဟုတ် ဤပုဒ်မမှအပ ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်ပေးရမည့်တာဝန်ရှိမှုတစ်ရပ်ရပ်ကို ကန့်သတ်ခြင်း သို့မဟုတ် လျော့နည်းစေခြင်း မရှိစေရ။

**၂၀၆။ငှားရမ်းခြင်းဖြင့်ရယူသည့် ပစ္စည်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်တွင် ပုဒ်မ ၂၀၅ အား လိုက်နာဆောင်ရွက်ရခြင်း**

ကုမ္ပဏီကရယူမည့် ပစ္စည်းတစ်စုံတစ်ရာကို ငှားရမ်းခြင်းဖြင့်ရရှိရန် ဆောင်ရွက်မည်ဆိုလျှင် ပုဒ်မ ၂၀၅ ပါ ပြဋ္ဌာန်းချက်များအား "ရောင်းချသူ" ဟူသည့်စကားရပ်တွင် အငှားချထားသူ (lessor) လည်းပါဝင်သည်၊ "ပေးချေရမည့်ငွေ" (purchase-money) ဟူသည့်စကားရပ်တွင် ငှားရမ်းခြင်းအတွက် အဖိုးစားနား (consideration) လည်းပါဝင်ခြင်း၊ "တစ်ဆင့်ဝယ်ယူသူ" ဟူသည့်စကားရပ်တွင် တစ်ဆင့်အငှားချထားခြင်းခံရသူ (sub-lessee) လည်းပါဝင်သည်။

**၂၀၇။စွန့်လွှတ်မှု သို့မဟုတ် အကြောင်းကြားမှုများနှင့် စပ်လျဉ်းသည့်အချို့သော စည်းကမ်းချက်များမှာ တရားဝင်အတည်မဖြစ်ခြင်း**

(က) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားသူ တစ်ဦးဦးအား ပုဒ်မ ၂၀၅ တွင် ပါရှိသည့်သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်း မပြုစေရန်အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်၊ သို့မဟုတ် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် သီးခြားဖော်ပြထားခြင်းမရှိသည့်ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်၊ စာရွက်စာတမ်း သို့မဟုတ် အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည်ဟု အကြောင်းကြား၍ ၎င်းအပေါ်တွင်သက်ရောက်စေရန်အတွက် ရည်ရွယ်သည့် စည်းကမ်းချက်တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

(ခ) ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်လွှာပုံစံတစ်ရပ်ကို ထုတ်ဝေရာတွင် အဆိုပါပုံစံသည် ပုဒ်မ ၂၀၅ တွင် ဖော်ပြပါရှိသည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားသောကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) နှင့်အတူ ထုတ်ဝေထားခြင်းမရှိလျှင် ထိုလျှောက်လွှာပုံစံထုတ်ဝေမှုမှာ တရားဝင်ခြင်းမရှိစေရ။ သို့ရာတွင် လျှောက်လွှာပုံစံသည် အောက်ပါ အခြေအနေများအရ ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရလျှင် ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများနှင့် စပ်လျဉ်း၍ အာမခံခြင်းဆိုင်ရာ သဘောတူစာချုပ်တစ်ရပ် (underwriting agreement) ချုပ်ဆိုရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား သဘောရိုးဖြင့် ဖိတ်ခေါ်ခြင်းနှင့် သက်ဆိုင်ခဲ့လျှင်၊ သို့မဟုတ်

(၂) အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း မပြုသည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များနှင့်သက်ဆိုင်ခဲ့လျှင်။

၂၀၈။ မည်သူမဆို ပုဒ်မ ၂၀၇ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ပြုမူဆောင်ရွက်လျှင် ပြစ်ဒဏ်ပမာဏ (၂၀၀) ခုထက် မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

**ပုဒ်မ ၂၀၅ပါ ပြဋ္ဌာန်းချက်များကို ညီညွတ်ခြင်းမရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့်အကြောင်းများ**

၂၀၉။ပုဒ်မ ၂၀၅ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသည့်ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus)တစ်ရပ်အား ထုတ်ဝေခဲ့လျှင် ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus)အား ထုတ်ဝေရာ၌ သိလျက်ဖြင့် တာဝန်ယူဆောင်ရွက်သူတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၂၀၀) ခုထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

၂၁၀။ပုဒ်မ ၂၀၅ တွင် ဖော်ပြပါရှိသည့်သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ညီညွတ်မှုမရှိလျှင် သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အတွက် တာဝန်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအခြေအနေများကို သက်သေထင်ရှားတင်ပြနိုင်လျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းများပြုလုပ်သည့် အကြောင်းကြောင့် တာဝန်တစ်စုံတစ်ရာမရှိစေရ -

(က) ထုတ်ဖော်ပြောဆိုခြင်း မပြုသည့် ကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းအနေဖြင့်အသိအမှတ်ပြုလိုက်နာဆောင်ရွက်မှုမရှိခြင်း၊သို့မဟုတ်

(ခ) ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် သဘောရိုးဖြင့် မှားယွင်းခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာရသော စည်းကမ်းချက်အား မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်၍ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(ဂ) တရားရုံး၏ ယူဆချက်တွင် လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ဆောင်ရွက်ခြင်းသည် အရေးကြီးသော ကိစ္စရပ်နှင့် မသက်ဆိုင်ကြောင်း သို့မဟုတ် အကြောင်းအရာများအားလုံးကို ထည့်သွင်းစဉ်းစားပြီး ကင်းလွတ်ခွင့်ပြုသင့်ကြောင်း တွေ့ရှိသည့်အခါတွင် ယင်းအတွက် အရေးယူဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။ သို့ရာတွင် ပုဒ်မ ၂၀၅ပုဒ်မခွဲ(က) ၏အပိုဒ် (၁၆) တွင် ပါရှိသော သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်မှု မရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုသည့်ကိစ္စရပ်တွင် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးသည် ထုတ်ဖော်မပြောဆိုသည့်အချက်များကို သိရှိသည်ဟုသက်သေထင်ရှား မပေါ်ပေါက်လျှင်ဖော်ပြပါလိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ဆောင်ရွက်ခြင်းပြုခြင်းများနှင့်စပ်လျဉ်း၍ တာဝန်တစ်စုံတစ်ရာမရှိစေရ။

**၂၁၁။ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အားထုတ်ဝေခြင်း မရှိသည့်ကုမ္ပဏီများ၏တာဝန်များ**

(က) ကုမ္ပဏီတစ်ခုသည်ယင်း၏ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ခုကို ထုတ်ဝေခဲ့ခြင်းမရှိပါက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ပထမအကြိမ် ခွဲဝေသတ်မှတ်ခြင်း မပြုမီတွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အဆိုပြုထားသော ဒါရိုက်တာအဖြစ်၊ သို့မဟုတ် ၎င်း၏စာဖြင့်ရေးသား၍ အခွင့်အာဏာအပ်နှင်းခြင်းခံရသော ကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးထားသည့်ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်းကို ပြုစုမည့်အစား ရေးသားဖော်ပြချက် တစ်စောင် (Statement in lieu of Prospectus) ကို ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့်ပုံစံနှင့် အချက်အလက်များအတိုင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားရမည်။ ယင်းသို့ တင်ပြထားခြင်း မရှိပါက ယင်းကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်ခြင်းမပြုရ။

(ခ) ဤပုဒ်မသည် ဤဥပဒေ၏ အခြားပြဋ္ဌာန်းချက်တစ်စုံတစ်ရာကို ကန့်သတ်ခြင်း မရှိစေဘဲ အကျိုးသက်ရောက်စေရမည်။

**၂၁၂။အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ရောင်းချရန်အတွက် ကမ်းလှမ်းသည့်စာရွက်စာတမ်းများအား ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အဖြစ်မှတ်ယူရခြင်း**

(က) ဤအခန်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် ယင်းကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းရန်ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်လျှင် သို့မဟုတ် ခွဲဝေသတ်မှတ်ရန် သဘောတူညီခဲ့လျှင် အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည့် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ကုမ္ပဏီကထုတ်ဝေသောကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်အဖြစ်မှတ်ယူရမည်။ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ၏ အကြောင်းအရာများ၊ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင်ပါရှိသည့် ရေးသားဖော်ပြချက်များ၊ ပျက်ကွက်မှုများနှင့် စပ်လျဉ်းသည့် တာဝန်ရှိမှုများ၊ သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) နှင့်စပ်လျဉ်း၍အခြားကိစ္စရပ်များအတွက်သတ်မှတ်ထားသည့်ဥပဒေ၊ နည်းဥပဒေများအားလုံးကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည့်အပြင် အများပြည်သူသို့ ထည့်ဝင်ကြေးကမ်းလှမ်းသည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအဖြစ်လည်းကောင်း၊ အစုရှယ်ယာများ သို့မဟုတ် ငွေချေးလက်မှတ်များနှင့် စပ်လျဉ်းသည့်ကမ်းလှမ်းမှုကို လက်ခံသူများအား အဆိုပါ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအတွက် ငွေကြေးထည့်ဝင်သူများအဖြစ် လည်းကောင်း အကျိုးသက်ရောက်စေရမည်။ သို့ရာတွင် စာရွက်စာတမ်းတွင်ပါရှိသော မှားယွင်းဖော်ပြမှုများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ယင်းတွင်ပါရှိသော အခြားအကြောင်းအရာများအတွက်ဖြစ်စေ ကမ်းလှမ်းမှုပြုလုပ်ခဲ့သူအားလုံး၏ တာဝန်ရှိမှုများကို ထိခိုက်စေခြင်းမရှိစေရ။

(ခ) ဤဥပဒေတွင် ဖော်ပြပါရှိသော ကိစ္စရပ်များအတွက် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ကြောင်း တွေ့ရှိရပါက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းရန်ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေသတ်မှတ်ရန်အတွက် သဘောတူညီခြင်းကိုပြုလုပ်ခဲ့ကြောင်းသက်သေထင်ရှားဖြစ်စေရမည် -

(၁) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် ယင်းတို့အနက်တစ်ရပ်ရပ်ကို အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းမှုတစ်ရပ်အား ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေသတ်မှတ်ရန် သဘောတူခြင်းကိုပြုလုပ်ဆောင်ရွက်ပြီးနောက် (၆)လအတွင်း ကမ်းလှမ်းခဲ့ခြင်း၊ သို့မဟုတ်

(၂) ကမ်းလှမ်းမှုအား ပြုလုပ်သည့်နေ့ရက်တွင် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ကုမ္ပဏီကရရှိမည့် အဖိုးစားနားအားလုံးကို မရရှိသေးခြင်း။

(ဂ) ကမ်းလှမ်းမှုကိုပြုလုပ်ခဲ့သူတစ်ဦးဦး သို့မဟုတ် အားလုံးသည် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ဒါရိုက်တာများအဖြစ် အမည်စာရင်းဖော်ပြထားသူများဖြစ်သကဲ့သို့ ပုဒ်မ ၂၀၉ နှင့် ၂၁၀ ပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်စေရမည်။ ပုဒ်မ ၂၀၅ ပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ဖော်ပြပါရှိရမည့် ယင်းပုဒ်မပါ အကြောင်းအရာများအပြင် အောက်ပါတို့ကိုလည်း ထည့်သွင်းဖော်ပြရန်လိုအပ်သည်ဟုသက်ရောက်စေရမည် -

(၁) ကမ်းလှမ်းမှုနှင့် သက်ဆိုင်သည့်အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ရရှိသော သို့မဟုတ် ရရှိမည်ဖြစ်သောအသားတင်အဖိုးစားနားပမာဏနှင့်

(၂) အဆိုပါအစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ်ထားသော သို့မဟုတ် ခွဲဝေသတ်မှတ်ရန်အတွက် ဆောင်ရွက်ထားသော ပဋိညာဉ်စာချုပ်အား စစ်ဆေးနိုင်မည့် နေရာနှင့်အချိန်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်သက်ဆိုင်သော ကမ်းလှမ်းမှုတစ်ရပ်ကို ပြုလုပ်သူသည် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစုတစ်ရပ်ရပ်ဖြစ်ခဲ့ပါက အထက်ဖော်ပြပါ စာရွက်စာတမ်းအား ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစု၏

**စာမျက်နှာ ၃ သို့**

စာမျက်နှာ ၂ မှ

ကိုယ်စား ကုမ္ပဏီ၏ ဒါရိုက်တာအားလုံးကဖြစ်စေ၊ တစ်ဝက်အောက် မနည်းသော ဖက်စပ်လုပ်ကိုင်သူများကဖြစ်စေ လက်မှတ်ရေးထိုးခဲ့လျှင် ယင်းကမ်းလှမ်းမှုသည် ပြည့်စုံမှုရှိပြီး အဆိုပါ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဖက်စပ်လုပ်ကိုင်သူတစ်ဦးဦးသည် စာဖြင့်ရေးသား၍ အခွင့်အာဏာအပ်နှင်းထားသော ၎င်း၏ကိုယ်စားလှယ်ဖြင့် လက်မှတ်ရေးထိုးဆောင်ရွက်နိုင်သည်။

၂၁၃။ **ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် ယင်းအစားပြုလုပ်သည့်ရေးသားဖော်ပြချက်တွင်ပါရှိသော စည်းကမ်းချက်များကို ပြောင်းလဲပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်**

ကုမ္ပဏီတစ်ခုသည် အထွေထွေအစည်းအဝေးတွင် ပြုလုပ်သော အတည်ပြုဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါးမည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် ယင်းအစား ပြုလုပ်သည့်ရေးသားဖော်ပြချက်တွင်ပါရှိသော ပဋိညာဉ်စည်းကမ်းချက်များကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၂၁၄။ **ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင်ပါရှိသောဖော်ပြချက်များအတွက်တာဝန်ရှိခြင်း**

(က) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) သည်ကုမ္ပဏီ၏ အစုရှယ်ယာများသို့မဟုတ်ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်ရန် ပုဂ္ဂိုလ်တစ်ဦးဦးအား ဖိတ်ခေါ်ထားခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus)ကို ထုတ်ဝေသည့်အချိန်က ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူများအားလုံး၊ ၎င်းတို့၏ကိုယ်စားအခွင့်အာဏာအပ်နှင်းခြင်းခံရသူများအားလုံး၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ဒါရိုက်တာအားလုံး၊ ချက်ချင်းသော်လည်းကောင်း၊ အချိန်ကာလတစ်ရပ်တွင်သော်လည်းကောင်း ဒါရိုက်တာတစ်ဦးအဖြစ်ထားရှိရန် သဘောတူညီပြီးဖြစ်သော ပုဂ္ဂိုလ်များအားလုံး၊ ကမကထပြုသူများအားလုံးနှင့်ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေရန်အခွင့်အာဏာအပ်နှင်းခြင်းခံရသူများ အားလုံးသည် အောက်ပါအကြောင်းများပေါ်ပေါက်ခြင်းမရှိခဲ့လျှင် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အပေါ်ယုံကြည်၍ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်သူများအားလုံးသို့ အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင်ဖြစ်စေ၊ ၎င်းတွင်ပါရှိသည့်အစီရင်ခံစာ သို့မဟုတ် မှတ်တမ်းတစ်ရပ်ရပ်တွင် ဖြစ်စေ၊ ၎င်းတွင်ပါရှိသော သို့မဟုတ် ၎င်းနှင့်အတူ ဖော်ပြထားသော ရည်ညွှန်းချက်များတွင်ဖြစ်စေ မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့်ရေးသားဖော်ပြချက်များကြောင့် ငွေကြေးထည့်ဝင်ကြသူများအပေါ် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုများအတွက်လျော်ကြေးပေးရန် တာဝန်ရှိသည်

(၁) ကျွမ်းကျင်သူတစ်ဦးဦး၏ ခွင့်ပြုချက်အရ ပြုလုပ်ရန် ရေးသားဖော်ပြချက်တစ်ရပ်ရပ် သို့မဟုတ် ဌာနမှတရားဝင်ထုတ်ပြန်သည့် စာရွက်စာတမ်းများကို အထောက်အထားမပြုဘဲ မှားယွင်းတင်ပြထားသည့် ရေးသားဖော်ပြချက်တစ်ရပ်ရပ် သို့မဟုတ် မှန်ကန်မှုမရှိသည့်ဖော်ပြချက်များသည် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ်သည့်အချိန်အထိ မှန်ကန်စွာတင်ပြထားကြောင်း သို့မဟုတ် အချက်အလက်များသည် မှန်ကန်မှုရှိကြောင်း ယုံကြည်လောက်သော အခြေခံအကြောင်းများရှိခြင်း၊ သို့မဟုတ်

(၂) ကျွမ်းကျင်သူတစ်ဦးဦး၏ အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက်တစ်ရပ်ရပ်မှ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် ပြုစုထားသော သို့မဟုတ် ယင်းအချက်များပါဝင်သော ရေးသားဖော်ပြချက် တစ်ရပ်ရပ်တွင်ပါရှိသောမှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့်ဖော်ပြချက်များသည် မှန်ကန်စွာတင်ပြထားခြင်း သို့မဟုတ် အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက်တစ်ရပ်ရပ်မှမှန်ကန်စွာ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့်ပြုလုပ်ထားခြင်း၊ သို့ရာတွင် ရေးသားဖော်ပြချက်၊ အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက်တို့ကိုပြုလုပ်သည့် ကျွမ်းကျင်သူသည် ထိုသို့ပြုလုပ်ဆောင်ရွက်ရန် အရည်အချင်းပြည့်ဝသည်ဟု ယုံကြည်လောက်သော အခြေခံအကြောင်းများမရှိကြောင်း ထင်ရှားပေါ်ပေါက်ခဲ့လျှင် ဒါရိုက်တာ၊ ဒါရိုက်တာအဖြစ်အမည်စာရင်းရေးသွင်းခံရသူ၊ ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေရန် ခွင့်ပြုသူတို့သည် အထက်တွင်ဖော်ပြပါရှိသည့်အတိုင်း လျော်ကြေးပေးရန် တာဝန်ရှိသည်။ သို့မဟုတ်

(၃) ဌာနဆိုင်ရာ တရားဝင်စာရွက်စာတမ်းတစ်ရပ်ရပ်မှ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် တရားဝင်ပုဂ္ဂိုလ်တစ်ဦးဦးက ပြုစုထားသော သို့မဟုတ် ယင်းအချက်များပါဝင်သော ရေးသားဖော်ပြချက်တစ်ရပ်ရပ်တွင် ပါရှိသော မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့်ဖော်ပြချက်များသည် မှန်ကန်စွာတင်ပြထားခြင်း သို့မဟုတ် ဖော်ပြပါ စာရွက်စာတမ်းမှ မှန်ကန်စွာမိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် ပြုလုပ်ထားခြင်း၊ သို့မဟုတ်

(၄) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မပြုမီက ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီထားသည့် ပုဂ္ဂိုလ်တစ်ဦးက ၎င်း၏သဘောဆန္ဒကို ရုပ်သိမ်းခဲ့ပြီး အဆိုပါကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ၎င်း၏ ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက်မပါရှိဘဲ ကုမ္ပဏီကထုတ်ဝေခဲ့ခြင်း၊ သို့မဟုတ်

(၅) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ကို ၎င်းအနေဖြင့်သိရှိခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏သဘောတူညီချက်မပါရှိဘဲထုတ်ဝေခဲ့ခြင်း၊ ထိုသို့ ထုတ်ဝေခြင်းကိုသိရှိသည့်အချိန်တွင် ထိုသို့ထုတ်ဝေခဲ့ခြင်းသည် ၎င်းအနေဖြင့်သိရှိခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏သဘောတူညီချက်မပါရှိဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း အများပြည်သူသို့ ထိုက်သင့်သည့်နည်းလမ်းဖြင့် အသိပေးခဲ့ခြင်း၊ သို့မဟုတ်

(၆) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ယင်းအရ ခွဲဝေသတ်မှတ်မှုများ ပြုလုပ်ခြင်းမရှိမီ ကာလတွင် ၎င်းအနေဖြင့် အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ရေးသားဖော်ပြချက်များသည် မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှု မရှိသည့်ဖော်ပြချက်များဖြစ်ကြောင်းသိရှိခဲ့သဖြင့် ၎င်း၏ သဘောတူညီချက်ကို ရုပ်သိမ်းခဲ့ခြင်း၊ ထိုသို့သော အကြောင်းနှင့် ရုပ်သိမ်းမှုကို အများပြည်သူသို့ ထိုက်သင့်သည့်နည်းလမ်းဖြင့် အသိပေးခဲ့ခြင်း။

(ခ) ယခင်ဥပဒေစတင်အာဏာတည်သည့်အချိန်က တည်ရှိခဲ့သော ကုမ္ပဏီတစ်ခုက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေပြီး အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်ခြင်းဖြင့် မတည်ငွေရင်းများ ထပ်မံရရှိစေရန်ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်အားထုတ်ဝေလျှင် ဒါရိုက်တာတစ်ဦးသည် ၎င်းအနေဖြင့် ထိုသို့ထုတ်ဝေရန်ခွင့်ပြုခြင်းမရှိလျှင် သို့မဟုတ် အဆိုပါကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus)အား အတည်ပြုခြင်းမရှိလျှင် အဆိုပါကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင်ပါရှိသည့် ဖော်ပြချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တာဝန်မရှိစေရ။

(ဂ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ် ပုဂ္ဂိုလ်တစ်ဦး၏အမည် သို့မဟုတ် ဒါရိုက်တာတစ်ဦးအဖြစ်ဆောင်ရွက်ရန် သဘောတူညီထားသည့် ပုဂ္ဂိုလ်တစ်ဦး၏အမည်အား ဖော်ပြထားပြီး ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုမီ ထိုပုဂ္ဂိုလ်က ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီခြင်းမရှိလျှင် သို့မဟုတ် ၎င်း၏သဘောတူညီချက်အား ရုပ်သိမ်းလျှင်၊ ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား အထက်တွင် ဖော်ပြခဲ့သော ပုဂ္ဂိုလ်များအား အသိပေးခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏သဘောတူညီချက် မပါရှိဘဲ ထုတ်ဝေခဲ့သည့်ကိစ္စမှအပ ထိုကုမ္ပဏီ၏ဒါရိုက်တာ၊ ထိုသို့ထုတ်ဝေရန် ခွင့်ပြုခဲ့သူများသည် ယင်းပုဂ္ဂိုလ်များသို့ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ၎င်းတို့၏အမည်အား ထည့်သွင်းဖော်ပြမှုကြောင့် ၎င်းတို့အပေါ်တွင် ကျရောက်လာသည့် တာဝန်ရှိမှုများအတွက်သော်လည်းကောင်း၊ အဆိုပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၎င်းတို့အပေါ်စွဲဆိုသည့်ပြစ်မှု သို့မဟုတ် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ခုခံချေပခြင်းအတွက်သော်လည်းကောင်း ၎င်းတို့၏ ထိခိုက်နစ်နာမှုနှင့် ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးရန် တာဝန်ရှိသည်။

(ဃ) ဒါရိုက်တာအဖြစ်လည်းကောင်း၊ ဒါရိုက်တာအဖြစ် အမည်စာရင်းတင်သွင်းခံရသူအဖြစ်လည်းကောင်း၊ ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီသူအဖြစ်လည်းကောင်း၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus)ကို ထုတ်ဝေရန် ခွင့်ပြုချက်ပေးသူအဖြစ်လည်းကောင်း ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ငွေပေးချေရန် တာဝန်ရှိသူအားလုံးသည် ထိုသို့ပေးချေရန် တာဝန်ရှိသူက လိမ်လည်လိုသောသဘောဖြင့် မှားယွင်းတင်ပြမှုအရ အပြစ်ရှိကြောင်း မပေါ်ပေါက်ဘဲ အခြားသူများက ထိုကိစ္စရပ်အတွက်အပြစ်ရှိကြောင်းပေါ်ပေါက်ခဲ့လျှင် ပဋိညာဉ်စာချုပ်အရ ဆောင်ရွက်သည့်ကိစ္စရပ်များတွင် သီးခြားစီတရားစွဲဆိုဆောင်ရွက်ပါက အလားတူငွေပေးချေရန် တာဝန်ရှိသောအခြားသူတစ်ဦးထံမှ ထည့်ဝင်ငွေများကို ရပိုင်ခွင့်ရှိသည်။

## ခွဲဝေသတ်မှတ်ခြင်း

၂၁၅။ **ခွဲဝေသတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့်ကန့်သတ်ချက်**

(က) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် အနည်းဆုံးအစုရှယ်ယာမတည်ငွေရင်းပမာဏအဖြစ် ဖော်ပြထားသော ပမာဏသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) တွင် သတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပေးချေရန် လိုအပ်သည့် ငွေပမာဏကို ဒါရိုက်တာများ၏ ထင်မြင်ချက်အရ စုစုပေါင်းငွေပမာဏ သို့မဟုတ် အဆိုပါငွေပမာဏ တစ်စိတ်တစ်ဒေသကိုပေးချေသည့်အခါ ပေးချေရန်ကျန်ရှိသည့်ငွေပမာဏ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့်ငွေပမာဏကို ရှယ်ယာမတည်ငွေရင်းဖြင့် ခွဲဝေသတ်မှတ်ခြင်းမရှိခဲ့လျှင် အများပြည်သူမှငွေကြေးထည့်ဝင်နိုင်ရန်အတွက် ကမ်းလှမ်းသော ကုမ္ပဏီတစ်ခု၏အစုရှယ်ယာ မတည်ငွေရင်းတစ်ရပ်ရပ်ကို ခွဲဝေသတ်မှတ်ခြင်းမပြုရ၊ ထို့အပြင် ထိုငွေပမာဏ၏ အနည်းဆုံး၅% သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့်ရာခိုင်နှုန်းကို ကုမ္ပဏီသို့ ငွေသားဖြင့်ပေးချေရမည် သို့မဟုတ် ကုမ္ပဏီကလက်ခံရယူရမည်။

(ခ) အောက်ပါကိစ္စရပ်များအတွက် အနည်းဆုံးအစုရှယ်ယာမတည်ငွေရင်းပမာဏကိုရရှိရန် ဒါရိုက်တာများက ပြုလုပ်ဆောင်ရွက်ရမည် -

(၁) ထုတ်ဝေခြင်းမှရရှိသော အကျိုးအမြတ်ဖြင့်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အသုံးပြု၍ဝယ်ယူထားသည့် သို့မဟုတ် ဝယ်ယူမည့်ပစ္စည်း တစ်ရပ်ရပ်၏ဈေးနှုန်းတန်ဖိုး၊

(၂) ကုမ္ပဏီကပေးချေရမည့် ကနဦးကုန်ကျစရိတ်တစ်ရပ်ရပ်နှင့် ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက်ထည့်ဝင်ကြေးများပေးသွင်းရန် သဘောတူညီခြင်း သို့မဟုတ် အစုရှယ်ယာတစ်ရပ်ရပ်ကို ထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန်သဘောတူညီခြင်းကြောင့် ထိုသူအားပေးချေရမည့် ကော်မရှင်ခတစ်ရပ်ရပ်၊

(၃) အထက်ပါကိစ္စရပ်တစ်ခုခုအတွက် ကုမ္ပဏီကချေးယူထားသော ငွေတစ်ရပ်ရပ်ကို ပြန်လည်ပေးဆပ်ခြင်းနှင့်

(၄) စီးပွားရေးလုပ်ငန်းနေ့စဉ်ဆောင်ရွက်မှုတွင်အသုံးပြုသော မတည်ငွေရင်း (working capital)။

(ဂ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ဖော်ပြပါရှိသော ငွေပမာဏအဖြစ် ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင်ဖော်ပြထားသည့်ငွေပမာဏအား ငွေသားဖြင့်ပေးချေရမည်ဖြစ်ပြီး အခြားနည်းတစ်ရပ်ရပ်ဖြင့် ပေးချေခြင်းမပြုဘဲ အပြည့်အဝတွက်ချက်လက်ခံရမည့်အပြင် ဤဥပဒေတွင် အနည်းဆုံးထည့်ဝင်ငွေကြေးအဖြစ်ဖော်ပြရမည်။

(ဃ) အစုရှယ်ယာများအတွက် လျှောက်ထားသူများထံမှ လက်ခံရရှိသော ငွေကြေးအားလုံးကို သတ်မှတ်စီစဉ်ထားသည့် ဘဏ်တစ်ခုခုတွင် ဤပုဒ်မ၏ ပုဒ်မခွဲ(စ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ပေးအပ်သည့်အချိန်အထိ သို့မဟုတ် ပုဒ်မ ၂၁၈ အရ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ခွင့် အထောက်အထားလက်မှတ်ရရှိသည့်အချိန်အထိ အပ်နှံသိမ်းဆည်းထားရှိရမည်။

(င) အစုရှယ်ယာတစ်ခုစီနှင့် စပ်လျဉ်းသည့်လျှောက်လွှာအရ ပေးချေရမည့်ငွေပမာဏသည် အစုရှယ်ယာတန်ဖိုးပမာဏ၏ ၅% အောက်လျော့နည်းခြင်းမရှိစေရ။

(စ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ရက်ပေါင်း (၁၈၀) ကျော်လွန်သည်အထိ အထက်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် အစုရှယ်ယာများအတွက် လျှောက်ထားသူများထံမှ လက်ခံရရှိထားသည့် ငွေကြေးများအားလုံးကို အတိုးမပါရှိဘဲ၎င်းတို့ထံပြန်လည်ပေးအပ်ရမည်။ အဆိုပါငွေကြေးများကို ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ရက်ပေါင်း (၁၉၀) အတွင်း ပြန်လည်ပေးချေနိုင်ခြင်းမရှိခဲ့လျှင် ကုမ္ပဏီ၏ ဒါရိုက်တာများသည် ရက်ပေါင်း (၁၉၀) ပြည့်မြောက်သည့် နေ့မှစတင်တွက်ချက်သော တစ်နှစ်လျှင် ပေးရမည့်သတ်မှတ်ဖော်ပြထားသည့်အတိုးနှင့်အတူ အဆိုပါ ငွေအားစုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပြန်လည်ပေးချေရမည်။ သို့ရာတွင် ငွေကြေးဆုံးရှုံးမှုသည် ဒါရိုက်တာတစ်ဦး၏ အကျင့်သိက္ခာပျက်ပြားခြင်း သို့မဟုတ် ပေါ့လျော့ခြင်းကြောင့် မဟုတ်ကြောင်း ထင်ရှားပေါ်ပေါက်ခဲ့လျှင် ထိုဒါရိုက်တာအပေါ်တွင် တာဝန်တစ်စုံတစ်ရာမရှိစေရ။

(ဆ) အစုရှယ်ယာများအတွက် လျှောက်ထားသူတစ်ဦးဦးအား ဤပုဒ်မတွင် ပါရှိသည့်သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမပြုစေရန်အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်သည် အကျိုးသက်ရောက်ခြင်းမရှိဘဲ ပျက်ပြယ်စေရမည်။

(ဇ) ဤပုဒ်မ၏ ပုဒ်မခွဲ(င) တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များမှအပ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းခဲ့သော အစုရှယ်ယာများအား ပထမအကြိမ် ခွဲဝေသတ်မှတ်ပြီးနောက် ဆောင်ရွက်သော အစုရှယ်ယာများ ခွဲဝေသတ်မှတ်ခြင်းတစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၁၆။ ပုဒ်မ ၂၁၅ ပုဒ်မခွဲ(ဃ) ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်သည့်ကိစ္စရပ်များတွင် ကမကထပြုသူ၊ ဒါရိုက်တာ၊ သို့မဟုတ် ထိုသို့ဆန့်ကျင်ဆောင်ရွက်မှုအတွက် တာဝန်ရှိသူတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ(၂၀)ခုထက်မပိုသောဒဏ်ငွေကိုပေးဆောင်ရန်တာဝန်ရှိသည်။

၂၁၇။ **နည်းလမ်းမကျသောခွဲဝေသတ်မှတ်ခြင်း၏အကျိုးသက်ရောက်မှုများ**

(က) ပုဒ်မ ၂၁၅ ပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ကုမ္ပဏီတစ်ခုက ပြုလုပ်သည့်ခွဲဝေချထားမှုအပေါ် လျှောက်ထားသူတစ်ဦးသည် ကုမ္ပဏီက ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးကျင်းပပြီးသည့်နေ့ရက်မှ (၂၈) ရက်အတွင်း လျှောက်ထားပါက အဆိုပါခွဲဝေမှုသည် ပျက်ပြယ်စေရမည် သို့မဟုတ် ကုမ္ပဏီက ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးအား ကျင်းပရန် မလိုသည့်အခါတွင် ခွဲဝေသတ်မှတ်ခြင်းပြုလုပ်သည့်နေ့မှ (၂၈)ရက်အတွင်း လျှောက်ထားပါက အဆိုပါခွဲဝေမှုသည် ပျက်ပြယ်စေရမည်။ ယင်းပျက်ပြယ်ခြင်းသည် ကုမ္ပဏီမှ စာရင်းရှင်းလင်းဖျက်သိမ်းရသည့်အကြောင်းကိစ္စဖြစ်စေကာမူ အကျိုးသက်ရောက်စေရမည်။

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

(ခ) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည် ခွဲဝေသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သိလျက်ဖြင့် ဆန့်ကျင်၍ ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ထိုသို့ဆန့်ကျင်၍ ဆောင်ရွက်မှုကို ခွင့်ပြုခဲ့လျှင် ကုမ္ပဏီနှင့်ခွဲဝေသတ်မှတ်ခြင်းခံရသူများအပေါ် ၎င်းတို့တွင် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှု၊ နစ်နာမှု သို့မဟုတ် ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးရန်တာဝန်ရှိသည်။ သို့ရာတွင် ခွဲဝေသတ်မှတ်သည့်နေ့ရက်မှ (၂)နှစ်ကာလကျော်လွန်ပြီးနောက်တွင် အဆိုပါ ဆုံးရှုံးမှု၊ နစ်နာမှု သို့မဟုတ် ကုန်ကျစရိတ်များအား ပြန်လည်ရရှိရန်အတွက် တရားစွဲဆို ဆောင်ရွက်ခြင်းမပြုရ။

၂၁၈။ **စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

(က) ဤအခန်းပါပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သောကုမ္ပဏီတစ်ခုသည် အောက်ပါအချက်များ ပေါ်ပေါက်ခြင်းမရှိလျှင် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို စတင်ဆောင်ရွက်ခြင်းမပြုရ သို့မဟုတ် ချေးငွေရယူဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခွင့်မရှိစေရ -

(၁) ငွေသားဖြင့်ပမာဏတစ်ရပ်လုံးအား ပေးချေရမည့် အစုရှယ်ယာများကို အနည်းဆုံးထည့်ဝင်ငွေကြေးပမာဏ ထက်မလျော့နည်းသည့်ပမာဏတစ်ရပ်သို့ ခွဲဝေသတ်မှတ်ခြင်း၊

(၂) ကုမ္ပဏီ၏ ဒါရိုက်တာအားလုံးသည် ၎င်းတို့က ရယူမည်ဖြစ်သော သို့မဟုတ် ရယူမည်ဟု ပဋိညာဉ်ပြုလုပ်ထားသော အစုရှယ်ယာတစ်ရပ်စီအတွက် ငွေပေးချေရာတွင် ၎င်းတို့က ငွေသားဖြင့် ပေးချေရန်တာဝန်ရှိပြီး အများပြည်သူက ငွေကြေး ထည့်ဝင်နိုင်ရန်အတွက် ခွဲဝေသတ်မှတ်ခြင်းများအပေါ် ပေးချေရမည့် အချိုးအစားနှင့်တူညီသော အချိုးအစားအတွက် ပေးချေခဲ့ခြင်း သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့်ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုသော ကုမ္ပဏီအတွက်မူ အစုရှယ်ယာများနှင့်စပ်လျဉ်း၍ ငွေသားဖြင့်ပေးချေခြင်း၊

(၃) အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံတွင်ဖြည့်သွင်းဖော်ပြလျက် အတွင်းရေးမှူးက ဖြစ်စေ၊ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ တရားဝင်အတည်ပြုထားသော ကြေညာချက်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးဖြစ်ခြင်းနှင့်

(၄) ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် သို့မဟုတ် ကမ်းလှမ်းသည့် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုသောကုမ္ပဏီအတွက်မူ အဆိုပါကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအစား ပြုစုထားသည့်ရေးသားဖော်ပြချက်တစ်စောင် (Statement in lieu of Prospectus) ကို မှတ်ပုံတင်အရာရှိထံ တင်ပြပြီးဖြစ်ခြင်း။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်အတည်ပြုထားသော ကြေညာချက်တစ်စောင်ကို တင်ပြလာပါက မှတ်ပုံတင်အရာရှိ အနေဖြင့် ကုမ္ပဏီသည်စီးပွားရေးလုပ်ငန်းကို စတင်လုပ်ကိုင် ဆောင်ရွက်ခွင့်ရှိကြောင်း၊ အဆိုပါ အထောက်အထားသည် ကုမ္ပဏီက ထိုသို့လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့်ပြည့်စုံသော အထောက်ထားဖြစ်ကြောင်း ထောက်ခံအတည်ပြုရမည်။ သို့ရာတွင် ကုမ္ပဏီ၏အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့်ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုသောကုမ္ပဏီအတွက်မူ ကုမ္ပဏီ၏အလားအလာညွှန်းတမ်းအစားပြုစုထားသည့်ရေးသားဖော်ပြချက်တစ်ရပ် (Statement in lieu of Prospectus)ကို မှတ်ပုံတင်အရာရှိထံ တင်ပြလာခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည်အဆိုပါအထောက်အထားကို ထုတ်ပေးခြင်းမပြုရ။

(ဂ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ငွေကြေးထည့်ဝင်ရန်အတွက် တစ်ပြိုင်နက်တည်း ကမ်းလှမ်းချက်ကိုဖြစ်စေ၊ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ်ခြင်းကို ဖြစ်စေ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားခြင်းအပေါ် ပေးချေရသောငွေကြေးတစ်ရပ်ရပ်အား လက်ခံခြင်းကိုဖြစ်စေ တားမြစ်ထားခြင်းမရှိစေရ။

၂၁၉။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၁၈ ပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ စီးပွားရေးလုပ်ငန်းအား စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ချေးငွေရယူဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခဲ့လျှင် ထိုသို့ဆန့်ကျင်ဆောင်ရွက်မှုအတွက် တာဝန်ရှိသူ တစ်ဦးဦးစီသည် အခြားသော တာဝန်ရှိမှုများကို မထိခိုက်စေဘဲ ပြစ်ဒဏ်ပမာဏ (၂၀) ခု ထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

**ကော်မရှင်ခများနှင့်လျှော့ငွေများ**

၂၂၀။ **အချို့သော ကော်မရှင်ခများပေးချေရန် အခွင့်အာဏာနှင့်အခြားသောကော်မရှင်ခများ၊ လျှော့ငွေများစသည်တို့ကို ပေးချေခြင်းမှ တားမြစ်ချက်များ**

(က) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ကော်မရှင်ခပေးခြင်းကို ခွင့်ပြုထားပြီးပေးချေမည့် သို့မဟုတ် ပေးချေရန် သဘောတူညီထားသည့်ကော်မရှင်ခသည် ထိုသို့ခွင့်ပြုထားသော ပမာဏ သို့မဟုတ် နှုန်းထားထက်ကျော်လွန်ခြင်းမရှိလျှင်၊ ပေးချေမည့် သို့မဟုတ် ပေးချေရန် သဘောတူညီထားသည့် ကော်မရှင်ခ၏ ပမာဏနှင့် နှုန်းထားရာခိုင်နှုန်းတို့သည် အောက်ပါအတိုင်းဖြစ်ခဲ့လျှင် ကုမ္ပဏီ၏အစုရှယ်ယာတစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန်သဘောတူညီခြင်းအတွက် သော်လည်းကောင်း၊ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန် သဘောတူညီခြင်းအတွက် သော်လည်းကောင်း ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့်ကုမ္ပဏီက ထိုသူသို့ကော်မရှင်ခ ပေးချေခြင်းသည် အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာလျက်ဥပဒေနှင့်ညီညွတ်သည်-

(၁) ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းသည့် အစုရှယ်ယာများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ထုတ်ဖော်ရေးသားထားခြင်း၊ သို့မဟုတ်

(၂) ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ကမ်းလှမ်းခြင်း မပြုသည့်အစုရှယ်ယာများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏အလားအလာညွှန်းတမ်းအစား ပြုစုထားသည့် ရေးသားဖော်ပြချက် (Statement in lieu of prospectus) ကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လက်မှတ်ရေးထိုး ထုတ်ဖော်ရေးသားထားခြင်း၊ ယင်းတို့အား မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားခြင်း၊ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် ဖိတ်ခေါ်သောကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) မဟုတ်သောဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာအား ထုတ်ဝေခဲ့လျှင် အဆိုပါ ဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာတွင်လည်း ထုတ်ဖော်ရေးသားထားခြင်း။

(ခ) အစုရှယ်ယာများ သို့မဟုတ် ငွေကြေးများကို ကုမ္ပဏီကရယူမည့် ပစ္စည်းတစ်စုံတစ်ရာအတွက် ဝယ်ယူသည့်ငွေတွင်ဖြစ်စေ၊ ကုမ္ပဏီအတွက် ပြုလုပ်ရမည့်လုပ်ငန်းတစ်ရပ်ရပ်အတွက် ပဋိညာဉ်ပြုလုပ်ထားသည့်တန်ဖိုးတွင်ဖြစ်စေ ဖြည့်စွက်ခြင်းဖြင့် သော်လည်းကောင်း၊ အနည်းငယ်မျှဖြစ်သော ဝယ်ယူသည့်ငွေ သို့မဟုတ် ပဋိညာဉ် ပြုလုပ်ထားသည့် တန်ဖိုးမှပေးချေခဲ့သည့်ငွေ သို့မဟုတ် အခြားကိစ္စတစ်ရပ်ရပ်တွင်သော်လည်းကောင်းအသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ကုမ္ပဏီ၏အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန်အတွက်သဘောတူညီခြင်း၊ သို့မဟုတ် ကုမ္ပဏီ၏အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန်သဘောတူညီခြင်းနှင့်စပ်လျဉ်း၍ ဤပုဒ်မ၏ ပုဒ်မခွဲ(က) ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၂၂၁ တွင် ပါရှိသော ပြဋ္ဌာန်းချက်များမှအပ ထိခိုက်ခြင်းမရှိစေဘဲ မည်သည့်ကုမ္ပဏီကမျှ ယင်း၏ အစုရှယ်ယာများ သို့မဟုတ် မတည်ငွေရင်းငွေကြေးများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကော်မရှင်ခ၊ လျှော့ငွေ သို့မဟုတ် အသုံးစရိတ်တစ်ရပ်ရပ်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ပေးချေခြင်းတွင် အသုံးပြုခွင့်မရှိရ။

၂၂၁။ **တရားဝင်ငွေပေးချေမှုအပေါ် ကန့်သတ်မှုမရှိခြင်း**

ကုမ္ပဏီကတိုက်ရိုက်ပြုလုပ်ခဲ့သော အဆိုပါ ငွေပေးချေမှုသည် ပုဒ်မ ၂၂၀ အရ တရားဝင်ဖြစ်သည်ဆိုလျှင် ယင်းပုဒ်မတွင် ပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီက ငွေပေးချေခြင်းကို တရားဝင်ရထိုက်သော ပွဲစားသို့ ငွေပေးချေနိုင်သည့် အခွင့်အာဏာအား ထိခိုက်စေခြင်းမရှိစေဘဲ ကုမ္ပဏီသို့ ပစ္စည်းရောင်းချသူ၊ ကုမ္ပဏီ၏ ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီထံမှ ငွေကြေး သို့မဟုတ် အစုရှယ်ယာများအားလက်ခံရရှိသူ တစ်ဦးဦးသည် ကော်မရှင်ခတစ်ရပ်ရပ်ပေးချေမှုတွင် ထိုသို့လက်ခံရရှိသော ငွေကြေး သို့မဟုတ် အစုရှယ်ယာ၏ တစ်စိတ်တစ်ဒေသကိုအမြဲ အသုံးပြုခွင့်ရရှိသည် သို့မဟုတ် အသုံးပြုခွင့်ရရှိသည်ဟု မှတ်ယူရမည်။

၂၂၂။ **ကော်မရှင်ခများ၊ လျှော့ငွေများနှင့်စပ်လျဉ်း၍ လက်ကျန်ရှင်းတမ်းတွင် ရေးသားဖော်ပြရခြင်း**

အစုရှယ်ယာများ သို့မဟုတ် ပေးချေထားသည့်ငွေစုစုပေါင်း သို့မဟုတ် စာရင်းရှင်းလင်းပယ်ဖျက်ရခြင်းမရှိသေးသည့် ငွေပမာဏတို့နှင့် စပ်လျဉ်း၍ ကုမ္ပဏီသည် ကော်မရှင်ခအနေဖြင့် ငွေပမာဏတစ်ရပ်ရပ်ကိုပေးချေခဲ့လျှင် ၎င်းငွေပမာဏအားလုံးကို စာရင်းရှင်းလင်းပယ်ဖျက်ပြီးသည်အထိ ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း(balance sheet) အားလုံးတွင် ရေးသား ဖော်ပြရမည်။

**အခန်း (၂၁) နိုင်ငံတော်၏ပြင်ပတွင်ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းများကကမ်းလှမ်းသည့်အစုရှယ်ယာများ**

၂၂၃။ **အစုရှယ်ယာများအား ရောင်းချရန်အတွက် ကမ်းလှမ်းခြင်းနှင့် ရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်များ**

(က) ပုဂ္ဂိုလ်တစ်ဦးဦးက အောက်ပါတို့ကိုပြုလုပ်ခြင်းသည် တရားဝင်ခြင်း မရှိစေရ -

(၁) ကော်ပိုရေးရှင်းတစ်ခုခုသည် ယင်း၏ စီးပွားရေးလုပ်ငန်း နေရာသည် နိုင်ငံတော်အတွင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သို့မဟုတ် ဖွဲ့စည်းတည်ထောင်ပြီးနောက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အောက်ပါတို့ကို ဆောင်ရွက်ထားခြင်း မရှိခဲ့လျှင် နိုင်ငံတော်၏ ပြင်ပတွင်ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် ဖွဲ့စည်းတည်ထောင်မည့်ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းမှုတစ်ရပ်ရပ်ပြုလုပ်ခြင်း၊ သို့မဟုတ် ကော်ပိုရေးရှင်းရှိ အစုရှယ်ယာများ သို့မဟုတ် ကော်ပိုရေးရှင်း၏ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ရောင်းချခြင်း သို့မဟုတ် ထုတ်ဝေခြင်းအတွက် ကမ်းလှမ်းသည့်ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်း ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊

(ကက) နိုင်ငံတော်အတွင်း ကော်ပိုရေးရှင်း၏အလားအလာညွှန်းတမ်း (Prospectus) ကို ကမ်းလှမ်းခြင်း သို့မဟုတ် ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်မီ စီမံအုပ်ချုပ်သော အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ဖြင့် အတည်ပြုထားသည့်အကြောင်း ကော်ပိုရေးရှင်း၏ အနည်းဆုံးဒါရိုက်တာ နှစ်ဦးတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသော ယင်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြပြီးဖြစ်ရမည်၊

(ခခ) အဆိုပါကော်ပိုရေးရှင်း၏အလားအလာညွှန်းတမ်း (Prospectus) မိတ္တူ၏ မျက်နှာဖုံးစာမျက်နှာ အပေါ်တွင် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အား ထိုသို့ ပေးပို့တင်ပြပြီးဖြစ်ကြောင်း ဖော်ပြပြီးဖြစ်ရမည်၊

(ဂဂ) ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အား ရက်စွဲတပ်ထားပြီးဖြစ်ရမည်၊ ၎င်းပြင်

(ဃဃ) ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus)ကို ဤအခန်းပါ ပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ထားရမည်၊ သို့မဟုတ်

(၂) ဤအခန်းပါ ပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ထားသော ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) မပါရှိဘဲ နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် ဖွဲ့စည်းတည်ထောင်မည့်ကော်ပိုရေးရှင်း၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များအတွက် လျှောက်လွှာပုံစံတစ်စောင်ကို နိုင်ငံတော်အတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ထုတ်ဝေခြင်း၊ သို့ရာတွင် လျှောက်လွှာပုံစံသည် အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်း၍ အာမခံသဘောတူစာချုပ်တစ်ရပ် (underwriting agreement) ချုပ်ဆိုနိုင်ရေးအတွက် လူပုဂ္ဂိုလ်တစ်ဦးဦးကို သဘောရိုးဖြင့် ကမ်းလှမ်းဖိတ်ခေါ်ခြင်းတစ်ရပ်ရပ်နှင့် ပတ်သက်၍ ထုတ်ဝေခဲ့ကြောင်း ပေါ်ပေါက်ခဲ့လျှင် ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားသူတစ်ဦးဦးက အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အကျိုးငှာစွန့်လွှတ်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ နှင့်စပ်လျဉ်း၍ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် လျှောက်လွှာပုံစံတစ်ရပ်ကို ကော်ပိုရေးရှင်းတွင် လက်ရှိပါဝင်နေသူများ သို့မဟုတ် ဒီဘင်ချာပိုင်ဆိုင်ထားသူများထံသို့ ပေးပို့ခြင်းသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။ သို့သော်အထက်တွင် ဖော်ပြပါရှိသော်လည်း ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ဖွဲ့စည်းတည်ထောင်ပြီးနောက် ယင်းနှင့်စပ်လျဉ်း၍ ထုတ်ဝေသည့်ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် လျှောက်လွှာပုံစံတစ်ရပ်ရပ်နှင့်သက်ဆိုင်စေရမည်။

(ဂ) ကော်ပိုရေးရှင်းတစ်ခုကို ဤဥပဒေအရ အဓိပ္ပာယ်ဖော်ပြချက်အတွင်း ကုမ္ပဏီတစ်ခုဖြစ်သည်ဟုသတ်မှတ်သကဲ့သို့နိုင်ငံတော်၏ ပြင်ပတွင်ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန် ကမ်းလှမ်းသည့် စာရွက်စာတမ်းတစ်ရပ်ရပ်အား ပုဒ်မ ၂၁၂ အရ ကော်ပိုရေးရှင်းက ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏အလားအလာညွှန်းတမ်း (Prospectus)တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဤပုဒ်မပါကိစ္စရပ်များအတွက်လည်း အဆိုပါ စာရွက်စာတမ်းကို ကော်ပိုရေးရှင်းက ထုတ်ဝေသည့်ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များကို ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းသည် ပုံမှန်စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် သို့မဟုတ် ပုံမှန်စီးပွားရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်နေသော ဦးစီးဆောင်ရွက်သူအဖြစ် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်စေရန် သို့မဟုတ် ရောင်းချရန်အတွက်

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ပြုလုပ်သည့်ကမ်းလှမ်းချက်တစ်ရပ်ကို ဤပုဒ်မပါ ကိစ္စရပ်များအလို့ငှာ အများပြည်သူသို့ ကမ်းလှမ်းခြင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

(င) ပုဒ်မ ၂၂၃ မှ ပုဒ်မ ၂၂၇ အထိ ဖော်ပြပါရှိသော "ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus)"၊ "အစုရှယ်ယာများ"၊ "ဒီဘင်ချာများ" နှင့် "ငွေချေးသက်သေခံလက်မှတ်များ" ၏ အဓိပ္ပာယ် ဖော်ပြချက်များသည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီတစ်ခုခုနှင့်စပ်လျဉ်း၍ သုံးစွဲသည့်အခါ အလားတူ အဓိပ္ပာယ်သက်ရောက်စေရမည်။

၂၂၄။ မည်သူမဆို ပုဒ်မ ၂၂၃ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍သိလျက်ဖြင့် အများပြည်သူသို့ ကမ်းလှမ်းမှုပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်းပြုခဲ့လျှင်၊ သို့မဟုတ် အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များအတွက် လျှောက်လွှာပုံစံတစ်ရပ်ကို ထုတ်ဝေခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၂၀၀)ခုထက် မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

**၂၂၅။ ကော်ပိုရေးရှင်း၏အလားအလာညွှန်းတမ်း (Prospectus) တွင် ပါရှိရမည့် အချက်အလက်များ**

(က) ပုဒ်မ ၂၂၃ ပုဒ်မခွဲ(က)၏ အပိုဒ်(၁) အပိုဒ်ခွဲ (ခခ) နှင့် (ဂဂ) တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည့်အပြင် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရာ၌ ကော်ပိုရေးရှင်း၏အလားအလာညွှန်းတမ်း (Prospectus) တွင်-

(၁) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့်အချက်အလက်များပါရှိစေရမည် -

(ကက) ကော်ပိုရေးရှင်း၏ လုပ်ငန်းရည်ရွယ်ချက်များ၊

(ခခ) ကော်ပိုရေးရှင်း၏ ဖွဲ့စည်းမှုဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် ကော်ပိုရေးရှင်း၏ ဖွဲ့စည်းပုံအား သတ်မှတ်ဖော်ပြသည့်စာရွက်စာတမ်း၊

(ဂဂ) ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခြင်းကို အကျိုးသက်ရောက်စေသည့် ဥပဒေတစ်ရပ်ရပ် သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်များ၊

(ဃဃ) အဆိုပါ စာရွက်စာတမ်း၊ ဥပဒေထုတ်ပြန်မှုများ သို့မဟုတ် ပြဋ္ဌာန်းချက်များ၊ သို့မဟုတ် ယင်းတို့၏မိတ္တူများ၊ ယင်းတို့အား နိုင်ငံခြားဘာသာတစ်ခုခုဖြင့် ရေးသားထားလျှင် သတ်မှတ်ဖော်ပြထားသည့်နည်းလမ်းနှင့်အညီ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့် ပြုလုပ်ထားသည့် မူရင်းမိတ္တူမှန်တို့ကို စစ်ဆေးကြည့်ရှုနိုင်မည့် နိုင်ငံတော်အတွင်းရှိလိပ်စာ၊

(ငင) ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခဲ့သည့် နေ့ရက်၊ နိုင်ငံနှင့်

(စစ) ကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့်နေရာတစ်ခုရှိ၊ မရှိ၊ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားခြင်းရှိ၊ မရှိနှင့် အကယ်၍ရှိခဲ့ပါက နိုင်ငံတော်အတွင်းရှိ အဓိကရုံးခန်းလိပ်စာ၊

(၂) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုဒ်မ ၂၀၅ ပုဒ်မခွဲ(ခ) တွင် သတ်မှတ်ပါရှိသော ကိစ္စရပ်များနှင့် အဆိုပါ ပုဒ်မတွင် ဖော်ပြပါရှိသည့် အစီရင်ခံစာများကို ဖော်ပြရမည်။ သို့ရာတွင် ပုဒ်မ ၂၀၅ တွင်ပါရှိသည့်အတိုင်း ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ရည်ညွှန်းဖော်ပြချက်တစ်ရပ်သည် ကော်ပိုရေးရှင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ရည်ညွှန်းဖော်ပြချက်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားသူ တစ်ဦးဦးကို ဤအခန်းတွင် ပါရှိသည့် သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမပြုစေရန်အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်၊ သို့မဟုတ် ကော်ပိုရေးရှင်း၏အလားအလာညွှန်းတမ်း (Prospectus) တွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်၊ စာရွက်စာတမ်း သို့မဟုတ် အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့်အကြောင်းကြားမှုကို ၎င်းအပေါ်တွင် သက်ရောက်စေရန်အတွက် ရည်ရွယ်သည့်စည်းကမ်းချက်တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

(ဂ) ဤအခန်းတွင် ဖော်ပြပါရှိသည့်ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိလျှင် သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခဲ့လျှင် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အတွက် တာဝန်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအခြေအနေများကို သက်သေထင်ရှားတင်ပြနိုင်လျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ဆောင်ရွက်ခြင်းများ ပြုလုပ်သည့်အကြောင်းကြောင့် တာဝန်တစ်စုံတစ်ရာမရှိစေရ-

(၁) ထုတ်ဖော်ပြောဆိုခြင်း မပြုသည့်ကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍၎င်းအနေဖြင့် အသိအမှတ်ပြုလိုက်နာ ဆောင်ရွက်မှုမရှိခြင်း၊ သို့မဟုတ်

(၂) ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် သဘောရိုးဖြင့် မှားယွင်းခဲ့ခြင်းကြောင့်ဖြစ်ပေါ်လာရသော စည်းကမ်းချက်အား မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်၍ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၃) တရားရုံး၏ယူဆချက်တွင် လိုက်နာဆောင်ရွက်မှု မရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် အရေးကြီးသော ကိစ္စရပ်နှင့် မသက်ဆိုင်ကြောင်း သို့မဟုတ် အမှု၏ အကြောင်းအရာများအားလုံးကို ထည့်သွင်းစဉ်းစားပြီး ကင်းလွတ်ခွင့်ပြုသင့်ကြောင်း တွေ့ရှိသည့်အခါတွင် ယင်းအတွက် အရေးယူဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ သို့ရာတွင် ပုဒ်မ ၂၀၅ ပုဒ်မခွဲ(က) ၏အပိုဒ် (၁၆) တွင်ပါရှိသော သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်မှု မရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ဆောင်ရွက်ခြင်းပြုသည့် ကိစ္စရပ်တွင် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးသည် ထုတ်ဖော်မပြောဆိုသည့်အချက်များကို သိရှိသည်ဟု သက်သေထင်ရှား မပေါ်ပေါက်လျှင် ဖော်ပြပါလိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခြင်းများနှင့်စပ်လျဉ်း၍ တာဝန်တစ်စုံတစ်ရာမရှိစေရ။

(ဃ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ယေဘုယျဥပဒေတစ်ရပ်ရပ် သို့မဟုတ် ဤပုဒ်မမှအပ ဤဥပဒေပါအခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ပုဂ္ဂိုလ်တစ်ဦးဦးမှ ဆောင်ရွက်ပေးရမည့်တာဝန်ရှိမှု တစ်ရပ်ရပ်ကိုကန့်သတ်ခြင်း သို့မဟုတ် လျော့နည်းစေခြင်း မရှိစေရ။

**၂၂၆။ အစုရှယ်ယာများကို ရောင်းချရန်အတွက် ပြုလုပ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့်တားမြစ်ချက်များ**

(က) နိုင်ငံတော်၏ ပြင်ပတွင်ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားသက်သေခံလက်မှတ်များကို အများပြည်သူက ငွေကြေးထည့်ဝင်စေရန်အတွက်ဖြစ်စေ၊ ဝယ်ယူစေရန်အတွက်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးမှ အိမ်တိုင်ရာရောက်သွားရောက်ကမ်းလှမ်းခြင်းမပြုရ။

(ခ) ဤပုဒ်မတွင် ဖော်ပြပါရှိသော "အိမ်" ဟူသော စကားရပ်တွင် စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုနေသော ရုံးခန်းပါဝင်ခြင်း မရှိစေရ။

၂၂၇။ မည်သူမဆို ပုဒ်မ ၂၂၆ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျက်ဆောင်ရွက်ခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၂၀၀)ခုထက် မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

## အခန်း (၂၂) ကုမ္ပဏီတစ်ခုကပြုလုပ်နိုင်သောပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges)

**၂၂၈။ ပေါင်နှံခြင်းများ (Mortgages) နှင့်ကြွေးမြီတာဝန်တင်ရှိခြင်း (Charges) ပြုလုပ်နိုင်သည့်အခွင့်အာဏာ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အခြားသက်ဆိုင်ရာဥပဒေများကို လိုက်နာဆောင်ရွက်ပြီး ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ပေးအပ်ထားသည့် အခြားသော အခွင့်အာဏာများကို ကန့်သတ်ခြင်းမရှိစေဘဲ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ တွင် ဖော်ပြထားသည့်ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ သို့မဟုတ် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား လက်ခံသူ သို့မဟုတ် ၎င်းတို့ကိုယ်စားဆောင်ရွက်သူက ပုဒ်မ ၂၃၄ နှင့်အညီ တင်ပြလာသည့် အဆိုပါ ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို မှတ်ပုံတင်ပေးရမည်။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအပေါ် ၁၉၈၇ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လွှဲပြောင်းခြင်းအား ကန့်သတ်သည့်အက်ဥပဒေ သို့မဟုတ် အလားတူအကျိုးသက်ရောက်မှုရှိသော အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များသည် ကန့်သတ်ထားခြင်း မရှိစေဘဲ ယင်းကိစ္စရပ်များသည် အဆိုပါ ပြဋ္ဌာန်းချက်များအား ချိုးဖောက်သည်ဟုလည်းမှတ်ယူခြင်းမပြုရ-

(၁) ပုဒ်မ ၂၂၉ တွင် ဖော်ပြထားသည့်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအတွက် ပေးထားသော ပစ္စည်းတစ်စုံတစ်ရာ၏ တန်ဖိုးရရှိရန်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆိုပါ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ ပေါင်နှံခြင်း သို့မဟုတ်ကြွေးမြီတာဝန်တင်ရှိခြင်းကို ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စားဆောင်ရွက်သူကဖြစ်စေ ကျင့်သုံးနိုင်သည့် အခွင့်အရေးအားဆောင်ရွက်ခြင်း။

**ပေါင်နှံခြင်းများ (Mortgages) နှင့်ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) စသည်တို့နှင့်စပ်လျဉ်းသည့်သတင်းအချက်အလက်များ**

**၂၂၉။ မှတ်ပုံတင်ခြင်းမပြုလျှင် ပျက်ပြယ်သောပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges)**

(က) ဤဥပဒေ စတင်အကျိုးသက်ရောက်ပြီးနောက် ကုမ္ပဏီတစ်ခုက ပြုလုပ်ခဲ့သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအားလုံးသည် အောက်ပါအမျိုးအစားတစ်ရပ်ရပ်ဖြစ်ခဲ့လျှင်-

(၁) ဒီဘင်ချာများ ထုတ်ဝေခြင်းအတွက် အာမခံချက်ရှိစေရန် ရည်ရွယ်၍ ပြုလုပ်သည့်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်၊

(၂) ကုမ္ပဏီ၏တောင်းခံခြင်း မပြုသေးသော အစုရှယ်ယာမတည်ငွေရင်းနှင့် စပ်လျဉ်းသည့်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်၊

(၃) မည်သည့်နေရာတွင် မဆိုတည်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် ထိုပစ္စည်းများတွင် ပါဝင်သည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်၊

(၄) ကုမ္ပဏီတွင် သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts) နှင့်စပ်လျဉ်း၍ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်၊

(၅) စီးပွားရေးလုပ်ငန်းတွင် အသုံးပြုဆောင်ရွက်နေသည့် ပစ္စည်းများမှအပ ကုမ္ပဏီ၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သောချေးငွေနှင့် စပ်လျဉ်း၍ ပေးသည့်အာမခံချက် (pledge) မဟုတ်သောပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊ သို့မဟုတ်

(၆) ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှုများ သို့မဟုတ် ပစ္စည်းများအပေါ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge)၊

ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့၏ ဖော်ပြချက်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံနှင့်အတူ ယင်းတို့ကို ပြုလုပ်သည့် သို့မဟုတ် သက်သေထင်ရှားစေသည့် စာရွက်စာတမ်းများအား အတည်ပြုထားသော မိတ္တူတစ်စောင်ကို ထိုသို့ ပြုလုပ်သည့်နေ့မှ (၂၈)ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ခြင်းမရှိလျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ ကုမ္ပဏီ၏ ပစ္စည်း သို့မဟုတ် တာဝန်ယူမှုနှင့်စပ်လျဉ်းသည့် အာမခံချက် တစ်ရပ်ရပ်ကိုပေးအပ်ထားသည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိနှင့် ကုမ္ပဏီ၏ မြီရှင်တို့အပေါ် ပျက်ပြယ်စေရမည်။ သို့သော်ထိုကိစ္စရပ်များတွင် အာမခံထားသည့်ငွေကြေးများကို ပြန်လည်ပေးဆပ်ရန်အတွက် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် တာဝန်တစ်ရပ်ရပ်အား ထိခိုက်စေခြင်းမရှိစေဘဲ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ပျက်ပြယ်သည့်အခါ ထိုကိစ္စရပ်များတွင် အာမခံထားသည့်ငွေကြေးများကို ချက်ချင်းပေးချေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များသည်လည်း အကျိုးသက်ရောက်စေရမည်-

(၁) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို နိုင်ငံတော်၏ပြင်ပတွင် ပြုလုပ်ခဲ့ပြီး နိုင်ငံတော်၏ပြင်ပတွင် တည်ရှိသော ပစ္စည်းသာလျှင် ပါဝင်သည့်ကိစ္စရပ်တွင် သက်ဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် မိတ္တူကို စာတိုက်မှ ထိုက်သင့်သည့် ဝီရိယဖြင့်ပေးပို့ခဲ့ပြီး နိုင်ငံတော်အတွင်း လက်ခံရရှိနိုင်သည့်နေ့မှ (၂၈) ရက်ကို ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်သည့်နေ့ရက် နောက်ပိုင်း (၂၈)ရက်ဖြင့် အစားထိုးရမည်ဖြစ်ပြီး ထို (၂၈) ရက် ကာလအတွင်း အချက်အလက်များ၊ စာရွက်စာတမ်းများ သို့မဟုတ် မိတ္တူများကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို နိုင်ငံတော်အတွင်း ပြုလုပ်ခဲ့သော်လည်း နိုင်ငံတော်၏ပြင်ပတွင် တည်ရှိသော ပစ္စည်းများပါဝင်သည့်ကိစ္စရပ်တွင် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်ခဲ့သည့် သို့မဟုတ် ပြုလုပ်ရန်ရည်ရွယ်ခဲ့သည့် စာရွက်စာတမ်း သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့် အတည်ပြုထားသော ယင်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်ရန်အတွက် တင်ပြနိုင်သည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် ပစ္စည်းတည်ရှိရာနိုင်ငံ ဥပဒေအရပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို တရားဝင်စေရန် သို့မဟုတ် အကျိုးသက်ရောက်စေရန်အတွက် အခြားသော ဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်ခြင်းရှိစေကာမူ သက်ဆိုင်မှုမရှိစေရ။

(၃) ကုမ္ပဏီ၏သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts) အပေါ်ငွေပေးချေမှုများနှင့် စပ်လျဉ်းသည့် အာမခံမှုကို လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတစ်ရပ်ဖြင့် ပြုလုပ်ပေးခဲ့လျှင် ကုမ္ပဏီသို့ ကြိုတင်ပေးချေမှုကို အာမခံနိုင်ရန်အတွက် စာချုပ်စာတမ်း၏ အာမခံငွေကို ဤပုဒ်မတွင် ပါရှိသော ကိစ္စရပ်များအလို့ငှာ ဖော်ပြပါကုမ္ပဏီ၏ သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts) နှင့် စပ်လျဉ်းသည့်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်အဖြစ်သတ်မှတ်ခြင်းမပြုရ။

(၄) မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်နှင့်သက်ဆိုင်သော ဒီဘင်ချာများအား ပိုင်ဆိုင်ထားခြင်းသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် အကျိုးခံစားခွင့်တစ်ရပ်ရပ်ရှိသည်ဟု မှတ်ယူခြင်းမရှိစေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန် လိုအပ်သော ကုမ္ပဏီတစ်ခု၏ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကိုမှတ်ပုံတင်ပြီးဖြစ်လျှင် အဆိုပါပစ္စည်း သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အစုရှယ်ယာ သို့မဟုတ် ယင်း၏ အကျိုးခံစားခွင့် တစ်ရပ်ရပ်ကိုဖြစ်စေရရှိသူတစ်ဦးဦးသည် ထိုသို့ မှတ်ပုံတင်သည့်နေ့ရက်မှစတင်၍ အဆိုပါပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့၏ အကြောင်းကြားစာကိုရရှိပြီးဖြစ်သည်ဟုမှတ်ယူရမည်။

**၂၃၀။ ကြွေးမြီတာဝန်တင်ရှိခြင်းအရ လက်ခံရရှိသောပစ္စည်းနှင့် သက်ဆိုင်သည့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကိုမှတ်ပုံတင်ရခြင်း**

ကုမ္ပဏီတစ်ခုသည်ပစ္စည်းတစ်ရပ်ရပ်ကို

**စာမျက်နှာ ၆ သို့**

စာမျက်နှာ ၅ မှ

ပိုင်ဆိုင်ရရှိပြီး ထိုပစ္စည်းသည်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့်သက်ဆိုင်သည့်အခါ အဆိုပါပစ္စည်းကိုရရှိပြီးနောက်ကုမ္ပဏီကပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကိုပြုလုပ်သကဲ့သို့ ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်လိုအပ်ခဲ့လျှင် ကုမ္ပဏီသည် ကြွေးမြီတာဝန်တင်ရှိခြင်း၏ အချက်အလက်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အတူကြွေးမြီ တာဝန်တင်ရှိခြင်းအားပြုလုပ်ခဲ့သည့် သို့မဟုတ် သက်သေထင်ရှားဖြစ်စေသည့် စာရွက်စာတမ်းကို မှန်ကန်သည့် မိတ္တူဖြစ်စေရန်အတွက် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့် အတည်ပြုထားသည့် အဆိုပါစာရွက်စာတမ်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်နိုင်ရန်အတွက် အဆိုပါပစ္စည်းအား ရရှိသည့်နေ့မှ (၂၈)ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။ သို့ရာတွင် နိုင်ငံတော်၏ပြင်ပတွင် ပစ္စည်းတည်ရှိပြီး ကြွေးမြီတာဝန်တင်ရှိခြင်းကိုလည်း ပြင်ပ၌ပြုလုပ်ခဲ့လျှင် သက်ဆိုင်ရာ စာရွက်စာတမ်း၏ မိတ္တူကိုစာတိုက်မှထိုက်သင့်သည့် ဝီရိယဖြင့် ပေးပို့ခဲ့ပြီး နိုင်ငံတော်အတွင်း လက်ခံရရှိနိုင်သည့်နေ့မှ (၂၈) ရက်ကို ပစ္စည်းရရှိသည့်နေ့ရက်နောက်ပိုင်း (၂၈) ရက်ဖြင့် အစားထိုးရမည်ဖြစ်ပြီး ထို(၂၈)ရက်ကာလအတွင်း အချက်အလက်များ၊ စာရွက်စာတမ်းများ၏ မိတ္တူများကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

၂၃၁။ ပုဒ်မ ၂၃၀ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ပြုလုပ်ခဲ့သည့်ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည်ပြစ်ဒဏ်ငွေ (၅) ခုထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

၂၃၂။ **ပိုင်ဆိုင်သူများ အချိုးကျရရှိသည့်ဒီဘင်ချာများတွင်ပါရှိရမည့်အချက်အလက်များ**

ဒီဘင်ချာပိုင်ဆိုင်သူများက အချိုးကျရရှိသော အကျိုးအမြတ်ကို အခြားစာချုပ်စာတမ်းတစ်ရပ်ရပ်၊ ကြွေးမြီပေးချေရန် အာမခံမှု တစ်ရပ်ရပ်တွင် ရည်ညွှန်း၍ ထည့်သွင်းဖော်ပြထားသော သို့မဟုတ် ထိုရည်ညွှန်းချက်များအရ ပေးအပ်ထားသော ဒီဘင်ချာများကို ကုမ္ပဏီက သတ်မှတ်ထားသည့်အခါ ကြွေးမြီတာဝန်တင်ရှိခြင်းပါဝင်သော စာချုပ်တစ်ရပ်အား ချုပ်ဆိုပြီးနောက် (၂၈) ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့လျှင်၊ သို့မဟုတ် အဆိုပါ စာချုပ်တစ်ရပ်မရှိခဲ့လျှင် ဒီဘင်ချာများကိုပြုလုပ်ပြီးနောက် အောက်ပါအချက်အလက်များကို တင်ပြလျှင် ပုဒ်မ ၂၂၉ ပါ ကိစ္စရပ်များအလို့ငှာ ပြည့်စုံမှုရှိသည်ဟု သတ်မှတ်သည် -

(က) ဒီဘင်ချာများအားလုံးဖြင့် အာမခံထားသည့် စုစုပေါင်းပမာဏ၊
(ခ) ဒီဘင်ချာများအားလုံးကို ထုတ်ဝေခွင့်ပြုသော ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်နှင့် အာမခံချက်ကို ပြုလုပ်သည့် သို့မဟုတ် သတ်မှတ်သည့်စာချုပ်ရှိခဲ့လျှင် ထိုသို့ချုပ်ဆိုခဲ့သည့်နေ့ရက်၊
(ဂ) ကြွေးမြီတာဝန်တင်ရှိခြင်းပြုလုပ်သည့်ပစ္စည်း၏ ယေဘုယျဖော်ပြချက်နှင့်
(ဃ) ဒီဘင်ချာများအတွက် ယုံမှတ်အပ်နှံခြင်းခံရသူများ (Trustees) ရှိခဲ့လျှင် ၎င်းတို့၏ အမည်များနှင့်ကြွေးမြီတာဝန်တင်ရှိခြင်းပါဝင်သောစာချုပ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့်နည်းလမ်းဖြင့် အတည်ပြုထားသော ယင်းစာချုပ်၏ မိတ္တူတစ်စောင် သို့မဟုတ် အဆိုပါ စာချုပ်တစ်ရပ်မရှိခဲ့လျှင် ဒီဘင်ချာတစ်ခုခု၊ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကိုပေးသွင်းစေပြီး အဆိုပါအချက်အလက်များကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။ သို့ရာတွင် ဒီဘင်ချာများကို တစ်ကြိမ်ထက်ပိုမို၍ထုတ်ဝေသည့်အခါတွင် ထုတ်ဝေမှုတစ်ကြိမ်စီအတွက် ပမာဏနှင့်နေ့ရက်တို့ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းနိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ သို့သော် ထိုသို့ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် ထုတ်ဝေထားသော ဒီဘင်ချာများ၏ တရားဝင်အတည်ဖြစ်မှုကို ထိခိုက်စေခြင်း မရှိစေရ။

၂၃၃။ **ဒီဘင်ချာများနှင့် စပ်လျဉ်းသည့်ကော်မရှင်ခ စသည်များနှင့်သက်ဆိုင်သည့်အချက်အလက်များ**

ကုမ္ပဏီ၏ဒီဘင်ချာတစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန် သဘောတူညီခြင်း၊ သို့မဟုတ် အဆိုပါ ဒီဘင်ချာတစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန်အတွက် ဆောင်ရွက်ပေးခြင်း သို့မဟုတ် ဆောင်ရွက်ပေးရန် သဘောတူညီခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီကတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေကော်မရှင်ခ၊ အသုံးစရိတ် သို့မဟုတ် လျှော့ငွေတို့ကိုပေးချေခဲ့လျှင် သို့မဟုတ် ပြုလုပ်ခဲ့လျှင် ပုဒ်မ ၂၂၉ နှင့်ပုဒ်မ ၂၃၂ တို့ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်အတွက် တင်ပြရမည့်လိုအပ်သော အချက်အလက်များတွင် ထိုသို့ပေးချေခဲ့သည့် သို့မဟုတ် ပြုလုပ်ခဲ့သည့်ကော်မရှင်ခ၊ လျှော့ငွေ သို့မဟုတ် အသုံးစရိတ်များ၏ ပမာဏ သို့မဟုတ် နှုန်းထားရာခိုင်နှုန်းတို့နှင့်သက်ဆိုင်သည့် အချက်အလက်များကို ထည့်သွင်းဖော်ပြရမည်။ သို့သော် ထိုသို့ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် ထုတ်ဝေထားသော ဒီဘင်ချာများ၏ တရားဝင်အတည်ဖြစ်မှုကို ထိခိုက်စေခြင်းမရှိစေရ။ သို့ရာတွင် ကုမ္ပဏီ၏ ကြွေးမြီတာဝန်တင်ရှိခြင်းအဖြစ် ပြုလုပ်ထားသော ဒီဘင်ချာများ၏ အာမခံငွေကို ဤပြဋ္ဌာန်းချက်ပါကိစ္စရပ်များအတွက် လျှော့ငွေဖြင့် ဒီဘင်ချာများကို ထုတ်ဝေခြင်းဖြစ်သည်ဟု သတ်မှတ်ခြင်း မပြုရ။

၂၃၄။ **ပေါင်နှံခြင်းများ၊ ကြွေးမြီတာဝန်တင်ရှိခြင်းများနှင့်သက်ဆိုင်သည့် မှတ်ပုံတင်စာရင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ကုမ္ပဏီက ပြုလုပ်သည့်ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ အားလုံးနှင့်ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများအားလုံးအတွက် ကုမ္ပဏီတစ်ခုစီနှင့် သက်ဆိုင်သည့်မှတ်ပုံတင်စာရင်းတစ်ခုကို ထားရှိရမည်ဖြစ်ပြီး သတ်မှတ်ဖော်ပြထားသည့် ငွေကြေးငွေများကို ပေးသွင်းစေလျက် ပေါင်နှံခြင်းများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများအားလုံးနှင့်သက်ဆိုင်သည့် ယင်းတို့အား ပြုလုပ်သည့်နေ့ရက်၊ အာမခံထားသည့်ပမာဏ၊ ထိုသို့ပေါင်နှံသည့် သို့မဟုတ် ကြွေးမြီတာဝန်တင်ထားသည့် ပစ္စည်းနှင့်သက်ဆိုင်သော အချက်အလက် အကျဉ်းချုပ်၊ အပေါင်ခံသူများ၏အမည်များ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများကို ရရှိသည့်ပုဂ္ဂိုလ်များ၏ အမည်များကို မှတ်ပုံတင်စာရင်းတွင်ဖြည့်သွင်းရမည်။
(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရလိုအပ်သော ရေးသွင်းမှုများကို ပြုလုပ်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၂၉ သို့မဟုတ် ပုဒ်မ ၂၃၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြခဲ့သော စာချုပ်စာတမ်းများရှိခဲ့လျှင် ၎င်းစာချုပ်စာတမ်းများ သို့မဟုတ် ယင်းတို့၏ တရားဝင်အတည်ပြုထားသော မိတ္တူတို့ကို ယင်းတို့အားတင်ပြသည့် ပုဂ္ဂိုလ်ထံသို့ ပြန်လည်ပေးအပ်ရမည်။
(ဂ) ဤပုဒ်မအရထားရှိသော မှတ်ပုံတင်စာရင်းအား သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းစေလျက်မည်သူမဆို စစ်ဆေးကြည့်ရှုနိုင်စေရန် ဆောင်ရွက်ထားရှိရမည်။

၂၃၅။ **ပေါင်နှံခြင်းများနှင့်ကြွေးမြီတာဝန်တင်ရှိခြင်းများ၏မှတ်ပုံတင်ခြင်းဆိုင်ရာ အညွှန်း**

မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရမှတ်ပုံတင်ထားသည့် ပေါင်နှံခြင်းများ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများ၏ အချိန်ကာလအလိုက် အညွှန်းတစ်ရပ်ကို သတ်မှတ်ဖော်ပြထားသည့် အချက်အလက်များနှင့် တကွပြုစုထားရှိရမည်။

၂၃၆။ **မှတ်ပုံတင်အထောက်အထားလက်မှတ်**

မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၂၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော ပေါင်နှံခြင်းတစ်ရပ်ရပ် သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်၏ မှတ်ပုံတင်အထောက်အထားလက်မှတ်တစ်ခုကို ၎င်းတွင် အာမခံထားသည့်ငွေပမာဏကို ဖော်ပြလျက်ထုတ်ပေးရမည်။ ထို အထောက်အထားလက်မှတ်သည် ပုဒ်မ ၂၂၉ မှပုဒ်မ ၂၃၄ အထိတို့တွင် ဖော်ပြပါရှိသော လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းအား ပြုလုပ်ထားကြောင်း ပြည့်စုံလုံလောက်သည့် အထောက်အထားဖြစ်စေရမည်။

၂၃၇။ **ဒီဘင်ချာအတွက် မှတ်ပုံတင်အထောက်အထားလက်မှတ် သို့မဟုတ် ဒီဘင်ချာစတော့ (Debenture Stock) အထောက်အထား လက်မှတ်များကို ထပ်ဆင့်ထောက်ခံအတည်ပြုခြင်း**

ကုမ္ပဏီသည်ပုဒ်မ ၂၃၆ အရ ပေးအပ်ထားသည့် မှတ်ပုံတင်အထောက်အထားလက်မှတ်အားလုံး၏ မိတ္တူကိုပြုလုပ်ပေးပြီး ကုမ္ပဏီက ထုတ်ဝေသည့် ဒီဘင်ချာ သို့မဟုတ် ဒီဘင်ချာစတော့အထောက်အထားလက်မှတ်အားလုံးနှင့် ထိုသို့မှတ်ပုံတင်ထားသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ အာမခံထားသော ငွေပေးချေမှုများကို ထပ်ဆင့်ထောက်ခံအတည်ပြုရမည်။

သို့ရာတွင် ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများ ပြုလုပ်ခြင်းမရှိမီက ကုမ္ပဏီက ထုတ်ဝေထားသည့် ဒီဘင်ချာတစ်ရပ်ရပ် သို့မဟုတ် ငွေချေးလက်မှတ်စတော့ အထောက်အထားလက်မှတ်တစ်ခုခုနှင့် စပ်လျဉ်း၍ ထိုသို့ပေးအပ်ထားသည့်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများ၏ မှတ်ပုံတင်အထောက်အထားလက်မှတ်တစ်ခုခုကို ကုမ္ပဏီက ထပ်ဆင့်ထောက်ခံအတည်ပြုရန်လိုအပ်သည်ဟု အဓိပ္ပာယ်ကောက်ယူခြင်းမပြုရ။

၂၃၈။ **မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏တာဝန်နှင့်အကျိုးသက်ဆိုင်သူ၏ အခွင့်အရေး**

(က) ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန်လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း၊ ဒီဘင်ချာများထုတ်ဝေခြင်းအားလုံးကို မှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် တင်ပြရန်တာဝန်ရှိသည်။ အဆိုပါ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင်ရန်၎င်းတို့၏ အကျိုးသက်ဆိုင်သူ တစ်ဦးဦးသည် လျှောက်ထားတင်ပြနိုင်သည်။
(ခ) ဤပုဒ်မတွင် ပါရှိသောပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်၏ စည်းကမ်းချက်များ သို့မဟုတ် အတိုင်းအတာပမာဏ သို့မဟုတ် လုပ်ဆောင်မှုများကို ပြင်ဆင်သတ်မှတ်ပါက အဆိုပါ ပြင်ဆင်သည့် အချက်အလက်များကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ပေးရန် ကုမ္ပဏီတွင်တာဝန်ရှိသည်။ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်အား မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည်အထက်တွင် ဖော်ပြခဲ့သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်အား ပြင်ဆင်သတ်မှတ်ခြင်းများနှင့် သက်ဆိုင်စေရမည်။

၂၃၉။ **ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းဆိုင်ရာ စာချုပ်စာတမ်း၏ မိတ္တူကို ကုမ္ပဏီ၏မှတ်ပုံတင်ထားသောရုံးခန်းတွင်ထိန်းသိမ်းခြင်း**

ကုမ္ပဏီအားလုံးသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်အား ပြုလုပ်သည့် စာချုပ်စာတမ်းအားလုံး၏ မိတ္တူတစ်စောင်စီကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင်သိမ်းဆည်းထားရှိရမည်။ သို့ရာတွင် အစဉ်လိုက်တူညီသည့် ဒီဘင်ချာများတွင် အဆိုပါ ဒီဘင်ချာတစ်ခု၏ မိတ္တူတစ်စောင်ကို သိမ်းဆည်းထားလျှင် လုံလောက်သည်။

၂၄၀။ **ပစ္စည်းလက်ခံထိန်းသိမ်းသူအား ခန့်အပ်မှုကိုမှတ်ပုံတင်ခြင်း**

ကုမ္ပဏီတစ်ခု၏ ပစ္စည်းများကို ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးခန့်အပ်သည့်အမိန့်တစ်ရပ်ကိုရရှိခဲ့လျှင် သို့မဟုတ် စာချုပ်စာတမ်းတစ်ရပ်ရပ်တွင် ပါရှိသော အခွင့်အာဏာများအရ အဆိုပါ ပစ္စည်းလက်ခံထိန်းသိမ်းသူ တစ်ဦးအားခန့်အပ်ခဲ့လျှင် ထိုသို့အမိန့်ချမှတ်သည့်နေ့ သို့မဟုတ် စာချုပ်စာတမ်းတွင် ပါရှိသော အခွင့်အာဏာအရ ခန့်အပ်သည့်နေ့မှ (၂၈) ရက်အတွင်း အဆိုပါ အချက်အလက်နှင့်စပ်လျဉ်းသည့် အကြောင်းကြားမှုကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံတင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့နှင့် သက်ဆိုင်သည့်မှတ်ပုံတင်စာရင်းတွင် ထိုအချက်အလက်များကိုဖြည့်သွင်းရေးသားရမည်။

၂၄၁။ ပုဒ်မ ၂၄၀ တွင် ပါရှိသည့်သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်သူ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၄၂။ **ပစ္စည်းလက်ခံထိန်းသိမ်းသူများ၏ငွေစာရင်းများကိုတင်ပြရခြင်း**

(က) စာချုပ်စာတမ်းတစ်ရပ်ရပ်တွင် ပါရှိသော အခွင့်အာဏာအရခန့်အပ်ထားသည့်ကုမ္ပဏီ၏ ပစ္စည်းများကို လက်ခံထိန်းသိမ်းရသူအားလုံးသည် အဆိုပါပစ္စည်းများကိုရယူခဲ့ပြီး ထိုဆောင်ရွက်နေသည့်ကာလတစ်လျှောက် (၆)လလျှင် တစ်ကြိမ်နှင့် ပစ္စည်းလက်ခံထိန်းသိမ်းသူအဖြစ် ဆောင်ရွက်ခြင်းမှရပ်စဲခဲ့လျှင် သက်ဆိုင်ရာကာလအတွင်း ၎င်းအနေဖြင့် လက်ခံရရှိခဲ့သည်များနှင့် ပေးချေခဲ့ရသည်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ကောက်နုတ်ချက်တစ်စောင်အား ပြုစု၍မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ထို့အပြင် လက်ခံထိန်းသိမ်းသူအဖြစ် ဆောင်ရွက်ခြင်းမှ ရပ်စဲခဲ့လျှင် အဆိုပါ ကိစ္စရပ်အတွက် အကြောင်းကြားမှုကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်းတွင် ထိုအကြောင်းကြားမှုကို ဖြည့်သွင်းရေးသားရမည်။
(ခ) ကုမ္ပဏီ၏ ပစ္စည်းများကို လက်ခံထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်သည့်အခါ ကုမ္ပဏီ၏အမည်ပါရှိသော စာရွက်စာတမ်းဖြစ်သော ကုန်ပို့လွှာများ၊ ကုန်အမှာစာများ၊ သို့မဟုတ် ကုမ္ပဏီကဖြစ်စေ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ပစ္စည်းလက်ခံထိန်းသိမ်းသူကဖြစ်စေ ထုတ်ဝေသည့်စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့်စာများတွင် ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်ပြီးဖြစ်ကြောင်း ပါရှိသည့်ရေးသားဖော်ပြချက်အား ထည့်သွင်းဖော်ပြရမည်။

၂၄၃။ ပုဒ်မ ၂၄၂ တွင်ပါရှိသည့်သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင်ကုမ္ပဏီနှင့် ထိုပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် အခြားအရာရှိများ၊ ပစ္စည်းလက်ခံထိန်းသိမ်းသူများတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅)ခုထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

၂၄၄။ **ပေါင်နှံခြင်းနှင့်သက်ဆိုင်သောမှတ်ပုံတင်စာရင်း၏အမှားကိုပြင်ဆင်ခြင်း**

(က) တရားရုံးသည် ပုဒ်မ ၂၂၉ အရ သတ်မှတ်ထားသည့်အချိန်ကာလအတွင်းပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား မှတ်ပုံတင်ရန်ပျက်ကွက်ကြောင်း၊ သို့မဟုတ် ထိုပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အချက်အလက်တစ်ရပ်ရပ်ချန်လှပ်ခဲ့ကြောင်း သို့မဟုတ် မှားယွင်းဖော်ပြထားကြောင်း၊ သို့မဟုတ် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်အား ပြုလုပ်ခြင်းအတွက် ကြွေးမြီတစ်ရပ်ပေးရန်ရှိသည့်အကြောင်းအား မှတ်ပုံတင်အရာရှိထံသို့ ဖော်ပြအကြောင်းကြားရန် ပျက်ကွက်ခြင်းတို့မှာ မတော်တဆကြောင့်ဖြစ်ကြောင်း၊ သို့မဟုတ် တမင်ရည်ရွယ်လုပ်ဆောင်ခြင်း မဟုတ်ကြောင်း၊ သို့မဟုတ် အခြားလုံလောက်သောအကြောင်းပြချက်များကြောင့် ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့မဟုတ် ကုမ္ပဏီ၏ မြီရှင်များ သို့မဟုတ် အစုရှယ်ယာပိုင်ရှင်များကို ထိခိုက်နိုင်သည့် အခြေအနေမရှိကြောင်း၊ သို့မဟုတ် သက်သာခွင့်ပေးရန်သင့်တော်မျှတသည့်အခြားသော အခြေခံအကြောင်းများရှိကြောင်း ကျေနပ်လက်ခံခဲ့လျှင် ကုမ္ပဏီ သို့မဟုတ် အခြားသက်ဆိုင်သူ တစ်ဦးဦးက လျှောက်ထားလာပါက တရားရုံးက သင့်တော်မျှတသည့် စည်းကမ်းချက်များကို သတ်မှတ်၍ မှတ်ပုံတင်ရမည့်အချိန်ကာလကို တိုးမြှင့်ပေးနိုင်သည်၊ သို့မဟုတ် ချန်လှပ်မှု သို့မဟုတ် မှားယွင်းဖော်ပြမှုများကို ပြင်ဆင်စေနိုင်သည့်အပြင် တရားရုံးအနေဖြင့် သင့်သည်ထင်မြင်ပါက လျှောက်ထားမှုအတွက် ကုန်ကျစရိတ်များနှင့်စပ်လျဉ်းသည့်အမိန့်တစ်ရပ်ချမှတ်နိုင်သည်။
(ခ) တရားရုံးကပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်အား မှတ်ပုံတင်ခြင်းအတွက် အချိန်တိုးမြှင့်သတ်မှတ်ပေးသည့်အခါ အဆိုပါ အမိန့်သည်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်အား မှတ်ပုံတင်ရမည့်အချိန်ကာလမတိုင်မီကသက်ဆိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ရရှိသော အခွင့်အရေးတစ်စုံတစ်ရာကို ထိခိုက်စေခြင်း မရှိစေရ။

၂၄၅။ **ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စများကိုမှတ်ပုံတင်ခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန်လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်ကို ငွေပေးချေမှု သို့မဟုတ် လိုက်နာဆောင်ရွက်မှုကို အပြည့်အဝပြုလုပ်ပြီးသည့်နေ့မှ (၂၈) ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန်တာဝန်ရှိသည်။ ထို့ပြင်အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို ရရှိသူသည်ငွေပေးချေမှု သို့မဟုတ် လိုက်နာဆောင်ရွက်ရမှုများကို မှတ်တမ်းတင်နိုင်ကြောင်းစာဖြင့် ရေးသားတင်ပြရမည်။

စာမျက်နှာ ၇ သို့

**စာမျက်နှာ ၆ မှ**

(ခ) ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိသည် အကြောင်းပြချက်တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက ထိုသို့လိုက်နာဆောင်ရွက်ရမည့် ကိစ္စများနှင့်သက်ဆိုင်သည့် မှတ်တမ်းတစ်စောင်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းဖော်ပြရမည်ဖြစ်ပြီး လိုအပ်ပါကယင်း၏ မိတ္တူတစ်စောင်ကို ကုမ္ပဏီသို့ပေးအပ်ရမည်။

၂၄၆။**ပြစ်မှုပြစ်ဒဏ်များ**

(က) ကုမ္ပဏီတစ်ခုခုသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အချက်အလက်များအား မှတ်ပုံတင်နိုင်ရေးအတွက် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန်ပျက်ကွက်မှု တစ်စုံတစ်ရာရှိခဲ့ပါက -

(၁) ကုမ္ပဏီကပြုလုပ်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍လည်းကောင်း၊

(၂) ပုဒ်မ ၂၂၉ သို့မဟုတ် ပုဒ်မ ၂၃၀ အရ မှတ်ပုံတင်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်နှင့်သက်ဆိုင်သော ကြွေးမြီပေးချေပြီးခြင်း သို့မဟုတ် လိုက်နာဆောင်ရွက်ပြီးခြင်းတို့လည်းကောင်း၊

(၃) ဤဥပဒေပါ အထက်တွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရန် လိုအပ်သော အစဉ်လိုက် ဒီဘင်ချာများ ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊

မှတ်ပုံတင်ခြင်းသည် အခြားသူတစ်ဦးဦး၏ လျှောက်ထားမှုအရ ဆောင်ရွက်ရခြင်းမဟုတ်လျှင် ကုမ္ပဏီနှင့်ယင်း၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ၊ သို့မဟုတ် ပျက်ကွက်မှုတွင်သိလျက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

(ခ) အထက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီတစ်ခုခုသည် ယင်းကပြုလုပ်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်အား မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သော ဤဥပဒေပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီနှင့်ထိုပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် အခြားသောတာဝန်ရှိမှုများကို ထိခိုက်စေခြင်းမရှိစေဘဲ ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

(ဂ) ဤဥပဒေပါ အထက်တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရန် လိုအပ်သော ဒီဘင်ချာတစ်ရပ်ရပ် သို့မဟုတ် ဒီဘင်ချာစတော့ (Debenture Stock) အထောက်အထား လက်မှတ်တစ်ရပ်ရပ်ကို ယင်းတို့အပေါ် ထပ်မံထောက်ခံအတည်ပြုထားသည့် မှတ်ပုံတင်အထောက်အထား လက်မှတ်မိတ္တူတစ်စောင်မပါရှိဘဲ ပေးပို့ရန် တစ်ဦးဦးစီမှ သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့လျှင် ထိုသူသည်အခြားသော တာဝန်ရှိမှုများကို ထိခိုက်စေခြင်း မရှိစေဘဲ ပြစ်ဒဏ်ပမာဏ (၅)ခုထက် မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

၂၄၇။**ပေါင်နှံခြင်းနှင့်ကြွေးမြီတာဝန်တင်ရှိခြင်းနှင့်သက်ဆိုင်သည့်ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်း**

မည်သည့်ကုမ္ပဏီမဆို ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အတွက် မှတ်ပုံတင်စာရင်းတစ်ခုကို ပြုစုထားရှိရမည်ဖြစ်ပြီး ယင်းမှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီ၏ ပစ္စည်းများနှင့် သက်ဆိုင်သည့် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အားလုံး၊ ကုမ္ပဏီ၏တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) အားလုံး၊ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်ထားသော ပစ္စည်းများနှင့်သက်ဆိုင်သည့် အကျဉ်းချုပ်ဖော်ပြချက်၊ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်ထားသည့် ငွေပမာဏနှင့် အပေါင်ခံသူများ သို့မဟုတ် ၎င်းတို့နှင့်သက်ဆိုင်သူများ၏အမည်များကို ရေးသွင်းဖော်ပြရမည်။

၂၄၈။ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများသည် ပုဒ်မ ၂၄၇အရ ပြုလုပ်ရန် လိုအပ်သော ရေးသွင်းဖော်ပြချက်တစ်ရပ်ရပ်ကို ဖြည့်သွင်းဖော်ပြရန် ပျက်ကွက်ခြင်းအားသိလျက်ဖြင့် တမင်ခွင့်ပြုခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၅)ခုထက် မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

၂၄၉။**ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ ပြုလုပ်သည့် စာချုပ်စာတမ်းမိတ္တူများ၊ ပေါင်နှံမှုနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့နှင့် သက်ဆိုင်သည့်ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများအား စစ်ဆေးကြည့်ရှုနိုင်ခွင့်ရှိခြင်း**

ပုဒ်မ ၂၃၉ အရ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် သိမ်းဆည်းထားရှိရမည့် မှတ်ပုံတင်အရာရှိထံသို့ ဤဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်သည့်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား ပြုလုပ်သော စာချုပ်စာတမ်းများ၏မိတ္တူများနှင့် ပုဒ်မ ၂၄၇ နှင့်အညီ ထိန်းသိမ်းထားရှိသည့်ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ဆိုင်ရာမှတ်ပုံတင်စာရင်းတို့အား ကုမ္ပဏီ၏မည်သည့်မြီရှင် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးကို သင့်လျော်သောအချိန်တိုင်းတွင် အခမဲ့စစ်ဆေးကြည့်ရှုခွင့်ပြုရမည်ဖြစ်ပြီး ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ဆိုင်ရာ မှတ်ပုံတင်စာရင်းအား ကုမ္ပဏီကသတ်မှတ်ထားသည့်အခကြေးငွေတစ်ရပ်ကို ပေးသွင်းစေလျက် အခြားသူတစ်ဦးဦးကို စစ်ဆေးကြည့်ရှုခွင့်ပြုရမည်။

၂၅၀။ပုဒ်မ ၂၄၉ အရ မိတ္တူများ သို့မဟုတ် မှတ်ပုံတင်စာရင်းများကို စစ်ဆေးကြည့်ရှုခြင်းအား ငြင်းပယ်ခဲ့လျှင် ကုမ္ပဏီသည် ပြစ်ဒဏ်ပမာဏ(၅)ခုထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်ဖြစ်ပြီး ထိုသို့ငြင်းပယ်မှုကို သိလျက်ဖြင့်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် တူညီသောပြစ်ဒဏ်ကိုကျခံစေရမည်။ ထိုပြစ်ဒဏ်များအပြင် တရားရုံးသည်အမိန့်တစ်ရပ်ထုတ်ပြန်၍ အဆိုပါ မိတ္တူများ သို့မဟုတ် မှတ်ပုံတင်စာရင်းများကို ချက်ချင်းစစ်ဆေးကြည့်ရှုခွင့်ပြုစေနိုင်သည်။

၂၅၁။**ဒီဘင်ချာပိုင်ဆိုင်သူများနှင့်သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းအား စစ်ဆေးကြည့်ရှုနိုင်ခွင့်နှင့် ယုံကြည်အပ်နှံရေးစာချုပ်များ၏ မိတ္တူများကို ရယူနိုင်ခွင့်ရှိခြင်း**

(က) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖော်ပြထားသည့်ကာလ သို့ရာတွင် မည်သည့်ခုနှစ်တွင်မဆို စုစုပေါင်း (၃၀) ရက်ထက်ကျော်လွန်ခြင်းမရှိသည့် ကာလများမှအပ ကျန်ကာလများတွင်ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာပိုင်ဆိုင်သူများနှင့် သက်ဆိုင်သည့်မှတ်ပုံတင်စာရင်းအားလုံးကို အဆိုပါဒီဘင်ချာများအား တရားဝင်ပိုင်ဆိုင်ထားသူ သို့မဟုတ် ကုမ္ပဏီ၏အစုရှယ်ယာပိုင်ရှင်တစ်ဦးဦးက စစ်ဆေးကြည့်ရှုခြင်းကိုခွင့်ပြုရမည်။ သို့သော်ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်နိုင်သည့်သင့်လျော်မှုရှိသော ကန့်သတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး စစ်ဆေးကြည့်ရှုခွင့်ပြုထားသည့်နေ့တစ်နေ့စီအတွက် အနည်းဆုံး (၂)နာရီခွင့်ပြုနိုင်စေရန် အလို့ငှာ အဆိုပါ ပိုင်ဆိုင်သူအားလုံးသည် ကုမ္ပဏီက သတ်မှတ်ထားသည့် သင့်လျော်သော အခကြေးငွေကို ပေးသွင်းလျက်ဖော်ပြပါ မှတ်ပုံတင်စာရင်း သို့မဟုတ် ယင်း၏တစ်စိတ်တစ်ဒေသကို မိတ္တူတစ်စောင်တောင်းယူနိုင်သည်။

(ခ) ဒီဘင်ချာများ ထုတ်ဝေခြင်းအတွက် အာမခံရန် ချုပ်ဆိုထားသည့် ယုံကြည်အပ်နှံမှုစာချုပ်တစ်ရပ်ရပ်၏ မိတ္တူတစ်စောင်ကို အဆိုပါ ဒီဘင်ချာများကို ပိုင်ဆိုင်သူ တစ်ဦးဦးက တောင်းဆိုလာလျှင် ကုမ္ပဏီက သတ်မှတ်ထားသည့် သင့်လျော်သော အခကြေးငွေကို ပေးသွင်းစေလျက် ဖော်ပြပါပိုင်ဆိုင်သူများထံသို့ ပေးအပ်ရမည်။

၂၅၂။ ပုဒ်မ ၂၅၁ အရ စစ်ဆေးကြည့်ရှုခွင့်အား ငြင်းပယ်လျှင်၊ သို့မဟုတ် မိတ္တူတစ်စောင်အား ပေးအပ်ရန် ငြင်းပယ်လျှင် သို့မဟုတ် ပေးပို့ခြင်းမပြုလျှင် ကုမ္ပဏီသည်ပြစ်ဒဏ်ပမာဏ (၅)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုသို့ငြင်းပယ်မှုကိုသိလျက်ဖြင့် ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် တူညီသောပြစ်ဒဏ်ကိုကျခံစေရမည်။ ထို့အပြင် တရားရုံးသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ အဆိုပါမှတ်ပုံတင်စာရင်းများကို ချက်ချင်းစစ်ဆေးကြည့်ရှုခွင့်ပြုစေနိုင်သည်။

၂၅၃။**အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်းအရ ဦးစားပေးတောင်းဆိုမှုများတွင် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) နှင့်သက်ဆိုင်သည့်အခြေပစ္စည်းများမှအချို့ကြွေးမြီများကိုပေးချေရခြင်း**

(က) အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) တစ်ရပ်ဖြင့် အာမခံထားရှိသော ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာတစ်ရပ်ရပ်ကို ပိုင်ဆိုင်ထားသူများ၏ကိုယ်စား ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးကို ခန့်အပ်ထားလျှင် သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့တွင် ပါဝင်သော သို့မဟုတ် သက်ဆိုင်သောပစ္စည်းတစ်ရပ်ရပ်၏ ဖော်ပြပါ ဒီဘင်ချာပိုင်ရှင်က ဖြစ်စေ၊ ယင်း၏ကိုယ်စားဖြစ်စေ ပိုင်ဆိုင်မှုကိုရယူထားလျှင် ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမရှိသည့်ကာလတွင်ဖြစ်ပါက အပိုင်း (၅) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကိစ္စရပ်အားလုံးတွင် အခြားသော ကြွေးမြီများထက်ဦးစွာပေးချေရမည့် ဦးစားပေးငွေပေးချေမှုများအား ပစ္စည်းလက်ခံထိန်းသိမ်းသူ သို့မဟုတ် ပိုင်ဆိုင်ရယူထားသူများ လက်ဝယ်သို့ ရောက်ရှိလာမည့် အခြေပစ္စည်းတစ်ရပ်ရပ်မှပေးချေရမည်ဖြစ်ပြီး ဒီဘင်ချာများနှင့်သက်ဆိုင်သည့်မူလငွေရင်း သို့မဟုတ် အတိုးအတွက်တောင်းဆိုမှုတစ်ရပ်ရပ်ထက် ဦးစားပေးငွေပေးချေရမည်။

(ခ) အပိုင်း(၅)၏အဆိုပါပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသော အချိန်ကာလသတ်မှတ်ချက်ကို ပစ္စည်းလက်ခံထိန်းသိမ်းသူအားခန့်အပ်သည့်နေ့ရက် သို့မဟုတ် အထက်ဖော်ပြပါအတိုင်း ပိုင်ဆိုင်ရယူသည့်နေ့ရက်မှစတင်၍ရေတွက်ရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့်ငွေပေးချေမှုများအားလုံးကို မြီရှင်များ၏ပေးချေမှုအတွက်ထားရှိသော ကုမ္ပဏီ၏ အခြေပစ္စည်းများမှဖြစ်နိုင်သမျှပေးချေရမည်။

**အခန်း (၂၃) ပစ္စည်းလက်ခံထိန်းသိမ်းသူများကိုခန့်အပ်ခြင်း၊ စာရင်းစာအုပ်များကိုပြုစုခြင်း၊ ပြင်ပကော်ပိုရေးရှင်းများကဆောင်ရွက်သော ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ကိုမှတ်ပုံတင်ခြင်း**

၂၅၄။**ပြည်ပကော်ပိုရေးရှင်းများနှင့် စပ်လျဉ်းသည့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ကို မှတ်ပုံတင်ခြင်း**

ပုဒ်မ ၂၂၈ မှ ပုဒ်မ ၂၃၉ အထိနှင့် ပုဒ်မ ၂၄၄ မှ ပုဒ်မ ၂၅၂ အထိတို့တွင် ပါရှိသည့်ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ်မှတ်ပုံတင်ထားပြီး နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းနေရာတစ်ရပ်ထားရှိသည့်နိုင်ငံတော်၏ ပြင်ပတွင်ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းတစ်ခုကရရှိပိုင်ဆိုင်ထားသော နိုင်ငံတော်အတွင်းရှိ ပစ္စည်းများအပေါ် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ပြုလုပ်ခြင်းများ သော်လည်းကောင်း၊ ကြွေးမြီတာဝန်တင်ရှိခြင်းများရှိသည့် နိုင်ငံတော်အတွင်းရှိ ပစ္စည်းများကို ရယူပိုင်ဆိုင်ခြင်းများသော်လည်းကောင်းသက်ဆိုင်စေရမည်။

၂၅၅။**ပစ္စည်းလက်ခံထိန်းသိမ်းသူအားခန့်အပ်မှုကိုအကြောင်းကြားခြင်း**

ပုဒ်မ ၂၄၀ မှ ပုဒ်မ ၂၄၃ အထိ ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားပြီး နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းနေရာတစ်ရပ်ထားရှိသည့် နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသောကော်ပိုရေးရှင်းအားလုံးနှင့်လိုအပ်သလို သက်ဆိုင်စေရမည်။

၂၅၆။**စာရင်းစာအုပ်များနှင့်မှတ်တမ်းများကိုထိန်းသိမ်းထားရှိခြင်း**

ပုဒ်မ ၂၅၈ တွင် ဖော်ပြပါရှိသည့်ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားပြီး နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းနေရာထားရှိသည့် နိုင်ငံတော်ပြင်ပတွင် ဖွဲ့စည်းထားသည့်ကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ လက်ခံရရှိသော သို့မဟုတ် သုံးစွဲခဲ့သော ငွေကြေးများ၊ ပြုလုပ်ခဲ့သော ရောင်းချမှုများနှင့်ဝယ်ယူမှုများ၊အခြေပစ္စည်းများနှင့် တာဝန်ရှိမှုများနှင့် သက်ဆိုင်သော အဆိုပါပုဒ်မအရ လိုအပ်သည့်ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကို နိုင်ငံတော်အတွင်းရှိ အဓိကစီးပွားရေးလုပ်ငန်းနေရာတွင် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ယင်းကော်ပိုရေးရှင်းများနှင့်သက်ဆိုင်စေရမည်။

**အခန်း (၂၄) ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများနှင့် စာရင်းစစ်ဆေးခြင်းများအကြောင်း**

၂၅၇။**ဤအခန်းပါပြဋ္ဌာန်းချက်များကိုလိုက်နာရခြင်း**

(က) အောက်ပါကိစ္စရပ်များအတွက် ဤအခန်းပါပြဋ္ဌာန်းချက်များကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေနှင့် အခြားသော သက်ဆိုင်ရာ ဥပဒေများပါ သတ်မှတ်ချက်များ သို့မဟုတ် ယင်းတို့အရ ပြုလုပ်ထားသည့်သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(၁) ထိန်းသိမ်းထားရှိရမည့် စာရင်းစာအုပ်များ၊

(၂) ကုမ္ပဏီတွင်ပါဝင်သူများထံသို့ တင်ပြရမည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများနှင့်အစီရင်ခံစာများ၊

(၃) အဆိုပါစာရင်းစာအုပ်များနှင့် အစီရင်ခံစာများအား ပြုစုထိန်းသိမ်းရာတွင် လိုက်နာရမည့်စာရင်းများ ထားရှိခြင်းဆိုင်ရာစံနှုန်းများနှင့်

(၄) အဆိုပါ စာရင်းများအား စစ်ဆေးရာတွင် လိုက်နာရမည့် စာရင်းစစ်ဆေးခြင်းဆိုင်ရာစံနှုန်းများ။

(ခ) ဤအခန်းပါ သတ်မှတ်ချက်များ သို့မဟုတ် ဤအခန်းအရ ပြုလုပ်သည့်သတ်မှတ်ချက်များနှင့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ သတ်မှတ်ချက်များ သို့မဟုတ် ယင်းဥပဒေအရ ပြုလုပ်သည့် သတ်မှတ်ချက်များအကြား ကွဲလွဲမှုတစ်စုံတစ်ရာရှိခဲ့လျှင် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ သတ်မှတ်ချက်များ သို့မဟုတ် ယင်းဥပဒေအရ ပြုလုပ်သည့်သတ်မှတ်ချက်များက လွှမ်းမိုးသည်။

(ဂ) အောက်ပါအကြောင်းအချက်များ မရှိလျှင် ပုဒ်မ၂၆၀ မှ ၂၆၈ အထိ နှင့် ၂၇၉ ပုဒ်မခွဲ (င) တို့သည် အသေးစားကုမ္ပဏီများနှင့်သက်ဆိုင်ခြင်းမရှိစေရ-

(၁) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် အဆိုပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း သို့မဟုတ် အလားတူသတ်မှတ်ချက်များကိုဖော်ပြထားခြင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီတွင်ပါဝင်သူများသည် သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ အဆိုပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ဆုံးဖြတ်ခြင်း၊သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိက အဆိုပါ ပြဋ္ဌာန်းချက်များကို လိုက်နာသင့်သည်ဟုဆုံးဖြတ်ခြင်း။

**ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၊စာရင်းစာအုပ်များနှင့်ငွေစာရင်းများ**

၂၅၈။**ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကိုပြုစုရန်အတွက်ကုမ္ပဏီတွင်ထားရှိရမည့်မှတ်တမ်းများနှင့်သင့်တော်သည့်မှတ်တမ်းများကိုထားရှိခြင်း**

(က) ကုမ္ပဏီအားလုံးသည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍စာရင်းများထားရှိခြင်းဆိုင်ရာ သက်ဆိုင်သော စံနှုန်းများနှင့်အညီ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများပြုစုဆောင်ရွက်နိုင်ရန်အတွက် စာဖြင့်ရေးသားထားသည့်ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကိုထိန်းသိမ်းထားရှိရမည် -

(၁) ကုမ္ပဏီကလက်ခံရရှိသော သို့မဟုတ် သုံးစွဲခဲ့သော ငွေကြေးစုစုပေါင်းနှင့်လက်ခံရရှိခဲ့သော သို့မဟုတ် သုံးစွဲကုန်ကျခဲ့သော ငွေကြေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ၊

(၂) ကုမ္ပဏီမှ ကုန်ပစ္စည်းရောင်းချခြင်း သို့မဟုတ် ကုန်ပစ္စည်းဝယ်ယူခြင်း၊

(၃) ကုမ္ပဏီ၏ အခြေပစ္စည်းများနှင့် တာဝန်ရှိမှုများနှင့်

(၄) ဤဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ငွေကြေးဆိုင်ရာအခြားကိစ္စရပ်များ။

(ခ) မှတ်တမ်းများကိုကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင် သို့မဟုတ် ဒါရိုက်တာများမှ သင့်သည်ထင်မြင်သည့်အခြားနေရာတွင် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ရုံးလုပ်ငန်းချိန်အတွင်း ဒါရိုက်တာများက စစ်ဆေးကြည့်ရှုခွင့်ရှိစေရမည်။

၂၅၉။ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးသည် ၎င်းတို့၏ တမင်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ပုဒ်မ ၂၅၈ ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ ပျက်ကွက်မှုကို ဖြစ်ပေါ်စေခဲ့လျှင် အဆိုပါ ပြစ်မှုနှင့်စပ်လျဉ်း၍ ၎င်းတို့သည်ပြစ်ဒဏ်ပမာဏ (၁၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၆၀။**နှစ်စဉ်လက်ကျန်ရှင်းတမ်း**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော ကုမ္ပဏီအားလုံး၏ ဒါရိုက်တာများသည်ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်သည့်နေ့မှ (၁၈)လအတွင်း ကျင်းပရမည်ဖြစ်ပြီး ယင်းနောက်ပိုင်း၌ ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်သတ်မှတ်၍ ဤဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို **စာမျက်နှာ ၇ သို့**

စာမျက်နှာ ၇ မှ

ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ရှင်းလင်းတင်ပြရမည်။ ယင်းသို့တင်ပြရာတွင် လက်ကျန်ရှင်းတမ်း (balance sheet)၊ အရှုံးအမြတ်စာရင်း၊ သို့မဟုတ် အကျိုးအမြတ်အတွက်ကုန်သွယ်ရောင်းဝယ်ခြင်းမပြုသော ကုမ္ပဏီဖြစ်လျှင် သက်ဆိုင်ရာကာလအတွက် ဝင်ငွေနှင့်အသုံးစရိတ်စာရင်း၊ ကုမ္ပဏီအားစတင်ဖွဲ့စည်းတည်ထောင်ပြီးနောက် ပထမဦးဆုံးစာရင်းဖြစ်စေ၊ စာရင်းတစ်ခုအား ပြုစုပြီးနောက်ဖြစ်စေ အစည်းအဝေးကျင်းပသည့်နေ့ရက်မတိုင်မီ (၉)လထက် မစောသောနေ့ရက်အထိ ပြုစုထားသောစာရင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော သို့မဟုတ် နိုင်ငံတော်၏ပြင်ပတွင် အကျိုးခံစားခွင့်များရရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါက (၁၂)လထက် မပိုသောကာလတွင် ပြုစုထားသည့်စာရင်းများပါရှိရမည်။ သို့ရာတွင် မှတ်ပုံတင်အရာရှိသည် အထူးအကြောင်းပြချက်ရှိကြောင်း တွေ့ရှိလျှင် (၃)လထက် မပိုသော ကာလတစ်ရပ်ဖြင့် အဆိုပါကာလအား တိုးမြှင့်ပေးနိုင်သည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို ဤအခန်း၏နောက်ပိုင်းတွင် ဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီ၏ စာရင်းစစ်ကစစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းစစ်အစီရင်ခံစာကို ယင်းရှင်းတမ်းနှင့်အတူ ပူးတွဲတင်ပြရမည် သို့မဟုတ် အစီရင်ခံစာပါ ရည်ညွှန်းချက်များကို ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း၏ အောက်ခြေတွင် ထည့်သွင်းဖော်ပြရမည်။ ထိုအစီရင်ခံစာအား ကုမ္ပဏီ၏အထွေထွေအစည်းအဝေးတွင် ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ကုမ္ပဏီတွင်ပါဝင်သူများက စစ်ဆေးကြည့်ရှုနိုင်စေရန်အတွက် ထားရှိရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော ကုမ္ပဏီအားလုံးသည်စာရင်းစစ်ဆေးထားပြီးဖြစ်သော အဆိုပါ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏မိတ္တူတစ်စောင်ကို စာရင်းစစ်အစီရင်ခံစာမိတ္တူတစ်စောင်နှင့်အတူ ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်ထားသော လိပ်စာများသို့ အစည်းအဝေးဖိတ်ကြားစာဖြင့်ပူးတွဲလျက်ပေးပို့ရမည်။

ထို့အပြင်ယင်းတို့၏ မိတ္တူတစ်စောင်ကို အစည်းအဝေးစတင်ကျင်းပခြင်းမပြုမီ အနည်းဆုံး (၂၁)ရက် ကြိုတင်၍ ကုမ္ပဏီတွင်ပါဝင်သူများက စစ်ဆေးကြည့်ရှုနိုင်စေရန်အတွက် ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းတွင်ထားရှိရမည်။ ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေများကို ထိခိုက်ခြင်းမရှိစေဘဲ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤပုဒ်မအရ ကုမ္ပဏီတွင် ပါဝင်သူများသို့ ငွေကြေးဆိုင်ရာရှင်းတမ်းများကို အီလက်ထရွန်နစ်နည်းဖြင့် ပေးပို့နိုင်ကြောင်း သတ်မှတ်နိုင်သည်။

## ၂၆၁။ ဒါရိုက်တာများ၏အစီရင်ခံစာ

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဒါရိုက်တာများသည် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့်အတူ ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ၊ အမြတ်ဝေစုအဖြစ်ပေးသင့်သည်ဟု ထောက်ခံတင်ပြမည့်ပမာဏရှိခဲ့လျှင် ယင်းပမာဏ၊ လက်ကျန်ရှင်းတမ်း (balance sheet) တွင် သီးခြားဖော်ပြထားသည့် သီးသန့်ရန်ပုံငွေ၊ အထွေထွေရန်ပုံငွေ သို့မဟုတ် သီးသန့်ငွေစာရင်းတို့တွင် ထားရှိသင့်သည့်ငွေရှိခဲ့လျှင် ယင်းငွေပမာဏ သို့မဟုတ် နောက်ဆက်တွဲ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းနှင့်အတူ တင်ပြထားသော နောက်ဆက်တွဲလက်ကျန်ရှင်းတမ်း (balance sheet) တစ်ရပ်ရပ်တွင် သီးခြားဖော်ပြထားသည့် သီးသန့်ရန်ပုံငွေ၊ အထွေထွေရန်ပုံငွေ သို့မဟုတ် သီးသန့်ငွေစာရင်းတို့တွင် ထားရှိသင့်သည့်ငွေရှိခဲ့လျှင် ယင်းငွေပမာဏတို့နှင့် စပ်လျဉ်းသော အစီရင်ခံစာတစ်စောင်ကိုပြုစုရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ရည်ညွှန်းဖော်ပြပါရှိသည့် အစီရင်ခံစာတွင် ကုမ္ပဏီ၏ မူလစီးပွားရေးလုပ်ငန်းဆိုင်ရာဖော်ပြချက်၊ အဆိုပါနှစ်ကာလအတွင်းကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သုံးသပ်ဖော်ပြချက်၊ ကုမ္ပဏီတွင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မသေချာသော ကိစ္စရပ်များဆိုင်ရာ ဖော်ပြချက်နှင့် အခြားသတ်မှတ်ဖော်ပြထားသည့်ကိစ္စရပ်များ အပါအဝင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ လျော်ကန်မျှတသည့်သုံးသပ်တင်ပြချက်တစ်ရပ်ပါရှိရမည်။ အစီရင်ခံစာကို ဒါရိုက်တာများက ဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းထားလျှင် ဒါရိုက်တာများ၏ ကိုယ်စားအဖြစ် ဥက္ကဋ္ဌက လက်မှတ်ရေးထိုးနိုင်သည်။

(ဂ) ပုဒ်မ ၂၅၉ တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် ဤပုဒ်မပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် သိလျက်ဖြင့် တမင်ပျက်ကွက်မှုကြောင့် အပြစ်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးနှင့်သက်ဆိုင်စေရမည်။

## ၂၆၂။ လက်ကျန်ရှင်းတမ်းတွင်ပါရှိရမည့်အကြောင်းအရာများ

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့်အတူ ပါရှိရမည်ဖြစ်သော လက်ကျန်ရှင်းတမ်း (balance sheet)တွင် ကုမ္ပဏီ၏ပစ္စည်းများ၊ အခြေပစ္စည်းများ၊ မတည်ငွေရင်းနှင့် တာဝန်ရှိမှုများ အကျဉ်းချုပ်ကို ဖော်ပြရမည်ဖြစ်ပြီး အဆိုပါ တာဝန်ရှိမှုများနှင့်အခြေပစ္စည်းများ၏ ယေဘုယျအခြေအနေ၊ ပုံသေသတ်မှတ်ထားသည့်အခြေပစ္စည်းများ၏ တန်ဖိုးကို မည်သို့တွက်ချက်ထားသည်ဟူသော ထုတ်ဖော်တင်ပြရမည့် အချက်အလက်များပါရှိရမည်။

(ခ) လက်ကျန်ရှင်းတမ်း (balance sheet)ကို စာရင်းအင်းစံနှုန်းများအရ ကျင့်သုံးရသည့်ပုံစံ သို့မဟုတ် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့်အညီ ဆောင်ရွက်ရန် လိုအပ်သည့် အခြားပုံစံဖြင့်ပြုစုဆောင်ရွက်ရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့်အတူ ပါရှိရမည်ဖြစ်သော အရှုံးအမြတ်စာရင်းတွင် ဒါရိုက်တာများသို့ ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုအတွက် အခကြေးငွေအဖြစ် ဝန်ဆောင်ခများ၊ ရာခိုင်နှုန်းများ သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်အနေဖြင့် ပေးချေခဲ့သည့် ငွေပမာဏစုစုပေါင်းအား ဖော်ပြသည့်အချက်အလက်များ၊ ကုမ္ပဏီတွင်ပါဝင်သူများက ချမှတ်သည့်အထူးဆုံးဖြတ်ချက်ဖြင့် လိုအပ်လျှင် အခြားအရာရှိတစ်ဦးဦးသို့ ပေးချေသည့်အခကြေးငွေများနှင့် ပစ္စည်းတန်ဖိုးလျှော့တွက်ငွေအတွက် ပယ်ဖျက်သည့်တန်ဖိုးစုစုပေါင်းတို့ကို ထည့်သွင်းဖော်ပြရမည်။ ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးဦးသည်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေကုမ္ပဏီက အခြားကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ်ခန့်ထားရန် အဆိုပြုချက်အရ ဆောင်ရွက်ခြင်းဖြစ်လျှင် အဆိုပါ ဒါရိုက်တာအဖြစ်သော်လည်းကောင်း၊ စီမံအုပ်ချုပ်မှုနှင့်စပ်လျဉ်း၍ အခြားနည်းတစ်ရပ်ရပ်ဖြင့်လည်းကောင်း ၎င်းကိုယ်ပိုင်အသုံးပြုမှုအတွက် ၎င်းမှရရှိသော အခကြေးငွေ သို့မဟုတ် အခြားလစာနှင့် စရိတ်များကိုစာရင်း၏ အောက်ခြေတွင် သို့မဟုတ် ပူးတွဲတင်ပြသည့်ရှင်းတမ်းတွင် မှတ်ချက်ဖြင့်ဖော်ပြပါရှိရမည်။

## ၂၆၃။ လက်အောက်ခံကုမ္ပဏီများနှင့် သက်ဆိုင်သော အချက်အလက်များကို လက်ကျန်ရှင်းတမ်းတွင် ထည့်သွင်းဖော်ပြရခြင်း

(က) ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သောကုမ္ပဏီတစ်ခုသည် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်သည့်အခါ အဆိုပါကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet) တွင် လက်အောက်ခံကုမ္ပဏီများ၏ ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာဥပဒေအရဖြစ်စေ ပြုစုတင်ပြရန်လိုအပ်သည့်နောက်ဆုံးစာရင်းစစ်ဆေးထားသည့်လက်ကျန်ရှင်းတမ်း(balance sheet)၊ အရှုံးအမြတ်စာရင်းနှင့် စာရင်းစစ်အစီရင်ခံစာများ၊ ပုဒ်မ ၂၆၄ အရ အစုများ ပိုင်ဆိုင်သည့်ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet) ကို လက်မှတ်ရေးထိုးရမည့် ပုဂ္ဂိုလ်က လက်မှတ်ရေးထိုးထားသော ထုတ်ပြန်ချက်ကို အဆိုပါ လက်ကျန်ရှင်းတမ်း (balance sheet) တွင် ပူးတွဲဖော်ပြရမည်။ ထိုထုတ်ပြန်ချက်တွင်လက်အောက်ခံကုမ္ပဏီ၏ အရှုံးအမြတ်များကို မည်သို့ဖော်ပြထားသည်၊ သို့မဟုတ် လက်အောက်ခံကုမ္ပဏီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုမို၍ရှိခဲ့လျှင် ထိုကုမ္ပဏီများ၏ စုစုပေါင်းအရှုံးအမြတ်များကို အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ စာရင်းများတွင် မည်သို့ဆက်စပ်ကြောင်းထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး အောက်ပါကိစ္စရပ်များအတွက်မည်သို့၊ မည်မျှဆက်စပ်သည် စသည်တို့ ဖော်ပြပါရှိရမည် -

(၁) လက်အောက်ခံကုမ္ပဏီတစ်ခု၏ ဆုံးရှုံးမှုများအတွက် အဆိုပါကုမ္ပဏီ၏ စာရင်းတွင် သို့မဟုတ် ထိုကုမ္ပဏီ၏အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် ထိုကုမ္ပဏီနှစ်ရပ်လုံး၏ စာရင်းတွင်ဖြည့်စွက်မှုများပြုလုပ်ခြင်းနှင့်

(၂) လက်အောက်ခံကုမ္ပဏီတစ်ခု၏ ဆုံးရှုံးမှုများအား အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ အရှုံးအမြတ်စာရင်း၌ ဒါရိုက်တာများက ထည့်သွင်းတွက်ချက်ထားခြင်း၊ သို့ရာတွင် လက်အောက်ခံကုမ္ပဏီတစ်ခုခု၏ အမှန်တကယ်ရရှိသည့်အမြတ် သို့မဟုတ် အရှုံးပမာဏကို ဖြစ်စေ၊ အဆိုပါအမြတ်သို့မဟုတ်အရှုံးများမှ တစ်စိတ်တစ်ဒေသဖြစ်သော ပမာဏဖြစ်စေ အဆိုပါရှင်းတမ်းတွင် ရှင်းလင်းဖော်ပြရန်မလိုအပ်။ သို့သော်လည်း ဤပုဒ်မပါကိစ္စရပ်များအလို့ငှာ အစုရှယ်ယာများ၊ စတော့ရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ရယူ သို့မဟုတ် ပိုင်ဆိုင်သည့်ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ကုမ္ပဏီတစ်ခုအား ယင်း၏အခြေပစ္စည်းတွင် အခြားကုမ္ပဏီ၏ အစုရှယ်ယာ၅၁ % သို့မဟုတ် ထိုပမာဏထက်ပိုများသော အစုရှယ်ယာများ ပါဝင်နေသော အကြောင်းမျှဖြင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ရပ်ဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

(ခ) ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာဥပဒေအရဖြစ်စေ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများပြုစုရန် လိုအပ်သည့်လက်အောက်ခံကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏လက်ကျန်ရှင်းတမ်းနှင့်သက်ဆိုင်သည့် စာရင်းစစ်အစီရင်ခံစာ၌ စာရင်းစစ်များလိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များအားလုံးရရှိကြောင်း၊ စာရင်းစစ်များရရှိသည့်သတင်းအချက်အလက်နှင့် ရှင်းလင်းဖော်ပြချက်များ၊ ကုမ္ပဏီ၏ စာရင်းစာအုပ်များတွင် ဖော်ပြချက်များအရ ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို မှန်ကန်စွာဖော်ပြနိုင်ရန် လက်ကျန်ရှင်းတမ်း (balance sheet)ကိုပြုစုထားကြောင်း ဖော်ပြချက်များမရှိလျှင် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet)တွင် ပူးတွဲတင်ပြမည့် ထုတ်ပြန်ချက်တွင် အစီရင်ခံစာအား အသိအမှတ်မပြုနိုင်သည့် အကြောင်းနှင့် စပ်လျဉ်းသည့်အချက်အလက်များ ပါဝင်စေရမည်။

(ဂ) ဤပုဒ်မပါကိစ္စရပ်များအလို့ငှာ လက်အောက်ခံကုမ္ပဏီတစ်ခု၏ အရှုံး သို့မဟုတ် အမြတ်ဆိုသည်မှာ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ စာရင်းများနှင့်သက်ဆိုင်သည့်ကာလအတွင်း နေ့ရက်တစ်ရက်ရက်အထိပြုစုထားသော လက်အောက်ခံကုမ္ပဏီ၏ စာရင်းတစ်ရပ်ရပ်တွင် ဖော်ပြထားသည့် အရှုံး သို့မဟုတ် အမြတ်ကိုဆိုလိုသည် သို့မဟုတ် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ စာရင်းများကိုပြုစုသည့်အချိန်တွင် လက်အောက်ခံကုမ္ပဏီ၏ အဆိုပါစာရင်းများကို မရရှိပါက အဆိုပါ ကာလအတွင်း ရရှိနိုင်သည့်လက်အောက်ခံကုမ္ပဏီ၏ ယခင်နောက်ဆုံးစာရင်းများတွင် ဖော်ပြထားသောအရှုံး သို့မဟုတ် အမြတ်များကိုဆိုသည်။

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ ဒါရိုက်တာများသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါထုတ်ပြန်ချက်အား ပြုစုရာတွင် လိုအပ်သည့်သတင်းအချက်အလက်များကို ရရှိနိုင်ခြင်း မရှိပါက လက်ကျန်ရှင်းတမ်း (balance sheet)ကို လက်မှတ်ရေးထိုးသော ဒါရိုက်တာများသည် အဆိုပါ ကိစ္စရပ်အား စာဖြင့်ရေးသားတင်ပြရမည်ဖြစ်ပြီး ၎င်းတို့၏ အစီရင်ခံစာကို အဆိုပါ ထုတ်ပြန်ချက်အစား လက်ကျန်ရှင်းတမ်း (balance sheet) တွင်ပူးတွဲဖော်ပြရမည်။

(င) အစုများပိုင်ဆိုင်သည့်ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်လျက် လက်အောက်ခံကုမ္ပဏီတစ်ခုခုက ပုဒ်မ ၂၅၈ နှင့်အညီ ထိန်းသိမ်းထားရှိသော ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုရန်အတွက် ဆုံးဖြတ်ချက်တွင် အမည်ဖော်ပြပါရှိသော ကိုယ်စားလှယ်များကို ကြည့်ရှုခွင့်ပေးနိုင်သည်။ ထိုသို့ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ရုံးလုပ်ငန်းချိန်အတွင်း မည်သည့်အချိန်တွင်မဆို ထိုကိုယ်စားလှယ်များက စစ်ဆေးကြည့်ရှုနိုင်စေရန် ထားရှိရမည်။

(စ) ကုမ္ပဏီတွင်ပါဝင်သူများအား ပုဒ်မ ၂၆၈ အရ အပ်နှင်းထားသည့် အခွင့်အရေးများကို အစုများပိုင်ဆိုင်သည့်ကုမ္ပဏီတွင်ပါဝင်သူများက လက်အောက်ခံကုမ္ပဏီ တစ်ခုခုနှင့်စပ်လျဉ်း၍ ၎င်းတို့သည် အဆိုပါလက်အောက်ခံကုမ္ပဏီတွင်ပါဝင်သူများဖြစ်သကဲ့သို့ကျင့်သုံးဆောင်ရွက်နိုင်သည်။

## ၂၆၄။ လက်ကျန်ရှင်းတမ်း၏အစစ်အမှန်ဖြစ်မှု

ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုက ထိန်းသိမ်းထားရှိရန် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ဒါရိုက်တာနှစ်ဦးက လက်မှတ်ရေးထိုးရမည် သို့မဟုတ် ဒါရိုက်တာနှစ်ဦးအောက်နည်းသည့်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ တစ်ဦးတည်းသော ဒါရိုက်တာက လက်မှတ်ရေးထိုးရမည်။

၂၆၅။ ဤအခန်းအရ လိုအပ်သော လက်ကျန်ရှင်းတမ်း (balance sheet) ကို ကုမ္ပဏီထံရှင်းလင်းတင်ပြရာတွင် လည်းကောင်း၊ ထိုရှင်းတမ်းကို ထုတ်ဝေရာတွင်လည်းကောင်း ပျက်ကွက်မှု တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက၊ သို့မဟုတ် ဘဏ္ဍာရေးရှင်းတမ်း၊ အရှုံးအမြတ်စာရင်း၊ သို့မဟုတ် ဝင်ငွေနှင့် အသုံးစရိတ်စာရင်း သို့မဟုတ် အခြားဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ပုဒ်မ ၂၆၀၊ ၂၆၂၊ ၂၆၃ နှင့် ၂၆၄ ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်ထားသည့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုတွင် သိလျက်ဖြင့် တမင်ပါဝင်ဆောင်ရွက်ခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၁၀၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

## ၂၆၆။ မှတ်ပုံတင်အရာရှိထံသို့ပေးပို့ရမည့်ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ၏ မိတ္တူ

(က) ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းအား ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ရှင်းလင်းတင်ပြပြီးသည့်အခါ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးတစ်ဦးဦးက လက်မှတ်ရေးထိုးထားသော ယင်း၏ မိတ္တူတစ်စုံကို ပုဒ်မ ၉၇ တွင် ဖော်ပြပါရှိသော သတ်မှတ်ချက်များနှင့်အညီ ပြုစုထားသည့်နှစ်စဉ် ကုမ္ပဏီတွင်ပါဝင်သူများ၏ စာရင်းနှင့်အကျဉ်းချုပ်တို့၏ မိတ္တူများ တင်ပြသည့်အချိန်ကာလတွင် မှတ်ပုံတင်အရာရှိထံသို့တင်ပြရမည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများအား တင်ပြသည့်အထွေထွေအစည်းအဝေးသည် ယင်းဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများအား အတည်မပြုခဲ့လျှင် ထိုသို့အတည်မပြုသည့် အချက်အလက်နှင့် အကြောင်းပြချက်များအတွက် ရေးသားဖော်ပြချက်တစ်ခုကို ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများတွင် ပူးတွဲထားရှိရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိထံ တင်ပြရမည့်စာရွက်စာတမ်းမိတ္တူတွင်လည်းပူးတွဲထားရှိရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီတစ်ရပ်ရပ်နှင့်သက်ဆိုင်ခြင်းမရှိစေရ။

၂၆၇။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၆၆ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် အဆိုပါ ကုမ္ပဏီနှင့်ပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅)ခုထက်မပိုသောပြစ်ဒဏ်ကို ပေးဆောင်ရမည်။

## ၂၆၈။ ကုမ္ပဏီတွင် ပါဝင်သူများက ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများ၏ မိတ္တူများကိုရယူပိုင်ခွင့်ရှိခြင်း

ဤဥပဒေတွင်ပါရှိသော အခြားပြဋ္ဌာန်းချက်များမှတစ်ပါး ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီက ပြုစုရသည့်ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏မိတ္တူများကို ရယူခွင့်ရှိသည်။

ဆက်လက်ဖော်ပြပါမည်။